www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အနန္တောအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့် မေမေအား ရုပ်နဲ့နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ် သောငွေဖြင့် 'ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်း ရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များ သည် စာရေးသူ၏ စိတ်ကူးယဉ်မှုသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**





# ၁

သည်နေ့ 'ကိုနိုင်'ပြန်လာမည့်နေ့ဆိုတော့ 'မွေး'တို့အိမ်ကြီးတစ်အိမ်လုံး အထူးလှုပ်ရှားနေကြသည်။ ရယ်သံများလိုင်နေကြသည်။ ခါတိုင်းမနက် ကိုးနာရီမထိုးမချင်း 'ဇင်မာ'ပင် သည်နေ့ဆော့ ထူးထူးခြားခြားနိုးနေသည်။

သူ့အမေ 'ဒေါ်ခင်အေး'ဘေးနားမှာ မှီထိုင်နေသည်။ 'ဇင်၏'ဘေးမှာတော့ 'ပိုး'၊ ဒါမှမဟုတ် 'ခင်ပိုးမြင့်'။ တစ်နေ့ 'ကိုနိုင်'သာ 'အဲလစ်'ခေါ် 'ခင်မိုးမြင့်'ကိုယူဖြစ်လျှင် 'ပိုး'က 'ကိုနိုင့်' ခယ်မဖြစ်လာမည့်သူ။

ခု လောလောဆယ်လဲ 'ဇင်မာ့' သူငယ်ချင်း ဖြစ်နေသူ။ ဒဲ 'ပိုး'ဘေးမှာတော့ 'မမအဲလစ်'။ ဒါမှမဟုတ် 'ကိုနိုင့်' ချစ်သူ ခင်မိုးမြင့်'က နွဲ့နွဲ့ကလေးထိုင်နေသည်။ ချစ်သူပြန်လာမည့်နေ့ကို အစွမ်းကုန်ပြင်လာလေသလားတော့ မသိ၊ 'မမအဲလစ်'ကသည်



www.burmeseclassic.com

www.burmeseclassic.com



နေ့သိပ်လှနေသည်။

ခရမ်းနုရောင်အပွင့်နုတ်နုတ်လေးများပါသော အိတ်ပုံဝမ်းဆက်ကိုဝတ်ကာ မျက်နှာသွယ်သွယ်ကို မိတ်ကပ်နုနုလေးခြယ်ထားသည်။ မျက်ခွံကိုခရမ်းနုရောင် အိုင်းရှိုးထည့်ပြီး နှုတ်ခမ်းကို ရဲရဲလေးဆိုးထားသည်။

ခွေကောက်သောဆံပင်ညိုညို ပျော့ပျော့လေးများကိုတော့ ခါတိုင်းလိုဘေးခွဲကာ ဖားလားချထားသည်။ ဖြူနုကာသွယ်လျသောကိုယ်လုံးလေးနှင့် 'မမအဲလစ်'က ယဉ်စဉ်ကလည်းလှသည်။ ခုလိုဆရာဝန်ဖြစ်ကာနီးဆိုတော့ အလှ၊ ပညာနှင့်တည်ငြိမ်မှုတို့ပေါင်းစပ်ကာ 'မွေး'စိတ်မှာ ပိုပြီးလှနေသလိုလို၊ ပိုပြီးအထင်ကြီးစရာကောင်းနေသလိုလို။

'မွေး'သည်ပင် ဒီလောက်အထင်ကြီးနေလျှင် 'ကိုနိုင်' ကော။ 'ကိုနိုင်'ဆို 'မွေး'ထက်ပင် ပိုအထင်ကြီးကာ ပိုချစ်မိမှာသေချာသည်။ 'မွေး' ထမင်းစားခန်းထဲမှ 'မမအဲလစ်'ကိုငေးကြည့်နေဆဲ။ 'မမအဲလစ်' မျက်ဝန်းလေးများက ခြံပြင်ကိုမသိမသာငေးမျှော်ကြည့်နေသည်။

ချစ်သူလာမည်ဆိုတော့လည်း 'မမအဲလစ်' ရင်ခုန်ရှာလိမ့်မည်။ ဘာမှမဟုတ်သည့် 'မွေး'ပင် ညကတည်းကအိပ်လို့မရ။ မနက်ကျပြန်တော့လည်း အစောကြီးနိုးနေပြန်သည်။ 'ဒေါ်လုံး' စူမှာစိုး၍သာ အိပ်ရာထဲမှမထဝံ့သော်လည်း 'မွေး'အိပ်၍မရတော့။





ကြက်စိအကြောင်းသားနဲ့ 'မွေး' ရင်တွေခုန်နေသည်။ပျော်နေသည်။

ငယ်စဉ်တုန်းက လူကြီးတွေကပွဲကြည့်ရမယ်ဆိုလျှင် ဘာလုပ်၍ကိုင်၍မရအောင် ပျော်သလို၊ ခု 'ကိုနိုင်' ပြန်လာတော့မည်ဆိုတော့လည်း 'မွေး' သိပ်ပျော်နေသည်။ ပျော်ဆို 'မွေး' 'ကိုနိုင်' နှင့်မတွေ့ရတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ 'မွေး' ခုနစ်တန်းတက်သည့်နှစ်မှာ 'ကိုနိုင်' မန္တလေးရှိအဘွားထံသို့တက္ကသိုလ်သွားတက်ရသည်။

ခု 'မွေး'ပင်တက္ကသိုလ်မှာ ပထမနှစ်ဆိုတော့ 'ကိုနိုင်'နှင့် 'မွေး' မတွေ့ရတာ လေးနှစ်ကျော်လို့ ငါးနှစ်တွင်းရောက်ခဲ့ပြီ။ ကျန်သောအိမ်သားတွေနဲ့ 'မမအဲလစ်'တို့က 'ကိုနိုင်' ကျောင်းပိတ်၍ အလာမှာတွေ့ကြသေးသည်။ 'မွေး'မှာသာ ရွာရောက်နေ၍ဘာမှမသိခဲ့။

'ကိုနိုင်' ဖြူသလား၊ မည်းသလား။ ဒါမှမဟုတ် အရင်တုန်းကလိုပဲလား၊ 'မွေး' သိပ်သိချင်လာသည်။ 'မွေး' သိပ်တွေ့ချင်သည်။ တလောကလုံးမှာ အဖေနှင့် 'တင်ဦး'ကလွဲလျှင် 'မွေး' အတွက်တွယ်တာရဆုံးက 'ကိုနိုင်'၊ 'မွေး' အချစ်ဆုံးက 'ကိုနိုင်'ပါ။

'ကိုနိုင်'ကိုယ်တိုင် 'မွေး'ကို 'မွေး'လောက်တွယ်တာချင်မှတွယ်တာမှာဖြစ်ပေမယ့် 'မွေး'ကတော့ 'ကိုနိုင်'ရယ်မှ 'ကိုနိုင်'ပါ။ 'မွေး' သက်ပြင်းကိုချကာ သူ့ရှေ့မှထမင်းစားပွဲကိုငုံ့ကြည့်လိုက်မိသည်။ အလယ်တွင်လှည့်၍ရသော အနီရင့်ရောင်ဖော်မိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကပ်စားပွဲကြီးပေါ်မှာ ဟင်းပွဲတွေကအစုံအလင်ပါ။

သည်ဟင်းပွဲများအားလုံးက 'ကိုနိုင်' အကြိုက်တွေချည်းပဲ ရွေးချက်ထားတာဖြစ်ပါ။ အဝေးမှပြန်လာသော 'ကိုနိုင့်'ကို 'မွေး' လက်ရာနဲ့ဆီးကြိုချင်သည်။ အူပန်းဖြေစေချင်သည်။ 'ကိုနိုင့်' နှုတ်မှဒီဟင်းတွေ ဘယ်သူချက်ထားတာလဲ၊ စားကောင်းလိုက်တာဆိုလျှင် 'မွေး' ရင်လေးကော့ကာ သူချက်တာပါဟု ဖြေမည်။

သည်အခါမှာ 'ကိုနိုင်'က သူ့ကိုအံ့သြသောမျက်ဝန်းအစုံဖြင့်လှမ်းကြည့်မည်။ ပြီးတော့ 'ကိုနိုင့်' နှုတ်မှ တအံ့တသြရေရွတ်မည်။

"ဟ... 'မွေး'တောင် ဟင်းတွေချက်တတ်နေပါလား" ပြောမည်။ 'မွေး' ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ကာ...

"'ကိုနိုင်' မလာခင် ချက်တတ်အောင်သင်ထားတာ"ဟု တီးတိုးဖြေမည်။ သည်အခါ 'ကိုနိုင်' ခေါင်းတညိတ်ညိတ်နှင့် 'မွေး'ကို ချီးမွမ်းမည်။ သည်အချိန်များမှာ 'မွေး' သိပ်ပျော်မည်။ 'မွေး'လောက်ပျော်တဲ့သူ ဒီကမ္ဘာမှာ ရှိပါဦးမလား။ အတွေးနှင့် 'မွေး' မျက်နှာလေးပြုံးနေသည်။

ထိုအခိုက် အိမ်ရှေ့မှ 'ဇင်မာ့' အသံစာစာလေးက 'မွေး' ဆီပျံလွင့်လာသည်။

"ကိုကိုကလဲ... 'ဇင်မာ'တို့ ဘူတာဆင်းကြိုလည်းရတဲ့ဟာကို သူ့ဘာသာလာမယ်တဲ့... သိပ်ရှည်တဲ့ ကိုကို... ခု ဘယ်နှစ်





နာရီရှိပြီလဲ"

'ဇင်မာ' စိတ်မရှည်ဟန်ဖြင့် သူ့လက်မှရွှေရောင် စီတီဇင်နာရီလေးကို ငုံ့ကြည့်နေသည်။ အချိန်က မနက်ဆယ်နာရီကျော်နေပြီမဟုတ်လား။

"ရထား နောက်ကျလို့လားမှမသိဘဲ သမီးလေးရယ်"

မိခင်ဖြစ်သူ 'ဒေါ်ခင်အေး'က သမီးဖြစ်သူကို နှစ်သိမ့်သည်။ 'အဲလစ်'ကလည်း 'ဇင်မာ့'ကို အေးဆေးသောလေသံလေးဖြင့်နှစ်သိမ့်ပြန်သည်။

"လာတော့ လာမှာပေါ့ 'ဇင်မာ'ရဲ့... 'ကိုနိုင်' 'မမအဲလစ်' ဆီလည်းအကြောင်းကြားထားသေးတာပဲ"

'အဲလစ်'က ဝင်ပြောမှ 'ဇင်မာ့' ချွန်မြနေသော နှုတ်ခမ်းလေးအချွန်ပြေသွားသည်။ 'အဲလစ်'ဘေးမှထိုင်နေသော 'ပိုး'ကို လှမ်းပြောပြန်သည်။

"ကိုကိုပြန်လာရင် အိုင်တို့အတွက် ဘာပါလာမလဲ မသိဘူးနော် 'ပိုး'"

"မိတ္ထီလာမှာ ဘာရှိမှာလဲ 'ဇင်မာ'ရဲ့... တမာရွက်ပဲရှိမှာပေါ့... တကယ်လို့များ 'ကိုနိုင်' တမာရွက်တွေခူးလာရင် ပြုတ်တို့ပေါ့"

'ပိုး'စကားကြောင့် အားလုံးဝိုင်းရယ်ကြပေမယ့် 'ဇင်မာ' ကတော့ ရှုံ့မဲ့ကာ 'မွေး'ဆီကို လှမ်းကြည့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



"အိုး... တို့စရာဆိုတာ တောသူမှတို့တာ... အိုင်တို့က တို့တာမဟုတ်ဘူး... 'မွှေး' တို့လိမ့်တယ်... တို့တတ်တယ်မဟုတ်လား 'မွှေး' "

'မွှေး' ဘာဖြေရမှန်း မသိ၊ 'ဇင်မာ' မျက်နှာလေးကိုသာ ငေးကြောင်ကြည့်နေ၍ 'ဒေါ်ခင်အေး'က 'ဇင်မာ'ကိုလှမ်းမာန်သည်။

"သမီးကလည်းကွယ်... 'မွှေး' သူ့ဘာသူနေတဲ့ဟာကို ဘာလို့နေရာတကာ 'မွှေး'ပဲပြောနေတာလဲ"

"အို... ဟုတ်လို့ပြောတာပဲဟာ... မာမီကလဲ သူ တောသူမဟုတ်ဘူးလွား... တောကလာတာ တောသူပေါ့...မာမီက နေရာတကာ သူ့ဘက်ချည်းပဲ လိုက်နေတာပဲ... တော်ပြီ တော်ပြီ...မာမီတို့နဲ့ စကားမပြောတာပဲကောင်းတယ်"

ပြောရင်းဆိုရင်း 'ဇင်မာ' ဧည့်ခန်းတွင်းမှ စိတ်ကောက်ကာခြေဆောင့်ထသွားသည်။ 'ဇင်မာ'နဲ့အတူ ထိုင်နေသော 'ပိုး'ကလည်း 'မွှေး'ကို မျက်စောင်းလှမ်းထိုးလာပြီဆိုတော့ 'မွှေး'ထမင်းစားခန်းထဲမှာ ဆက်မနေရဲတော့။ မီးဖိုချောင်ထဲ သုတ်သုတ်ပြေးဝင်လာကာ 'ဒေါ်လုံး'နားမှာထိုင်ချလိုက်သည်။ ပြီးတော့ 'ဒေါ်လုံး'ကိုခပ်ညည်းညည်းကလေးပြောလိုက်မိသည်။

" 'မွှေး'တော့ ဒီအိမ်မှာဆက်တောင် မနေချင်တော့ဘူး 'ဒေါ်လုံး'ရယ်"





"ဘာဖြစ်လာပြန်ပြီလဲ"

ဆေးလိပ်ထိုင်သောက်နေသော 'ဒေါ်လုံး'က 'မွှေး'မျက်နှာလေးကိုကြည့်ကာ ကရုဏာသက်သလိုလှမ်းမေးသည်။ 'မွှေး' မဖြေ၊ ဝဲလာသော မျက်ရည်ကိုသာမကျအောင် အံကြိတ်ခံရင်း သူ့ရှေ့မှထမင်းစားဝိုင်းလေးကို ငေးကြည့်နေသည်။

သည်စားပွဲဝိုင်းလေးက 'မွှေး'ရယ်၊ 'ဒေါ်လုံး'ရယ်၊ သည်အိမ်မှာလုပ်ရသည့် အဝတ်လျှော် 'စိန်စိန်'ရယ်၊ ကားဒရိုင်ဘာ 'ဦးမြတ်'ရယ်၊ 'မာလီရာဂျူး'ရယ် စားနေကြစားပွဲလေး။ စားပွဲဝိုင်းလေးပေါ်မှာပြင်ထားသည်က ငါးပိရည်ရယ်၊ တို့စရာပန်းကန်ရယ်၊ အသားနှင့်အသီးရောထားသည့် ဟင်းတစ်ခွက်ရယ်၊ အသားဟင်းကိုမကြည့်၊ ငါးပိရည်နှင့်တို့စရာကိုသာကြည့်ကာ 'မွှေး' 'ဇင်မာ့' စကားကိုပြန်ကြားယောင်မိသည်။

"အင်းလေ... ဟုတ်တာကိုး... ပြောမှာပေါ့"

စိတ်ကိုတင်းကာ ဘာယ်လိုပင်ဟန်ဆောင်နေပေမယ့် မျက်ဝန်းမှဝဲနေသော မျက်ရည်ကြောင့် 'ဒေါ်လုံး'က 'မွှေး'တစ်ခုခုဖြစ်လာပုံကို ရိပ်မိပုံနှင့် 'မွှေး'ကိုလှမ်းမေးသည်။

"ဘာလဲ... 'ဇင်မာ'နဲ့ ပြဿနာဖြစ်လာပြန်ပြီ မဟုတ်လား"

'မွှေး' ခေါင်းညိတ်ကာ ဖြစ်လာသည့်ပြဿနာကို ပြောပြမိသည်။ 'ဒေါ်လုံး' မဲ့ရွဲ့ကာ ဆေးလိပ်ဖွာလျက်မှ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေးကတော့ ပြဿနာပဲ… မိုးလင်းတာနဲ့ ဘယ်သူ့ကိုပြဿနာလုပ်ရမလဲ တွေးနေတာပဲ… ခု ဘယ်ရောက်သွားလဲ"

"သူ့အခန်းထဲမှာ စိတ်ကောက်ပြီးဝင်သွားတာပဲ 'ဒေါ်လုံး' ရယ်"

'မွှေး' စီးကျလာသောမျက်ရည်ကို လက်ခုံးဖြင့် အသာပင်သုတ်ကာပြောလိုက်မိသည်။ 'ဒေါ်လုံး' 'မွှေး'အဖြစ်ကို စိတ်မကောင်းသလိုနှင့်ကြည့်ရင်း…

"ညည်းလေးကလည်း အဲဒီမှာဘာသွားလုပ်နေတာလဲ"

"သြော် 'ကိုနိုင်' ပြန်လာတော့မယ်ဆိုတော့ 'မွှေး'လည်း သွားစောင့်နေရင်း ထမင်းစားပွဲဘေးနားရပ်နေမိတာ"

"အဲဒါ ခက်တာ 'မွှေး'ရဲ့… သူတို့နားမှာ မနေပါနဲ့လို့ ငါမှာထားလျက်နဲ့… 'ဇင်မာ'က ညည်းမျက်နှာကိုမြင်တာနဲ့ သူ့မှာ အမြဲတမ်း အဘိဓမ္မာဖြစ်နေတာ သိရဲ့လား"

"'မွှေး'လည်း ဘာမှမလုပ်ဘဲနဲ့ 'ဒေါ်လုံး'ရယ်… 'မွှေး'ကို 'ဇင်မာ' ဘာ့ဖြစ်လို့ ဒီလောက်တောင်မုန်းနေပါလိမ့်"

ပြောရင်း ပြောရင်း 'မွှေး'မျက်ဝန်းမှ မျက်ရည်များစီးကျလာသည်။ 'ဒေါ်လုံး'ကတော့ 'မွှေး'ကိုစိတ်မချမ်းသာစွာကြည့်ရင်း နှစ်သိမ့်သည်။

"ငိုမနေပါနဲ့အေ… လူဆိုတာ ကိုယ့်ထက်သာရင် မနာ





လိုတာ သဘာဝပဲမဟုတ်လား"

"'မွှေး' 'ဇင်မာ့'ထက် ဘာများသာလို့လဲ 'ဒေါ်လုံး'ရယ်… 'ဇင်မာ'က အိမ်ရှင်သမီး… 'မွှေး'က သူတို့အိမ်မှာလာကပ်နေတာ ပစ္စည်းချင်ယှဉ်မလား… လူချင်းယှဉ်မလား… 'ဇင်မာ'က 'မွှေး' ထက်သာပြီးသားပါ… 'ဇင်မာ'က 'မွှေး'ထက်လှပြီးသားပါ… ဒါနဲ့များ 'မွှေး'ကိုဘာလို့ ဒီလောက်တောင် မဲနေပါလိမ့်"

"မဲမှာပေါ့အေ… ညည်းတောင်ပထမနှစ်ရောက်နေပြီ… သူ့ဆယ်တန်းမှ ခုထိမအောင်သေးပဲ… သူနဲ့အတူတူဖြစ်တဲ့ 'မိုး' တောင် တတိယနှစ်ရောက်နေပြီပဲဟာ"

"ဒါတော့ 'ဒေါ်လုံး'ရယ် သူမှမကြိုးစားဘဲ… 'မွှေး' သူတို့လိုကျူရှင်ဆရာခေါ်ပြီး အိမ်မှာလည်းသင်ရတာမဟုတ်ဘူး… ကျူရှင်လည်း တက်ရတာမဟုတ်ဘူး… 'မွှေး'ဘာသာကြိုးစားပြီး အောင်ရတာပါ… ဒါကို 'ဇင်မာ'က မကျေနပ်ဘူးဆိုလည်း 'မွှေး' ဘာတတ်နိုင်မှာလဲ"

"ဒါပေါ့ 'မွှေး'ရဲ့… သူ့ဘာသာ မအောင်တိုင်း အောင်တဲ့ 'မွှေး'ကို သူ ကြည့်မရဘူးလေ… ဒါကြောင့် တွေ့တိုင်းအပြစ်ရှာနေတာပေါ့"

"'မွှေး' ကသိုလ်ပေါ့ 'ဒေါ်လုံး'ရယ်"

'မွှေး' မျက်နှာကိုကြည့်ကာ ပြောနေဆဲ ခြံတွင်းဝင်လာသည့်ကားတစ်စီးအသံကြောင့် လူကချက်ချင်း မီးဖိုချောင်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းကိုရောက်သွားသည်။ ပြီးတော့ 'ဒေါ်လုံး'ကိုဝမ်းသာအားရ လှမ်းပြောလိုက်သည်။

"'ကိုနိုင်'ပြန်လာပြီ 'ဒေါ်လုံး'ရေ... 'ကိုနိုင်'ပြန်လာပြီ"

'မွေး' မျက်နှာကိုလက်ဝါးဖြင့်ဖိသပ်ကာ စိုနေသောမျက်ဝန်းများကိုခြောက်သွားအောင် ပြုပြင်လိုက်သလို ဝတ်ထားသည့် ခရမ်းနုရောင် ရင်ဖုံးအင်္ကျီလက်ပြတ်လေးကိုလဲ သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲဆန့်လိုက်သည်။ 'ကိုနိုင်'ပြန်လာလျှင် သူ့ကိုသပ်သပ်ရပ်ရပ်မြင်စေချင်သည်။

ငယ်တုန်းကပုံနှင့်မတူတော့သည့် သူ့ကို 'ကိုနိုင်'အံ့သြစေချင်သည်။ 'မွေး' ထမင်းစားခန်းထဲမှာ တစ်ယောက်တည်းယောက်ယက်ခတ်နေသလို အိမ်ရှေ့ဧည့်ခန်းထဲမှာလည်း ဆူညံနေသည်။ အဆူးဆုံးအသံက 'ဇင်မာ့'အသံ၊ ခုနကတော့ စိတ်ကောက်ကာ အိပ်ခန်းထဲခြေဆောင့်ဝင်သွားသူက ခုတော့ အကိုနားမှာကပ်ခွဲနေသည်။

"ကိုကို ဘာဖြစ်လို့ အိမ်ကိုမကြိုခိုင်းတာလဲ... 'ဇင်မာ'တို့ကမိုးလင်းကတည်းကစောင့်နေတာ"

"ခု ရောက်လာပြီ မဟုတ်လားကွာ"

"ဒါ ဘယ်သူ့ကားလဲ ကိုကို"

ပြောရင်း 'ဇင်မာ'က ကားတွင်းကိုငေးကြည့်သည်။ ကားတွင်းမှာတော့ ကိုကိုနှင့်ရွယ်တူခန့်လူရွယ်တစ်ဦး။





"ဟော့ကောင် 'ဘိုဘို'... ဆင်းဦးလေကွာ"

"မဆင်းတော့ဘူး 'ဇင်မောင်'... တို့နောက်မှ အေးအေးဆေးဆေးပဲလာတော့မယ်... သွားတော့မယ်နော်"

ထိုလူရွယ်က အားလုံးကိုနှုတ်ဆက်သလို ခေါင်းလေးညွှတ်ကာထွက်သွားတော့ 'ဇင်မာ' အကိုကို့မျက်စောင်းလေးခဲရင်း

"ကိုကိုကလဲ ဧည့်သည်ကိုအိမ်ပေါ်ခေါ်တာမဟုတ်ဘူး... အားနာစရာ"

"အားနာစရာမလိုပါဘူး... ဒီကောင် ကိုကို့သူငယ်ချင်းပဲ သူ့ဘာသူ နောက်လာလည်ပါလိမ့်မယ်"

"ကိုကို့ သူငယ်ချင်းနာမည်က 'ဘိုဘို'တဲ့လား... 'ပိုး' ချစ်စရာလေးနော်"

"တယ် ဒီကောင်မလေး"

'ဒေါ်ခင်အေး'က 'ဇင်မာ့'ခေါင်းကိုမနာအောင် ခေါက်လိုက်သည်။ အားလုံး တဝါးဝါးနှင့်ပွဲကျသွားသည်။ 'မွေး' အိမ်ရှေ့ခန်းမှမြင်ကွင်းကို ခန်းဆီးဘေးမှချောင်းနားထောင်ရင်း ပျော်နေသည်။ 'မွေး' မျက်နှာလေးပြုံးနေသည်။ ခဏနေတော့ 'မွေး'ခန်းဆီးကြားမှချောင်းကာ အိမ်ရှေ့ကိုလှမ်းကြည့်နေလိုက်သည်။

"အို... 'ကိုနိုင်'"

'မွေး'က အကြည့်၊ 'ကိုနိုင်'က အိမ်ရှေ့ခန်းမှ ထမင်းစားခန်းကိုဖြတ်ကနဲလှမ်းကြည့်လိုက်၍ 'မွေး' ရင်ခုန်စွာခန်းဆီးကိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်မိသည်။ 'ကိုနိုင်'က သူ့ကိုမြင်မမြင်တော့မသိပေမယ့် ခဏ မြင်လိုက်ရသော 'မွေး'မှာတော့ ရင်တွေခုန်နေသည်။ ဝမ်းသာ လွန်းသော လက်ဖျားခြေဖျားတွေကလည်း အေးစက်နေသည်။

ခဏနေတော့ 'မွေး' ခန်းဆီးကြားမှ 'ကိုနိုင်'ကို ထပ်ကြည့် လိုက်မိပြန်သည်။ 'ကိုနိုင်'က သူ့ဘာသာစကားတွေပြောနေပေ မယ့် ရှောင်းကြည့်နေမိသော 'မွေး'မှာသာ 'ကိုနိုင့်'ကိုကြည့်ကာ သိပ်ဝမ်းသာနေမိသည်။ 'မွေး'နှင့်မတွေ့ရသော ငါးနှစ်အတွင်း 'ကိုနိုင့်'ပုံစံက ယူပစ်လိုက်သလို ပြောင်းလဲသွားပါရောလား။

လွန်ခဲ့သည့် ငါးနှစ်၊ 'မွေး'ခုနစ်တန်းတုန်းက 'ကိုနိုင်'က ဆယ်တန်းအောင်ခါစ။ စပို့ရှပ်အနီရဲရဲလေးနှင့် ဘောင်းဘီတိုအ ဖြူလေးကို စမတ်ကျကျဝတ်တတ်သည့် 'ကိုနိုင့်'ပုံစံက လူငယ် တစ်ယောက်ပုံစံ။ သွက်လက်ဖျတ်သည်နှင့်အမျှ ချစ်စရာကောင်း သော ကောင်ငယ်ငယ်ခပ်ချောချောလေး တစ်ယောက်ပုံစံ။

ထိုအချိန်က တာဝန်ဟူသည့်အရာကို ပခုံးပေါ်မတင်ရ သေးတော့ 'ကိုနိုင့်'ပုံစံကပေါ့ပါးရွှင်ချိုနေသည်။ မီးခိုးရောင်တိုက် ပုံအကျႌ၊ ရှပ်ဖြူလက်ရှည်အကျႌနှင့် ရခိုင်လုံချည်နက်ပြာရောင်ကို ဝတ်ကာ အရာရှိပေါက်စလေး 'ဇင်မောင်နိုင်' ဖြစ်လာပြီဆိုတော့ လည်း ခန့်ညားခြင်း၊ တည်ကြည်ခြင်း၊ ကျက်သရေရှိခြင်းတို့ ပေါင်းစပ်ကာ 'ကိုနိုင်'က ပိုလို့ကြည့်ကောင်းပြန်သည်။

ငယ်စဉ် ပေါ့ပါးရွှင်ချိုသောမျက်နှာနှင့်တုန်းက 'မွေး



# ဝေဝေအောင်

## ခံစားမှုမှာသိမှာပါ



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေသားအနန္တငါးပါးအပါအဝင် မိဘနှစ်ပါးဖြစ်သူ ဖေဖေနှင့် မေမေအား ရုပ်နှင့်နာမ်တည်မြဲသရွေ့ သန့်ရှင်းစွာ ရှာဖွေရအပ်သောငွေဖြင့် ထောက်ပံ့ကူညီ ကျွေးမွေးပြုစုနိုင်သည့် သမီးကောင်းရတနာဖြစ်ရပါလို၏။

ဤဝတ္ထု၊ အမည်၊ ဇာတ်လမ်းနှင့် ဝတ္ထုတွင်းပါ ဇာတ်ကောင်များသည် စာရေးသူ၏ စိတ်ကူးယဉ်မျှသာ ဖြစ်ပါသည်။

မည်သူ့ကိုမျှ မရည်ရွယ်ပါ။

တိုက်ဆိုင်မှုရှိလျှင် ခွင့်လွှတ်ပါ။

**ဝေဝေအောင်**



# ၁

သည်နေ့ 'ကိုနိုင်' ပြန်လာမည့်နေ့ဆိုတော့ 'မွေး'တို့အိမ်ကြီးတစ်အိမ်လုံး အထူးလှုပ်ရှားနေကြသည်။ ရယ်သံများလျှင်နေကြသည်။ ခါတိုင်းမနက် ကိုးနာရီဇထိုးမချင်း 'ဇင်မာ'ပင် သည်နေ့တော့ ထူးထူးခြားခြားနိုးနေသည်။

သူ့အမေ 'ဒေါ်ခင်အေး'ဘေးနားမှာ မှီထိုင်နေသည်။ 'ဇင်မာ'ဘေးမှာတော့ 'ပိုး'၊ ဒါမှမဟုတ် 'ခင်ပိုးမြင့်'။ တစ်နေ့ 'ကိုနိုင်'က 'အဲလစ်'ခေါ် 'ခင်မိုးမြင့်'ကိုယူဖြစ်လျှင် 'ပိုး'က 'ကိုနိုင့်' ခယ်မဖြစ်လာမည့်သူ။

ခု လောလောဆယ်လဲ 'ဇင်မာ့' သူငယ်ချင်း ဖြစ်နေသူ။ ထို 'ပိုး'ဘေးမှာတော့ 'မမအဲလစ်'။ ဒါမှမဟုတ် 'ကိုနိုင့်' ချစ်သူ 'ခင်မိုးမြင့်'က နွဲ့နွဲ့ကလေးထိုင်နေသည်။ ချစ်သူပြန်လာမည့်နေ့မို့ ရွှမ်းကုန်ပြင်လာလေသလားတော့ မသိ၊ 'မမအဲလစ်'က သည်

* ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နေ့သိပ်လှနေသည်။

ခရမ်းနုရောင်အပွင့်နုတ်နုတ်လေးများပါသော အိတုံဝမ်းဆက်ကိုဝတ်ကာ မျက်နှာသွယ်သွယ်ကို မိတ်ကပ်နုနုလေးခြယ်ထားသည်။ မျက်ခွံကိုခရမ်းနုရောင် အိုင်းရှိဒိုးထည့်ပြီး နှုတ်ခမ်းကို ရဲရဲလေးဆိုးထားသည်။

ခွေကောက်သောဆံပင်ညိုညို ပျော့ပျော့လေးများကိုတော့ ခါတိုင်းလိုဘီးခွဲကာ ဖားလားချထားသည်။ ဖြူနုကာ သွယ်လျသောကိုယ်လုံးလေးနှင့် 'မမအဲလစ်'က ငယ်စဉ်ကလည်း လှသည်။ ခုလိုဆရာဝန်ဖြစ်ကာနီးဆိုတော့ အလှ၊ ပညာနှင့်တည်ငြိမ်မှုတို့ပေါင်းစပ်ကာ 'မွေး'စိတ်မှာ ပိုပြီးလှနေသလိုလို၊ ပိုပြီးအထင်ကြီးစရာကောင်းနေသလိုလို။

'မွေး'သည်ပင် ဒီလောက်အထင်ကြီးနေလျှင် 'ကိုနိုင်' ကော။ 'ကိုနိုင်'ဆို 'မွေး'ထက်ပင် ပိုအထင်ကြီးကာ မိုချစ်မိမှာသေချာသည်။ 'မွေး' ထမင်းစားခန်းထဲမှ 'မမအဲလစ်'ကိုငေးကြည့်နေဆဲ။ 'မမအဲလစ်' မျက်ဝန်းလေးများက ခြံပြင်ကိုမသိမသာဝေ မျှော်ကြည့်နေသည်။

ချစ်သူလာမည်ဆိုတော့လည်း 'မမအဲလစ်' **ရင်ခုန်ရှာလိမ့်**မည်။ ဘာမှမဟုတ်သည့် 'မွေး'ပင် ညကတည်းကအိပ်လို့မရ မနက်ကျပြန်တော့လည်း အစောကြီးနိုးနေပြန်သည်။ **'ဒေါ်လုံး'** ရှုမှာစိုး၍သာ အိပ်ရာထဲမှမထဝံ့သော်လည်း 'မွေး'အိပ်၍မ**ရတော့**





မျက်စိအကြောင်သားနဲ့ 'မွေး' ရင်တွေခုန်နေသည်။ပျော်နေသည်။

ငယ်စဉ်တုန်းက လူကြီးတွေကပွဲကြည့်ရမယ်ဆိုလျှင် ဘာမှလုပ်၍ကိုင်၍မရအောင် ပျော်သလို၊ ခု 'ကိုနိုင်' ပြန်လာတော့မည်ဆိုတော့လည်း 'မွေး' သိပ်ပျော်နေသည်။ ပျော်ဆို 'မွေး' 'ကိုနိုင်' နှင့်မတွေ့ရတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ 'မွေး' ခုနစ်တန်းတက်သည့်နှစ်မှာ 'ကိုနိုင်' မန္တလေးရှိအဘွားထံသို့တက္ကသိုလ်သွားတက်ရသည်။

ခု 'မွေး'ပင်တက္ကသိုလ်မှာ ပထမနှစ်ဆိုတော့ 'ကိုနိုင်'နှင့် 'မွေး' မတွေ့ရတာ လေးနှစ်ကျော်လို့ ငါးနှစ်တွင်းရောက်ခဲ့ပြီ။ ကျန်သောအိမ်သားတွေနဲ့ 'မမအဲလစ်'တို့က 'ကိုနိုင်' ကျောင်းပိတ်၍ အလာမှတွေ့ကြသေးသည်။ 'မွေး'မှာသာ ရွာရောက်နေ၍ဘာမှမသိခဲ့။

'ကိုနိုင်' ဖြူသလား၊ မည်းသလား။ ဒါမှမဟုတ် အရင်တုန်းကလိုပဲလား၊ 'မွေး' သိပ်သိချင်လာသည်။ 'မွေး' သိပ်တွေ့ချင်သည်။ တလောကလုံးမှာ အဖေနှင့် 'တင်ဦး'ကလွဲလျှင် 'မွေး' အတွက်တွယ်တာရဆုံးက 'ကိုနိုင်'၊ 'မွေး'အချစ်ဆုံးက 'ကိုနိုင်'ပါ။

'ကိုနိုင်'ကိုယ်တိုင် 'မွေး'ကို 'မွေး'လောက်တွယ်တာချင်မှ တွယ်တာမှာဖြစ်ပေမယ့် 'မွေး'ကတော့ 'ကိုနိုင်'ရယ်မှ 'ကိုနိုင်'ပါ။ 'မွေး' သက်ပြင်းကိုချကာ သူ့ရှေ့မှထမင်းစားပွဲကိုငုံ့ကြည့်လိုက်မိသည်။ အလယ်တွင်လှည့်၍ရသော အနီရင့်ရောင်ဖော်မိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကပ်စားပွဲကြီးပေါ်မှာ ဟင်းပွဲတွေကအစုံအလင်ပါ။

သည်ဟင်းပွဲများအားလုံးက 'ကိုနိုင်' အကြိုက်တွေချည်းပဲ ရွေးချက်ထားတာဖြစ်ပါ။ အဝေးမှပြန်လာသော 'ကိုနိုင်'ကို 'မွေး' လက်ရာနဲ့ဆီးကြိုချင်သည်။ အပန်းဖြေစေချင်သည်။ 'ကိုနိုင်' နှုတ်မှဒီဟင်းတွေ ဘယ်သူချက်ထားတာလဲ၊ စားကောင်းလိုက်တာဆို လျှင် 'မွေး' ရင်လေးကော့ကာ သူချက်တာပါဟု ဖြေမည်။

သည်အခါမှာ 'ကိုနိုင်'က သူ့ကိုအံ့သြသောမျက်ဝန်းအစုံ ဖြင့်လှမ်းကြည့်မည်။ ပြီးတော့ 'ကိုနိုင်' နှုတ်မှ တအံ့တသြရေရွတ် မည်။

"ဟ… 'မွေး'တောင် ဟင်းတွေချက်တတ်နေပါလား" ပြော့မည်။ 'မွေး' ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ကာ…

"'ကိုနိုင်' မလာခင် ချက်တတ်အောင်သင်ထားတာ"ဟု တိုးတိုးဖြေမည်။ သည်အခါ 'ကိုနိုင်' ခေါင်းတညိတ်ညိတ်နှင့် 'မွေး'ကို ချီးမွမ်းမည်။ သည်အချိန်များမှာ 'မွေး' သိပ်ပျော်မည်။ 'မွေး'လောက်ပျော်တဲ့သူ ဒီကမ္ဘာမှာ ရှိပါဦးမလား။ အတွေးနှင့် 'မွေး' မျက်နှာလေးပြုံးနေသည်။

ထိုအခိုက် အိမ်ရှေ့မှ 'ဇင်မာ့' အသံစာစာလေးက 'မွေး' ဆီပျံလွင့်လာသည်။

"ကိုကိုကလဲ… 'ဇင်မာ'တို့ ဘူတာဆင်းကြိုလည်းရတဲ့ ဟာကို သူ့ဘာသာလာမယ်တဲ့… သိပ်ရှည်တဲ့ ကိုကို… ခု ဘယ်နှစ်





နာရီရှိပြီလဲ"

'ဇင်မာ' စိတ်မရှည်ဟန်ဖြင့် သူ့လက်မှရွှေရောင် စိတ်ဇင် နာရီလေးကို ငုံ့ကြည့်နေသည်။ အချိန်က မနက်ဆယ်နာရီကျော် နေပြီမဟုတ်လား။

"ရထား နောက်ကျလို့လားမှမသိဘဲ သမီးလေးရယ်"

မိခင်ဖြစ်သူ 'ဒေါ်ခင်အေး'က သမီးဖြစ်သူကို နှစ်သိမ့် သည်။ 'အဲလစ်'ကလည်း 'ဇင်မာ့'ကို အေးဆေးသောလေသံလေး ဖြင့်နှစ်သိမ့်ပြန်သည်။

"လာတော့ လာမှာပေါ့ 'ဇင်မာ'ရဲ့… 'ကိုနိုင်' 'မမအဲလစ်' ဆီလည်းအကြောင်းကြားထားသေးတာပဲ"

'အဲလစ်'က ဝင်ပြောမှ 'ဇင်မာ့' ချွန်မြနေသော နှုတ်ခမ်း လေးအချွန်ပြေသွားသည်။ 'အဲလစ်'ဘေးမှထိုင်နေသော 'ပိုး'ကို လှမ်းပြောပြန်သည်။

"ကိုကိုပြန်လာရင် အိုင်တို့အတွက် ဘာပါလာမလဲ မသိ ဘူးနော် 'ပိုး'"

"မိတ္ထီလာမှာ ဘာရှိမှာလဲ 'ဇင်မာ'ရဲ့… တမာရွက်ပဲရှိမှာ ပေါ့… တကယ်လို့များ 'ကိုနိုင်' တမာရွက်တွေခူးလာရင် ပြုတ်တို့ ပေါ့"

'ပိုး'စကားကြောင့် အားလုံးဝိုင်းရယ်ကြပေမယ့် 'ဇင်မာ' ကတော့ ရှုံ့မဲ့ကာ 'မွေး'ဆီကို လှမ်းကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"အိုး... တို့စရာဆိုတာ တောသူမှတို့တာ... အိုင်တို့က တို့တာမဟုတ်ဘူး... 'မွေး' တို့လိမ့်တယ်... တို့တတ်တယ်မဟုတ်လား 'မွေး' "

'မွေး' ဘာဖြေရမှန်း မသိ၊ 'ဇင်မာ' မျက်နှာလေးကိုသာ ငေးကြောင်ကြည့်နေ၍ 'ဒေါ်ခင်အေး'က 'ဇင်မာ'ကိုလှမ်းမာန်သည်။

"သမီးကလည်းကွယ်... 'မွေး' သူ့ဘာသူနေတဲ့ဟာကို ဘာလို့နေရာတကာ 'မွေး'ပဲပြောနေတာလဲ"

"အို... ဟုတ်လို့ပြောတာပဲဟာ... မာမီကလဲ သူ တောသူမဟုတ်ဘူးလား... တောကလာတာ တောသူပေါ့...မာမီက နေရာတကာ သူ့ဘက်ချည်းပဲ လိုက်နေတာပဲ... တော်ပြီ တော်ပြီ...မာမီတို့နဲ့ စကားမပြောတာပဲကောင်းတယ်"

ပြောရင်းဆိုရင်း 'ဇင်မာ' ဧည့်ခန်းတွင်းမှ စိတ်ကောက်ကာခြေဆောင့်ထသွားသည်။ 'ဇင်မာ'နဲ့အတူ ထိုင်နေသော 'ပိုး' ကလည်း 'မွေး'ကို မျက်စောင်းလှမ်းထိုးလာပြီဆိုတော့ 'မွေး'ထမင်းစားခန်းထဲမှာ ဆက်မနေရဲတော့။ မီးဖိုချောင်ထဲ သုတ်သုတ်ပြေးဝင်လာကာ 'ဒေါ်လုံး'နားမှာထိုင်ချလိုက်သည်။ ပြီးတော့ 'ဒေါ်လုံး'ကိုခပ်ညည်းညည်းကလေးပြောလိုက်မိသည်။

" 'မွေး'တော့ ဒီအိမ်မှာဆက်တောင် မနေချင်တော့ဘူး 'ဒေါ်လုံး'ရယ်"





"ဘာဖြစ်လာပြန်ပြီလဲ"

ဆေးလိပ်ထိုင်သောက်နေသော 'ဒေါ်လုံး'က 'မွေး'မျက်နှာလေးကိုကြည့်ကာ ကရုဏာသက်သလိုလှမ်းမေးသည်။ 'မွေး' မဖြေ၊ ဝဲလာသော မျက်ရည်ကိုသာမကျအောင် အံကြိတ်ခံရင်း သူ့ရှေ့မှထမင်းစားဝိုင်းလေးကို ငေးကြည့်နေသည်။

သည်စားပွဲဝိုင်းလေးက 'မွေး'ရယ်၊ 'ဒေါ်လုံး'ရယ်၊ သည်အိမ်မှာလုပ်ရသည့် အဝတ်လျှော် 'စိန်စိန်'ရယ်၊ ကားဒရိုင်ဘာ 'ဦးမြတ်'ရယ်၊ 'မာလီရာဂျူး'ရယ် စားနေကြစားပွဲလေး။ စားပွဲဝိုင်းလေးပေါ်မှာပြင်ထားသည်က ငါးပိရည်ရယ်၊ တို့စရာပန်းကန်ရယ်၊ အသားနှင့်အသီးရောထားသည့် ဟင်းတစ်ခွက်ရယ်၊ အသားဟင်းကိုမကြည့်၊ ငါးပိရည်နှင့်တို့စရာကိုသာကြည့်ကာ 'မွေး' 'ဇင်မာ' စကားကိုပြန်ကြားယောင်မိသည်။

"အင်းလေ... ဟုတ်တာကိုး... ပြောမှာပေါ့"

စိတ်ကိုတင်းကာ ဘယ်လိုပင်ဟန်ဆောင်နေပေမယ့် မျက်ဝန်းမှဝဲနေသော မျက်ရည်ကြောင့် 'ဒေါ်လုံး'က 'မွေး'တစ်ခုခုဖြစ်လာပုံကို ရိပ်မိပုံနှင့် 'မွေး'ကိုလှမ်းမေးသည်။

"ဘာလဲ... 'ဇင်မာ'နဲ့ ပြဿနာဖြစ်လာပြန်ပြီ မဟုတ်လား"

'မွေး'ခေါင်းညိတ်ကာ ဖြစ်လာသည့်ပြဿနာကို ပြောပြမိသည်။ 'ဒေါ်လုံး' မဲ့ရွဲ့ကာ ဆေးလိပ်ဖွာလျက်မှ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မလေးကတော့ ပြဿနာပဲ... မိုးလင်းတာနဲ့ ဘယ်သူ့ကိုပြဿနာလုပ်ရမလဲ တွေးနေတာပဲ... ခု ဘယ်ရောက်သွားလဲ"

"သူ့အခန်းထဲမှာ စိတ်ကောက်ပြီးဝင်သွားတာပဲ 'ဒေါ်လုံး' ရယ်"

'မွှေး' စီးကျလာသောမျက်ရည်ကို လက်ခုံးဖြင့် အသာပင် သုတ်တာ့ပြောလိုက်မိသည်။ 'ဒေါ်လုံး' 'မွှေး'အဖြစ်ကို စိတ်မကောင်းသလိုနှင့်ကြည့်ရင်း...

"ညည်းလေးကလည်း အဲဒီမှာဘာသွားလုပ်နေတာလဲ"

"သြော် 'ကိုနိုင်' ပြန်လာတော့မယ်ဆိုတော့ 'မွှေး'လည်း သွားစောင့်နေရင်း ထမင်းစားပွဲဘေးနားရပ်နေမိတာ"

"အဲဒါ ခက်တာ 'မွှေး'ရဲ့... သူတို့နားမှာ မနေပါနဲ့လို့ ငါမှာထားလျက်နဲ့... 'ဇင်မာ'က ညည်းမျက်နှာကိုမြင်တာနဲ့ သူ့မှာ အမြဲတမ်း အဘိဇ္ဈာဖြစ်နေတာ သိရဲ့လား"

"'မွှေး'လည်း ဘာမှမလုပ်ဘဲနဲ့ 'ဒေါ်လုံး'ရယ်... 'မွှေး'ကို 'ဇင်မာ' ဘာဖြစ်လို့ ဒီလောက်တောင်မုန်းနေပါလိမ့်"

ပြောရင်း ပြောရင်း 'မွှေး'မျက်ဝန်းမှ မျက်ရည်များစီးကျလာသည်။ 'ဒေါ်လုံး'ကတော့ 'မွှေး'ကိုစိတ်မချမ်းသာစွာကြည့်ရင်း နှစ်သိမ့်သည်။

"ငိုမနေပါနဲ့အေ... လူဆိုတာ ကိုယ့်ထက်သာရင် မနာ





လိုတာ သဘာဝပဲမဟုတ်လား"

"'မွှေး' 'ဇင်မာ့'ထက် ဘာများသာလို့လဲ 'ဒေါ်လုံး'ရယ်... 'ဇင်မာ'က အိမ်ရှင်သမီး... 'မွှေး'က သူတို့အိမ်မှာလာကပ်နေတာ ပစ္စည်းချင်းယှဉ်မလား... လူချင်းယှဉ်မလား... 'ဇင်မာ'က 'မွှေး' ထက်သာပြီးသားပါ... 'ဇင်မာ'က 'မွှေး'ထက်လှပြီးသားပါ... ဒါနဲ့များ 'မွှေး'ကိုဘာလို့ ဒီလောက်တောင် မဲနေပါလိမ့်"

"မဲမှာပေါ့အေ... ညည်းတောင် ပထမနှစ်ရောက်နေပြီ... သူ့ဆယ်တန်းမှ ခုထိမအောင်သေးပဲ... သူနဲ့အတူတူဖြစ်တဲ့ 'ပိုး' တောင် တတိယနှစ်ရောက်နေပြီပဲဟာ"

"ဒါတော့ 'ဒေါ်လုံး'ရယ် သူမှမကြိုးစားဘဲ... 'မွှေး' သူတို့လို ကျူရှင်ဆရာခေါ်ပြီး အိမ်မှာလည်းသင်ရတာမဟုတ်ဘူး... ကျူရှင်လည်း တက်ရတာမဟုတ်ဘူး... 'မွှေး'ဘာသာကြိုးစားပြီး အောင်ရတာပါ... ဒါကို 'ဇင်မာ'က မကျေနပ်ဘူးဆိုလည်း 'မွှေး' ဘာတတ်နိုင်မှာလဲ"

"ဒါပေါ့ 'မွှေး'ရဲ့... သူ့ဘာသာ မအောင်တိုင်း အောင်တဲ့ 'မွှေး'ကို သူ ကြည့်မရဘူးလေ... ဒါကြောင့် တွေ့တိုင်းအပြစ်ရှာနေတာပေါ့"

"'မွှေး' ကုသိုလ်ပေါ့ 'ဒေါ်လုံး'ရယ်"

'မွှေး' မျက်နှာကိုကြည့်ကာ ပြောနေဆဲ ခြံတွင်းဝင်လာသည့်ကားတစ်စီးအသံကြောင့် လူကချက်ချင်း မီးဖိုချောင်ထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်းကိုရောက်သွားသည်။ ပြီးတော့ 'ဒေါ်လုံး'ကိုဝမ်းသာအားရ လှမ်းပြောလိုက်သည်။

"'ကိုနိုင်' ပြန်လာပြီ 'ဒေါ်လုံး'ရေ... 'ကိုနိုင်' ပြန်လာပြီ"

'မွေး' မျက်နှာကိုလက်ဝါးဖြင့်ဖိသပ်ကာ စိုနေသောမျက်ဝန်းများကိုခြောက်သွားအောင် ပြုပြင်လိုက်သလို ဝတ်ထားသည့် ခရမ်းနုရောင် ရင်ဖုံးအကျီလက်ပြတ်လေးကိုလဲ သပ်သပ်ရပ်ရပ်ဖြစ်အောင် ဆွဲဆန့်လိုက်သည်။ 'ကိုနိုင်' ပြန်လာလျှင် သူ့ကိုသပ်သပ်ရပ်ရပ်မြင်စေချင်သည်။

ငယ်တုန်းကပုံနှင့်မတူတော့သည့် သူ့ကို 'ကိုနိုင်'အံ့သြစေချင်သည်။ 'မွေး' ထမင်းစားခန်းထဲမှာ တစ်ယောက်တည်းယောက်ယက်ခတ်နေသလို အိမ်ရှေ့ဧည့်ခန်းထဲမှာလည်း ဆူညံနေသည်။ အဆူးဆုံးအသံက 'ဇင်မာ့'အသံ၊ ခုနကတော့ စိတ်ကောက်ကာ အိပ်ခန်းထဲခြေဆောင့်ဝင်သွားသူက ခုတော့ အကိုနားမှာကပ်ခွဲနေသည်။

"ကိုကို ဘာဖြစ်လို့ အိမ်ကိုမကြိုခိုင်းတာလဲ... 'ဇင်မာ'တို့ကမိုးလင်းကတည်းကစောင့်နေတာ"

"ခု ရောက်လာပြီ မဟုတ်လားကွာ"

"ဒါ ဘယ်သူ့ကားလဲ ကိုကို"

ပြောရင်း 'ဇင်မာ'က ကားတွင်းကိုငေးကြည့်သည်။ ကားတွင်းမှာတော့ ကိုကိုနှင့်ရွယ်တူခန့်လူရွယ်တစ်ဦး။





"ဟော့ကောင် 'ဘိုဘို'... ဆင်းဦးလေကွာ"

"မဆင်းတော့ဘူး 'ဇင်မောင်'... တို့နောက်မှ အေးအေးဆေးဆေးပဲလာတော့မယ်... သွားတော့မယ်နော်"

ထိုလူရွယ်က အားလုံးကိုနှုတ်ဆက်သလို ခေါင်းလေးညွှတ်ကာထွက်သွားတော့ 'ဇင်မာ' အကိုကို့မျက်စောင်းလေးခဲရင်း

"ကိုကိုကလဲ ဧည့်သည်ကိုအိမ်ပေါ်ခေါ်တာမဟုတ်ဘူး... အားနာစရာ"

"အားနာစရာမလိုပါဘူး... ဒီကောင် ကိုကို့သူငယ်ချင်းပဲ သူ့ဘာသူ နောက်လာလည်ပါလိမ့်မယ်"

"ကိုကို့ သူငယ်ချင်းနာမည်က 'ဘိုဘို'တဲ့လား... 'ပိုး' ချစ်စရာလေးနော်"

"တယ် ဒီကောင်မလေး"

'ဒေါ်ခင်အေး'က 'ဇင်မာ့'ခေါင်းကိုနောအောင် ခေါက်လိုက်သည်။ အားလုံး တဝါးဝါးနှင့်ပွဲကျသွားသည်။ 'မွေး' အိမ်ရှေ့ခန်းမှမြင်ကွင်းကို ခန်းဆီးဘေးမှချောင်းနားထောင်ရင်း ပျော်နေသည်။ 'မွေး' မျက်နှာလေးပြုံးနေသည်။ ခဏနေတော့ 'မွေး'ခန်းဆီးကြားမှချောင်းကာ အိမ်ရှေ့ကိုလှမ်းကြည့်နေလိုက်သည်။

"အို... 'ကိုနိုင်' "

'မွေး'က အကြည့်၊ 'ကိုနိုင်'က အိမ်ရှေ့ခန်းမှ ထမင်းစားခန်းကိုဖြတ်ကာနဲ့လှမ်းကြည့်လိုက်၍ 'မွေး' ရင်ခုန်စွာခန်းဆီးကိုပြန်

www.burmeseclassic.com



ချလိုက်မိသည်။ 'ကိုနိုင်'က သူ့ကိုမြင်မမြင်တော့မသိပေမယ့် ခဏ မြင်လိုက်ရသော 'မွေး'မှာတော့ ရင်တွေခုန်နေသည်။ ဝမ်းသာ လွန်းသော လက်ဖျားခြေဖျားတွေကလည်း အေးစက်နေသည်။

ခဏနေတော့ 'မွေး' ခန်းဆီးကြားမှ 'ကိုနိုင်'ကို ထပ်ကြည့် လိုက်မိပြန်သည်။ 'ကိုနိုင်'က သူ့ဘာသာစကားတွေပြောနေပေ မယ့် ချောင်းကြည့်နေမိသော 'မွေး'မှာသာ 'ကိုနိုင့်'ကိုကြည့်ကာ သိပ်ဝမ်းသာနေမိသည်။ 'မွေး'နှင့်မတွေ့ရသော ငါးနှစ်အတွင်း 'ကိုနိုင့်'ပုံစံက ယူပစ်လိုက်သလို ပြောင်းလဲသွားပါရောလား။

လွန်ခဲ့သည့် ငါးနှစ်၊ 'မွေး' ခုနှစ်တန်းတုန်းက 'ကိုနိုင်'က ဆယ်တန်းအောင်ခါစ။ စပို့ရှပ်အနီရဲရဲလေးနှင့် ဘောင်းဘီတိုအ ဖြူလေးကို စမတ်ကျကျဝတ်တတ်သည့် 'ကိုနိုင့်'ပုံစံက လူငယ် တစ်ယောက်ပုံစံ။ သွက်လက်ဖျတ်လတ်သည်နှင့်အမျှ ချစ်စရာကောင်း သော ကောင်ငယ်ငယ်ခပ်ချောချောလေး တစ်ယောက်ပုံစံ။

ထိုအချိန်က တာဝန်ဟူသည့်အရာကို ပခုံးပေါ်မတင် သေးတော့ 'ကိုနိုင့်' ပုံစံကပေါ့ပါးရွှင်ချိုနေသည်။ မီးခိုးရောင်တိုက် ပုံအကျႌ၊ ရှပ်ဖြူလက်ရှည်အကျႌနှင့် ရခိုင်လုံချည်နက်ပြာရောင်ကို ဝတ်ကာ အရာရှိပေါက်စလေး 'ဗိုလ်မောင်နိုင်' ဖြစ်လာပြီဆိုတော့ လည်း ခန့်ညားခြင်း၊ တည်ကြည်ခြင်း၊ ကျက်သရေရှိခြင်းတို့ ပေါင်းစပ်ကာ 'ကိုနိုင်'က ပိုလို့ကြည့်ကောင်းပြန်သည်။

ငယ်စဉ် ပေါ့ပါးရွှင်ချိုသောမျက်နှာနှင့်တုန်းက 'မွေး





ကိုနိုင်'ကို တစ်မျိုးချစ်ရသလို၊ ခုလိုကျပြန်တော့လည်း လေးစား ခြင်းကပိုရပြန်သည်။ 'မွေး' ချောင်းကြည့်နေဆဲ 'ကိုနိုင့်' မျက်ဝန်း များက 'မမအဲလစ်'ဆီရောက်သွားသည်။

" 'အဲလစ်' စောင့်နေတာကြာပြီလား"

"မိုးလင်းကတည်းက ဆိုပါတော့"

'မမအဲလစ်'က 'ကိုနိုင့်'ကို မျက်လုံးလေးထောင့်ကပ်ကာ နွဲ့လေးပြောသည်။

"မောင်… အဲ 'ကိုနိုင်' ရှစ်နာရီလောက်ရောက်မယ်ထင် တာ… ခု ဆယ့်တစ်နာရီတောင် ထိုးခါနီးပြီ"

စကားများသွားသော 'ကိုနိုင်'ကိုကြည့်ကာ 'ဇင်မာ'နဲ့ 'ပိုး' တစ်ခွိခွိနှင့်ရယ်နေကြ၍ 'ဒေါ်ခင်အေး'က လှမ်းဟန့်သည်။

" 'ဇင်မာ' ဘယ်လိုဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ မာမီရဲ့"

"သွား သမီး… ကိုကို့ပစ္စည်းတွေ အပေါ်တင်ပေးလိုက်"

"အို… 'မွေး'ရှိသားပဲ မာမီကလဲ… 'မွေး'တင်လိမ့်မပေါ့"

" 'မွေး' "

'ဇင်မာ'ကပြောရင်း 'မွေး'ကိုလှမ်းအော်တော့ 'မွေး'ခန်း ဆီးကြားမှမနေသာတော့ အိမ်ရှေ့ကိုထွက်လာခဲ့ရသည်။ 'ကိုနိုင့်' ရှေ့ကိုရင်ခုန်စွာနဲ့ရောက်လာခဲ့ရသည်။ 'ကိုနိုင်'က 'မွေး'ကိုတွေ့ တော့ အံ့သြစွာငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... 'မွေး' ဒီမှာရှိသေးတာကိုး... ကြည့်စမ်း ထွေးလိုက်တာ... အပြင်မှာတွေ့ရင် 'ကိုနိုင်' မှတ်မိမှာမဟုတ်ဘူး... နု 'မွေး' ဘယ်နှစ်တန်းလဲ"

"ပထမနှစ်ပါ 'ကိုနိုင်'"

"ဟာ ဒီလောက်တောင်ရောက်လာပြီလား... ကြည့်စမ်း 'ကိုနိုင့်' စိတ်မှာ ကိုးတန်းလောက်ပဲရှိဦးမယ်မှတ်နေတာ... အ ဟုတ်တာပေါ့... 'ကိုနိုင်' ထွက်သွားတုန်းက 'ဇင်မာ' တောင် တန်းရောက်နေမှပဲ... 'မွေး'က 'ဇင်မာ'နဲ့နှစ်တန်းပဲကွာတဲ့ဟာ ဘယ်လိုလဲ 'ဇင်မာ'... 'မွေး'တောင် ပထမနှစ်ရောက်နေပြီ... ဒ ကော ဘယ်လိုလဲ"

"အိုး... 'ဇင်မာ့' ဘာသာဘယ်လိုပဲဖြစ်ဖြစ်... သူနဲ့လာ နှိုင်းပါနဲ့... လာ 'ပို' သွားမယ်"

'ဇင်မာ'က ပြောရင်းဆိုရင်း ညှော့ခန်းထဲမှဆောင့်ထွ သွား၍ 'ကိုနိုင်' သူ့အမေကိုစိတ်ပျက်သလို လှမ်းပြောလိုက်သည်

"မာမီ... မာမို့ သမီးကိုမဆုံးမဘူးလား"

"ပြောတာပါပဲကွယ်... 'ဇင်မာ' ခေါင်းမာတာ သားလဲသိ သားနဲ့"

"ကဲ 'မွေး'... အဲဒီအိတ်တွေ 'ကိုနိုင့်' အခန်းထဲသာသွား ထည့်ထားလိုက်"

'ကိုနိုင်'က စိတ်ပျက်လက်ပျက်ပုံစံနှင့် 'မွေး'ကိုလှမ်းပြော





သည်။ 'ကိုနိုင့်' စကားအတိုင်း အိတ်ကိုဆွဲကာအပေါ်တက်လာခဲ့ရပေမယ့် 'မွေး'ရင်ထဲမှာတော့ မကောင်းတော့။ 'ကိုနိုင်' ပြန်လာလျှင်ပျော်မည်ဟု စိတ်မှာတွေးထားမိပေမယ့် ခုတော့လည်း 'ဇင်မာ့'ကြောင့် သူ့အပျော်တွေအဝေးကို ပြေးလွင့်ရပြန်ပြီ။

'ဇင်မာ'တစ်ယောက် သူ့အပေါ်မှာ ဘာလို့များဒီလောက် မုန်းနေရတာလဲ။ 'မွေး' မျက်ရည်ဝဲဝဲလေးဖြင့် တွေးနေမိသည်။ သူ သည်အိမ်ကြီးကိုစရောက်ခါစ ဖြစ်ရပ်လေးများကိုသတိရနေမိသည်။ သည်တုန်းက 'မွေး'အသက် ဘာရှိသေးလို့လဲ။ ရွာမှာ လေးတန်းအောင်ကာ ငါးတန်းတက်လာသည့် ကျောင်းသူလေးမို့လည်း 'မွေး'အသက် ဆယ့်တစ်နှစ်ကျော်ကျော် ဆယ့်နှစ်နှစ်အရွယ်ပဲရှိသေးသည်။

'ဇင်မာ'ကတော့ 'မွေး'ထက် တစ်နှစ်ကြီးသည်။ ဒါပေမဲ့ အတန်းကျတော့ 'မွေး'ထက် နှစ်တန်းတောင်ကြီးသည်။ 'ဇင်မာ'က ခုနစ်တန်း။ 'ကိုနိုင်'ကတော့ ကိုးတန်း၊ သည်အိမ်ကြီးကိုစရောက်ကတည်းက 'မွေး' ပထမဆုံးရရှိသည်က 'ဇင်မာ့' အမုန်းနှင့် 'ကိုနိုင့်' အကြင်နာ။

သည်အကြင်နာကြောင့်ပဲ ခုချိန်ထိ 'မွေး' 'ကိုနိုင့်'ကိုတွယ်တာနေတာလား 'မွေး'ကိုယ် 'မွေး' မသိ။ 'မွေး'သိတာ 'မွေး' 'ကိုနိုင့်'ကိုသိပ်ခင်သည်။ ပြီးတော့ သိပ်တွယ်တာသည်။ ပြီးတော့ သိပ်အားကိုးသည်။ စတွေ့ကတည်းက 'ကိုနိုင်'သည် 'မွေး'အတွက်



www.burmeseclassic.com

www.burmeseclassic.com



နေ့တစ်စင်း လတစ်စင်းဖြစ်ခဲ့သည်။

'မွေး'အတွက် အလင်းရောင်လည်း ပေးသည်။ 'မွေး'အတွက် အလင်းရောင်လည်း ပေးသည်။ ပြီးတော့ အကြင်နာလည်း ပေးခဲ့သည်ပဲ။ ဒါတွေကြောင့်ပဲ 'မွေး' 'ကိုနိုင်' ကို သည်နေ့ထက်ထိ တွယ်တာနေတာလား။ 'မွေး' မျက်ဝန်းထဲမှာ သူရောက်ခါစက အဖြစ်လေးများကို ပြန်လည် မြင်ယောင်လာသည်။





"သမီး လာလေ"

မရောက်သေးခင်ကပင် ရင်ခုန်လာခဲ့သော 'မွေး' ခြေ ရောက်လာတော့ ပိုရင်ခုန်လာသည်။ ကျယ်ဝန်းလှသော ခြံကြီး နှင့် လှပသစ်လွင်လွန်းလှသော တိုက်ကြီးကိုကြည့်ရင်း 'မွေး' မျက်နှာလေး ငိုမဲ့မဲ့ဖြစ်လာသည်။ အဖေ့လက်ကိုလှမ်းဆွဲကာ နေရာမှာရပ်လိုက်သည်။

တတ်နိုင်လျှင် 'မွေး' အဖေ့လက်ကိုဆွဲကာ သည်နေရာမှ ထွက်ပြေးချင်လှသည်။ ရွာကိုပြန်ပြေးကာအမေ့ရင်ခွင်ထဲ ပြေးဝင်ချင်လှသည်။ သည်လောက်ထိအောင် 'မွေး' ကြောက်နေသည်။ နေသည်။ မျက်နှာလေးပျက်ပျက်နှင့် စိတ်အားငယ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဖေကတော့ 'မွေး' ရင်ထဲမှာကြောက်စိတ်ကို သိသည့်ထင့်၊ ချွေးစေးလေးများစီးကပ်နေသော 'မွေး' လက်လေးကို ဆုပ်ကာအားပေးရှာသည်။ နှစ်သိမ့်ရှာသည်။

"လာပါ သမီးရဲ့... အဖေတစ်ယောက်လုံးပါနေတဲ့ဟာကို"

'မွေး' အဖေဆွဲခေါ်ရာ အားငယ်စွာနှင့်လိုက်ခဲ့ရသည်။ စိတ်ထဲမှာတော့ အဖေ့ကိုတတွတ်တွတ်ပြောနေမိသည်။

"အဖေရယ် 'မွေး' ရွာမှာပဲနေပါရစေတော့... 'တင်ဦး' တို့နဲ့ပဲ ကျောင်းနေပါရစေတော့"

တဖြည်းဖြည်းနှင့်ခြံထဲရောက်လာခဲ့သည်။ အပြင်မှာကြည့်ရုံနှင့်ပင် ကြောက်လန့်ခဲ့သော 'မွေး'၊ လှပသားနားလွန်းသောခြံကြီးထဲရောက်တော့ ပိုပြီးအားငယ်လာသည်။ အားငယ်စိတ်နဲ့အဖေ့လက်ကိုဆွဲကာ 'မွေး' ခေါင်းခါလိုက်သည်။

"'မွေး' မလိုက်တော့ဘူး အဖေ... 'မွေး' ပြန်တော့မယ်"

'မွေး' အသံလေးတွေတုန်နေသလို မျက်ရည်ကဝဲလာသည်။ လက်ကလေးနှစ်ဖက်ကလည်း လွယ်ထားသောလွယ်အိတ်ဟောင်းလေးကို ကျစ်ကျစ်ပါအောင်ဆုတ်ထားသည်။ ပထမတော့ အဖေ 'မွေး'စကားကြောင့် 'မွေး'ကို ဂရုနာသက်သွားသလိုဖြစ်ပေမယ့် နောက်တော့ အဖေ့မျက်နှာကချက်ချင်းခက်ထန်သွားကာ 'မွေး'ကိုလှမ်းမာန်သည်။





"'မွေး' နင့်ကို ဘာပြောထားသလဲ"

'မွေး' အရည်လည်နေသော မျက်ဝန်းကြီးများဖြင့် အဖေ့မျက်နှာကိုမော့ကြည့်လိုက်သည်။

အို အဖေ မျက်ရည်တွေဝဲနေပါရောလား၊

'မွေး' အဖေ့မျက်နှာကိုကြည့်ကာ စိတ်မကောင်းသလိုငိုသွားသည်။ နောက်တော့ 'မွေး' ခေါင်းညိတ်လိုက်သည်။

"'မွေး' အလကားပြောတာပါအဖေ... 'မွေး' ဒီမှာပဲနေမှာပါ... အဖေ့စကားနားထောင်မှာပါ"

'မွေး'စကားကြောင့် အဖေ့မျက်နှာချက်ချင်းဆိုသလိုပြုံးသွားသည်။ သမီးဖြစ်သူခေါင်းကိုလှမ်းပွတ်ကာ ကျေနပ်အားရသော အသံဖြင့်လှမ်းပြောသည်။

"ဒါမှ အဖေ့ သမီး... သမီး အဖေ့ကိုချစ်ရဲ့လား"

'မွေး' မျက်ရည်မကျအောင် မျက်တောင်ကိုတဖျတ်ဖျတ်ခတ်လိုက်ပြီးမှ ခေါင်းညိတ်လိုက်သည်။ သူ အဖေ့ကိုချစ်သည်။ အဖေစိတ်ချမ်းသာအောင် သူ အဖေ့စကားနားထောင်ရမည်။ သားအဖနှစ်ယောက် လျှောက်ရင်းလျှောက်ရင်းခြံလယ်ကိုရောက်လာသည်။

'မွေး'တို့ရှေ့နားတွင် လှပသောနှင်းဆီပင်ကြီးကိုအပွင့်များဝေဝေဆာဆာနဲ့တွေ့ရသည်။ တချို့က ပန်းနုရောင်၊ တချို့ကအဝါရောင်၊ တချို့က အနီရောင်၊ ထိုအထဲမှ ပန်းနုရောင်နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ပန်းပွင့်လေးတစ်ပွင့်ကို လှမ်းဆွဲကာ အဖေက 'မွှေး'ကိုလှမ်းပေးသည်။

"သမီး ဒီပန်းလေးကိုနမ်းကြည့်စမ်း"

'မွှေး'အဖေလှမ်းပေးလာသည့် နှင်းဆီပန်းလေးကိုငုံ့နမ်းလိုက်သည်။

"သမီး ရင်ထဲမှာဘယ်လိုနေလဲ"

"မွှေးနေတာပဲအဖေ... လူ့ကို အမောပြေသွားတာပဲ"

"မွှေးတာနဲ့နံတာ ဘယ်ဟာကောင်းသလဲ သမီး"

"မွှေးတာကောင်းတာပေါ့ အဖေ"

"အေး...သမီးကိုလည်း 'မွှေး'ဆိုတဲ့နာမည်လေးပေးခဲ့တာ မွှေးစေချင်လို့... သမီးရဲ့ကောင်းသတင်းဟာ အဖေ့ပတ်ဝန်းကျင်မှာ ကြိုင်လှိုင်စေချင်လို့... သမီးအဖေပြောတာတွေ နားလည်းရဲ့လား"

"နားလည်ပါတယ် အဖေ"

"အေး... နားလည်တယ်ဆိုရင် အဖေစိတ်ချမ်းသာအောင် သမီးဒီမှာနေနော်"

'မွှေး' ခေါင်းညိတ်လိုက်သည်။ အဖေစိတ်ချမ်းသာဖို့ ဒီမှာနေဖို့လည်း ဆုံးဖြတ်လိုက်သည်။

"လာသမီး နောက်ဖေးကဝင်မယ်"

အဖေက 'မွှေး' လက်ကိုဆွဲကာ တိုက်ကြီး၏ဘေးဘက်





လျှောက်သွားသည်။ တိုက်ကြီးက မျက်နှာစာမှာလှသလို ဘေးဘက်မှာလည်းအရိပ်ရသော အပင်းလေးများ၊ ဒါန်းလေးများနှင့် လှပချစ်ချင်စဖွယ်ဆောက်ထားသည်။

'မွှေး' အဖေ့လက်ကိုဆွဲကာ အဖေခေါ်ရာအပေါက်မှ တဆင့်တိုက်ထဲကိုလိုက်လာခဲ့သည်။ ခြံထဲမဝင်ခင်က 'မွှေး' ကြောက်ရွံ့စိတ်အားငယ်စိတ်နှင့် ရွာကိုပြန်ပြေးချင်သော်လည်း ခုတော့ 'မွှေး' အဖေ့စကားကို နားထောင်ရတော့မည်မို့ ဘယ်လိုအခြေအနေဖြစ်ဖြစ် 'မွှေး' ရင်ဆိုင်ရန်ဆုံးဖြတ်လိုက်သည်။

"တိုက်ကြီးက သိပ်လှတာပဲ နော်အဖေ"

'မွှေး' အဖေ့လက်ကိုဆွဲကာ တီးတိုးပြောလိုက်သည်။ အဖေကပြုံးကာခေါင်းညိတ်ရင်း 'မွှေး'ကို အခန်းတစ်ခန်းထဲခေါ်လာသည်။ အနီရင့်ရောင်စားပွဲကြီးနှင့် ကုလားထိုင်နီနီရဲရဲများချထားသော အခန်းဖြစ်သည်။

ဘေးပတ်လည်တွင် မှန်အပြည့်တပ်ထားသော ဗီရိုကြီးများရှိကာ ထိုအထဲတွင် ပန်းကန်များ၊ စတီးပစ္စည်းများကိုလှပစွာထားသိုထားသည်ကို လှပစွာတွေ့လိုက်ရသည်။

"ဒါ ထမင်းစားခန်းပဲ သမီး"

အဖေက 'မွှေး'ကို တီးတိုးလှမ်းပြောသည်။ 'မွှေး' အံ့ဩစွာဖြင့် ထမင်းစားခန်းကြီးကို လှည့်ပတ်ကာကြည့်လိုက်သည်။ ထမင်းစားခန်းသာဆိုသည်၊ 'မွှေး'တို့အိမ်ထက် အဆတစ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



လောက်သားနားသည်။ ကလေးနှင့် 'မွေး' 'တင်ဦး'ကိုပြေးခေါ်ကာ ကြွားလိုက်ချင်သည်။

"တွေ့လား... ငါတို့နေတဲ့အိမ်က ထမင်းစားခန်း... ဘာလောက်လှလဲ"

'မွေး'တွေးက သူ့လက်ညှိုညှိုတုတ်တုတ်လေးများဖြင့် စားပွဲဝိုင်းကြီးကိုလည်းထိကြည့်မိသည်။ ပြီးတော့ ဆိုဖာပါသည့် ကုလားထိုင် နီနီရဲရဲလေးများကိုလည်း တို့ကြည့်မိသည်။ အဖေကတော့ 'မွေး' လုပ်နေတာ မြင်သည်လား မမြင်သည်လားတော့ မသိ။

ထမင်းစားခန်းဝမှ အိမ်ရှေ့ကိုပြူးကြည့်နေသည်။ ခဏနေတော့ 'မွေး'တို့ဆီကို မီးဖိုခန်းထဲမှ ဝဝလုံးလုံးနှင့်အသက်လေးဆယ်အရွယ်ခန့် မိန်းမကြီးတစ်ယောက် လျှောက်လာကာလှမ်းမေးသည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

အဖေ ပျာပျာသလဲပြန်လျှောက်လာကာ...

"ဪ 'မအေး'နဲ့တွေ့ချင်လို့ပါကွယ်... 'မအေး'ရှိလား"

"မလား... ရှိပါတယ်... ဒီမှာ ခဏထိုင်ဦးနော်"

ထိုမိန်းမကြီးထွက်သွားပြီးမကြာခင် ထမင်းစားခန်းထဲကို ဖြူဖြူ လှလှ ခန့်ခန့်နှင့် အသက်လေးဆယ်အရွယ်ခန့် မိန်းမဝင်လာသည်။ အဖေ့ကိုတွေ့တော့ အံ့သြသောလေသံနှင့်...





"'ကိုဘိုးသာ' ပါလား"

"ဟုတ်ပါတယ် 'မအေး'... ကျုပ် 'ဘိုးသာ'ပါပဲ... 'မအေး'ကို တွေ့ချင်လွန်းလို့ အရဲစွန့်ပြီးလာခဲ့ရတာပါ"

"ကိစ္စကိုပြောပါဦး"

"ကိစ္စကတော့ ဒီသမီးလေးအတွက်ပါ"

'မွေး' ကိုလှည့်ကြည့်သည်။ 'မွေး' အဖေ့ကိုပြန်မကြည့်ရဲ။ ခေါင်းငုံ့ထားမိသည်။ စောစောကကြောက်သည့်စိတ်အစား အခုတော့အားငယ်စိတ်များက ဘယ်ကဘယ်လိုဝင်လာသည် မသိ။ 'မွေး' တစ်ကိုယ်လုံးတုန်ရင်နေသည်။

အထူးသဖြင့် 'မအေး'ဟု ခေါ်သည့်မိန်းမလှကြီးကို 'မွေး' မကြည့်ရဲ။ 'မွေး' ကြောက်သည်။ ကြောက်စိတ်နှင့် ခေါင်းကိုတွင်တွင်ငုံ့ကာ လွယ်အိတ်လေးကို ကျစ်ကျစ်ပါအောင်ဆုပ်ထားဆဲ 'မအေး'ဆိုသည့် ထိုမိန်းမကြီး၏ ကြင်နာသောလေသံကို 'မွေး' ကြားလိုက်ရသည်။

"သမီးက ဘာဖြစ်လို့လဲ"

"သမီးက ဘာမှမဖြစ်ပါဘူး 'မအေး'... ဖြစ်တာက ကျုပ်ပါ... ကျုပ် သမီးကိုရွာမှာမထားချင်ဘူး... ရွာမှာထားရင် သူ့သူ့အမေလို ငါးပဲခုတ်ရမယ်... ကျုပ် ကျုပ်သမီးကို ငါးမခုတ်စေချင်ဘူး"

"ဒီတော့ 'အေး' ဘာလုပ်ပေးရမလဲ 'ကိုဘိုးသာ'"



www.burmeseclassic.com

www.burmeseclassic.com



"သမီးကိုဒီမှာခေါ်ပြီး ကျောင်းထားပေးပါ... 'မအေး'တို့ ကြိုက်တာလည်းခိုင်းပါ... ကျုပ်သမီးလေး ကျောင်းနေရရင် ကျုပ်ကျေနပ်ပြီ... ကျုပ် သမီးလေးပညာတတ်ကြီးဖြစ်ရင် ကျုပ်ခွဲနေရကျိုးနပ်ပြီ"

အဖေ့အသံက 'မွေး' အပေါ်စေတနာထားလွန်း၍ တုန်ရင်နေသည်။ သမီးတစ်ယောက်တည်းမို့ ခွဲမနေချင်သည့်ဟန်က ပေါ်နေသည်။ 'မွေး' အဖေ့ကိုကြည့်ကာ ငိုချင်လာသည်။ အဖေ ရင်ခွင်ထဲပြေးဝင်ကာ သမီးလည်းအဖေ့ကိုမခွဲနိုင်ဘူးဟု အော်ငိုလိုက်ချင်သည်။ ဒါပေမဲ့ အဖေ့စိတ်မချမ်းသာမှာစိုး၍ 'မွေး' အံကိုကြိတ်ကာခေါင်းငုံ့ထားလိုက်သည်။

"ခု သမီးကဘယ်နှစ်တန်းလဲ"

'မအေး'ဆိုသော မိန်းမလှလှကြီးက လှမ်းမေးသည်။

"ငါးတန်းပါ"

"အို... တော်တော်ရောက်နေမှပဲ"

"ဒါကြောင့်ပါ 'မအေး'... ရွာမှာက မူလတန်းကျောင်းပဲရှိတာ... အလယ်တန်းကျောင်း မရှိဘူး... အလယ်တန်းကျောင်း တက်ချင်ရင် ဖော်တော်သီဆိုင်ရဲ့ ရွာမှာ သွားတက်ရတယ်... ဒီလိုသွားတက်ရာကျတော့လဲ သမီးကိုမလွှတ်ရဲဘူး... ဟိုမှာက ကိုယ့်ဘာသာချက်စားပြီး ကျောင်းတက်ရတာမဟုတ်လား... ဒါကြောင့် ဒီကိုခေါ်လာတာ"





"သူ့အမေ 'မယ်မြ'ကော သဘောတူရဲ့ 'ကိုဘိုးသာ' "

"သူ့အမေကတော့ ဘယ်သဘောတူပါ့မလဲ 'မအေး'ရယ် သူက သမီးတစ်ယောက်တည်းဆိုတော့ သူ့အနားမှာနေစေချင်တာ... သူ့နားနေရင် သမီးဘာဖြစ်မလဲ... ငါးစိမ်းသည်ရဲ့ သမီးဟာ ငါးစိမ်းသည်ပဲဖြစ်မှာပေါ့... ကျုပ်က သမီးကိုဒါမျိုးအဖြစ်မခံနိုင်ဘူး... ဒါကြောင့် ဇွတ်ပြောပြီး ဒီကိုခေါ်လာတာ... သမီးကလည်း ကျုပ်စကားနားထောင်ရှာတယ်"

'ဒေါ်ခင်အေး' သက်ပြင်းချလိုက်သည်။ 'ကိုဘိုးသာ'ကို ငယ်စဉ်ကတည်းက သိသည်။ ရိုးသားကအေးဆေးသော လူတစ်ယောက်ဖြစ်သလို သူတို့အင်းလုပ်ငန်းတွေကိုလည်း 'ကိုဘိုးသာ' ပင်ဦးစီးလုပ်ကိုင်လာခဲ့သည်။

နောက်ပိုင်း 'ဒေါ်ခင်အေး'တို့ အရမ်းချမ်းသာကာမြို့ပေါ်ရောက်လာမှ ပကိုင်(ပန်းခိုင်)ရွာနှင့်အဆက်ပြတ်သလို 'ကိုဘိုးသာ'နှင့်လည်း အဆက်ပြတ်ခဲ့သည်။ ခုတော့ 'ကိုဘိုးသာ' သူ့ရှေ့ကိုပြန်ရောက်လာခဲ့ပြီ။ သူတင်လား မဟုတ်၊ သူ့သမီးလေးပါ ပါလာခဲ့သည်။

'ဒေါ်ခင်အေး' 'မွေး'ကို လှမ်းကြည့်လိုက်သည်။ အသားညိုညို မျက်လုံးပြူးပြူးလေးနှင့် 'ကိုဘိုးသာ' သမီးကချစ်စရာလေးပါ။ ဒါကြောင့်လဲ...

"သမီးနာမည် ဘယ်လိုခေါ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



" 'မွေး'ပါ"

"ဩော် 'မွေး'တဲ့လား... နာမည်က ချစ်စရာလေးပဲ 'ကိုဘိုးသာ' ပေးထားတာလား"

"ဟုတ်ပါတယ် 'မအေး'... ကျုပ် သမီးလေးနာမည်သ တင်းကိုမွေးစေချင်လို့ တမင်ကိုပေးထားတဲ့နာမည်ပါ"

"သမီး ဒေါ်ဒေါ်တို့အိမ်မှာ နေမလား"

'မွေး' ခေါင်းညိတ်လိုက်သည်။ 'ဒေါ်ခင်အေး'က ခေါင် တဆတ်ဆတ်ညိတ်နေသည်။ ခဏနေမှ...

" 'ကိုဘိုးသာ' ဒီမှာ ခဏနေဦးနော်... 'အေး' ကိုကို သွားတိုင်ပင်လိုက်ဦးမယ်... သူ မသိဘဲ 'အေး'ဘာမှမလုပ်ချင်ဘူး လေ... သူ သဘောတူမှ 'အေး' လက်ခံပါရစေ"

"တိုင်ပင်ပါ... တိုင်ပင်ပါ"

'ဒေါ်ခင်အေး' ခင်ပွန်းသည်ရှိရာ အိမ်ရှေ့ဧည့်ခန်းဆီ လျှောက်လာခဲ့သည်။ သူ့သဘောနှင့်သူ 'မွေး'ဆိုသော ကောင်း လေးကိုလက်ခံလိုက်လဲ ကိုကိုကသဘောတူမှာ ဖြစ်ပေမယ့် 'အေး' ကိုကို မသိဘဲဘာမှမလုပ်ချင်။

ကိုကို သဘောတူမှသာ လက်ခံချင်သည်မို့ 'အေး'ကိုကို ကိုအကုန်ဖွင့်ပြောလိုက်သည်။ ပြီးတော့ ကိုကို့သဘောထားကို မေးလိုက်သည်။

"ကိုကို သဘောတူလား"





" 'အေး' သဘောပဲလေ... 'အေး'ကောင်း အဖော်ရသွေး တာပေါ့"

" 'အေး' သဘောဆိုရင် ခေါ်ထားလိုက်မယ် ကိုကို... ဒါပေမဲ့ အလကားမနေရဘူးနော်...အလုပ်တော့ လုပ်ရမယ် ကိုကို ကျေနပ်လား"

"ကိုကို ဘာမကျေနပ်စရာရှိလည်း 'အေး'ရာ"

စာအုပ်ဖတ်ခြင်း၊ အလုပ်လုပ်ခြင်းမှလွဲလျှင် 'ဦးကျော်နိုင်' အိမ်ကိစ္စကို ဘာမှဝင်မရှုပ်။ သူသိသာ သူ့အလုပ်ရယ်၊ သူ့ စာအုပ် ရယ်၊ ဒီနှစ်ခုရှိလျှင် သူ ကျေနပ်ပြီ။ ကျန်တာ 'အေး'အလုပ် 'အေး'လုပ်လျှင် ဘာမဆိုသူကျေနပ်သည်။

ချစ်သောမိန်းမဆိုတော့ သည်မိန်းမ စီမံသမျှ သူနာခံ မှည်၊ ဒါ သူ့ရဲ့ဆုံးဖြတ်၊ ခံယူချက်၊ 'ဦးကျော်နိုင်' စာအုပ်ဖတ်နေ ဆဲ 'ဒေါ်ခင်အေး'ကတော့ ထမင်းစားခန်းထဲကို ပြန်ဝင်လာခဲ့ သည်။

"ဘယ်နှယ်လဲ 'မအေး'... အဆင်ပြေရဲ့လား"

'ကိုဘိုးသာ'စိတ်စောစွာဖြင့် လှမ်းမေးလိုက်သည်။ သူ့ စိတ်ထဲမှာအဆင်မပြေမှာပဲ စိုးရိမ်နေသည်။ သူသည် သမီးလေး ကိုရွာမှာ ပြန်ပြီးမခေါ်သွားချင်။ သူက အသိပညာအတန်အသင့် ပြည့်စုံပေမယ့် သမီးအမေ 'မယ်မြ'ကတော့ သိပ်ရိုးသည်။

သမီးကို ကျောင်းထုတ်ကာ ငါးပဲခုတ်ခိုင်းချင်သည်။ သူ့



www.burmeseclassic.com

www.burmeseclassic.com



သဘောက မိန်းကလေး လေးတန်းလောက် ပညာတတ်လည်းပြီး ရောသဘော။ 'ကိုဘိုးသာ'ကတော့ ဒါမျိုးမဖြစ်ချင်။ 'မွေး'ကို ပညာတတ်ကြီးဖြစ်စေချင်သည်။ ရွာမှာ ဂုဏ်ယူချင်သည်။ ဒါတွေကြောင့်ပဲ သူ့အမေ 'မယ်မြ'နှင့် အတိုက်အခံပြောကာ 'မွေး'ကို ရန်ကုန်ခေါ်လာခြင်းဖြစ်သည်။

အသက်ကြီးမှ ရလာသောသမီးမို့လည်း 'ကိုဘိုးသာ'သမီးကိုတုန်နေအောင်ချစ်သည်။ သူသာဆင်းရဲလျှင် ဆင်းရဲပါစေ သမီးကိုတော့ ပညာတတ်ဖြစ်စေချင်လွန်းသူမို့ 'မအေး'ကို ဒီလောက်အအောက်ကျို့ခံနေခြင်းပါ။

'ကိုဘိုးသာ' သူ့ကို မျှော်လင့်ချက်ကြီးစွာလှမ်းကြည့်နေမှန်းသိ၍ 'ဒေါ်ခင်အေး' ခေါင်းညိတ်လိုက်သည်။

"ဒါပေမဲ့ ဒီမှာနေရင်အလကားတော့ မနေရဘူးနော် 'ကိုဘိုးသာ'... လုပ်စရာရှိရင် ဝိုင်းလုပ်ရမှာပဲ... 'ကိုဘိုးသာ' သမီးလုပ်နိုင်ပါ့မလား"

"အို လုပ်ရမှာပေါ့... သမီး ဒေါ်ဒေါ်ခိုင်းတာလုပ်နော် ကြားလား"

'မွေး' ခေါင်းညိတ်လိုက်သည်။ အဖေ့မျက်နှာရွှန်းမြမြကြည့်ကာ 'မွေး' ရင်ထဲမှာဝမ်းသာနေသည်။ အဖေဝမ်းသာဖို့ဆို 'မွေး' ဘာပဲလုပ်ပေးရလုပ်ပေးရပါ။ ထိုအခိုက် ထမင်းစားခန်းထဲကို 'မွေး' အရွယ်ကောင်မလေးတစ်ယောက်ဝင်လာသည်။





ဇာများများပါသော ဂါဝန်အပြာရောင်လေးကိုဝတ်ထားသည်။ ကောင်မလေး၏မျက်နှာက 'မွေး'ရှေ့မှ 'ဒေါ်ခင်အေး'နှင့်ဆင်ဆင်ပါ။ ခပ်ချောချောလေးပါ။ ဆံပင်လေးများကနက်မှောင်ကာ သန်စွမ်းပြီးနဖူးပေါ်ကိုဝဲကျနေသလို သူမနှုတ်ခမ်းလေးများက ရဲရဲစိုစိုလေး။

'မွေး' ငေးကြည့်နေဆဲ သူမက 'ဒေါ်ခင်အေး' ပေါင်ပေါ်ခင်ထိုင်ကာ သူ့အမေကိုချွဲနွဲ့စွာခေါ်လိုက်သည်။

"မာမီ"

"ဘာလဲ သမီး"

"'ဇင်မာ့' အတွက် ဘာရှိလဲ"

"ပူတင်း ဖုတ်ထားတယ်လေ... ပြီးပြီလား 'ဒေါ်လုံး'ကို သွားမေး"

"'ဒေါ်လုံး'"

'ဇင်မာ'က သွားမမေးဘဲ 'ဒေါ်လုံး'ကိုအော်ခေါ်သည်။ မွေးတို့ရောက်ခါစ ထွက်လာသော ဖြူဖြူဝဝမိန်းမကြီး ပြေးထွက်လာသည်။

"ဘာလဲ 'ဇင်မာ'"

"'ဇင်မာ့'အတွက် ပူတင်းကော ပြီးပြီလား"

"လုပ်ထားတုန်း 'ဇင်မာ'"

"ယူလာခဲ့... ခုစားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးစောင့်ဦးနော်... ကျက်ခါနီးနေပြီ"

"ဟင့်အင်း... ခုဝဲ"

'ဖင်မာ'က ခြေဆောင့်ကာ ငိုမည့်ဟန်လုပ်တော့'ဒေါ်လုံး' ဆိုသည့်မိန်းမကြီးကို ပျာယာခတ်ကာ မီးဖိုခန်းထဲဝင်သွားသည်။ အဖေကပြုံးကာ 'ဖင်မာ့' ကြည့်ရင်း...

"ဒါ 'မအေး' သမီးလား"

"ဟုတ်တယ် 'ကိုဘိုးသာ' 'ဖင်မာနိုင်'တဲ့... ခုနစ်တန်း ရောက်နေပြီ... သူ့အထက် အကိုက 'ဖင်မောင်နိုင်'တဲ့... ကိုးတန်း ရောက်နေပြီ"

"သြော် အတော်ကြီးနေကြမှပဲ"

အဖေပြောနေဆဲ ထမင်းစားခန်းထဲလူရွယ်တစ်ယောက် ပြေးဝင်လာသည်။ စပို့ရှပ်အဝါရင့်ရောင်ကို ဘောင်းဘီတိုအပြာ နှင့်တွဲဝတ်ထားသည်။ လူရွယ်ကချောသည်နှင့်အမျှ ကြည့်ရ လည်းကောင်းသည်။

နှုတ်ခမ်းလေးများကပြုံးကာ မျက်လုံးလေးများက ရွှန်း လက်နေသည်။ 'မွှေး' ငေးကြည့်နေဆဲ လူရွယ်ထံမှ အသံထွက် လာသည်။

"မာမီ ဘာရှိလဲ"

"ပူတင်း လုပ်နေတယ်"

"မကျက်သေးဘူးလား"





"ခဏစောင့်ဦးတဲ့"

"သား ဒါပဲစားတော့မယ်"

'မွှေး' ငေးကြည့်နေဆဲ 'မွှေး' ရှေ့စားပွဲ မှ ပေါင်မုန့်နှစ် ချပ်ကိုယူစားကာ လူရွယ်ပြေးထွက်သွားသည်။ 'မွှေး' မျက်နှာ လေးမှာက လူရွယ်နောက်ကိုကပ်ပါသွားသည်။

"အဲဒါ 'ဖင်မာ့' အကိုပဲ 'ကိုဘိုးသာ'... 'ဖင်မောင်နိုင်'တဲ့"

'ဖင်မောင်နိုင်'...

နာမည်ကလှသည်။ လူကလည်း ချောလိုက်တာ။ 'မွှေး' နှင့်ထဲမှာ တိုးတိတ်ရေရွတ်ရင်း ခြံထဲမှလူရွယ်ကိုလိုက်ကြည့်မိ သည်။ လူရွယ်က အဖြူ အနီ အပြာ အဝါခြယ်ထားသော ဒါန်း ပေါ်မတ်တတ်ရပ်စီးလျက်မှ 'မွှေး'ကို မျက်စိတစ်ဖက်မှိတ်ပြသည်။

"အဟဲ"

'မွှေး' သွားလေးများကို ဖော်ကာဟက်ကနဲရယ်လိုက် သည်။ သူကြည့်နေတာကို သိသွားသည့်အတွက် ရှက်လည်း ရှက်သွားမိသည်။ ဒါပေမဲ့ 'မွှေး' မနေနိုင်။ နောက်ထပ်တစ်ခါ ထပ်ကြည့်လိုက်မိတော့ သူက 'မွှေး'ကို ပေါင်မုန့်ကိုသိုးပြသည်။ စားမလား ပုံစံ။

'မွှေး' ခေါင်းကိုခါကာ 'ဖင်မာ့' လှမ်းကြည့်လိုက်တော့ မျက်မှောင်လေးကုတ်ကာ သူ့ကို စူးစူးလေးကြည့်နေသည့် 'ဖင်မာ့' ကြောင့် နောက်ထပ် မကြည့်ရဲတော့။ ခေါင်းလေးငုံ့ကာ ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေဆဲ အဖေ့အသံပေါ်လာသည်။

"သမီး အဖေပြန်တော့မယ်... ရွာကို ဘာမှာဦးမလဲ"

"သမီး ဘယ်တော့ ပြန်လာရမလဲ"

"ကျောင်းကြီးပိတ်ရင် ဖေဖေလာခေါ်မယ်လေ... ဒီကြာ ထဲ သမီး ဒေါ်ဒေါ်စကား နားထောင်... ကြားလား"

'မွေး' ငိုချင်လာသည်။ အဖေ့လက်ကို လှမ်းဆွဲထား သည်။

"အဖေ"

အဖေ 'မွေး'ကို တစ်ချက်ငုံ့ကြည့်သည်။ နောက်တော 'မွေး' လက်ထဲမှ လက်ကိုဆွဲနုတ်ကာ အိမ်ထဲမှခပ်သွက်သွ ထွက်သွားသည်။ 'မွေး' မနေနိုင်တော့။ အဖေ့နောက်ကိုပြေးလို ကာ အဖေ့လက်ကိုလှမ်းဆွဲလိုက်ပြန်သည်။ 'မွေး' မျက်ဝန်း လည်း မျက်ရည်တွေပြည့်လာသည်။

မခွဲခင်ကတည်းက ဟန်ဆောင်ကာ တင်းနိုင်သေ လည်း တကယ်တမ်းခွဲရတော့မည်ဆိုတော့ 'မွေး' ဟန်မဆော နိုင်တော့။ အဖေ့လက်ကိုတင်းတင်းဆုပ်ကာ ရှိုက်နေမိသည်။

အဖေလည်း 'မွေး'လိုပင်ရင်ထဲမှာ ရှိုက်နေသည်ထင် တောင့်တောင့်ကြီးရပ်နေသည်။ ခဏနေတော့ 'မွေး' လက်မှရုန် ကာ 'မွေး'ကို မာန်သည်။

"'မွေး' ဖယ်စမ်း... ငါ ဘာပြောထားလဲ"





'မွေး' အဖေ့ကိုကြောက်ကြောက်လန့်လန့် မော့ကြည့်မိသည်။ အဖေ့မျက်နှာက ဒေါသကြောင့် ခက်ထန်နေသည်။ 'မွေး' ဆိုစိုက်ကြည့်သည့် မျက်ဝန်းများကလည်း ရှူးရှတောက်ပနေသည်။

'မွေး' အဖေ့ကိုကြည့်ရင်း ကြောက်လာသည်။ ငိုရှိုက်ချက်မှ အဖေ့လက်ကိုဖြတ်ကနဲ လွှတ်လိုက်သည်။သည်အချိန်မှာတော့ အဖေ 'မွေး' ရှေ့မှခပ်သုတ်သုတ်ထွက်သွားပြီ။

"အဖေ"

'မွေး' နေရာတွင်ပင် တောင့်တောင့်လေးရပ်ကာ တိုးတိတ်စွာခေါ်လိုက်သည်။ နားထဲမှာတော့ အဖေ သူ့ကိုခဏခဏပြောသည့် စကားကိုပြန်လည်ကြားယောင်လာသည်။သမီး အဖေ့ကိုချစ်ရင် ဒီမှာနေပါ။ သမီး အဖေ့ကိုချစ်ရင် ဒီမှာနေပါ။

'မွေး' မျက်ရည်များသုတ်လျက် ရင်ထဲမှ အဖေ့ကိုကတိဆဲလိုက်မိသည်။ သမီး အဖေ့ကိုချစ်တယ်၊ ဒီမှာပဲ နေပါ့မယ် အဖေ။



www.burmeseclassic.com

www.burmeseclassic.com



# ၃

'မွေး' အိမ်ရှေ့ကို ပြန်လျှောက်လာတော့ 'ဇင်မောင်နိုင်' ဒါန်းပေါ်မှာထိုင်ကာ 'မွေး'ကို ငေးကြည့်နေသည်။ မျက်ရည်များ စို့ရွဲနေသော မျက်ဝန်းကြီးများနှင့် ကောင်မလေးကို သနားနေမိသည်။

'ဇင်မောင်နိုင်' မနေနိုင်တော့ သူ့အမေဆီပြေးလာကာ 'မွေး' အကြောင်းကိုမေးလိုက်သည်။

"အဲဒီကောင်မလေးက ဒီမှာဘာလာလုပ်တာလဲ မာမီ"

"ကျောင်းလာနေတာ"

"သူက ဘယ်နှစ်တန်းလဲ"

"ငါးတန်းတက်ရမယ်ပြောတာပဲ သားရဲ့"





'ဇင်မောင်နိုင်'က ခေါင်းညိတ်ကာ ငြိမ်နေပေမယ့်'ဇင်မာ'ကတော့ မျက်နှာလေးရှုံ့မဲ့ကာ...

"ဒါဖြင့် သူက ဒီအိမ်မှာနေမှာပေါ့ မာမီ... ဟုတ်လား"

"ဒါပေါ့ သမီးရဲ့... ဘာဖြစ်လို့လဲ"

"ဟင် သူက အသားကမည်းမည်းနဲ့... 'ဇင်မာ'တော့ မကြိုက်ပါဘူး... ပုံကြီးကလည်း တောပုံကြီး"

အထဲမှပြောသောစကားကြောင့် အထဲဝင်တော့မည့် 'မွေး'ခြေလှမ်းလေး တန့်သွားကာ သူ့ကိုယ်သူ ငုံ့ကြည့်လိုက်သည်။ တောပုံကြီးတဲ့၊ 'မွေး'ပုံက တောပုံတကယ်ပဲပေါက်နေသလား။

အမေဝတ်ပေးလိုက်သည့် ဘလောက်မဲ့အကျီလိမ္မော်ရောင်က ထွားသော 'မွေး' ကိုယ်လေးမှာကျပ်ကာ စပ်လုံချည်ကလည်း ရှေ့ရှည်ကာ နောက်တိုနေသည်။ သည်ကြားထဲခရီးသွားမည်ဆိုတော့ အမေကဆံပင်ကိုအုန်းဆီရွှဲအောင် ထည့်ကာသနပ်ခါးကို ထူထူလူးပေးလိုက်သည်။

'မွေး'ကို'မွေး' တောပုံပေါက်လား၊ မပေါက်လား 'မွေး' မသိပေမယ့် 'မွေး'သိတာ၊အသားမည်းတာတော့ 'မွေး'သိသည်။ အသားမည်းလို့ 'ဘင်ဦး'က ငယ်စဉ်ကတည်းက 'မွေး'ကို ကျွဲမည်းခေါ်သည်။

ခု အရွယ်လေးတွေရောက်လာတော့လည်း ဘာတွေလို့လဲ



www.burmeseclassic.com

www.burmeseclassic.com



'မွေး'ကို နာမည်ခေါ်မယ့်အစား ကျွဲမဟုခေါ်၍ ရန်ဖြစ်ရသည်က
အကြိမ်ကြိမ်။ ဒီအသားမည်းတာကြောင့် 'မွေး'ငိုရသည်ကအခါ
ခါ။ တစ်ခါတစ်ခါ မွေးလာသောအမေ့ကိုပင် ဒေါသဖြစ်မိသည်

အသားဖြူသော အဖေနှင့် မတူဘဲ အသားမည်းသော
အမေနှင့်မှတူရကောင်းလား။ 'မွေး' ကိုယ့်ကိုယ်ကို ကျိတ်မနိုင်
မရဖြစ်မိသည်။ အဖေကတော့ 'မွေး'ငိုတိုင်း 'မွေး'ကို အမြဲနှစ်သိ
သည်။

"အသားမည်းတာများ ဘာလို့ငိုရမှာလဲ သမီးရဲ့... ဒ
ဆိုတောင် ရှိသေးတယ်... အသားဖြူ အလကားလှ...အသားမည်
ပတ္တမြားခဲတဲ့... သမီးအမေမေးကြည့်ပါလား... အဖေအတွင်
တော့ ပတ္တမြားခဲပဲ... ပတ္တမြားခဲမှ ရိုးရိုးပတ္တမြားခဲမဟုတ်ဘူး
ပတ္တမြားငမောက်"

"ဟင်းနော် ကိုရင်"

အသားမည်းသည့်အပြင် နှုတ်ခမ်းပါမောက်သည့်အမေ
အဖေ့ကိုမျက်စောင်းခဲသည်။

"ဒါကြောင့် ကြည့်ပါလား... ညဆို မီးတောင်မထွန်း
ဘူး... ဖယောင်းတိုင်ပဲ ထွန်းရတယ်"

"ကိုရင်နော်"

အမေ့လက်က ထရံကြားတွင်ထိုးထားသော ယောက်
ကိုင်လာပြီဆိုလျှင် အဖေ တဟဲဟဲရယ်က အိမ်ပေါ်မှဆင်းသွား





တတ်မြဲ။ သည်လို အဖေ အမေ့ကိုစနေချိန်များဆိုလျှင် 'မွေး'သိပ်ပျော်သည်။ ဆင်းရဲတာချမ်းသာတာ ပဓာနမဟုတ်ပေမယ့် မိစုံဖစုံနှင့် နေရခြင်းအရသာသည် အလွန်ပျော်စရာကောင်းသည်။

ခုတော့ 'မွေး' ပျော်စရာတွေနဲ့ဝေးရလေပြီ။ 'မွေး' မသွားခင်က 'တင်ဦး'က ပြောသား။

"'မွေး'ရယ် ဒီမှာနေပြီး ကျောင်းတက်လည်း ရသားနဲ့... မြို့ကိုဘာသွားလုပ်မှာလဲ"

'မွေး' ခေါင်းလေးယမ်းကာ...

"ငါလဲ မသွားချင်ပါဘူးဟာ... အဖေက အတင်းလွှတ်နေတာ... ဒီမှာနေရင် အမေက ငါ့ကိုကျောင်းထားပေးမှာမဟုတ်ဘူးဆိုတာ အဖေသိတယ်လေ... တို့ရွာအကြောင်း နင်သိသားပဲ"

'မွေး'တို့ ပကိုင်(ပန်းခိုင်)ရွာက ခုလိုကျောင်းတက်ချိန်ဆိုရေတွေပြည့်လျှံနေတတ်သည်။ ကျောင်းသွားရာတွင် လှေဖြင့်စုံသွားရသည်မို့ အိမ်တိုင်းလှေရှိရသည်။ လှေမရှိလို့ကတော့ ဘယ်အိမ်မှအလုပ်မဖြစ်တော့။ 'တင်ဦး'ကတော့ သူ့ရွာသူ အောက်ပိုင်းအင်းလေးဟုပင် တင်စားတတ်သည်။

အင်းလေးလိုပင် လှေ၊ ပဲ့ချိတ်တို့ဖြင့်သွားရသည့်ရွာမဟုတ်လား။ မြေကြီးဆို၍ ရွာဦးက ဘုန်းကြီးကျောင်းတစ်ကျောင်းသာ နင်းစရာရှိသည်။ ကျန်သော ရွာအားလုံးကတော့ ရေအပြည့်။ 'မွေး'တို့ကတော့ မွေးကတည်းက ဒီရွာမှာကြီးပြင်းလာသူမို့

www.burmeseclassic.com



နွေအခါထက် မိုးအခါကိုပိုပျော်သည်။

နွေအခါဆို 'မွေး'တို့ရွာက ရေမရှိဘဲခြောက်သွေ့ကာ ခြေ တံရှည်အိမ်ကြီးတွေနှင့် ကြည့်ရတာအရုပ်ဆိုးသလောက် မိုးအခါ ဆိုအိမ်တွေကြားမှာ လှေလေးတွေနှင့်လှော်ခတ်သွားရအောာ ပျော်စ ရာကောင်းလှသည်။

သည်လိုမိုးအခါမှာ ကလေးတွေပျော်သလို လူကြီးတွေ ကလည်းပျော်သည်။ သည်တစ်ရွာလုံး၏အဓိက အလုပ်က သည် မိုးရာသီမှုဖြစ်သည် မှဟုတ်ပါလား။ အင်းလုပ်ငန်း၊ ငါးဖမ်းလုပ် ငန်းသည် ရွာ၏အဓိကအလုပ်။

သည်လုပ်ငန်းမှ ရသည့်ငွေဖြင့် တစ်နှစ်လုံးထိုင်စားရ သည်။ နွေအခါမှာ ကိုင်းလေး၊ ပဲလေးစိုက်ရုံမှလွဲ၍ ရွာမှာဘာ အလုပ်မှမဖြစ်။ သည်တော့ ရွာသားတိုင်း မိုးရာသီကိုရောက်ချင် ကြသည်။ မိုးရွာလျှင် ပျော်ကြသည်။

အပျော်တကာ့ အပျော်ဆုံးကတော့ 'မွေး'နှင့်'တင်ဦး'။ မိုး ရွာပြီဆိုလျှင် သူတို့ရင်ထဲမှာ ဘယ်လိုနေရမှန်းမသိ။ လယ်ခြင်း လည်းနီး၊ လူခြင်းကလည်း တွေ့နေရတော့ ဆော့ဖို့ပဲအမြဲတွေးနေ ကြသည်။

တစ်ခါတစ်ခါ ဟိုဘက်အိမ်နှင့်သည်ဘက်အိမ် ခဲမှာစာ ချိကာ ပစ်ရသည်ကအလုပ်တစ်ခု။ အမေကတော့ 'မွေး'နှင့် 'တင် ဦး'ကိုကြည့်ကာ အမြဲနှာခေါင်းရှုံ့သည်။





"ဒီကလေးနှစ်ယောက်လောက် ဆော့တာ ဒီလေးနှစ် ယောက်ပဲရှိတယ်"

အမေ ဘယ်လောက်ပြောပြော 'မွေး'တို့ကတော့ အ ဆော့မပျက်။ ရေကူးမပျက်။ လှေလှော်မပျက်။ မိုးတွင်း 'မွေး'တို့ ကျောင်းတက်ချိန်ဆို ရွာတွင်းကကျောင်းရှေ့၌ လှေတွေပြည့်ကျပ် နေသည်။

ကျွမ်းကျင်ရာလိမ္မာဆိုသလို 'မွေး'တို့တစ်ရွာလုံး ကလေး အစ လှေလှော်တတ်ကြသည်။ ရေကူးတတ်ကြသည်။ နေရတာ ကလည်း ရေထဲမှာဆိုတော့ သည်ရေနှင့်ပတ်သက်သည့် အတတ် ပညာကို မတတ်လို့မဖြစ်။ ညနေဆို 'မွေး'တို့အိမ်ရှေ့ဝရံတာမှာ ထိုင်ကာ ပုံ့ချိတ်မျှော်ကြသည်။

'မွေး'တို့ ပကိုင်(ပန်းခိုင်)ရွာမှ ရန်ကုန် မန္တလေးကား လမ်းဘေးရှိ ပေါက်တပင်ဆိပ်ရောက်အောင် မနက်လေးနာရီ ကျော်ခန့်ရွာမှထွက်ရသည်။ သွားစရာရှိလျှင် ပုံ့ချိတ်သမားကို ညဦးကတည်းက ကြိုမှာထားရသည်။

သည်လိုမှာထားလျှင် မနက်လေးနာရီကျော်သည်နှင့် ပုံ့ ချိတ်သမားကအိမ်အရောက် လိုက်ခေါ်သည်။ ပကိုင်(ပန်းခိုင်) ရွာမှ ပေါက်တပင်ဆိပ်ရောက်အောင် တစ်နာရီခွဲ နှစ်နာရီနီးပါးစီး ရသည်။

ယင်း ပေါက်တပင်ဆိပ်မှ ဒိုက်ဦးသွားလျှင် ဒိုက်ဦးကား



www.burmeseclassic.com

www.burmeseclassic.com



စီး။ ရန်ကုန်သွားလိုလျှင် ရန်ကုန်ကား စောင့်စီးရသည်။ 'တင်ဦး' တို့အမေကတော့ အိမ်မှာကုန်စုံဆိုင်လေးဖွင့်ထား၍ ဒိုက်ဦးကို မကြာခဏသွားရသည်။

ဒိုက်ဦးမှာ ဈေးဝယ်စရာရှိတာဝယ်ပြီး ညနေသုံးနာရီခွဲ ပေါက်တပင်ဆိပ်ကို အရောက်လာရသည်။ ယင်းမှတစ်ဆင့် ပဲ့ချိတ်နှင့်ရွာကိုပြန်လာခဲ့ရသည်။ ရွာကိုပြန်လာလျှင် ငါးနာရီကျော် ခြောက်နာရီထိုးခါနီးပြီ။

ပဲ့ချိတ်က အိမ်ကိုကပ်ပေးတော့ အစစအဆင်ပြေသည်။ ကားလမ်းနှင့်ကပ်လျက် ရွာမဟုတ်ဘဲ ပဲ့ချိတ်နှင့်သွားရသော ရွာပေမယ့် 'တင်ဦး'နှင့် 'မွေး' ကိုယ့်ရွာကို တစ်ခါမှစိတ်မပျက်ခဲ့ ခုလို မိုးတွင်းဆိုပိုတောင်ပျော်သေးသည်။

'တင်ဦး' သူ့အမေနှင့်ဈေးဝယ်လိုက်လျှင် 'မွေး'ပါ အချောင်လိုက်သေးသည်။ အမေက မထည့်ချင်ပေမယ့် သမီးကိုချစ်သောအဖေက 'မွေး'ကို အလိုလိုက်ကာထည့်သည်။ အဖေနှင့်အမေသည် အဖေက 'မွေး'ကို အစစအရာရာအဆင့်အတန်းမြင့်စေချင်သလောက် အမေကတော့ ရိုးလွန်းသည်။

သမီးမိန်းကလေး တစ်နေ့လင်ယူမှာပဲ။ ကျောင်းမနေလဲ ဘာဖြစ်လဲပုံစံနှင့် 'မွေး'ကိုပင် ကျောင်းဆက်ထားချင်သူမဟုတ်။ အမေကိုယ်တိုင်လည်း ရေးတတ်ဖတ်တတ်ရုံအပြင် ဘာမှ ဗဟုသုတ မရှိ။ အမေသိတာ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်





ဆုံးလ၌ ငါးပေါသည်။ စီးပွားဖြစ်သည်။

အဖေ့ကို ငါးရှာခိုင်းကာ သူကငါးခုတ်မည်။ သည်သုံးလ စာကို နွေမှာထိုင်စားမည်။ သမီးကိုလည်း သူ့လိုပဲလုပ်စေမည်။ ငါးဖမ်းစားသူ၏ သားသမီး ငါးပဲဖမ်းစားပေါ့။ ဒီပြင် ဘာလုပ်စရာလို့လဲ သဘော။

အဖေကတော့ ဒါမျိုးမဟုတ်။ အသက်ကြီးမှ ရလာသော သမီးလေးမို့ ချစ်လည်းချစ်သည်။ အလိုလည်းလိုက်သည်။ တန်ဖိုးလည်းထားသည်။ တတ်နိုင်လျှင် သမီးကို ဒီမှာမထားချင်။ သူ့အမေလို ငါးခုတ်သမားမဖြစ်စေချင်။ ဒါကြောင့် သမီးကို စာကြိုးစားဖို့အမြဲပြောသည်။ ရန်ကုန်ကိုပို့ဖို့ အမြဲတွေးသည်။

ခုတော့ 'မွေး' အဖေ့အစီအစဉ်အတိုင်း ရန်ကုန်ကိုရောက်လာခဲ့ရပြီ။ 'မွေး' အသိုင်းအဝိုင်းမဟုတ်သော ပတ်ဝန်းကျင်အသစ်မှာ 'မွေး' ကျင်လည်ရတော့မည်။ 'မွေး'သူ့ကို မျက်လုံးလေးစွေကာ မကျေမနပ်စိုက်ကြည့်နေသော 'ဇင်မာ့' မျက်ဝန်းများကို ကြည့်ကာ ငိုချင်လာသည်။

လွယ်အိတ်လေးကို တင်းတင်းဆုပ်ကာ အပေါက်ဝမှာ ခေါင်းငုံ့ရပ်နေဆဲ၊ 'ဇင်မာ့' အမေ 'ဒေါ်ခင်အေး'က လှမ်းခေါ်သည်။

"သမီး လာလေ"

'မွေး' ရှေ့တိုးကာ 'ဒေါ်ခင်အေး' ဘေးနားရှင်နေခိုက်...



www.burmeseclassic.com

www.burmeseclassic.com



"မာမီကလည်း ကိုယ့်သမီးလည်း မဟုတ်ဘဲ... ဘာလို့ ခေါ်ရတာလဲ"

"ဩော် သမီးအရွယ်ပဲ သမီးရယ်... ဘာဖြစ်လဲ"

"ဟင့်အင်း... 'ဇင်မာ'ကမှ မာမီ့သမီး... သူက ဆားဗင့်"

"'ဇင်မာ'ကလည်းကွာ... ဘာတွေလျှောက်ပြောနေတာလဲ"

"အို... ကိုကိုကလည်း ဟုတ်တာပြောတာပဲဟာ"

သူတို့ ဘာတွေပြောနေမှန်း 'မွှေး' မသိပေမယ့် 'ဇင်မာ' ဆိုသည့်ကောင်မလေး သူ့ကိုတစ်ခုခုပြောလိုက်တာတော့ 'မွှေး' သိနေသည်။ ပြီးတော့ 'ဇင်မောင်နိုင်' ဆိုသူကလည်း သူ့ဘက်က ကာကွယ်ပြီးပြောနေမှန်း 'မွှေး' သိ၍ အားငယ်ခြင်းတစ်ဘက် ဝမ်းသာခြင်းတစ်ဘက်နှင့် ခေါင်းငုံ့ကာခံစားနေရဆဲ 'ဒေါ်ခင်အေး' ဆိုသည့် မိန်းမကြီးက 'မွှေး'ကို လှမ်းမေးသည်။

"ဒါ ကလေးအဝတ်အစား အကုန်ပဲလား"

'မွှေး' သူ့လွယ်အိတ်အဟောင်းလေးကို ငုံ့ကြည့်လိုက်သည်။ ရှိသည့်အဝတ်အစားအဟောင်းလေးတွေ သည်လွယ်အိတ်ထဲမှာ ပါသမျှအကုန်မို့ ခေါင်းညိတ်လိုက်သည်။

"ခစ်... ခစ်..."

'ဇင်မာ'က 'မွှေး'ကို ရယ်စရာလို သဘောထားပုံနှင့်ရယ်နေ၍ 'ဇင်မောင်နိုင်' ဆိုသည့် သူ့အကိုက လှမ်းမာန်သည်။





"'ဇင်မာ'... ကောင်းကောင်းနေစမ်း"

သူ့အကိုကပြောတော့ သူ့နှုတ်ခမ်းလေးစူကာ 'မွှေး'ကို မျက်စောင်းလေးလှမ်းထိုးသည်။ အလကားနေရင်း 'ဇင်မာ'ဆိုသည့်ကောင်မလေး၏ အမုန်းကိုခံနေရသည့် 'မွှေး'မှာမျက်လုံးပြူးကြီးများနှင့် ဘာလုပ်ရမှန်းမသိ ငေးကြောင်ရပ်နေဆဲ။

"'အလုံး'"

"လာပြီ မမ"

'ဒေါ်ခင်အေး'၏ လှမ်းခေါ်သံနှင့်အတူ 'မွှေး'တို့ရောက်ခါစကထွက်လာသည့် ဖြူဖြူဝဝ လုံးလုံးမိန်းမကြီး 'မွှေး'နား ရောက်လာသည်။

"သူ့ကို အလုံးအခန်းထဲမှာနေရာပေးလိုက်... ကြားလား"

"ဟုတ်ကဲ့ မမ"

"ပြီးရင် 'အေး'ဆီ ပြန်လွှတ်လိုက်ပါ... ကဲ ကလေးလိုက်သွား"

လွယ်အိတ်လေးလွယ်ကာ ခေါင်းငုံ့လျက် ပါသွားသော 'မွှေး'ကိုလှမ်းကြည့်ကာ 'ဒေါ်ခင်အေး' သက်ပြင်းချလိုက်သည်။ ဘာပဲပြောပြော သူ့အဖေ 'ကိုဘိုးသာ'က သူတို့ကျေးရူးရှင် သူလုပ်ကိုင်ပေးခဲ့၍ သည်နေ့ 'ဇင်မာ'တို့ သားကြီး 'ဇင်မောင်နိုင်'တို့ သည်လိုနေနိုင်ခဲ့ခြင်းပင်။

သူတို့အဖေ ကိုကို့လစာနှင့် မိသားစုလုံလောက်ပါသော်



www.burmeseclassic.com

www.burmeseclassic.com



လည်း ခု လိုအခန့်သား နေနိုင်ပါမည်လား။ သည်လို အကောင်းစား,စားနိုင်မည်လား။ ခုတော့ သူတို့မှာ နတ်မောက်လမ်းတွင် ခြံကြီးနှင့်တိုက်ကြီးကကို ကာလပေါက်ဈေး သိန်းနှစ်ဆယ်ဝန်းကျင်ခန့်ရှိနေသည်။

ပြီးတော့ တိုယိုတာ ကိုရိုလာကား၊ ဘဏ်ရှိငွေများ၊ လက်ဝတ်လက်စားများ။ ဒါတွေဖြစ်လာအောင် 'ကိုဘိုးသာ'က ကျုံးရုန်းလုပ်ပေးခဲ့သည်။ 'အေး'၏ အဖေနှင့်အမေ ဉာဏ်စွမ်းလည်း ပါသည်။ လုံးလဝီရိယလည်း ပါသည်။

'ကိုဘိုးသာ' ကြောင့် မဟုတ်ဘဲ အဖေအမေကြောင့်ဟု ပြောလျှင်လည်း ရသည်။ ဒါပေမဲ့ 'အေး'ကတော့ နဂိုကတည်းက အေးဆေးသောသူ၊ ရိုးသားသောသူ၊ စိတ်ကောင်းရှိသောသူ၊ သူတပါး အကူအညီတောင်းလျှင် ကြံဖန်ပေးတတ်သူ။ သည်လိုစိတ်ကောင်းရှိ၍လည်း သူ့လိုပင် စိတ်ကောင်းရှိသော ကိုကိုနှင့်ဖူးစာဆုံခဲ့သည်။

သား 'ဇင်မောင်နိုင်'နှင့် သမီး 'ဇင်မာနိုင်'ကို မွေးဖွားခဲ့သည်။ ငယ်စဉ်ကတည်းက သားကြီး 'ဇင်မောင်နိုင်'က အဖေအမေနှင့်တူက အေးချမ်းသလောက် 'ဇင်မာ'ကျတော့ ဘယ်သူနှင့်တူမှန်းမသိအောင် ပူလောင်လှသည်။

မိဘဆိုတော့လည်း ပူသော သမီးလည်းချစ်၊ အေးသောသားလည်းချစ်နှင့် မေတ္တာကိုမျှဝေခဲ့ရသည်ပင်။ 'အေး' တွေးနေဆဲ





အခန်းတွင်းသို့ 'မွေး' ပြန်ဝင်လာသည်။ သူများ အိမ်ရာဆိုတော့ သည်း သူမ ပုံစံလေးက မရွံ့မရဲဖြစ်နေသည်။ စိတ်အားငယ်နေသည်။

သေသေချာချာပြန်တွေးကြည့်လိုက်လျှင် သူမအသက်အ သ သမီး 'ဇင်မာ'ထက်ပင် ငယ်သေးသည်မဟုတ်လား။

"လာ ထိုင်... ကလေး"

တံနာစိတ်နှင့် 'အေး' သူ့အနားက ကုလားထိုင်မှာ ထိုင်ခိုင်းခိုက်...

"အို... မာမီကလည်း ဘာလို့ထိုင်ခိုင်းရတာလဲ... ဒါ 'ဇင်မာ' ကုလားထိုင်... သူများ ထိုင်တာမကြိုက်ပါဘူး"

မိသားစုလေးယောက်တည်းသာရှိသည်မို့ ထမင်းစားပွဲရှိလာထိုင်က လေးလုံးတည်း၊ ကျန်သုံးလုံးက သူတို့တွေထိုင်နေတော့ သည်တစ်လုံးတည်းသာ လွတ်နေခြင်းမို့ 'အေး' ထိုင်ခိုင်းပါ။ ခုလို သမီးကအော်တော့ 'အေး' နည်းနည်းစိတ်တိုသွားသည်။ 'ဇင်မာ'ကို အော်လိုက်သည်။

"သမီးကလဲ... မေမေ ထိုင်ခိုင်းတဲ့ဟာကို"

"အို... မာမီ ထိုင်ခိုင်းလည်း ဒါ 'ဇင်မာ' ကုလားထိုင်ပဲဟာ 'ဇင်မာ'နဲ့တူလို့လား"

ပြောရင်းဆိုရင်း 'ဇင်မာ' အခန်းထဲက ဆောင့်ဆောင့်ထွက်သွား၍ 'အေး' သက်ပြင်းချလိုက်မိသည်။ 'မွေး' မှာသာ မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်လေးဝဲလျက် ဘာလုပ်ရမှန်းမသိ။ သူ့ရင်ထဲမှာတော့ ကြော
တာကော ရှက်တာရော ရောပြွန်းကာတုန်ယင်နေသည်။

တစ်သက်လုံး တစ်ခါမှမမြင်ဘူးသော လူတွေရှေ့
ဘယ်လိုနေရမလဲတွေးကာ အနေခက်နေဆဲ ခုလို သူ့ကြေ
ပြဿနာဖြစ်ရပြန်တော့ 'မွှေး'သည် နေရာမှာပင် အတောင်
ကာပြန်ပြေးချင်လာသည်။

"အဖေရေ သမီးကို လာခေါ်လှည့်ပါတော့"ဟု အော
ချင်လာသည်။ မျက်ဝန်းမှာ မျက်ရည်များလည်းစီးကျလာသ
သည်လိုဆိုတော့လည်း 'ဇင်မောင်နိုင်' ကြည့်မနေနိုင်။

"မာမီကလဲ... 'ဇင်မှာ'ကို ကြည့်ပြောပါဦး"

"အေးပါ မာမီပြောပါ့မယ်... ကဲ ကလေး တိတ်တိ
ထမင်းစားပြီးပြီလား"

မနက်အစောကြီးထွက်လာခဲ့ရသည်မို့ 'မွှေး' ခုချိန်
ထမင်းမစားရသေး။ ဒါပေမဲ့ ဆာလောင်ခြင်းထက် ရင်
ကြောက်ရွံ့ခြင်း စိတ်အားငယ်ခြင်းတို့က ဖုံးလွှမ်းနေ၍ ဆာ
ပင်မသိတော့။

" 'ဒေါ်လုံး' "

'မွှေး' တရှိုက်ရှိုက်နှင့်ငိုနေဆဲ၊ 'ဇင်မောင်နိုင်' ဆို
သူက မီးဖိုထဲလှမ်းအော်သည်။

"သူ့ကိုခေါ်သွားပြီး ထမင်းကျွေးလိုက်... 'ဒေါ်လုံး'





"လာ ကလေး"

'မွှေး' မီးဖိုထဲရောက်သည်အထိ အရှိုက်မပြေသေး၍
ဒေါ်လုံး'က 'မွှေး'ကိုချော့သည်။

"တိတ် ကလေး... ဒီအိမ်မှာ 'ဇင်မာ'က ဆိုးပေမယ့်ကျန်
လူတွေကကောင်းကြပါတယ်ကွယ်"

ရှိုက်လျက်မှ ထမင်းကိုစားနေရသော်လည်း ဘာဟင်း
ထမင်းမှန်း 'မွှေး'ပင်မသိ။ မျက်ဝန်းထဲမှာတော့ 'ဇင်မှာ' မျက်
ကိုသာ မြင်ယောင်ကြောက်လန့်နေသည်။ သည်အိမ်မှထွက်
ချင်နေသည်။

'ဒေါ်လုံး'ကတော့ 'မွှေး'ရင်ထဲကအဖြစ်ကို ရိပ်မိသည်
၊ 'မွှေး'ကို အားပေးရှာသည်၊ နှစ်သိမ့်ရှာသည်။

"စားနော် ကလေး... ဘာမှ စိတ်မညစ်နဲ့... 'ဒေါ်လုံး'တို့
ငယ်ငယ်ကလည်း ကလေးလိုပဲ သူများအိမ်
တစ်ခါစမှာ သိပ်စိတ်အားငယ်တာပဲ... နောက်တော့လည်း
အားကျသွားတာပေါ့ကွယ်... မနက်ကပါလာတာ ကလေးအ
သား"

'မွှေး' ခေါင်းညိတ်လိုက်သည်။ 'ဒေါ်လုံး' မျက်ဝန်းထဲမှာ
သမီးကိုမခွဲနိုင်မခွာရက်နှင့် ခြံဝကိုထွက်သွားသော ခေါင်း
ကြီးနှင့် လူကြီးကိုမြင်ယောင်နေသည်။ သနားလည်း သနား
သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူကြီး၏ မေတ္တာနှင့်စေတနာကို နားလည်၍သ[...]
မိသလို သူ့ရှေ့မှာမျက်ရည်လည်ရွဲနှင့် ကလေးမလေးကိုလ[...]
စာနာမိသည်။ ဒါကြောင့်လဲ...

"ကလေးကို အဖေ ကဒီအိမ်မှာလာထားတာ ဘာလု[...]လဲ"

"ကျောင်းနေဖို့ပါ"

"ကလေး... ကလေးအဖေကိုချစ်လား"

မေးကာမှ မျက်ဝန်းထဲမှမျက်ရည်များစိမ့်ကျလာပြန်[...]

"မငိုနဲ့လေ... 'ဒေါ်လုံး' မေးတာဖြေ"

"ချစ်... ချစ်ပါတယ်"

"အေး ချစ်ရင် ဒီမှာပဲနေနော် ကလေး... ကလေးအဖေ[...] ကလေးကို ပညာတတ်ကြီးဖြစ်စေချင်တာ... ကလေးပြန်သွ[...] ကလေးအဖေစိတ်ညစ်မှာပေါ့... 'ဒေါ်လုံး' ပြောတာနား[...]လား"

'မွေး' ခေါင်းညိတ်လိုက်သည်။ သူ့စိတ်ထဲမှာလဲ သ[...] သွားလျှင် အဖေစိတ်ညစ်မှာကြိုသိနေသည်။ အဖေက [...] ပညာတတ်ကြီး သိပ်ဖြစ်စေချင်သည် မဟုတ်လား။ သည်[...] 'မွေး' 'ဒေါ်လုံး' စကားနားထောင်ရန် ကြိုးစားလိုက်သည်။

အဖေဖြစ်စေချင်သလို ပညာတတ်ကြီးဖြစ်ရန် ဆုံး[...] လိုက်သည်။ ဒါပေမဲ့ 'ဇင်မာ' မျက်နှာကိုမြင်ယောင်မိသည့်အ[...]



[...]တော့ 'မွေး' ငိုချင်လာပြန်သည်။ ဒါကြောင့်လည်း 'ဒေါ်လုံး' [...]ကို ဆွဲကာ...

"'မွေး' ကြောက်တယ် 'ဒေါ်လုံး'"

"ဘယ်သူ့ကိုလဲ... 'ဇင်မာ'ကိုလား"

'မွေး' ခေါင်းညိတ်တော့ 'ဒေါ်လုံး'က သက်ပြင်းချကာ...

"ကြောက်ရင် သူ မရှိတဲ့နေရာ နေပေါ့ကွယ်... 'ဒေါ်လုံး' [...]လည်း ရှိတာပဲ... ပြီးတော့ မမတို့ကလည်း 'ဇင်မာ'ကို ဆုံးမ[...]ါ"

သည်လိုဆိုတော့လည်း 'မွေး' ရင်ထဲမှာပေါ့ပါးသွားပြန်[...]ည်။ ပေါ့ပါးစိတ်နှင့်ထမင်းစားခန်းအတွင်း 'ဇင်မောင်နိုင်' မျက်[...]များနှင့်ဆုံနေ၍ 'မွေး' ငေးကြောင်ကြည့်နေဆဲ နွေးထွေးစွာပြုံး[...]သော သူ့အပြုံးကြောင့် 'မွေး'ရင်ထဲမှာ ပျော်ရွှင်သွားသည်။ [...]ာက်သွားသည်။

မဝံ့မရဲလေးဖြင့် 'မွေး' ပြန်ပြုံးပြလိုက်မိသည်။ ပြီးတော့ [...]င်းတွင်တွင်ငုံ့ထားလိုက်သည်။ ဒါပေမဲ့ 'မွေး' ရင်ထဲမှာတော့ [...]အောင်နိုင်'ဆိုသည့် သူ့အပြုံးများက နေရာမလပ်အောင် ပွင့်[...]ကြသည်။

သည်အချိန်မှစကာ 'မွေး'ရင်ထဲမှာ 'ကိုနိုင်'ဆိုသည့် စာ[...]စ်လေးနှစ်လုံးနေရာစယူသည်ကို 'မွေး' ကိုယ်တိုင်ကော [...]သိပါရဲ့လား။ 'မွေး' ရင်ထဲမှာတော့...။



www.burmeseclassic.com

www.burmeseclassic.com



## ၄

"နာမည် ဘယ်လိုခေါ်လဲ"

'ဒေါ်လုံး'၏သွန်သင်ပြမှုအတိုင်း 'မွေး' မနက်ဆိုအစ
ကြီးထသည်။ ကြမ်းတိုက်သည်၊ ဖုန်းသုတ်သည်၊ တံမြက်စ
လှဲသည်။ သည်အိမ်မှာနေရမည့်အတူ အိမ်ရှင်ကြည်ဖြူအေ
'မွေး' လုပ်နေမိသည်။

ခုလည်း ဒေါ်ဒေါ်ကနင်းဆီပန်းတွေကိုက်ခိုင်း၍
ကြေးတစ်လက်နှင့်ညှပ်နေဆဲ 'ဇင်မောင်နိုင်' ရောက်လာက
နေခြင်းဖြစ်သည်။ 'မွေး' 'ဇင်မောင်နိုင့်'ကို လှမ်းကြည့်လိုက်သ
နံနက်ခင်း၏ နေရောင်ခြည်နုနုအောက်မှာ သူ့မျက်နှာကကြ
လို့ကောင်းလှသည်။





သူ့ဆံပင်များက ထူထဲနက်မှောင်ကာ သန့်စွမ်းပြီး သူ့
ျက်လုံး၊ မျက်ခုံးတွေကလည်း နက်တော့ ဖြူဝင်းသော သူ့အသား
ေးမှာ ဆံပင်ရယ် မျက်ခုံးရယ် မျက်လုံးရယ်က အထူးကောင်းမွန်
နေသည်။

ပြီးတော့ သူ့နှာခေါင်း ပေါင်းခြင်းပွခြင်းမရှိဘဲ အရင်းမှ
ကာ သွယ်သွယ်တန်းတန်းလေး။ 'မွေး'ကိုပြုံးကြည့်နေသည့် သူ့
ွားများက ဖြူဖွေးကာလက်နေသည်။ မနက်စောစောမို့ စပို့ရှပ်
ဖြူနှင့် အနီစင်းလက်ရှည်ကို ဘောင်းဘီအဖြူရောင်အရှည်နှင့်
ဝတ်ထားသည်။

မြင့်မားသောအရပ် ချောမောသောသူ့ပုံစံနှင့် သူ့ကိုယ်
းကိုယ်ထည်က ကြည့်လို့ကောင်းလှသည်။ ကြည့်ကောင်း
ာင်းနှင့် 'မွေး' ငေးကြည့်နေဆဲ သူ့ထံမှမေးသံထွက်လာပြန်
ည်။

"ဟိတ် မေးနေတယ်လေကွာ"

"ဟင်..."

'မွေး'က ထုံးစံအတိုင်း သူ့ကိုပြုံးကြောင်ကြည့်နေတော့
ာ ပြုံးကာ...

"မင်းနာမည် ဘယ်သူလဲလို့မေးနေတာပဲ... ပြောလေ...
ာသူလဲ"

"'မွေး'"

www.burmeseclassic.com



"ဘာ…"

" 'မွေး' "

သည်တစ်ခါတော့ 'မွေး' စိတ်မရှည်ချင်တော့။ ရယ်ေ… သော သူ့ကိုခပ်ဆောင့်ဆောင့်လေးအော်လိုက်သည်။

"ဘာ 'မွေး' တဲ့လား… ဟုတ်လား… ဘာမွေးလဲ… ရေမွေ… လား"

"ဟင့်အင်း"

"ဒါဖြင့် ဘာလဲ"

"တစ်လုံးတည်း 'မွေး' တဲ့"

'မွေး' သူ့လက်ညှိုးညိုညိုတုတ်တုတ်ကလေးကို ထော… ပြလိုက်တော့ သူက သဘောကျစွာခေါင်းညိတ်သည်။ ပြီးတော… ထပ်မေးပြန်သည်။

"ဒီနာမည် ဘယ်သူမှည့်တာလဲ"

"အဖေ"

"မနေ့ကပါလာတာ မင်းအဖေလား"

'မွေး' ခေါင်းညိတ်ပြလိုက်သည်။ 'ခင်မောင်နိုင်' မျက်ဝ… ထဲမှာတော့ ခေါင်းပေါင်းကြီးနှင့် လူကြီးလက်ကိုအတင်းဆွဲထာ… သည့် 'မွေး' ပုံစံလေးမြင်ယောင်သည်မို့ စာနာစိတ်နှင့်…

"မင်း… အိမ်ကိုသတိမရဘူးလား"

"ရတာပေါ့"





"ပြန်ကော မပြန်ချင်ဘူးလား"

"ပြန်ချင်တာပေါ့"

"ဒါဖြင့် ဘာလို့မပြန်လဲ"

သည်မေးခွန်းအဆုံးမှာတော့ 'မွေး' ငိုင်သွားသည်။ အတန်ကြာမှ…

" 'မွေး' ပြန်ရင် အဖေကစိတ်ဆိုးမှာ"

"ဘာလို့ စိတ်ဆိုးမှာလဲ"

"အဖေက ဒီမှာလာထားတာ 'မွေး' ကို ပညာတတ်စေချင်လို့"

"မင်းကကော မဖြစ်ချင်ဘူးလား"

"ဖြစ်ချင်ပါတယ်"

"ဖြစ်ချင်ရင် ကြိုးစားပေါ့ကွ… ခု မင်း ဘယ်နှစ်တန်းလဲ"

"ငါးတန်း တက်ရမှာပါ"

"အေး နောက်ငါးနှစ်ဆိုရင် မင်းအဖေဖြစ်ချင်သလို မင်းဖြစ်လာမှာပေါ့"

"ဒါဖြင့် 'မွေး' ဒီအိမ်ကြီးမှာ နောက်ငါးနှစ်တောင်နေရဦးမှာလားဟင်"

"ဘာလဲ… မင်း မနေချင်လို့လား"

'မွေး' ဘာကိုမှမဖြေဘဲ ပန်းကိုသာငုံ့ညှပ်နေသည်။ စိတ်ထဲမှာတော့ ရွာကိုပြန်ချင်စိတ်သာကြီးစိုးနေသည်။ ခုချိန်ဆို အဖေ



www.burmeseclassic.com

www.burmeseclassic.com



တို့ဘာလုပ်နေကြမလဲ။ အမေတို့ ဘာလုပ်နေကြမလဲ။ 'တင်ဦး' တော့။

'မွေး'ရင်ထဲမှာ အတွေးတွေကရှာကိုသာ ပြေးလွှားနေ၍ 'မွေး' သူညှပ်မိသည့်ပန်းတွေမှာ အဖူးတွေပါမှန်းမသိ။ သိမိသည့်အချိန်မှာတော့...

"အောင်မယ်လေး မာမီရေ... လာကြည့်ပါဦး... ပန်းပွင့်တွေမှာ အဖူးတွေတစ်ဖူးမှမရှိတော့ဘူး"

'ဇင်မာ့'အော်သံက ခြံတွင်းမှာလျှိုင်သွားသည်။'မွေး' ကတ်ကြေးလေးကိုင်ကာ ကြောင်ကြည့်နေဆဲ...

"ပေးစမ်း... ငါ့ မာမီကို သွားပြမယ်"

'ဇင်မာ''မွေး'လက်ထဲက ပန်းခြင်းကိုယူကာ ထွက်သွားသည်။ 'မွေး' အနီးမှာရပ်နေသော 'ဇင်မောင်နိုင်'က လှမ်းတားပါသေးသည်။

" 'ဇင်မာ'ကလည်း သူ မသိလို့ပဲဟာ"

"အို... ဘာမသိရမှာလဲ ကိုကိုရဲ့... ပန်းခူးရင် အဖူးမပါရဘူးဆိုတာ လူတိုင်းသိတဲ့ဟာ... ဒါ သူ တမင်လုပ်တာ"

"ခက်တာပဲ 'ဇင်မာ'ရယ်"

'ဇင်မောင်နိုင်' ဘာယ်လောက်ပြောပြော 'ဇင်မာ'ကတော့ ဒေါသကြီးစွာထွက်သွားပြီမို့ 'မွေး' မျက်ရည်ဝဲရုံမှလွဲ၍ ဘာမှမလုပ်တတ်တော့။ အိမ်ဘက်ကိုလိုက်ရန် ဟန်ပြင်ဆဲ...





"နေ နေ 'မွေး'... 'ကိုနိုင်'ပဲ သွားပြောလိုက်တော့မယ်... 'မွေး' ဒီမှာပဲနေခဲ့"

သူ 'မွေး' ရှေ့မှ လင်မြန်စွာပြေးထွက်သွားသည်။ နှင်းဆီပန်းခင်းထဲမှာ ကျန်ရစ်ခဲ့သည့် 'မွေး'ရင်မှာတော့ စိုးရိမ်ပူပန်ကြီးစွာဖြင့် တဒိုင်းဒိုင်းခုန်နေသည်။ မျက်လုံးလေးများကလည်း ကြောက်စိတ်ကြောင့် ဝန်းဝိုင်းနေသည်။

ခဏနေတော့ 'ဇင်မာ' တိုက်ထဲမှ ဆောင့်အောင့်ထွက်လာကာ 'မွေး'ကို မျက်စောင်းလှမ်းထိုးပြီး ခြံပြင်ကိုထွက်သွားသည်။ ကျန်ရစ်ခဲ့သည့် 'မွေး'ရင်မှာတော့ အိမ်ပေါ်ပဲတက်မလား။ ခြံထဲမှာပဲ ဆက်ထိုင်နေရမလား တွေးကာ ချွေးပြန်နေဆဲ 'ဇင်မောင်နိုင်' ပြန်ရောက်လာသည်။

" 'မွေး'... သွား မာမီခေါ်နေတယ်"

" 'မွေး'ကို ဆူမှာလားဟင်"

"မဆူပါဘူး... နောက်ကို ဘယ်လိုခူးရမယ်ဆိုတာ ပြောပြမလို့"

သည်တော့မှ 'မွေး' သက်ပြင်းကိုချကာ အိမ်အပေါ်ကို မဝံ့မရဲတက်လာခဲ့သည်။ တော်ပါသေးသည်။ 'ဇင်မာ' ဆိုးသလောက် 'ကိုနိုင်'က သူ့အပေါ် ကောင်းသည်မဟုတ်ပါလား။'မွေး' ကျေးဇူးတင်သော မျက်ဝန်းလေးများဖြင့် 'ကိုနိုင့်'ကိုလှမ်းကြည့်တော့ 'ကိုနိုင်' သူ့ကိုလက်ပြကာ ခြံပြင်ကိုပြေးထွက်သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော သူ့ကိုစေတနာထားသော 'ကိုနိုင့်'ကို 'မွေး' ချစ်မိပြီ။ ညှော့ခန်းထဲမှဖြတ်ကာ ဘုရားခန်းကိုရောက်တော့ 'ကိုနိုင်'ပြောသည့် ဒေါ်ဒေါ်က သူ့ကိုစောင့်နေသည်။

"လာ 'မွေး'... ထိုင်"

'မွေး' ဒေါ်ဒေါ်ထိုင်သည့် ကော်ဇောဘေးမှာကျုံ့ကျုံ့လေး ထိုင်လိုက်သည်နှင့်...

"ခု 'မွေး'ကိုခေါ်တာ ဆူမလို့မဟုတ်ဘူး... ပန်းခူးရင် ဘယ်လိုခူးရမယ်ဆိုတာပြောပြမလို့... ဒီမှာကြည့်စမ်း... 'မွေး' ခူးထားတာ"

ဒေါ်ဒေါ်လက်ထဲရှိ နှင်းဆီပွင့်များ၏ နံဘေးတွင်ပွင့်ခါစ နှင်းဆီငုံလေးများကို 'မွေး'တွေ့လိုက်ရသည်။

"ဒါတွေသွားခူးလိုက်တော့ နောက်နေ့ကျ ဘာသွားပွင့်တော့မလဲ... အပွင့်ဆိုတာက ဒီနေ့မခူးရင် နောက်နေ့ ကြွေကျသွားနိုင်တယ်... အဖူးဆိုတာကတော့ ဒီနေ့မပွင့်ရင် နောက်နေ့ပွင့်မှာ... နောက်ခူးရင် အဖူးမပါစေနဲ့နော်... 'မွေး' ကြားလား"

"ဟုတ်ကဲ့ပါ"

"ကဲ ဒါဖြင့် 'မွေး' ထမင်းကြော် သွားစား... ပြီးရင် 'ဇင်မှာ' အခန်းထဲဝင်ရှင်းလိုက်"

'မွေး' မီးဖိုခန်းထဲဝင်လာတော့ 'ဒေါ်လုံး'က 'မွေး'ကို အသင့်စောင့်နေသည်။





"ခုနက ဘာဖြစ်တာလဲ 'မွေး'"

'မွေး' အဖြစ်အပျက်ကိုပြောပြတော့ 'ဒေါ်လုံး'က သက်ပြင်းချသည်။

"နောက် ဒီကောင်မလေးနဲ့ အများကြီးပြဿနာတွေ့ရဦးမယ်... ခု မမက ဘာခိုင်းလိုက်သေးလဲ"

" 'ဇင်မှာ' အခန်းကိုရှင်းခိုင်းလိုက်သေးတယ်... 'မွေး' သွားရှင်းလိုက်ဦးမယ်"

'မွေး' ထမင်းကြော်စားပြီး အပေါ်ထပ်ရှိ 'ဇင်မှာ' အခန်းကိုတက်လာခဲ့သည်။ အောက်ထပ်တွင် ထမင်းစားခန်း၊ ဧည့်ခန်း၊ စာကြည့်ခန်းများရှိသလို အပေါ်ထပ်မှာတော့ ဘုရားခန်း၊ ဧည့်ခန်း၊ အိပ်ခန်းများရှိသည်။

တစ်ခန်းက ဘဘနှင့်ဒေါ်ဒေါ်အခန်းဖြစ်ပြီး၊ နောက်အခန်းတွေကတော့ 'ကိုနိုင်'တစ်ခန်း၊ 'ဇင်မာ' တစ်ခန်းဖြစ်ကာ တစ်ခန်းကတော့ ဧည့်ခန်းအတွက်ထားသည်။ 'မွေး'နှင့် 'ဒေါ်လုံး'ကတော့ အောက်ထပ်မီးဖိုချောင်နံဘေးရှိ စတိုခန်းမှာအိပ်ရသည်။

ဒရိုင်ဘာ 'ဦးမြတ်'နှင့် 'မာလီရာဂျူး'ကတော့ ကားဂိုဒေါင်အပေါ်ထပ်မှာအိပ်ရသည်။ အိမ်ကြီးကကြီးသလို 'မွေး' အပေါ်အဝင်အလုပ်သမား ငါးယောက်ရှိသည်။ စရောက်ခါစနေ့က ယသိသော်လည်း တစားပွဲတည်း ထမင်းစားသူများဆိုတော့ 'ဒေါ်လုံး'၏မိတ်ဖွဲ့ပေးမှုကြောင့် ခုတော့ 'မွေး' အားလုံးသိပြီ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကလည်း ငယ်ရွယ်သေးသော 'မွေး'ကို အားပေးကြသည်။ နှစ်သိမ့်ကြသည်။ အဖေ့ကိုချစ်လျှင် အဖေ့စကားနားထောင်ကာ ရည်ရွယ်ချက်အောင်မြင်အောင်လုပ်ဖို့ ပြောပြကြတော့ 'မွေး' အားတက်ရသည်။

'ဖင်မာ့' အခန်းရှင်းပြီးတော့ 'မွေး' 'ကိုနိုင့်' အခန်းရှင်းရသည်။ ခါတိုင်း သည်အလုပ်တွေက 'ဒေါ်လုံး' အလုပ်တွေပေမယ့် မီးဖိုချောင်အလုပ်နှင့်မအားသော 'ဒေါ်လုံး'တာဝန်က ခုတော့ 'မွေး' ပခုံးပေါ် ပုံကျလာသည်။

'မွေး' အလုပ်လုပ်ရတာကို မညည်းပါ။ ပင်ပန်းသည်ဟုလည်း မထင်ပါ။ အဲ 'ဖင်မာ့'ကိုတွေ့ရမှာတော့ 'မွေး'ကြောက်သည်။ ကြောက်သည်ဆိုပါမှ 'မွေး' အောက်ကိုဆင်းလာတော့ 'ဖင်မာ'နှင့် တန်းတိုးသည်။

အဝါနုရောင် ဇာဂါဝန်ဝတ်ထားသော 'ဖင်မာ'က သူတစ်ယောက်တည်းမဟုတ်၊ သူ့နံဘေးမှာ သူနှင့်ရွယ်တူ အသားဖြူဖြူ အရပ်မြင့်မြင့် သွယ်သွယ်နှင့် ကောင်မလေးကိုခေါ်လာသည်။

ကောင်မလေးပုံစံကလည်း 'ဖင်မာ့'လို ပုံစံမျိုးလေး။ ခရမ်းနုရောင်ဘလောက်ပွပွလေးကို ဒူးဆစ်ကျော်ကျော်ရှည်သည့် စကပ်နှင့် တွဲဝတ်ထား၍ ဘိုမလေးတစ်ယောက်လို လှလည်းလှသည်။ ကြည့်လို့လည်း ကောင်းသည်။ ကြည့်လို့ကောင်းကောင်း





နှင့် 'မွေး' ကြည့်နေခိုက် သူမက 'ဖင်မာ့'ကို လှမ်းမေးသည်။

"'ဖင်မာ'... သူက ဘယ်သူလဲ"

"အိုင်တို့ဆားဗင့်တ်အသစ်ပေါ့... မလှဘူးလား"

'ဖင်မာ'က ပြောရင်းဆိုရင်းရယ်နေသည်။ 'မွေး'မှာသာ ရှေ့တိုးရအခက် နောက်အဆုပ်ရခက်နှင့် လှေကားနားမှာရပ်နေဆဲ...

"အောင်းလ်နဲ့ မတူဘူးလား 'ပိုး'"

"အေး... ဟုတ်တယ် ဟုတ်တယ်... 'ဖင်မာ' ကလည်း ကြံကြံဖန်ဖန်ပြောတတ်တယ်"

ပြီးတော့ သူတို့နှစ်ယောက် 'မွေး'ကိုကြည့်ကာ ခွက်ထိုးခွက်လန်ရယ်ကြသည်။ ဘာပြောနေကြမှန်းမသိ၍ 'မွေး'မှာတော့ မရယ်နိုင်ပါ။ သူတို့နှစ်ယောက် မဟုတ်တာပြောနေမှန်းတော့ စိတ်ထဲမှာအလိုလိုသိနေသည်။

ဒါကြောင့် သူတို့နားမှထွက်သွားရန်အလုပ် 'ပိုး'ဆိုသည့် ကောင်မလေးက 'ဖင်မာ့'ကို လှမ်းမေးသည်။

"ဒီ အောင်းဘတ်လေး ဘယ်က ပျံလာတာလဲ"

"တောက"

"ဘာလုပ်ဖို့လဲ"

"ကျောင်းနေဖို့တဲ့ ဆရာရေ... အိုင်တို့ ကျောင်းမှာများ မာမီကထားမလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်နှစ်တန်းလဲ"

"ငါးတန်းပြောတာပဲ... သူနဲ့အတူ ကျောင်းနေရရင်တော့ အိုင်တော့ ကျောင်းထွက်လိုက်တော့မယ်... လာ 'ပိုး' "

'ဇင်မာ'က 'ပိုး' ဆိုသည့်ကောင်မလေးကိုခေါ်ကာ အိမ် ပေါ်ခြေသံပြင်းပြင်းနှင့်တက်သွားသည်။ 'မွေး' မီးဖိုချောင်ထဲဝင် လာကာ 'ဒေါ်လုံး' ဘေးမှာ အလုပ်ထိုင်လုပ်ပေးနေသော်လည်း 'ဇင်မာ' စကားသံ အထူးအဆန်းလေးများသာ ကြားယောင်နေ သည်။

ဘာတဲ့ ဆားဗင့်တ် တဲ့။ ဘာစကားလဲ။ ပြီးတော့ အောင်း (လ်)တဲ့။ အောင်းဘာတ်တဲ့ ဘာတွေလဲ။ အင်္ဂလိပ် စကားတွေပြော မှန်းသိပေမယ့် 'မွေး' နားမလည်။ ကိုယ်နှင့် ဘာ့ ဘူတွေကိုမေး ကြည့်တော့လည်း တစ်ယောက်မှမသိ။

အားလုံးကလည်း 'မွေး'လောက်ပင် ပညာအရည်အချင်း မရှိကြသူတွေဆိုတော့ 'မွေး'မှာ သိချင်လျက်နှင့် အောင့်နေရ သည်။ 'ဒေါ်လုံး'ကတော့ 'မွေး'ကို အကြံပေးသည်။

" 'အနိုင်'လာရင် မေးကြည့်ပါလား"

" 'ကိုနိုင်'လား"

"အေးလေ... သူသိမှာပေါ့"

ထိုနေ့က 'ကိုနိုင်' ထမင်းစားခါနီးမှ အပြင်မှပြန်လာ သည်။ ပြန်လာတော့လည်း သူတစ်ယောက်တည်း မဟုတ်။ 'ကို





' နံဘေးမှာ သိပ်လှသော အစ်မတစ်ယောက်ပါလာသည်။ ညိုညို့ ခွေခွေကောက်ကောက်လေးများနှင့် လှပလွန်းသော အစ်မကိုကြည့်ကာ 'မွေး' အလုပ်ပင်မလုပ်ချင်တော့။ ထိုင်ပင် ကြည့်ချင်နေသည်။ 'ဒေါ်လုံး'ကတော့ 'မွေး'ကို တီးတိုးပြောသည်။

"အဲဒါ 'အဲလစ်'ပေါ့ 'မွေး'ရဲ့"

" 'အဲ...လစ်' ဟုတ်လား"

'မွေး'က အတုန်းလိုက် အတစ်လိုက်ပြောတော့ 'ဒေါ်လုံး' ရယ်ကာ...

" 'အဲလစ်(စ်)တဲ့... နောက်က စသံလေးပါရတယ် 'မွေး'

"ဟင်... 'မွေး'တော့ မခေါ်တတ်ပါဘူး"

'မွေး'၏ စိတ်ညစ်နေသောပုံစံလေးကိုကြည့်ကာ 'ဒေါ် ' ရယ်လို့မဆုံး။

"သူက 'အနိုင့်' သူငယ်ချင်းလေ 'မွေး'ရဲ့... မနက်က နဲ့ပါလာပါရောလား... 'ပိုး' ဆိုတာလေ... သူ့ရဲ့အထက်... နာမည် 'ခင်မိုးမြင့်'တဲ့"

"လူတွေကော နာမည်တွေကော အကောင်းစားတွေပဲ 'ဒေါ်လုံး' "

"ကောင်းဆို သူတို့အဖေကော အမေကော ဆရာဝန်ကြီး လေ 'မွေး'ရဲ့... ရွှေဘုံသာလမ်းမှာစိုလား ဆေးခန်းဖွင့်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်… ပိုက်ဆံကလည်း ချမ်းသာလိုက်တာအရမ်းပဲတဲ့”

“နေတော့ကော ‘ဒေါ်လုံး’ ”

“ဒီတိုက်နဲ့ လေးငါးခြံကျော်လောက်မှာ သူတို့တိုက်
တယ် ‘မွေး’ ရဲ့… ‘အနိုင်’ တို့နဲ့ တစ်ကျောင်းတည်း တစ်တန်းတည်
“သိပ်လှတယ်နော် ‘ဒေါ်လုံး’ ”

“အေး… သူတို့မောင်နှမတွေအားလုံး လှကြတယ်…
ထက်အကြီး ယောကျ်ားလေးတစ်ယောက်ရှိတယ်… ‘တိုးမြင့်
လားပဲ… ခုတော့ မန္တလေးဆေးတက္ကသိုလ်မှာတက်နေတယ်
မိဘတွေကလည်း ပညာတတ်… ပိုက်ဆံလည်း ချမ်းသာ
သူတို့တွေသိပ်မာနကြီးကြတာ… ‘အဲလစ်’ က တော်သေးတယ်
အငယ်မလေး ‘ပိုး’ ဆိုတာ ဒီက ‘ဇင်မာ’ အတိုင်းပဲ”

‘မွေး’ မျက်ဝန်း၌ မနက်ကတွေ့လိုက်သော စကား
ကောင်မလေးကိုပြေးမြင်ကာ သက်ပြင်းချလိုက်သည်။ ပြီး
သူ့ကိုပြောသည့် စကားသံများကိုလည်း ပြန်ကြားယောင်နေ
‘ကိုနိုင်’ မီးဖိုချောင်နားအဝကို ရောက်လာသည်။

“ထမင်းကျက်ပြီလား ‘ဒေါ်လုံး’ ”

“ကျက်ပြီ… ‘အနိုင်’ စားတော့မလို့လား”

“စားမယ်… ‘အဲလစ်’ လည်း ဒီမှာစားလိမ့်မယ်”

“ ‘ပိုး’ လည်း ဒီမှာစားမှာနော်”

ပြောရင်း ‘ပိုး’ ပါ ‘မွေး’ တို့ မီးဖိုချောင်ကိုရောက်လာသ





“ဘာဟင်းလဲ ‘ဒေါ်လုံး’ ”

“ဆိတ်ကလီစာ”

“ပြီးတော့ကော”

“ချဉ်ပေါင်ရွက်… ဟင်းချိုရယ်… ငါးပိကျော်ရယ်”

“ဒါပဲလား”

‘ဇင်မာ့’ အသံက မကျေနပ်သံ။

“ ‘ဇင်မာ’ ဘာစားချင်လို့လဲ”

“ ‘ဇင်မာ’ စားချင်တာထက် ‘ပိုး’ တို့ပါ စားမယ်ဆိုတော့
ဘယ်ကောင်းပါ့မလဲ”

“ကိုကိုကတော့ ဆိတ်ကလီစာကြိုက်တယ်… ‘အဲလစ်’
ည်းကြိုက်တယ် မဟုတ်လား”

“ကြိုက်ပါတယ်”

“ ‘ဇင်မာ့’ အဖို့တော့ ဝက်အူချောင်းရယ်… ငါးသေတ္တာ
ဖောက်ပြီး ထပ်ကြော်ပေးနော်… ‘ဒေါ်လုံး’ အခုလုပ်ပေး”

သူက ပြောပြီးထွက်သွားပေမယ့် ကျန်ရစ်ခဲ့သည့် ‘မွေး’
‘ဒေါ်လုံး’ မှာတော့ မအားတော့။

“ရော့ ‘မွေး’… ဒီကြက်သွန်နွှာ… ပြီးရော့ ခရမ်းချဉ်သီး
… တကတည်းတော် အဖေအမေဒီလောက်မကြောက်ရဘူး
ကြောက်နေရတယ်”

“ ‘မွေး’ မလာခင်က ဒီလိုပဲလား ‘ဒေါ်လုံး’ ”



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ဒီလိုပဲ... အကျင့်ကောင်းတဲ့သူဟာ မွေးကတည်းကကောင်းပြီး... အကျင့်မကောင်းတဲ့သူဟာ မွေးကတည်းကကောင်းမလာဘူး"

ပြောရင်း ကြားသွားမှာစိုးဟန်ဖြင့် 'ဒေါ်လုံး' နောက်ကို လှည့်ကြည့်နေ၍ 'မွေး' ရယ်မိသည်။

"တကယ့် 'မွေး'ရဲ့... 'အနိုင်' သံယောဇဉ်ရယ်... မမတို့ကောင်းလို့ရယ်သာနေမိတာ... နိုမိုဆို နေကိုမနေချင်ဘူး... ကြည့်ပါလား... 'အနိုင်'တို့က ဒီအတိုင်းစားမယ်ပြောနေလျှင်နဲ့ သူ့ရှည်တာ"

"ကြားသွားပါဦးမယ် 'ဒေါ်လုံး'ရယ်... တော်ကြာ 'မွေး' ပါအဆစ်ပါနေဦးမယ်"

'ဇင်မာ'နှင့်ပတ်သက်လျှင် ဝေးဝေးကရှောင်ရန် ဆုံးဖြတ်ထားသည်မို့ 'မွေး' အေးဆေးစွာပြောလိုက်မိသည်။

"ရော့ 'မွေး'... ဒီပန်းကန်တွေ စားပွဲပေါ်မှာသွားပြင်ပေးလိုက်"

ဝက်အူချောင်းပန်းကန်နှင့် ငါးသေတ္တာပန်းကန်များကို ယူကာ ထမင်းစားပွဲပေါ် တင်ရန်အလာ...

"အို..."

"ခွမ်း"

'မွေး' ရှေ့ရှိ သံမံတလင်းပေါ်တွင် ဝက်အူချောင်းကြော





ဒေါ်းကပြန့်ကျဲကာ ကြွေပန်းကန်ကွဲစများက ပြန့်လွင့်ကုန်သည်။ ပြီးတော့ ငါးသေတ္တာဟင်းနှင့် ပန်းကန်ကွဲစများ။ အဖြစ်မှာ 'မွေး' ရှေ့မှ ပြေးလာသောကြောင်ကိုအရှောင် အခုလိုလဲကျရခြင်းဖြစ်သည်။

ပန်းကန်ကွဲသံနှင့် 'မွေး' လဲကျသံကြောင့် တစ်အိမ်လုံးရှိလူများ 'မွေး'ရှေ့ကိုရောက်လာသည်။ 'မွေး' ဘာလုပ်ရမှန်း မသိ။ ဒေါ်ဒေါ်ကိုသာ ပြူးတောင်ကြောင်တောင်နှင့် ရှင်းပြနေမိသည်။

" 'မွေး' 'မွေး' မီးဖိုထဲကအလာ ကြောင် ကြောင်က 'မွေး'ကို ဝင်တိုးတာနဲ့"

'ဇင်မာ'က 'မွေး'ကိုကြည့်ကာ ပြုံးနေသည်။ သည်ပြုံးနေသောမျက်နှာကိုကြည့်ကာ 'မွေး' ငိုချင်လာသည်။ သည်နေရာမြေလျှိုးကာ မိုးပျံသွားချင်သည်။ ဖြစ်ချင်တော့ 'ပိုး'တို့ ညီအစ်ကိုရှေ့မှာမှ 'မွေး'အရှက်ကွဲရသည်။

တွေးရင်း တွေးရင်း 'မွေး' ပါးပြင်ပေါ် မျက်ရည်ပေါက်ပေါက်များစီးကျလာသည်။ 'ဇင်မာ'ကတော့ ဂုဏ်ယူဝင့်ကြွားသောအသံလေးနှင့် သူ့အမေကိုလှမ်းပြောသည်။

"မာမီတို့ပဲ 'ဇင်မာ' လွန်တယ်ဆို... ခု ဘယ်သူလွန်သလဲ"

'ကိုနိုင်'ကတော့ ဘာမှမပြောဘဲ 'မမအဲလစ်'ကိုထားခဲ့ကာ ခြံထဲကိုဆင်းသွားသည်။ နေရာတကာလည်း ပါချင်ပုံမရ။



www.burmeseclassic.com

www.burmeseclassic.com



'ကိုနိုင်' မရှိတော့မှ 'မွေး'ပိုအားငယ်ကာ အော်ငိုချင်လာသည်။ 'ဒေါ်လုံး'ကတော့ 'မွေး' ရင်ထဲမှအဖြစ်ကို သိသည်ထင့် ဝင်ပြော ရှာသည်။

"ကျွန်မအပြစ်ပါ မမရယ်... ကျွန်မခိုင်းလိုက်တာပါ တကယ်လို့ 'မွေး'ကိုသာ ကျွန်မ,မခိုင်းရင် ဒါမျိုးဖြစ်မှာ မဟုတ်ပ ဘူး"

"ကဲပါ... ဖြစ်ပြီးမှတော့ ပြောမနေပါနဲ့တော့... နောက် ဘာကိုင်ကိုင် ထိထိမိမိကိုင်... ကြားလား"

'မွေး' မျက်ရည်များကြားမှ ခေါင်းညိတ်လိုက်သည်။ ဖြ ကျဲနေသောပန်းကန်များနှင့် ပန်းကန်ကွဲများကိုသိမ်းနေသော်လည် နားထဲမှာ 'တင်ဦး' ပြောသော စကားများကိုပြန်ကြားယောင်နေ သည်။

"ငါတော့ နင့်ကို မြို့မသွားစေချင်ဘူး 'မွေး'ရယ်... မြို့ သွားရင် နင် သူများအိမ်မှာနေရမှာမဟုတ်လား... သူများအိမ်မှာ နေရတယ်ဆိုတာ သိပ် မျက်နှာငယ်တာဟ"

ထိုစဉ်တုန်းကတော့ ဘာရယ်မသိ၊ 'မွေး' 'တင်ဦး' ပြ လည်ချေပခဲ့သည်။ အနိုင်လု ငြင်းခဲ့သည်။

"အဖေကပြောတယ်... ခု ငါသွားနေရမယ့်အိမ်ကအဒေ က သိပ်သဘောထားကောင်းတယ်တဲ့ 'တင်ဦး'ရဲ့"

"သူ သဘောကောင်းပေမယ့် ဒီပြင်လူတွေကသဘော





ကောင်းချင်မှကောင်းမှာဟ... မသွားပါနဲ့ 'မွေး'ရာ နော်... ငါတို့နဲ့ ခေါင်တော်သီ လိုက်တက်ပါ... ငါ နင့်ကို ထမင်းချက်ကျွေး ပါ"

"ဟင့်အင်းဟာ အဖေက ထည့်မှာမဟုတ်ဘူး"

"နင့်အဖေက မထည့်လဲ နင် အတင်းလိုက်ရင်ဖြစ်ပါ ယ် 'မွေး'ရာနော်... 'မွေး'"

'မွေး' 'တင်ဦး' မျက်နှာကိုလှမ်းကြည့်လိုက်မိသည်။ သူ့ ျက်နှာက 'မွေး'ကို ရန်ကုန်သွားမှာ အရမ်းစိုးရိမ်နေပုံမို့ 'မွေး'ရယ် က်မိသည်။ ပြီးတော့ 'တင်ဦး'ကို ခနဲ့လိုက်မိသည်။

"ဘာလဲ... ငါရန်ကုန်သွားရင် အကောင်ချောချောတွေနဲ့ တွေ့မှာစိုးလို့လား"

သည်လိုဆိုတော့ 'တင်ဦး'က မဲ့သည်။

"နင့်ဘာသာ နင် တွေ့တာ ဘာဖြစ်လဲ"

"ဒါဖြင့် နင် ဘာဖြစ်လို့ ငါ့ကိုတားနေတာလဲ"

"နင် သူများအိမ်မှာ မျက်နှာငယ်မှာစိုးလို့တားနေတာ"

"နင် နေရတာမဟုတ်ပါဘူး... ငါနေရတာပဲ... မျက်နှာ ယ်စရာရှိတော့လည်း ငါပဲငယ်မှာပေါ့... နင် ဘာဖြစ်လို့ပူနေတာ ါ"

"သူငယ်ချင်းမို့ ပူတာပေါ့ဟ... နင်က သူများအိမ်မှာနေ တဲ့ သူမှမဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါသာ ပြောနေတယ်... နင်ကကော နေဖူးလို့လား

"နေဖူးတာပေါ့ဟ... ငါငယ်ငယ်တုန်းက အဖေနဲ့အမေ ခဏကွဲဖူးတယ်... ဒီတုန်းက ငါအမေနဲ့ပါသွားပြီး သူများအိမ်မှ သွားနေရတာ... သူများအိမ်မှာနေတာဆိုတော့ မျက်နှာငယ်လို တာပြောမနေပါနဲ့တော့... ထမင်းစားတာတောင် မြိုမကျဘူး

"ဒါတော့ နင်နေတဲ့အိမ်က သဘောမကောင်းလို့နေ ပေါ့ 'တင်ဦး'ရာ... ငါနေတဲ့အိမ်ကတော့ ကောင်းမှာပါ"

"အေးလေ... ဒီလောက်တောင်ပြောမရတော့လည်း သွ ပေါ့... နောက်မှ ငါမပြောဘူးလို့ မပြောနဲ့နော်"

"စိတ်ချ"

'တင်ဦး' မခံချင်အောင် မာနလေးနှင့်ပြောခဲ့မိသည့် 'မွေ ခုတော့ မျက်ရည်ကျနေရပြီ။ ရွာကိုပြန်လျှင်လည်း 'တင်ဦး' 'မွေ ကိုကဲ့ရဲ့မည့်အပြင် အဖေလည်းစိတ်ညစ်ရဦးမည်ဆိုတော့ 'မွေ မပြန်ရဲ။ စိတ်ညစ်စွာနဲ့ မီးဖိုချောင်ထဲပြန်ဝင်လာခိုက်...

"'မွေး'"

"ရှင်"

"ရော့... ဒါ 'ဇင်မာ့'ကို ပြန်ကြော်ပေးလိုက်"

'ကိုနိုင့်'လက်ထဲမှာကြည့်လိုက်တော့ ဝက်အူချောင်းတွေ 'ကိုနိုင်'ဘယ်ကရလာတာလဲ။ 'မွေး' မမေးရဲပေမယ့် 'မွေး' ရင်ထ မှာတော့ ဝမ်းသာလွန်း၍လှမ်းယူလိုက်တော့ 'မွေး'လက်ကလေး





တွေ တုန်ရင်နေသည်။

"ဒါတွေ ဘယ်ကရလာတာလဲ 'အနိုင်'"

'ဒေါ်လုံး' လှမ်းမေးတော့ 'ကိုနိုင်' ပြုံးလျက်...

"'အဲလစ်'တို့အိမ်က သွားယူလာတာ... 'ဇင်မာ'တို့ 'အဲလစ်'တို့ကော 'ဒေါ်လုံး'"

"အပေါ်မှာ"

"ဒါဆို အမြန်ကြော်လိုက်နော် 'ဒေါ်လုံး'... 'အနိုင်'သွား ခေါ်လာခဲ့မယ်... ခုဏလိုလဲ မှောက်မချလိုက်နဲ့ဦးနော် 'မွေး'... ကြားလား... ဒီတစ်ခါဆို ဟိုကလည်း ပေးတော့မှာမဟုတ်ဘူးဗျ"

"စိတ်ချပါ 'ကိုနိုင်'ရယ်"

'မွေး' နှုတ်မှဖွင့်မပြောသော်လည်း မျက်ဝန်းလေးများက တော့ 'ကိုနိုင့်'အပေါ်မှာ ကျေးဇူးတင်လျက်...



www.burmeseclassic.com

www.burmeseclassic.com



## ၇

ကျောင်းတွေဖွင့်ခဲ့လေပြီ။ 'ကိုနိုင်' 'ဇင်မာ' 'အဲလစ်'နှင့် 'ပိုး'တို့က သူတို့တက်နေကြ ဒဂုံ(၁)မှာပြန်တက်ကြပေမယ့် သည်နှစ်မှတက်သော 'မွေး'က နတ်မောက်လမ်းနှင့်နီးသော တာမွေ(၁)မှာတက်ရသည်။

ဒဂုံ(၁)က အတန်းကြီးများ မနက်ပိုင်းတက်ရသလို 'မွေး' တို့ကျောင်းကလည်း အတန်းငယ်များ မနက်ပိုင်းတက်ရတော့ 'မွေး'နှင့် 'ဇင်မာ'တို့ ကျောင်းသွားချိန်တိုင်း အမြဲတမ်းတိုက်ဆိုင်နေတတ်သည်။

မနက် 'မွေး'က စောစောထကာ လုပ်စရာရှိတာလုပ်ပြီးမှ ကျောင်းသွားပေမယ့် 'မွေး' ကျောင်းသွားခါနီးတိုင်း 'ဇင်မာ' မနိုး





ဘတ်သေး။မနက်တိုင်း သူ့အမေ 'ဒေါ်ခင်အေး'အလုပ်က သူ့သမီးနီးရသည်။

နိုးတော့လည်း 'ဇင်မာ'က ချက်ချင်းမထ၊ ခွေအိပ်နေတာများတော့ သူနှင့်အတူ ကျောင်းတက်ရသည့် 'ကိုနိုင်' အမြဲဆောက်ကျသည်။ တစ်ခါနှစ်ခါ နောက်ကျတာခွင့်လွှတ်နိုင်ပေမယ့် ခဏခဏဆိုတော့လည်း 'ကိုနိုင်' သိပ်မကျေနပ်တော့။

"မာမီ မာမီ့ သမီးလည်း ကြည့်လုပ်ဦးနော်... သူ့ထက်ငယ်တဲ့ 'မွေး'က အစောကြီးထပြီး... အလုပ်လဲ လုပ်ပြီးပြီ... စားသောက်ပြီးပြီ... သူ့မှာ နေ့တိုင်းအပျင်းကြီးနေတာနဲ့ ပြီးနေတာ... မိန်းကလေးဖြစ်ပြီး ဒီလောက်ပျင်းနေရင်၊ ကြီးလာရင်ဘာအလုပ်စားမလဲ"

"သွား... ဘာလုပ်စားရမှာလဲ... ဆင်းရဲတဲ့ သူမှလုပ်စားဖို့ညီးစားကြတာ... 'ဇင်မာ'တို့က ချမ်းသာလိုက်တာကျိုကျိုတက်... ချမ်းသာလွန်းလို့ လာကပ်စားတဲ့လူတွေတောင် အိမ်ပေါ်အလအားတင်ကျွေးထားရသေးတာ... ကျောင်းထားပေးရသေးတာ"

နောက်ဆုံး 'ဇင်မာ့'စကားမြားဦးက ပစ်မှတ်အဖြစ် 'မွေး'ဆီကိုရောက်လာသည်။ ခံရပါများလွန်းတော့လည်း 'မွေး'ပိုမနာတော့။ လုပ်ပေးစရာရှိတာ လုပ်ပေးသည်။ 'ဒေါ်လုံး' ပြောသလိုယဉ်ရည်ရှယ်ချက်အောင်မြင်ဖို့က အဓိကဆိုတော့ 'မွေး' 'ဇင်မာ'ပြောသမျှ သည်းခံခဲ့သည်။ ခွင့်လွှတ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ကိုယ်တိုင်ကလည်း သူပြောသလို ဘဝမဟုတ်လား။ သည်တော့ ခွင့်လွှတ်ဖို့သာ 'မွှေး' ကြိုးစားသည်။ မနက်ခါလျှင် 'မွှေး' အလုပ်က 'ဇင်မာ့' လွယ်အိတ်၊ 'ဇင်မာ့' ဖိနပ်ယူကာ အပေါက်ဝမှာစောင့်နေရသည်။

'ဇင်မာ' လာလျှင် သူ့ပစ္စည်းတွေကားပေါ်တင်ပေး သည်။ သူပါသွားသည့် ကားလေး 'မွှေး' မျက်စိအောက်က ပျောက်မှ 'မွှေး' ကျောင်းကိုသုတ်ခြေတင်ရသည်။ 'နေ့လယ် ကျောင်းမှပြန်လာတော့လည်း သည်အတိုင်း၊ ထမင်းဆာတာ ဆာတာအသာထား၊ 'မွှေး'အလုပ်က 'ဇင်မာ့'ကို အပေါက်ဝမှာ 'ဇင်မာ့'ကို စောင့်ကြိုစောင့်ရသည်။

သူ့မ လွယ်အိတ်နှင့်ဖိနပ်ကို သိမ်းပေးရသည်။ ပြီးတော့ သူ ထမင်းစားနေသည်ကို စောင့်ကာယပ်ခတ်ပေးရသည်။ 'မွှေး' ရင်ထဲမှာ ဆာတာတကြုပ်ကြုပ်၊ ကြာတော့ 'မွှေး'အဖြစ်ကိုကြည့် ကာသည်းမခံနိုင်တော့။

" 'ဇင်မာ' "

'ဇင်မာ'က အကိုကို ခပ်အေးအေးမော်ကြည့်သည်။ သူ့ပုံ စံက ဘာမှလုပ်မထားသည့်ပုံ၊ အပြစ်မရှိသည့်ပုံစံ။

"နင် 'မွှေး'ကို ဘာလုပ်ထားတာလဲ"

"ဘာလုပ်ထားလို့လဲ"

ကြည့်၊ မေးပုံကိုက အေးစက်စက်၊ 'ဇင်မောင်နိုင်' သူ့





ညီမကိုကြည့်ကာ ဒေါပွသထက်ပွလာပြီး၊ စိတ်တိုသထက် တို လာပြီး၊ ဒါကြောင့်လဲ…

"ဒါဖြင့် နင် 'မွှေး'ကို ဘာမှခိုင်းမထားဘူးပေါ့ဟုတ်လား"

"အင်း"

"ဒါဆို နင် ခိုင်းမထားရင် ငါ ခိုင်းမယ်… 'မွှေး' ထမင်း သွားစား"

'မွှေး' ထမင်းမစားရဲ၊ 'ဇင်မောင်နိုင်' ကိုသာ မော်ကြည့်၍

"သွားစားလေ ဘာလုပ်နေတာလဲ"

'ကိုနိုင်' နောက်တစ်ခါ ထပ်အော်မှ 'မွှေး' မီးဖိုချောင်ထဲ ဝင်လာခဲ့သည်။ စိတ်ထဲမှာတော့ သူ့ကြောင့် 'ကိုနိုင်'တို့မောင်နှမ ရန်ဖြစ်မှာစိုးရိမ်နေသည်။

သူ့ထမင်းဆာတာ အရေးမကြီးပေးမယ့် သူ့ကြောင့်တော့ ဘယ်သူမှပြဿနာမဖြစ်စေချင်။ နောက်တစ်နေ့မနက်မိုး သင်းတော့လည်း တံခါးဝမှာ 'ကိုနိုင်' ကြိုစောင့်နေသည်။ 'ကိုနိုင့်' ကိုမြင်တော့ 'ဇင်မာ' 'မွှေး'ကို လွယ်အိတ်မသယ်ခိုင်းရဲ၊ ဖိနပ် မ သူခိုင်းရဲ။

သူ့ဘာသာသူ နှုတ်ခမ်းလေးတစ်ရှုရှုနှင့် ယူကာကားပေါ် အောင့်အောင့်တက်သွားသည်။ သည်လိုဆိုပြန်တော့လည်း 'မွှေး' 'ဇင်မာ့'ကို သနားမိပြန်သည်။ သူ ကိုယ့်အပေါ်မကောင်းပေမယ့် ကိုယ်ကတော့ စေတနာထားမိသူပီပီ ကျောင်းမှပြန်ရောက်သည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် 'မွေး' အိမ်ပေါက်ဝမှပြေးကာ 'ဇင်မာ'ကိုကြိုစောင့်နေမိသည်။ ကားရပ်သည်နှင့် 'မွေး' 'ဇင်မာ'ထံမှ လွယ်အိတ်ကိုပြေးအယူ...

"လုပ်မနေနဲ့"

'မွေး'ကို ဝင်တိုက်ကာ အိမ်ပေါ်ပြေးတက်သွားသည်။ 'ဇင်မာ' အပြုအမူကြောင့် 'မွေး' မျက်ရည်များဝဲတက်လာသည်။ ထမင်းစားပြန်တော့လည်း 'မွေး' ယပ်ခတ်ပေးနေသည်ကို ဂရုမပြု သူ့ဘာသာစားကာ 'ဒေါ်လုံး'ကိုသာ စကားပြောပြီး ထွက်သွား တော့ 'မွေး'ငိုချင်လာသည်။

'ဇင်မာ' သူ့အပေါ်ဘာလို့များ ဒီလောက်တောင်မုန်းနေ တာလဲ။ တွေးကာ စိတ်ညစ်လာသည်။

"နေပါစေ 'မွေး'... ဘာမှ လုပ်မပေးနဲ့... ပုံမှာလဲ ခြေနဲ့ လက်နဲ့ပဲ.. သူ့ဘာသူ လုပ်လိမ့်မယ်"

'ဇင်မာ'အလုပ် မလုပ်ရတော့ဘူးဆိုတော့လည်း 'မွေး' အလုပ်က စာကျက်ဖို့အလုပ်ပဲရှိသည်။ မနက်စောစောထကာ စာကျက်သလို နေ့လယ်ကျောင်းမှဆင်းတော့လည်း စာကျက်ရ သည်။

သည်လိုနှင့် 'မွေး' ပထမတစ်နှစ်ကိုအောင်မြင်စွာ ကျော် ဖြတ်နိုင်ခဲ့သည်။ စာမေးပွဲပြီးသည့်နေ့မှာ 'မွေး'ထင်သည့်အတိုင်း အဖေ 'မွေး'ကို လာစောင့်နေသည်။

"ဖြေနိုင်လားသမီး"





"အိုး... အရမ်းဖြေနိုင်တယ် အဖေ"

ရွှင်မြူးစွာပြေးဝင်လာသော 'မွေး'ကိုကြည့်ကာ 'ဒေါ်လုံး' ဝမ်းသာနေသည်။ အနေကြာတော့လည်း ခင်တွယ်တတ်တာ သဘာဝဆိုတော့ 'မွေး'ပြန်မလာမှာပင် 'ဒေါ်လုံး'စိုးရိမ်နေသည်။ ဒါကြောင့်လဲ...

"မြန်မြန်ပြန်လာနော် 'မွေး' "

"စိတ်ချပါ 'ဒေါ်လုံး'ရဲ့... အလွန်ဆုံးခွဲရ နှစ်လပဲဟာ"

"နှစ်လကြီးတောင်လား 'မွေး'ရဲ့"

"နှစ်လတည်းပါ 'ဒေါ်လုံး'ရဲ့"

ရွာပြန်ရတော့မည်ဆိုတော့လည်း လှောင်အိမ်ထဲက လွှတ်သည့် ငှက်ပမာ 'မွေး' သိပ်ပျော်နေသည်။ အမေနှင့်လည်း တစ်နှစ်နီးပါးတောင် ခွဲနေရတော့ 'မွေး' သိပ်လွမ်းသည်။ 'မွေး' အမေ့လက်ကိုယမ်းကာ တမ်းတမ်းတတမေးလိုက်မိသည်။

"အမေကော နေကောင်းရဲ့လား အဖေ"

"ကောင်းပါတယ်... သမီးပြန်လာရင်ဝတ်ဖို့ အင်္ကျီတွေ ဆောင်စုထားသေးတယ်"

"ဒါကြောင့် အမေ့ကို 'မွေး' ချစ်တာ"

'မွေး' ပြောလျက်မှ အမေ့လက်မောင်းကို တအားဖျစ် ညှစ်ပစ်လိုက်သည်။ ကလေးဆန်လွန်းသော သမီးကိုကြည့်ကာ 'ဦးဘိုသာ' ပြုံးလိုက်မိသည်။ ရင်ထဲမှာတော့ ဝမ်းသာကြည်နူး



www.burmeseclassic.com

www.burmeseclassic.com



လျက်...

"ကဲ သမီးအဝတ်တွေသွားထည့်လေ... အဖေ ကားလက်မှတ်ဖြတ်လာခဲ့ပြီ"

"ဟင် ဒီနေ့လား... ဒီနေ့ပြန်မယ်ဆိုတော့ အဖေပင်ပန်းမှာပေါ့"

"မပင်ပန်းပါဘူး သမီးရယ်... တစ်နှစ်မှ တစ်ခါပဲဟာ"

သည်တော့လည်း 'မွေး' သူ့အဝတ်လေးများကို လွယ်အိတ်ထဲစုထည့်ကာ အဖေ့နားပြေးလာခဲ့သည်။ အဖေ သူ့နားရောက်လာပြီဆိုတော့လည်း 'မွေး' အဖို့ ဘာလိုတော့မလဲ။ 'မွေး' မှာအလိုလိုနေရင်း အားတွေအင်တွေပြည့်ဖြိုးနေသည်။ အလိုလိုနေရင်း ပျော်နေသည်။

"သမီး... ဒေါ်ဒေါ်တို့ကို သွားဦးချလေ"

'မွေး' အိမ်ရှေ့ဧည့်ခန်းထဲပြေးဝင်လာကာ ဒေါ်ဒေါ်တို့ကို ဦးချလိုက်သည်။ ဘာပဲပြောပြော သည်ဘဘနှင့်ဒေါ်ဒေါ်တို့ကြောင့် သူ ဒီမှာနေခွင့်ရခဲ့သည်မဟုတ်လား။ ပြီးတော့ 'ကိုနိုင်'၊ 'ကိုနိုင့်'ကို ဦးချတော့ 'ကိုနိုင်'က 'မွေး'ကိုလှမ်းမေးသည်။

"နောင်နှစ်လည်း လာဦးမှာမဟုတ်လား 'မွေး'"

"လာမှာပေါ့ 'ကိုနိုင်'ရဲ့... ဘာဖြစ်လို့လဲ"

"'ဇင်မာ့'ကိုကြောက်ပြီး မလာတော့ဘဲများ နေမလားလို့"





"'မွေး' 'မမဇင်'ကို ချစ်ပါတယ်"

"တို့ကိုကော"

'မွေး' ရှက်ကာခေါင်းငုံ့ထားလိုက်သည်။ ရင်ထဲမှာတော့ အားတွေရာပေါင်းများစွာ ထောင်ပေါင်းများစွာ ပြောနေမိသည်။ 'ကိုနိုင့်'ကို ချစ်သည့်စကားတွေကလွဲလို့ ဘာစကားဖြစ်ခဲ့ [illegible]။

'မွေး'တို့သားအဖကို ကားဒရိုင်ဘာ 'ဦးမြတ်'က ရိုးမအားဂိတ်ကိုလိုက်ပို့ပေးသည်။ တိုယိုတာ ကိုရိုလာကားလေးပေါ်ထိုင်ရင်း 'မွေး' 'တင်ဦး'ကို သတိရလာသည်မို့ အဖေ့ကိုလှမ်းမေးလိုက်သည်။

"အဖေ... 'တင်ဦး'ကော"

"ခုလောက်ဆို သူလဲ ရွာပြန်ရောက်နေလောက်ရောပေါ့ ဆီတင်းကျွတ် ကျောင်းပိတ်ရက် ရွာခဏပြန်လာတုန်းကတော့ 'မွေး' ပြန်လာရင် လှေဆိပ်က သူလာကြိုမယ် ပြောတာပဲ"

အဖေပြောသည့်အတိုင်း လှေဆိပ်ကိုရောက်တော့ 'တင်ဦး'ကို 'မွေး' တွေ့လိုက်ရသည်။ 'မွေး'ကိုတွေ့တော့ 'တင်ဦး' 'မွေး' နားကိုပြေးလာကာ 'မွေး' မျက်နှာကိုစေ့စေ့လာကြည့်သည်။ ပြီးတော့ 'မွေး'ကို ဝမ်းနည်းစကားပြောသည်။

"နင်က နေနိုင်လိုက်တာ 'မွေး'ရယ်"

"ဘာတုန်းဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



မယ့် သူ့ ကတိအတိုင်း 'မွေး'ကို မတွေ့အောင်၊ စကားမပြောဖြစ်အောင်နေခဲ့သည်။

မတော် သူ စကားပြောတာတွေ့လို့ ဒယ်ဒီ 'မွေး'ကိုရှာပြန်ပို့လျှင် 'မွေး' ရည်ရွယ်ချက်ပျက်လိမ့်မည်။ 'မွေး' ရန်ကုန်လာနေတာ ကျောင်းနေဖို့ဆိုတာ သိသည့် 'ဇင်မောင်နိုင်'။ သူ့ကြောင့် 'မွေး' ရည်ရွယ်ချက်မပျက်စေချင်။

သည့်နောက်ပိုင်းတော့ သူ အိမ်နှင့်ဝေးခဲ့ရသည်။ နီးနေစဉ်က သတိထားမိပေမယ့် ဝေးနေတော့လည်း 'မွေး'က သူ့ဘဝနှင့်ဝေးကွာခဲ့သည်။ သည်ကြားထဲ ကျောင်းတွင်စာတွေလက်တွေ့ပညာနှင့်ဆိုတော့ မအားလပ်တော့။

ယယ်စဉ်က 'ဇင်မောင်နိုင်' တာဝန်မရှိပေမယ့် ခု 'ဇင်မောင်နိုင်'က ကြီးမားသောတာဝန်တွေကြားမှ 'ဇင်မောင်နိုင်'ဖြစ်လာခဲ့ပြီ။ ပြီးတော့ 'ဇင်မောင်နိုင်'ကို ချမည့် တုတ်မည့်ကြိုးတန်ဘေးမှာရှိနေခဲ့ပြီ။

'ဇင်မောင်နိုင်' 'မွေး'ကို ကြည့်နေသောမျက်လုံးကိုဝှေ့ကာ 'အဲလစ်' ဆီပို့လိုက်သည်။

"ဟောဗျာ"

'ဇင်မောင်နိုင်' ပြုံးလိုက်မိသည်။ 'မွေး'ကို ငေးကြည့်နေမိသည် သူ့ကို မျက်စောင်းထိုးနေပါရောလား။ 'ဇင်မောင့်နိုင်' ခုံအောက်မှ 'အဲလစ်' လက်ကလေးဆုပ်ကိုင်လိုက်သည်။ ဖြတ်ကနဲ 'အဲလစ်'က ရုန်းထွက်သွားသည်။

"မလွယ်ပါလား" စိတ်ထဲမှတီးတိုးရွတ်ကာ 'ဇင်မောင်နိုင်' ခေါင်းတွန့်လိုက်မိသည်။ မိန်းမများ အူကိုသိပ်တိုသည်။ ဘာမဆိုင် ညာမဆိုင် ပုခက်ထဲက ကလေးနှင့်ပင် အထင်လွဲချင်နေပြန်သည်။ ခုလည်း ကြည့်၊ 'အဲလစ်' သူ့ကို 'မွေး'နှင့် အူတိုပြန်သည်။

ဘာဆိုင်လဲ၊ 'မွေး'ဆိုတာ သူ့ကိုအားကိုး၍ ကျောင်းလာတက်နေသူ။ သူတို့ကို မှီခိုနေသူ။ 'အဲလစ်' သူ့ကို သံသယကင်းစေချင်သည်မို့လဲ...

" 'အဲလစ်' "

သူ့ကို ခပ်ရှုရှုလေးမော့်ကြည့်လာသည်။

"ခု မောင်ပြန်လာတာ ဘာဖြစ်လို့လဲ သိလား"

'အဲလစ်' ငြိမ်နေသည်။ မထူးတော့သည့်အတူ အားလုံးရှေ့မှာပင် 'ဇင်မောင်နိုင်' ကြေငြာလိုက်သည်။

" 'အဲလစ်'ကို လက်ထပ်ဖို့ပြန်လာတာ"

"ဟေး ဟေး ကိုကိုကွ"

'ပိုး'နှင့် 'ဇင်မာ' လက်ခုပ်လက်ဝါးတီးကြသည်။ 'ဇင်မောင်နိုင်' အမေ 'ဒေါ်ခင်အေး'ကတော့ ပြုံးနေသည်။ 'မွေး'မှာသာ သပ်တောင်လေးကိုင်ကာ 'ကိုနိုင်'ကိုတစ်လှည့်၊ 'မမအဲလစ်'ကိုတစ်လှည့်ကြည့်နေမိသည်။

စိတ်ထဲမှာတော့ ဝမ်းသာခြင်းတစ်လှည့်၊ ဝမ်းနည်းခြင်း

www.burmeseclassic.com

တစ်လှည့်။ ဝမ်းသာခြင်းက 'ကိုနိုင့်'ကို သူချစ်သူနှင့် ဆုံဆည်းရ၍ ဝမ်းသာခြင်းဖြစ်ပြီး၊ ဝမ်းနည်းခြင်းက သူချစ်သော 'ကိုနိုင့်'ကို ထာဝရလက်လွှတ်ဆုံးရှုံးရတော့မည် ဟူသော အသိကြောင့် ဝမ်းနည်းခြင်းပင်။

"ဘယ့်နှယ်လဲ"

'ဇင်မောင်နိုင်'က ထပ်မေးတော့ 'အဲလစ်' ငြိမ်နေမိသည်။ သူ့စိတ်ထဲမှာတော့ 'ကိုနိုင့်'ကို ချစ်သော်လည်း ကျောင်းမပြီးဘဲ လက်မထပ်ချင်။ လူကြီးတွေက သဘောတူပြီးသားဆိုတော့ အေးအေးဆေးဆေးပဲ လက်ထပ်ချင်သည်။ အိမ်ထောင်ရေးကိုလည်း ဖုတ်ပူမီးတိုက် မစဉ်းစားချင်သည်မို့လဲ…

"စောပါသေးတယ်"

"ဒါဖြင့် ဘယ်တော့လက်ထပ်မှာလဲ"

"ကျောင်းပြီးမှ"

"ဒါဆို နောက် နှစ်နှစ်ခွဲသုံးနှစ်လောက် စောင့်ရဦးမှာလား"

"အင်းပေါ့… အဲဒီ အချိန်လောက်ဆို 'ကိုနိုင်'လည်း ရာ[illegible]ကုန်ပြောင်းဖြစ် နေရောပေါ့… မကောင်းဘူးလား"

"မာမီသဘောကကော"

'ဇင်မောင်နိုင်' သူ့မိခင်ဘက် လှည့်မေးလိုက်သည်။

"မာမီက သား သဘော"





"'ပိုး'တို့ကတော့ လူကြီးတွေသဘော"

'ပိုး' စကားကြောင့် ထမင်းဝိုင်းရှိသူများအားလုံး ရယ်မိကြသည်။ 'ဇင်မောင်နိုင်' 'ပိုး'ကိုကြည့်ကာ လှမ်းမေးလိုက်သည်။

"'ပိုး' ဒီနေ့ ကျောင်းမသွားဘူးလားဟ"

"သွားမှာ 'ကိုနိုင်'ရဲ့… နေ့ခင်းမှာ ကလပ်စ်ရှိတယ်… 'ကိုနိုင်' ပြန်ရောက်လာမယ်ဆိုတာနဲ့ လာစောင့်နေတာ"

"နင်က ဘာစောင့်စရာလိုလဲ… 'မမအဲလစ်'စောင့်ရင်ပြီးရောဟာကို"

"သိပါဘူး… 'ကိုနိုင်'များ ငါ့ကိုမြင်ရင် ပျော်မလားဆိုပြီး [illegible] လာစောင့်ပေးနေတာ"

'ပိုး' စကားကြောင့်ရယ်မိကြပြန်သည်။ 'မွေး'မှာလည်း [illegible]လုံမလဲရယ်ရင်း နောက်ဖေးကိုထွက်လာခဲ့သည်။ ဘာပဲပြောပြော 'ကိုနိုင်' ပြန်လာတော့ 'မွေး' ပျော်သည်။ ခါတိုင်းတိတ်ဆိတ်နေသောအိမ်ကြီးက ပြန်လည်စည်ကားသလို ခံစားရသည်။

ထမင်းစားပြီးတော့ 'ကိုနိုင်'နှင့် 'မမအဲလစ်' အပြင်ကို ထွက်သွားကြသည်။ လူကြီးချင်းကလည်း သဘောတူ၊ လူငယ်ချင်းကလည်း ကြည်ဖြူနေကြ သူများမို့ ဘယ်သူကမှ တားမြစ်[illegible]သားတော့။

'ကိုနိုင်'ကော 'မမအဲလစ်'ပါ စိတ်သွားတိုင်း ကိုယ်ပါနေ[illegible]သူများဖြစ်သည်။ 'မွေး' တွေးနေဆဲ ခြံထဲကို ဆီဒင်ကားလေး


www.burmeseclassic.com

www.burmeseclassic.com



တစ်စီး ထိုးစိုက်လာသည်။ ကားပေါ်မှ တိုက်ပုံအင်္ကျီအဖြူ ရှိ
ပုဆိုးနက်ပြာရောင်နှင့် ဆင်းလာသောသူကို မြင်တွေ့လိုက်ရသော
'မွေး' အံ့သြသွားသည်။

'ကိုနိုင်'ဟု နှုတ်မှအော်တော့မည့်အဖြစ်ကို အမြန်ထိန်း
ကာ လှမ်းကြည့်လိုက်တော့ တည်ကြည်ချောမွေ့သော သူ့မျက်
နှာကိုမြင်လိုက်ရသည်။

"'ဇင်မောင်' ရှိလား"

သူ့မျက်နှာက တည်ကြည်သည်နှင့်အမျှ သူ့အသံက
တည်ငြိမ်သည်။ ရုတ်တရက်ဆိုတော့ 'မွေး' ဘာပြန်ဖြေရမှန်း
မသိ၊ သံတံခါးကိုကိုင်ကာ ငေးကြည့်နေဆဲ...

"ဟယ်... 'ကိုတိုး'... လာ လာလေ... ဟဲ့ 'မွေး'ဘာငိုင်နေ
တာလဲ... တံခါးဖွင့်ပေးလိုက်လေ"

အိမ်ပေါ်မှပြေးဆင်းလာသော 'ဇင်မာ့'အသံနှင့် 
လောင်ခတ်နေသော 'ဇင်မာ့' ဟန်ကြောင့် 'မွေး' တံခါးကိုအမြန်
ဖွင့်ပေးလိုက်ရသည်။ 'ကိုတိုး'ဆိုသောလူ ဧည့်ခန်းထဲကိုဝင်လာ
ကာ ဆိုဖာမှာဝင်ထိုင်သည်။

မြင့်မားသော သူ့အရပ်နှင့် သူ့ပုံစံက ခန့်ခန့်ညားညား
နှင့်ကြည့်လို့ကောင်းလှသည်။ 'ကိုနိုင်'က တစ်မျိုးကြည့်ကောင်း
သလို 'ကိုတိုး'ဆိုသည့် သည်လူကျပြန်တော့ တစ်မျိုးကြည့်
ကောင်းနေပြန်သည်။ ငေးကောင်းကောင်းနှင့် 'မွေး' ငေးနေ





ဇင်မာ့' သွက်လက်သောအသံက ထွက်ပေါ်လာသည်။

"ကိုကိုနဲ့ 'မမအဲလစ်'တို့ အပြင်သွားကြတယ် 'ကိုတိုး'...
ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး... ဒီကောင်ကြီး ရောက်နေတယ်ဆို
လို့ လာတွေ့တာ"

"'ကိုတိုး' ပဲခူးရောက်နေတာတောင် ကိုကို မသိသေး
ဘူး"

"'အဲလစ်'က မပြောဘူးလား"

"'ကိုတိုး' အကြောင်းတောင် သူတို့ပြောချိန်မရဘူး"

သူ ပြုံးနေသည်။

'ဇင်မာ'က 'မွေး' ဘက်လှည့်ကာ...

"'မွေး' သွား... အအေးတစ်ခွက်ယူခဲ့"

'မွေး' အိမ်ခန်းထဲကိုဝင်ကာ အအေးယူနေခိုက်...

"အဲဒါ ဘယ်သူလဲ 'ဇင်မာ'"

သူ့မေးသံကို 'မွေး' ကြားလိုက်ရသည်။

'ဇင်မာ'က တိုးနိမ့်သော လေသံနှင့်...

"'ဇင်မာ'တို့ ဆားဗင့်တ်ပါ... ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး"

သူ့ဖြေသံ ဘာမှမဖြစ်ပေမယ့် ခစားရသော 'မွေး'ငိုမှာ
တော့ လှိုင်းထနေသည်။ အအေးဗန်းလေးမကာ ယူလာခိုက် 'မွေး'



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်သော သူ့မျက်လုံးတွေက ကြင်နာသောအရိပ်အရောင်များ ယှက်သမ်းနေပေမယ့် 'မွေး' မျက်ဝန်းမှာတော့ မျက်ရည်တွေ ရစ်ဝဲသည်။

ကြာလျှင် ကိုယ့်ကိုယ်ကို မဟန်နိုင်မှန်းသိသည့် 'မွေး' အိမ်ထဲကို ချက်ချင်းပြေးဝင်ကာ ငိုလိုက်မိသည်။ အိမ်ရှေ့က 'ခင်မော့' မှာတော့...

"ခု 'ကိုတိုး' ပဲခူးကို ပြန်သွားမှာလား"

"ပြန်မှာ... 'ခင်မောင်'နဲ့ တွေ့ချင်လို့ ဝင်လာတာ"

"ဒါဆို နက်ဖြန် လာဦးမှာလား"

"အားရင် လာခဲ့မယ်လေ"

"အားအား မအားအား လာခဲ့ရမှာပဲ"

'ခင်မာ'က ကလေးလိုနွဲ့ဆိုးဆိုးနေသည်။ ယခင်စိတ်မှာကတော့ 'ကိုတိုး'ကို အကိုအရင်းတစ်ယောက်လို စိတ်မှာထင်နေပေမယ့် ယခု စိတ်များကတော့ အကိုလို မခေါ်ချင်တော့။ ချစ်သူလို မှုချင်နွဲ့ချင်နေသည်။

'ပိုး'ကလည်း အားသည်နှင့် စထားသည့် စကားကို သည်မဟုတ်လား။ သည်စကားက...

"ရှုပ်တယ်ကွာ... 'မမအဲလစ်'က 'ကိုနိုင်'ကို ယူသလို 'ခင်မာ'ကျတော့ 'ကိုတိုး'ကို ယူလိုက်... အဲဒီတော့ ပြတ်ကောင်းကောင်းဘူးတား"





'ပိုး' ပြောစဉ်က 'ခင်မာ' စိတ်မဝင်စားပေမယ့် ခုလိုချောမောတည်ကြည်သော ဆရာဝန်တစ်ယောက်အဖြစ် မြင်လိုက်ရသော 'ကိုတိုး'ကို စိတ်ဝင်စားချင်လာသည်။ စိတ်ကစားချင်လာသည်။ ထိုအခိုက် အိမ်ပေါ်က 'ခင်မော့' မာမီဆင်းလာသည်။

"မာမီ... ဒီမှာ 'ကိုတိုး' "

'ခင်မာ' ပြာပြာသလဲပြေးကာ သူ့မာမီလက်ကိုလှမ်းဆွဲလိုက်သည်။ 'ခင်မော့' ပုံစံက ခါတိုင်းလှုပ်ရှားမှုများထက် ပိုမိုလှုပ်ရှားကာသွက်လက်နေသည်။ မျက်နှာလေးကလည်း ပြုံးနေသည်။

"သား 'ကိုတိုး'... ဘယ်တုန်းကရောက်နေလဲ"

"ခုနကပဲ ရောက်လာတာပါ အန်တီ... ပဲခူးကိုစရောက်တည်းက လာမယ် လာမယ် ခုမှပဲ ရောက်တော့တယ်"

"အေးပေါ့ကွယ်... အားမှ မအားကြဘဲကိုး... ခု သားက ဘယ်ဆေးရုံလဲ"

"ပဲခူး ပြည်သူ့ဆေးရုံမှာ အန်တီ... အားရက် စနေ တနင်္ဂနွေမှပဲ အိမ်ကိုပြန်ရောက်ပါတယ်... ဒီနေ့တော့ ကိစ္စရှိတာနဲ့ မြို့ထဲအလာ အိမ်ကိုဝင်ရင်း 'ခင်မောင်' ရောက်နေတယ်ဆိုလို့ ဝင်လာခဲ့တာပါ"

"ကိုကို မရောက်ဘူးဆိုရင်ရော 'ကိုတိုး' "

'ခင်မာ' 'ကိုတိုး'ကို မျက်စောင်းလေး ခဲနေမိသည်။ 'တိုး'ကတော့ 'ခင်မာ့'ကို ကလေးတစ်ယောက်နယ် ခေါင်းလေး

www.burmeseclassic.com

www.burmeseclassic.com



လှမ်းပုတ်ကာ...

"'ဇင်မောင်' မရောက်လည်း 'ကိုတိုး'က လာမှာပါ

ပဲခူးမှာနေရတာဆိုတော့..."

"လာချင်ရင် အနီးလေးပါ 'ကိုတိုး'ရာ... စနေ တနင်္ဂ

'ကိုတိုး' ရောက်နေသားနဲ့ မလာချင်လို့ ခရီးဝေးနေတာပါ"

"'ဇင်မာ'ကလည်းကွာ"

လူကြီးရှေ့မှာဆိုတော့လည်း 'တိုးမြင့်' ပြုံးနေမိသည်

မျက်ဝန်းထဲမှာတော့ စောစောတုန်းက သူ တဒင်္ဂတွေ့လိုက်ရသေ

'မွေး' မျက်နှာလေးကိုမြင်ယောင်နေသည်။ ထပ်တွေ့ရနိုးမျှော်

မိသည်။

နားထဲမှာတော့ 'ဇင်မာ' ပြောသည့်စကားသံလေး

ထပ်ကာ ထပ်ကာကြားယောင်နေသည်။

"ဆားဗင့်တ်" တဲ့...

ဟုတ်ပါ့မလား။ သူမ ရုပ်ရည်လေးက မွန်မွန်ရည်ရ

သန့်သန့်ပြန့်ပြန့်လေး။ ပြီးတော့ ချစ်စရာလေး။ 'တိုးမြင့်'ကိုလှ

ကြည့်နေသည့် သူ့ မျက်ဝန်းကြီးများက ရီးသားကာ အပြစ်က

စင်လှသည်။ ကြင်နာစဖွယ်လည်း ကောင်းသည်။

နက်မှောင်ထူထဲသော ဆံပင်ကို ဘေးခွဲကာ ပိပိရိရိ

ထား၍ သူမ ပုံစံလေးကရှင်းလင်းနေသည်။ 'တိုးမြင့်'တွေးနေ

'ဒေါ်ခင်အေး'အသံက နားထဲဝင်လာသည်။



"ဒါနဲ့ 'ကိုတိုး'ကို ဘာ့တိုက်ပြီးပြီလဲ"

"အောရင့်ချ် မာမီ"

"ကိတ်လေး ဘာလေးမကျွေးဘူးလား... ပုလဲက ကိတ်

ဆိုထားတာရှိတယ်"

"နေပါစေ အန်တီ... ရေအေးအေးလေးပဲ သောက်ရရင်

သောက်ချင်ပါတယ်"

"ရင်ပူလာတယ်နဲ့ တူတယ်... ဟုတ်လား 'ကိုတိုး'"

'ဇင်မာ'က 'တိုးမြင့်'ကို မခို့တရို့ကြည့်ကာပြောတော့

တိုးမြင့်' မလုံမလဲရယ်လိုက်မိသည်။ အမှန်မှာလည်း သူ ရေဆာ

ာထက် 'မွေး'ကိုတွေ့ချင်၍ ဉာဏ်ဆင်ခြင်းသာပါ။ ဒါပေမဲ့

ရွှေဇင်မာ'က ကိုယ်တိုင်သွားခတ်လာတော့ 'တိုးမြင့်' အကြံရ

ှုပ်သွားသည်။

အကြံကုန်လျှင် ဂဠုန်ဆားချက်ဆိုသည့်အတိုင်း 'တိုးမြင့်'

ခုးကိုပြန်ရန် နေရာမှထလိုက်သည်။

"ဟင်... 'ကိုတိုး' ပြန်တော့မှာလား"

"ပြန်မယ်... ဆန်းဒေး 'ကိုတိုး' အိမ်ကိုလာဦးမယ်"

"အန်တီ... ကျွန်တော်ပြန်ဦးမယ်"

'တိုးမြင့်' 'ဇင်မာ့'မိခင်ကိုပါနှုတ်ဆက်ပြီး ထွက်လာခဲ့သေ

ည့် ရင်ထဲမှာတော့ 'မွေး'၏ ကြင်နာဖွယ် ပုံရိပ်လေးက တပ်ပါ

ာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၇

"'ဇင်မာ' ငြိမ်လှချည်လား"

ခါတိုင်း တနင်္ဂနွေနေ့များတွင် 'ဇင်မာ' အကြောင်းမ
အကြောင်းရှာကာ အိမ်မှထွက်တတ်သလောက် သည်တနင်္ဂနွေ
မှာတော့ငြိမ်ချက်သားကောင်းနေသည်။ အိမ်ရှေ့ကိုလည်း မ
မသာလေးမျှော်နေမိသည်။ 'ဇင်မောင်နိုင်' ညီမဖြစ်သူကိုလှ
ကြည့်ကာ စ,လိုက်သည်။

"ဘယ်လိုလဲ... ကိုကိုက 'အဲလစ်'ကို မျှော်နေသလို 'ဇင်
မာ'ကလည်း 'ကိုတိုး'ကိုမျှော်နေတာလား"

"ကိုကိုနော်"

ဟုတ်တာပြောတော့ 'ဇွင်မာ' ရှက်ကိုးရှက်ကန်းဖြစ်



သည်။ 'ကိုတိုး' လာသွားသည့်နေ့ကတည်းက 'ဇင်မာ့' စိတ်တွေ
အကြီးအကျယ်ပြောင်းလဲနေသည်။ 'ကိုတိုး'ကိုသာ တွေ့ချင်စိတ်
ပေါ်နေသည်။

ခါတိုင်း 'ပိုး' စနေတာကျပေမယ့် 'ဇင်မာ' မလှုပ်ရှားခဲ့။
ခုတော့လည်း 'ဇင်မာ့'စိတ်တွေ ဘာဖြစ်ကုန်ပါလိမ့်။ အတွေးနှင့်
'ဇင်မာ' ထမင်းစားခန်းကိုလှမ်းကြည့်လိုက်သည်။ 'မွေး'နှင့် 'ဒေါ်
လုံး' အလုပ်တွေရှုပ်နေသည်။

သည်နေ့ 'ကိုတိုး'နှင့် 'အဲလစ်'တို့ကို အုန်းထမင်းဖိတ်
ကျွေးမည်ဟု ကြိုတင်ပြောထားတော့ ညနေသည်လာလျှင် ကျွေးဖို့
မွေးဖို့ပြင်ဆင်နေကြသည်။ 'ပိုး'ကတော့ မဖိတ်လည်း လာမည့်
ညီမို့ ထမင်းစားပွဲမှာ ကုလားထိုင်ကိုပို့ချထားလိုက်သည်။

ကိုကိုနှင့် 'မမအဲလစ်'က တစ်တွဲ၊ သူနဲ့ 'ကိုတိုး'။ တွေး
ရင်း 'ဇင်မာ' ရယ်ချင်သွားသည်။ 'ပိုး'သာရှိလျှင် 'ဇင်မာ့'ကို ခုမှ
ဘာအရှုံးထတာလဲ ပြောမှာသေချာသည်။ ပြောပါစေတော့ ခုမှ
'ဇင်မာ'က ချစ်မိတာကိုး။

'ဇင်မာ' အိမ်ပေါ်တက်လာကာ မှန်ရှေ့ရပ်လိုက်သည်။
အိမ်နေရင်းဝတ်မယ့် အင်ဒီနီးရှား နက်ပြာရောင်ဝမ်းဆက်ကို 'ဇင်
မာ' ဝတ်ထားသည်။ 'ကိုတိုး' သူ့ကိုမြင်လျှင် စိတ်ဝင်စားစေချင်
သည်။ မိန်းမတို့၏ဥစ္စာက အဆင်းမဟုတ်လား။

သူ့မှာ ဆယ်တန်းမအောင်သေးသည့် အချင်းမရှိ၍ အ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းနှင့် 'ဇင်မာ' 'ကိုတိုး'ကို စိတ်ဝင်စားစေချင်ပါသည်။ 'ဇင်မာ' အောက်ထပ်ကိုပြန်ဆင်းလာတော့ ကြက်သားဟင်းက ဇီရာနံ့ပင် သင်းနေပြီ။ အုန်းထမင်းမှ အုန်းနို့နံ့ကလည်း ကြိုင်လှိုင်နေပြီ။

ထမင်းစားပွဲဘေးမှာ 'မွှေး'ကတော့ ချွေးပြန်နေသည်။ မိုးလင်းကတည်းက 'ဒေါ်လုံး'နှင့် ဈေးအတူလိုက်ကာ ဈေးဝယ်ရ သလို ပြန်လာတော့လည်း မနားတမ်းချက်ပြုတ်ရတော့ မနက် ကတည်းက လူးထားသော သနပ်ခါးရေကျဲပင် 'မွှေး'မျက်နှာမှာ ကင်းချင်နေပြီ။

ဝတ်ထားသည့် ရှန်သားအင်္ကျီ အဝါလေးကလည်း ချွေး တို့ဖြင့်နံ့ချင်နေပြီ။ 'မွှေး' သူ ဝတ်ထားသည့် လေယာဉ်မောင်းလုံ ချည် အညိုရောင်လေးကိုပြန်ဝတ်ရင်း 'ဇင်မာ့'ကို လှမ်းကြည့် လိုက်သည်။

ဖြူဖွေးသောအသားလေးဖြင့် 'ဇင်မာ့' အလှက နည်းက် နေသည်။အဖေချော အမေချောမို့ 'ကိုနိုင့်'တော 'ဇင်မာ'ပါ အပြစ် မရှိအောင်လှကြသည်။ 'ကိုနိုင်'က မေးလ်စပို့ရှပ်အပြာနုရောင်နှင့် ကချင်ပုဆိုးကွက် နက်ပြာရင့်ရောင်ကိုဝတ်ထားကာ မျက်ဝန်းများ ကခြံဝကိုရောက်နေသည်။

ခဏနေတော့ မောင်နှမနှစ်ယောက်ပြိုင်တူကြည့်မိပြီး 'ကိုနိုင့်' နှုတ်က အလျင်ထွက်လာသည်။

"'ကိုနိုင်' လိုက်ခေါ်လိုက်မှ ထင်တယ်"





"'ကိုနိုင့်' သဘောလေ"

'ကိုနိုင်' အိမ်ပေါ်ထပ်မှ ပေါ့ပါးစွာပြေးထွက်သွားပြီး မ ကြာခင် ခြံဝမှ တိုရိုတာ ကရိုလာကားလေး ခြံပြင်ကိုပြေးထွက် သွားသည်။ 'ဇင်မောင်နိုင်' တိုက်ရှေ့ကိုရောက်တော့ 'အဲလစ်'တို့ ကလည်းထွက်အလာနှင့်ဆုံသည်။

"ဘယ်လိုလဲ 'ကိုတိုးကြီး' ကြာလှချည်လား... အပျိုအိမ် လူပျိုလှည့်မှာမို့ သပ်ပြင်နေတာလား"

"ဟာကွာ... 'ဇင်မောင်'ကလဲ"

'တိုးမြင့်'ကတော့ ရှက်ရှက်နှင့်ရယ်နေသည်။ 'ပိုး'က သည်း အကိုကို့လှမ်းကြည့်ရင်း...

"ဟုတ်တယ် 'ကိုနိုင်'... ကိုကိုရယ် ဘာဖြစ်နေတယ် မသိ ဘူး... မနက်ကလည်း သီချင်းလေးတအေးအေးနဲ့... ပြီးတော့ မှန်လည်း ကြည့်နေတယ်"

"ဟော ဘယ်လိုလဲ 'ကိုတိုးကြီး'... ပေါ်ပြီး အားနာရမယ့် လူတွေမဟုတ်ဘူးနော်"

"မဟုတ်ပါဘူး 'ဇင်မောင်'ရာ... အလကား ဒီကောင်မ လေး ငါ့ပဲလိုက်ချောင်းကြည့်နေတာ"

"မဟုတ်ဘူးလား... 'ပိုး' ပြောတာ"

"ကဲ ကဲ သွားမယ်... ဟိုမှာ စောင့်နေတာ အားနာစရာ"

'အဲလစ်'က လောမှကားပေါ်တက်လိုက်ကြသည်။ 'အဲ



www.burmeseclassic.com

www.burmeseclassic.com



လစ်'တို့ ညီအမနှစ်ယောက်က နောက်မှထိုင်ကာ 'တိုးမြင့်'က 'ဇင်မောင်နိုင်'ဘေးမှာထိုင်သည်။ လူကြီးချင်းကလည်း ရင်းနှီးသလို၊ ခြံချင်းကလည်း ကပ်လျက်ဆိုတော့ လူငယ်တွေလွှတ်လပ်မှုကို လူကြီးတွေက မချုပ်ချယ်။

'ဇင်မောင်နိုင်'၏အိမ်ကို 'အဲလစ်'တို့ ဝင်ထွက်နေကြသလို 'အဲလစ်'တို့အိမ်သို့လည်း 'ဇင်မောင်နိုင်'တို့မောင်နှမ ဝင်ချင်တိုင်း ဝင်နိုင်ကြသည်။ အရွယ်တွေကရောက်လာသလို ပညာတွေကလည်းပြည့်စုံလာကြပြီဆိုတော့ ဖြစ်ခြင်းဖြစ်လည်း ဘာမှနာစရာမလိုသောသဘောနှင့် လွှတ်ထားကြသည်။

'ဇင်မောင်နိုင်'ကားလေး ခြံထဲရောက်တော့ 'ဇင်မာ'က ပြေးကြိုသည်။

"'ကိုတိုး'က သိပ်နောက်ကျတာပဲ"

နှုတ်ခမ်းကသာ ရှုစူလေးပြောနေပေမယ့် 'ဇင်မာ့'မျက်နှာကပြုံးနေသည်။ 'ပိုး'ကတော့ 'ဇင်မာ့'ကိုကြည့်ကာ စသည်။

"ဟော့ကောင် ငါပါသေးတယ်နော်"

"ဘာလဲ 'ပိုး'ရဲ့"

"သိဘူးလေ... 'ဇင်မာ့' မျက်ဝန်းထဲ ကိုကို့ပဲ မြင်နေလားလို့"

"'ပိုး' နော်"

'ဇင်မာ'က ခါတိုင်းနွဲ့တာထက် ပိုနွဲ့ကာ ခါတိုင်းချွဲတာထက် ပိုချွဲပြသည်။

"'ဇင်မာ' ငိုလိုက်မှာ သိလား... ဒီမှာ ဟင်းတွေအေးမှာစိုးလို့ စိတ်ညစ်ရတဲ့အထဲ"

"ဟင်းက 'မွှေး'နေတာပဲ... ဆာတောင်လာပြီ"

'ပိုး'က အရင် ကလားထိုင်မှာ ဝင်ထိုင်သည်။ 'တိုးမြင့်'ကတော့ ကုလားထိုင်မှာဝင်ထိုင်ပြီး ဟိုဟိုသည်သည်ကြည့်ကာ...

"အန်တီတို့တော"

"မရှိကြဘူး... မနက်ကတည်းက ဘုရားသွားကြတယ်"

'ဇင်မောင်နိုင်' ဝင်ဖြေလိုက်သည်။ ပြီးတော့ 'တိုးမြင့်' ပန်းကန်ထဲကို ဟင်းစထည့်သည်။ ကိုယ့်ထက်ကြီးသူမို့ အရိုအသေပြုသည့်သဘော။ 'အဲလစ်'ကလည်း 'ဇင်မောင်နိုင်' ပန်းကန်ထဲကို ဟင်းထည့်တော့ 'တိုးမြင့်' ထည့်ရမည့်သူက 'ဇင်မာ'။ 'ပိုး'ကတော့ သူ့ပန်းကန်လေး အရင်မကာ...

"တို့ကတော့ ဒီအထဲမပါဘူးနော်" ဆို၍...

'တိုးမြင့်' 'ဇင်မာ့' ထဲသို့သာ ကြက်သားဖတ်ကိုလှမ်းထည့်ပေးလိုက်သည်။ သူ့စိတ်ထဲမှာတော့ 'ဇင်မာ့'ကို ညီမအရင်းအခြာလေးပမာမို့ တုန်လှုပ်ခြင်းအလျဉ်းမရှိပေမယ့် 'ဇင်မာ့'ရင်ထဲမှာတော့ ပီတိတွေဝေနေသည်။

"ဟင်းကကောင်းလှချည်လား... ဘယ်သူချက်တာလဲ"

'မွှေး'ဟု ဖြေတော့မည့်ပါးစပ်ကို အမြန်ပြင်ကာ 'ဒေါ်လုံး'





www.burmeseclassic.com

www.burmeseclassic.com



ဟု ဖြေလိုက်သည်။ မီးဖိုချောင်ထဲရောက်နေသော 'မွှေး'မှာတော့ 'ဇင်မာ' ဖြေသံကြောင့် သက်ပြင်းချလိုက်သည်။ 'ဒေါ်လုံး'ကိုလဲ—

" 'ဒေါ်လုံး' သွားစမ်းပါ… 'မွှေး' မသွားချင်လို့"

"ဘာဖြစ်လို့လဲ 'မွှေး'ရဲ့"

" 'မွှေး' သွားရင် 'ဇင်မာ' ကြိုက်မှာမဟုတ်ဘူး"

'အဲလစ်'အကို 'တိုးမြင့်'ကို 'ဇင်မာ' စိတ်ဝင်စားနေမှန်း 'မွှေး'သိ၍ ဝေးဝေးကရှောင်နေရန်သာ ဆုံးဖြတ်လိုက်မိသည်။ ထမင်းပွဲရောက်နေသော 'တိုးမြင့်'မှာတော့ ထမင်းသာစားနေ သည် မျက်ဝန်းများကတော့ 'မွှေး'ကို မသိမသာလေးရှာနေ သည်။

ရာ်ထူးကလည်းရှိ၊ အသက်ကလည်း နှစ်ဆယ့်ငါးနှ ကျော်လို့ နှစ်ဆယ့်ခြောက်နှစ်ထဲရောက်လာပြီဆိုတော့ အရာ ကိုထိန်းသိမ်းနေရသည်။ စောင့်စည်းနေရသည်။ ဒါပေမဲ့ မျက်ဝ များကတော့ မီးဖိုချောင်ကိုသာ မကြာခဏရောက်နေ၍…

" 'ကိုတိုးကြီး'… ဘာလဲ ဟင်းကောင်းရှိလို့ အိမ်ကိုသ ချင်သေးလို့ မီးချောင်ကိုကြည့်နေတာလား"

"မဟုတ်ပါဘူးကွာ"

"ဒါဖြင့် ဘာဖြစ်လို့လဲ"

"ငါစားလိုက်လို့ ကုန်သွားရင် နောက်တစ်ခါ မကျ စိုးလို့"





"ဒါတော့ မပူနဲ့… အများကြီးချက်ထားတာ… ပြီးတော့ အိမ်ကိုပို့ခိုင်းဦးမှာ"

'ဇင်မာ'က ပြောလည်းပြော၊ ဟင်းများကိုလည်း 'ကိုတိုး' ဒန်းကန်ထဲထည့်ပေးနေ၍ 'ပိုး'က…

"ဟော့ကောင် အသည်းတွေချည်းပဲ ဘာလို့ 'ကိုတိုး'ထဲ ရွေးထည့်ပေးနေရတာလဲ… ဘာလဲ 'ကိုတိုး'ကို အသည်းပေးချင် နေပြီလား… 'ကိုတိုး' အသည်းပြန်ပေးလိုက်လေ"

" 'ပိုး'ကလဲကွာ"

'ဇင်မာ' 'ပိုး'၊ ပေါင်ကိုဆွဲလိမ်လိုက်သည်။ မသိမသာ နောက်လျှင် ခံနိုင်စရာရှိပေမယ့် ပြောင်ပြောင်ကြီးနောက်တော့ ဇင်မာကော 'တိုးမြင့်'ပါ အနေရခက်နေသည်။ 'ဇင်မောင်နိုင်' 'တိုးမြင့်' အနေမခက်စေရန် စကားလမ်းကြောင်းပြောင်းပစ်ရ သည်။

" 'ကိုတိုးကြီး' ဆတ်တာဒေး ဆန်းဒေး… အမြဲ အိမ်ပြန် သလဲလား"

"ရောက်တာ များပါတယ်"

"နောက် မပြန်နဲ့"

"ဘာဖြစ်လို့လဲ"

"သူတို့လက်ချက်နဲ့ စိတ်ညစ်မှာစိုးလို့"

"အောင်မယ်လေး… စိတ်ညစ်ဖို့ဝေးလို့ ကိုကိုရောက်မှာ



www.burmeseclassic.com

'ကိုတိုးကြီး' အိမ်လာတာပါနော်... နို့မို့ဆို 'ဇင်မာ'ဆိုတဲ့ကောင်မ လေးကို သူက သတိတောင်ရတာ မဟုတ်ဘူး"

" 'ဇင်မာ'ကတော့ သတိရတယ်ပေါ့"

" 'ပိုး' ကလဲကွာ"

'ဇင်မာ' 'ပိုး' ပေါင်ကို ရှက်ကိုးရှက်ကန်း ဆွဲလိမ်လိုက် သည်။ ထမင်းစားပြီးတော့ အိမ်ရှေ့ဧည့်ခန်းမှာ စုထိုင်မိကြ ဖြ သည်။

"ခု 'ဇင်မောင်' အလုပ်က ခွင့်ဘယ်နှစ်ရက်ယူလာတာ လဲ"

"တစ်ပတ်လောက်ပါ"

"ကိုကိုသာ ရန်ကုန်မှာကျရင် သိပ်ကောင်းမှာပဲ နော် 'ကိုတိုး' "

"အေးပေါ့... သူလည်း ကျချင်မှာပေါ့"

'တိုးမြင့်' 'ဇင်မောင်နိုင်'ကိုလှမ်းကြည့်သလို 'ဇင်မောင်နိုင် မျက်ဝန်းများက 'အဲလစ်'ကို လှမ်းကြည့်သည်။ ပြီးတော့မှ လေး သောလေသံနှင့်...

"အခြေအနေ မပေးတော့လည်းလဲ အနေဝေးနေရ ပေါ့"

"ကိုကို့ အခြေအနေကလည်း ဝေးနေတာပဲကောင်း တယ်"



www.burmeseclassic.com



"ဘာဖြစ်လို့လဲဟ"

" 'မမအဲလစ်'ကမှ လက်မထပ်နိုင်သေးဘဲ"

"တစ်နေ့တော့ လက်ထပ်မှာပေါ့ဟာ"

"ဒါဆို ခုကတည်းက အဲင်ဂေ့ချ် လုပ်ထားလိုက်ပါလား"

"ဘယ်လိုလဲ 'အဲလစ်' "

'ဇင်မောင်နိုင်' 'အဲလစ်'ကိုလှမ်းမေးသည်။

"လူကြီးတွေ မေးကြည့်ပါဦး"

"ဟုတ်တယ်... 'အဲလစ်'ပြောတာ ဟုတ်တယ်... ချစ်တာ လူငယ်တွေအလုပ်... စေ့စပ်လက်ထပ်တာက လူကြီးတွေရဲ့ လုပ်... မာမီကို ပြန်မေးကြည့်လိုက်ဦး"

'တိုးမြင့်' စကားကြောင့် အားလုံးငြိမ်သွားသည်။ ထိုအ အတန့်မှာ 'တိုးမြင့်' မျက်ဝန်းများက ထမင်းစားခန်းထဲရောက် သည်။ ထမင်းစားပွဲသိမ်းနေသော 'မွေး'ကို မြင်လိုက်သည့် နိုက်မှာတော့...

"ရေတစ်ခွက်လောက်သောက်ချင်တယ် 'ဇင်မာ'... အုန်း င်းရင်ပူတယ်"

"ဟိုမှာ 'မွေး'ရှိသားပဲ... 'မွေး' ရေတစ်ခွက်လောက်ယူ ခဲ့... 'ကိုနိုင့်'အတွက်ပါ တစ်ခွက်"

'ဇင်မောင်နိုင်' လှမ်းအော်လိုက်တော့ 'တိုးမြင့်' ကျေးဇူး သွားသည်။ မျက်ဝန်းများက 'မွေး'ဆီ မသိမသာလှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း စိတ်ထဲမှ 'မွေး' နာမည်လေးကို ရွတ်ကြည့်နေမိသည်။ တ... သက်နှင့်တစ်ကိုယ် ဒီအရွယ်ထိတောင် ရောက်လာခဲ့သော်လည်း 'တိုးမြင့်' သဘောကျသော မိန်းကလေးကိုမတွေ့ခဲ့။

ခု တွေ့မယ့်တွေ့တော့ 'မွေး'ကိုမှ လာတွေ့ရသည်။ 'တိုး... မြင့်' တွေးနေဆဲ 'မွေး' သူတို့ရှေ့ကို ရောက်လာသည်။ အ... ပြောင်နေသောမျက်နှာလေးနှင့်ပင် 'မွေး' ပုံစံလေးက ချစ်ချင်... ဖွယ်။

နေရင်းထိုင်ရင်း 'တိုးမြင့်'သည် 'မွေး'ဆိုသော ကောင်... လေးကို ကြင်နာသောစိတ်ယိုဖိတ်နေသည်။ ဒါပေမဲ့ လူကြီး... တော့ မသိမသာဟန်ဆောင်ကာ ရေတစ်ခွက်ယူသောက်လို... သည်။ 'မွေး' ရေခွက်တွေထည့်လာသော ဗန်းလေးချကာအထွ...

" 'မွေး' "

'ဇင်မာ့' လေသံက မာမာထွက်လာသည်။ ယောက်... စည့်သည်လာလျှင် 'ဇင်မာ' မကြိုက်သည်မို့...

"ချိုင့်ပြင်ပြီးရင် 'ကိုတိုး'တို့အိမ် အုန်းထမင်းနဲ့ ကြက်သား... ဟင်း သွားပေး... ကြားလား"

'မွေး' ခေါင်းလေးညိတ်ကာ သူတို့ရှေ့မှအမြန်ဆုံး... ထွက်လာခဲ့သည်။ အလုပ်လုပ်ရတာ မပင်ပန်းပေမယ့် သူတို့... တွေ့ရမှာ 'မွေး' အသေကြောက်သည်။ အထူးသဖြင့် 'ဇင်မာ'... 'မွေး' မတွေ့လို။

တစိမ်းဧည့်သည်ရှေ့ဆို 'ဇင်မာ'က အမြဲ အကဲပိုသည့်မို့ သတိထားနေကာမှ ခုတော့ 'မွေး' ခံရပြန်သည်။ 'ကိုနိုင်'ကတော့ 'မွေး' ပင်ပန်းမှာစိုး၍...

" 'အဲလစ်'တို့ ပြန်မှ ထည့်ပေးတော့လည်း ဖြစ်သားနဲ့ 'ဇင်မာ'ရယ် "

"အို... 'မမအဲလစ်'တို့ ပြန်မှဆို နေမြင့်နေမှာပေါ့ ကိုကိုရဲ့ စောစောပေးတော့ အန်ကယ်တို့ စောစောစားရတာပေါ့"

'တိုးမြင့်'ကတော့ မောင်နှမနှစ်ယောက် စကားပြောနေ... ကိုငေးကြည့်ရင်း စိတ်ထဲမှ 'မွေး'နှင့်တွေ့ဖို့ အကြံထုတ်နေ... သည်။ သူ 'မွေး'နှင့် ဘယ်လိုတွေ့ပါ့မလဲ။ 'တိုးမြင့်' အကြံရသွား... သည်။

" 'ဇင်မောင်' "

"ဘာလဲ"

"ငါ ခဏအိမ်ပြန်ဦးမယ်"

"ဘာလုပ်မလို့လဲ 'ကိုတိုး'ရဲ့"

"အုန်းထမင်းစားတာ များသွားတယ်"

'တိုးမြင့်' စကားကြောင့် အားလုံးဝိုင်းရယ်ကြသည်။

"ဒီမှာ ဝိတ်လျှော့လဲ ရရဲ့သားနဲ့"

"ရှက်တယ်ကွ... ခဏပါ... ပြီးရင် ပြန်လာမယ်"

"ဒါဆို အတော်ပဲ... ချိုင့်ပါယူသွားပါလား"

www.burmeseclassic.com

www.burmeseclassic.com



'ဇင်မောင်နိုင်' စကားကို 'ဇင်မာ'က ဝင်ဖျက်သည်။

"အို... ကိုကိုကလဲ... 'မွေး'ကို ခိုင်းပြီးသားဟာကို"

"ဟုတ်သားပဲ 'ကိုနိုင်'ကလဲ... သူ့ဘာသူ သွားပါစေ... 'ကိုတိုး' ကားယူသွား"

တစ်ယောက်တစ်ပေါက်ပြောနေသည့်ကြားမှ 'တိုးမြင့်' 'ဇင်မောင်နိုင်' ကားကိုယူကာ အိမ်ဘက်ကိုမောင်းလာခဲ့သည်... လမ်းတွင် သူထင်သည့်အတိုင်း 'မွေး'ကို ချိုင့်ကြီးဆွဲကာတွေ့လိုက်ရသည်။ လေးပင့်သောချိုင့်အရှိန်ကြောင့် 'မွေး' ကိုယ်လေးစောင်းနေသည်။

" 'မွေး' "

'တိုးမြင့်' 'မွေး' နောက်မှ ကားကိုထိုးရပ်ကာ'မွေး'ကို လှမ်းခေါ်လိုက်သည်။

"ခဏနေဦး 'မွေး'... ခု 'မွေး' ဘယ်ကိုသွားမှာလဲ"

" 'မမအဲလစ်'တို့အိမ်ပါ"

"ဒါဆို ကားပေါ်တက်"

"ဟင့်အင်း... 'မွေး' မစီးရဲဘူး"

"လာပါ... တို့လည်း အိမ်ကိုပြန်မှာပါ"

"သွားပါ... 'မွေး' ဘာသာလိုက်ခဲ့ပါ့မယ်"

"ဘယ်ဖြစ်မလဲ... ချိုင့်ကြီးကအလေးကြီး... လာ တက်..."

'တိုးမြင့်' အမိန့်ပေးသလိုပြောမှ 'မွေး' ကားပေါ်မဝံ့မရဲ...



...က်လာသည်။ ကားပေါ်မျက်လွှာလေးချကာပါလာသော 'မွေး' မျက်နှာလေးကိုငေးကြည့်ကာ 'တိုးမြင့်' ရင်မှာကြင်နာမိသည် ...င် 'မွေး' အကြောင်းလေးတွေမေးမိသည်။

" 'မွေး' နာမည်က တစ်လုံးတည်းလား"

"ဟုတ်ကဲ့ပါ"

"ဘယ်သူပေးတဲ့ နာမည်လေးလဲ"

"အဖေ ပေးတာပါ"

ဖြေသာ ဖြေရသည်။ 'မွေး' ငိုချင်နေသည်။တတ်နိုင်လျှင် ...ားပေါ်မှ ဆင်းပြေးချင်နေမိသည်။ 'ဇင်မာ'နှင့် မပတ်သက်လို ...ဘမှ 'ဇင်မာ'သဘောကျသည့်သူနှင့် တစ်ကားတည်း၊ တစ်ခရီး ...ည်း စီးမိလျက်သားမို့ 'မွေး' စိတ်ညစ်နေသည်။

" 'မွေး'တို့ရွာက ဘယ်မှာလဲဟင်"

အရေးထဲ သူက လေရှည်နေပြန်သေးသည်။မဖြေလည်း ...ကောင်း၊ ဖြေလည်းမကောင်းမို့ 'မွေး' စိတ်မသက်မသာလေးနှင့် ...ဖြေလိုက်မိသည်။

"ပကိုင်(ပန်းခိုင်)ရွာပါ"

'တိုးမြင့်' ပခုံးကိုပင့်ရင်း...

"တို့တစ်ခါမှ မကြားဖူးပါလား... ဘယ်နားမှာလဲ"

"ဖောင်တော်သီ ဟိုဘက်မှာပါ"

"ဖောင်တော်သီ... ဩော် ဖောင်တော်သီတော့ကြားဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဟုတ်ကဲ့... ဖောင်တော်သီရဲ့ဟိုဘက်ကို လှေနဲ့ကူး
သေးတယ်"

"ဟိုမှာ ဘယ်သူရှိလို့လဲ"

"'မွှေး' အဖေနဲ့အမေရှိပါတယ်"

"အဖေ အမေနဲ့ ဘာလို့ မနေလဲ"

"'မွှေး'တို့ မိဘတွေက ဆင်းရဲပါတယ်... ဒါကြောင့်
'မွှေး' ဒီမှာလာနေတာ"

'တိုးမြင့်' ခေါင်းညိတ်လိုက်သည်။ သူမအကြောင်း မေ
ခင်ကတည်းက သူမကိုကြင်နာခဲ့ရပေမယ့် ခုတော့ ပိုလို့ပင်ကြ
နာမိပြန်သည်။ ကားမောင်းလျက်မှပင် 'တိုးမြင့်' 'မွှေး'ကိုလှည့်
ကြည့်လိုက်သည်။

ဘေးတိုက်မြင်ရသောမျက်နှာလေးက ချစ်ချင်စဖွယ်
လေးပါ။ စွဲမက်စရာကောင်းသော မျက်နှာလေးပါ။ နှာတံလေး
ထင်းကာ နှုတ်ခမ်းထူထူလေးက ပိပိရိရိသေသေသပ်သပ်။ တ
ငြိမ်သောမျက်ဝန်းကြီးများကတော့ 'တိုးမြင့်'ကို တစ်ချက်က
မှလှည့်မကြည့်ဘဲ ရှေ့တည့်တည့်ကိုသာလှမ်းကြည့်နေသည်။

တကယ်လို့ 'ဇင်မာ'သာ မပြောလျှင် 'မွှေး'ပုံစံလေး
အစေခံလို့လုံးဝ မထင်ရက်စရာပါ။

"'မွှေး' ကျောင်းမနေဘူးလား"





"မနေတော့ပါဘူး"

'ဇင်မာ' စကားတိုင်းလိုက်ကာ 'မွှေး' ဖြေလိုက်မိသည်။

"ငယ်ငယ်တုန်းက ဘယ်နှစ်တန်းအထိ 'မွှေး' သင်ခဲ့ရသ
လဲ"

"သုံးတန်းထိပါ"

"ဪ..."

'တိုးမြင့်' ရင်မှာ သနားထက်သနားလာချိန် ကားက
ည်း အိမ်နှင့်နီးသထက် နီးလာသည်။ ဖြစ်နိုင်လျှင်တော့ သည့်
က်အကြာကြီးကားမောင်းကာ သူမနှင့် စကားတွေအကြာကြီး
ချင်သေးသည်။ သို့ပေမယ့်လည်း တိုက်ရှေ့ရောက်လာပြီဆို
တော့ မဆင်းလို့မဖြစ်တော့။

"လာ 'မွှေး'"

'တိုးမြင့်'က ဦးဆောင်ကာ တိုက်ထဲကိုဝင်လာခဲ့သည်။

"ဟိုဟာ ဘယ်သူလဲ သား... 'ဇင်မာ'လည်း မဟုတ်ပါ
ဘူး"

'တိုးမြင့်' တိုက်ထဲဝင်လာတော့ မိခင် 'ဒေါ်နန်းရီ'က 'တိုး
မြင့်'ကို လှမ်းမေးသည်။

"'မွှေး'ပါ... 'ဇင်မာ'တို့အိမ်က အနှီးထမင်းလာပို့တဲ့...
း လမ်းမှာတွေ့လို့ခေါ်လာတာ"

"ဪ ဪ"



www.burmeseclassic.com

www.burmeseclassic.com

'တိုးမြင့်'မိခင်က ဘာမှမပြောဘဲ တိုက်ထဲဝင်သွား

မယ့် အိမ်ရှေ့ခန်းမှာထိုင်နေသော 'မွှေး'မှာတော့ ပြန်ချင်

သည်။ သူများအိမ်မှာနေရတာ အနေခက်လှသည်။ ပြီးတော့

သည် ဒေါက်တာ 'တိုးမြင့်' ဆိုသူနှင့် သူ့ စကားမပြောချင်

'မွှေး' သူတို့အသိုင်းအဝိုင်းနှင့် ကင်းကင်းနေချင်သည်။ ချိုင့်လဲ

တော့ 'မွှေး' ပြန်ရန်အထ...

"ခဏနေဦး 'မွှေး'... တို့လိုက်ပို့မယ်"

"'မွှေး' ဘာသာ 'မွှေး' ပြန်ပါ့မယ်"

"တို့လဲ အဲဒီအိမ်ကို သွားမှာပဲဟာ... လာ"

အမိန့်ပေးသလို သူ့ စကားကြားမှာ 'မွှေး' ခက်

ကော၊ စိတ်ပျက်လက်ပျက်နှင့် နေအိမ်ခန်းမှာဝင်အထိုင်...

"လာလေ 'မွှေး'... ရှေ့ကိုပဲလာ"

ဒုက္ခပါပဲ။ 'မွှေး' ရင်ထဲမှညည်းကာ သူ့နံဘေးမှာဝင်

လိုက်သည်။ မနက်စောစောကရေချိုးထားပါရဲ့။ ဈေးသွား

ပြုတ်နှင့် ခုတော့ ဆီပြန်မျက်နှာဖြစ်နေပြီ။ ချွေးစော်နံနေပြီ။

သူ့ကို အားနာစွာနှင့် ကိုယ်လေးကျုံ့ထားမိသည်။ ကိုယ့်ဆီမှ

နံ့ သူ့ဆီကို မပြန့်လွင့်စေချင်သည်မို့လည်း တံခါးပေါက်နံဘေး

ကိုယ်ကို မရရအောင် ကပ်ထိုင်ထားမိသည်။

'တိုးမြင့်'ကတော့ 'မွှေး' ပုံစံလေးကိုကြည့်ကာ တိတ်

ပြုံးလိုက်မိသည်။ ဘယ်သူတွေဘာပဲပြောပြော၊ သူကတော့





င်းထိုင်ရင်း သူ့နံဘေးမှာ 'မွှေး'ဆိုသော ညိုချောလေးကိုစိတ်

ဝင်စားမိပြီမို့ ခါတိုင်း စနေ၊ တနင်္ဂနွေ ပြန်ဖို့ရန် စိတ်မဝင်စား

သမယ့် ခုတော့ စနေ၊ တနင်္ဂနွေနေ့တိုင်းပြန်ရန် ဆုံးဖြတ်လိုက်မိ

သည်။ ခြံဝရောက်တော့ 'မွှေး' ဆီက အသံထွက်လာသည်။

"အဲ... အဲဒီနားမှာ 'မွှေး'ကို ချပေးပါ"

"ဘာဖြစ်လို့လဲ"

"လုပ်ပါ... အိမ်ရှေ့ထိ မစီးရဲလို့ပါ"

"ဘယ်သူ ဆူမှာမို့လဲ"

'မွှေး' မဖြေ။ နှုတ်ခမ်းလေးကိုကိုက်ကာ ခေါင်းငုံ့ထား

သည်။ မျက်ဝန်းထဲမှာတော့ 'ဇင်မာ'၏ မလိုလားသောမျက်ဝန်း

များကို မြင်ယောင်မိသည်မို့...

"လုပ်ပါ... 'မွှေး'ကို ရပ်ပေးပါ"

"တို့မေးတာ ဖြေလေ... ဘယ်သူ ဆူမှာလဲ... 'ဇင်မာ'

လား... 'ဇင်မောင်' လား"

"အားလုံးကို 'မွှေး'ကြောက်တာပါ... ရပ်ပေးပါ"

သနားစဖွယ်တောင်းပန်နေတော့လည်း 'တိုးမြင့်' တင်မ

နေချင်တော့။ ခြံဝမှာ ကားထိုးရပ်ပေးလိုက်သည်။ 'တိုးမြင့်'ကား

ပေါ်က ဆင်းသည်နှင့် 'မွှေး' ဘေးပေါက်မှ တိုက်ထဲကို ခပ်သုတ်

သုတ်ဝင်လာခဲ့သည်။

'မွှေး'ရင်ထဲမှာတော့ 'ဇင်မာ' မြင်မှာစိုး၍ တဒိန်းဒိန်းခုန်



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ 'တိုးမြင့်'ကတော့ တိုက်ရှေ့ရောက်သည်နှင့် 'ဇင်မာ့' အသံကြားရသည်။

"'ကိုတိုး'ကလည်း ကြာလိုက်တာ"

"ဘာဖြစ်လို့လဲ 'ဇင်မာ'ရဲ့"

"ဗွီဒီယိုကြည့်မလို့... 'ကိုတိုး'ကို စောင့်နေတာ"

"'ဇင်မာ'တို့ ကြည့်နှင့်လဲပြီးရောဟာ... ဘာလို့စောင့်နေရတာလဲ"

"ရှိတာမှ ငါးယောက်... တော်ကြာ 'ကိုတိုး' မကြည့်လိုက်ရမှာစိုးလို့ပေါ့ 'ကိုတိုး'ရဲ့"

"ဘယ်မှာကြည့်မှာလဲ"

"အပေါ်ထပ်မှာ... ကိုကိုတို့ 'ပိုး'တို့ရောက်နေကြပြီ 'ဇင်မာ'သာ 'ကိုတိုး'ကို မေးစရာရှိလို့စောင့်နေတာ"

"ဘာမေးစရာရှိလို့လဲ"

"'ကိုတိုး' အိမ်ပြန်တာ တကယ်ဗိုက်နာလို့ပြန်တာလား ဒါမှမဟုတ် တစ်ခုခုကြောင့်လား"

"ဘယ်လို တစ်ခုခုလဲ"

"တစ်ယောက်ယောက်ကို တွေ့ချင်လို့များလား"

အိမ်ထဲမှကြားနေရသော 'မွေး'ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ ဒါက်တာ 'တိုးမြင့်' ဘာဖြေမလဲ။ တွေးကာ စိတ်မော နေဆဲ သူ့ဆီမှ တည်ငြိမ်ပြတ်သားသော အသံကိုကြားလိုက်ရ





သည်။

"ဘာလဲ... 'မွေး'နဲ့ အထင်လွဲနေတာလား... 'ကိုတိုး' 'မွေး'ကိုလမ်းမှာတွေ့လို့ ခေါ်လာတာကလွဲရင် 'ကိုတိုး'စိတ်ထဲမှာ ဘာမှမရှိဘူး... လာ အပေါ်သွားမယ် 'ဇင်မာ'"

'ဇင်မာ့'စိတ်ထဲမှာ ဘယ်လိုနေမည်မသိသော်လည်း နားထောင်နေသော 'မွေး'ရင်ထဲမှာတော့ ခုမှ ပေါ့ပါးသွားသည်။ ဒါက်တာ 'တိုးမြင့်'ကိုလည်း ကျေးဇူးတင်လိုက်မိသည်။ နို့မို့ဆို 'ဇင်မာ' သူ့ကိုမဲနေဦးမည် မဟုတ်လား။

အပေါ်ထပ်ရှိ 'တိုးမြင့်' ရင်ထဲမှာတော့ ဘာမဆိုင် ညာဆိုင် သူ့ကိုသြဇာပေးသလို ပြောနေသော 'ဇင်မာ့'ကြောင့် စိတ်တိုနေသည်။ တကယ်လို့ သူ 'မွေး'နဲ့ ပတ်သက်နေပါပြီတဲ့ 'ဇင်မာ' နှင့် ဘာဆိုင်လဲ။ သူနဲ့ 'ဇင်မာ' ဘာဆိုင်လို့လဲ။

ညီမလေးတစ်ယောက်အဖြစ် ဆက်ဆံနေသည်ထက် 'တိုးမြင့်' စိတ်မှာမပို။ ဗွီဒီယိုသာထိုင်ကြည့်နေသော်လည်း 'တိုးမြင့်' စိတ်မှာ မကြည့်တော့။ 'မွေး'ကို သနားသောကြောင့် ညာ၍ ညာ ပြောလိုက်ရသော်လည်း တကယ်တမ်းဆို 'တိုးမြင့်' 'ဇင်မာ့'ကို ပွင့်ပွင့်လင်းလင်းပြောချလိုက်ချင်သည်။

သူ 'မွေး'ဆိုသော ကောင်မလေးကို ချစ်မိနေမိပါပြီဟု ပွင့်ပွင့်လိုက်ချင်သည်။ ဒါပေမဲ့ သူ 'မွေး'ငှဲ့ညာရဦးမည် မဟုတ်လား။ ဘာမှ ပြဿနာမဖြစ်သေးဘဲနှင့်ကို ကြောက်နေရှာသော

www.burmeseclassic.com



သူမအား သူ့ကြောင့် ပြဿနာမဖြစ်စေချင်။

သူမဘာဝကို သူ သနားသည်။ အားငယ်နေရှာသော သူမ မျက်ဝန်းလေးများကို သူ ချစ်သည်။ ပြီးတော့ သူမ ကိုယ်လုံးလှလှလေးကို ယုယစွာထွေးပိုက်လိုသည်။ 'တိုးမြင့်' နေရာမှထလိုက်သည်။

"ဟင်... ကိုကို အိမ်ပြန်တော့မလို့လား"

'ပိုး'က မေးသည်။

"ပြန်တော့မယ်... ကိုကို မကြည့်ချင်တော့ဘူး... 'ဇင်မောင်' ငါပြန်မယ်"

"'ကိုတိုး' ဆေးရုံကို ဘယ်တော့ပြန်မလဲ"

"မနက်စောစောထသွားမယ်"

"ဒါဆို ကျွန်တော် ညလာခဲ့ဦးမယ်လေ"

"'ဇင်မာ' 'ကိုတိုး' သွားမယ်"

'ဇင်မာ' 'တိုးမြင့်' နောက်မှ ထလိုက်လာခဲ့သည်။ တံခါးဝနားရောက်တော့...

"'ကိုတိုး'"

'တိုးမြင့်' 'ဇင်မာ့'ကို လှည့်ကြည့်လိုက်သည်။ စိတ်ထဲမှာ မကြည်လင်တော့ 'တိုးမြင့်' မျက်နှာကလည်း ပြုံးရယ်ခြင်း ကင်းမဲ့တည်ငြိမ်နေသည်။

"'ကိုတိုး' 'ဇင်မာ့'ကို စိတ်ဆိုးသွားလား"





"ဘာလို့ ဆိုးရမှာလဲ"

"'ဇင်မာ' မသိဘဲ ရမ်းပြောလိုက်မိတယ်"

ခုတော့လည်း 'ဇင်မာ့' ပုံစံလေးက မျက်နှာငယ်ငယ်လေးနှင့် သနားစဖွယ်ပုံစံမို့ 'တိုးမြင့်' 'ဇင်မာ့' ခေါင်းကိုပုတ်ကာ...

"မေ့လိုက်စမ်းပါ... 'ကိုတိုး' စိတ်မှာ ဘာမှမရှိဘူး"

"ဒါဆို 'ဇင်မာ့' ခွင့်လွှတ်တဲ့အနေနဲ့ 'ဇင်မာ' 'ကိုတိုး'ကို အိမ်လိုက်ပို့ပေးမယ်... ပို့ပေးရမလား"

"သဘော..."

'ဇင်မာ' သွက်လက်စွာ ကားပေါ်တက်လိုက်သည်။ ရင်ထဲမှာလည်း သံသယမြူမှုန်တို့ လွင့်ပါးသွားချိန်မို့ ပျော်ရွှင်သွားသည်။

နောက်ဖေးတွင် အလုပ်လုပ်နေသော 'မွေး'မှာတော့ 'ဇင်မာ'နှင့် ဒေါက်တာ 'တိုးမြင့်'တို့ကားလေး ခြံထဲကထွက်သွားမှုအသက်ကိုပြင်းစွာရှူလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၉

" 'မွေး' "

ခြံထဲတွင်ပန်းရူးနေသော 'မွေး' အနားတွင် ကပ်ကာ[illegible] လိုက်သည့် 'ကိုနိုင့်' အသံကြောင့် မော့ကြည့်လိုက်သည်။ 'ကိုနိုင်' မျက်နှာကပြုံးနေသည်။

" 'မွေး' ကျောင်းမသွားဘူးလား"

"သွားမယ် 'ကိုနိုင်'... ဘာဖြစ်လို့လဲ"

" 'ကိုနိုင်' တစ်ခု ခိုင်းမလို့"

"ခိုင်းလေ 'ကိုနိုင်'... 'မွေး' ဘာလုပ်ပေးရမလဲ"

" 'ကိုနိုင့်' အကျီတွေလျှော်ပေးဖို့ပါ... 'ကိုနိုင်' တခြား[illegible] လည်းမခိုင်းချင်ဘူး"



"ရပါတယ် 'ကိုနိုင်'... 'မွေး' လျှော်ပေးပါ့မယ်... ပန်းရူး[illegible]ပြီးရင် 'မွေး' ရေချိုးမယ်... ရေချိုးရင်း 'မွေး'လျှော်လိုက်မယ်... [illegible]ဒါနဲ့'ကိုနိုင်' ထမင်းစားပြီးပြီလား"

"ဘာဟင်းချက်ထားလို့လဲ"

" 'ကိုနိုင့်' အကြိုက် ပုစွန်ထုပ်ကြီး ဆီပြန်ချက်ထားတယ်"

" 'မွေး'ကော 'ကိုနိုင်'နဲ့ စားပါလား"

"ဟင့်အင်း 'ကိုနိုင်'... 'မွေး' နောက်မှ စားမှာပါ... 'ကိုနိုင်' [illegible]စားမယ်ဆို 'မွေး' ပြင်ပေးပါ့မယ်"

"ပြင်လိုက်လေ"

'မွေး' အိမ်ထဲကိုပေါ့ပါးစွာ ပြေးဝင်လာခဲ့သည်။ 'ကိုနိုင်' [illegible]ခိုင်းခုလို စကားပြောရသည့်အတွက် 'မွေး' ရင်ထဲမှာ ဝမ်းသာရ[illegible]သည်။ ကြည်နူးရသည်။ ထမင်းဝိုင်းမှာလဲ...

"ဒါက ရှောက်သီးသုတ် 'ကိုနိုင်'... ဒါကတော့ ဆန်လှော်[illegible]ဟင်း... ငါးရံ့နဲ့ချက်ထားတာ"

'ကိုနိုင်'ကတော့ သွက်လက်စွာလှုပ်ရှားနေသော 'မွေး'ပုံ[illegible] 'မွေး' လှုပ်ရှားမှုလေးများကိုကြည့်ကာ အံ့ဩနေသည်။တစ်ချိန်[illegible] သူ 'မွေး'ကို ခင်တွယ်ခဲ့ဖူးသည်။ ဒါပေမဲ့ သိပ်လေးနက်မှု မ[illegible] ခုတော့လည်း 'မွေး' ပုံစံ၊ 'မွေး' လှုပ်ရှားမှုလေးတွေက အဆင်[illegible]ပြေးစရာလေးတွေ ဖြစ်နေပါရောလား။

"ဒီ ဟင်းတွေ 'မွေး' ချက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"'ဒေါ်လုံး'ကော 'မွေး'ကောပါ... 'ဒေါ်လုံး' မအားရ 'မွေး' ကလုပ်ပေးရှင်းနဲ့ ချက်ကြတာပါ"

"ဒါဆို 'မွေး' ဟင်းကောင်းကောင်း ချက်တတ်နေပြီပေ့"

'မွေး'ပြုံးကာ 'ကိုနိုင်'ကို ယပ်ခတ်ပေးနေမိသည်။ 'ကိုနိုင်' ခုလို မြိန်ရေရှက်ရေစားနေသည့်အတွက်လည်း ပင်ပန်းခြင်းများ ဝမ်းသာခြင်းအဖြစ်သို့ ပြောင်းလဲသွားသည်။

"ထမင်း ယူဦးမှာလား 'ကိုနိုင်'"

"နည်းနည်းထည့်ပေးဦး 'မွေး'... ဒီပုံဆို နောက်ဆို 'ကိုနိုင်' တော့ဒုက္ခပဲ"

"ဘာဖြစ်လို့ 'ကိုနိုင်'ရဲ့"

"'အဲလစ်'နဲ့ လက်ထပ်ပြီးရင် ဟိုမှာ နေမှာဆိုတော့ အိမ်ကဟင်းတွေ ဘယ်စားရတော့မလဲ"

"လွယ်ပါတယ် မောင်ရယ်... ခက် ခက်လွန်းလို့... 'မွေး' ပါ ခေါ်သွားတာပေါ့"

ထမင်းစားခန်းထဲကို ဝင်လာသည့် 'အဲလစ်'ကပြောလိုက်ခြင်းပါ။ ကျောင်းကိုသွားမည့်ပုံစံမို့ 'အဲလစ်' ပုံစံလေးက ကျော့ရှင်းလှပနေသည်။ ရွှေဝါရောင်အင်္ကျီကို အထက်အောက်ဆင် ဝတ်ကာ ရွှေရောင်ဒေါက်ဖိနပ်ကို စီးထား၍ ဖြူနုသောအသားနှင့် လိုက်ဖက်လှသည်။

"ဟုတ်တယ် ကိုကို... ကိုကိုနဲ့ 'မမအဲလစ်' လက်ထပ်ပြီး



'မွေး'ကို ခေါ်သွားလို့ရတာပေါ့... ဒါမှ ကိုကိုကော 'မမအဲလစ်'ပါ ဒုက္ခမရောက်မှာ"

'အဲလစ်'ကိုမြင်၍ အိမ်ပေါ်မှပြေးဆင်းလာသူ 'ဇင်မာ'က ပြောလိုက်ပြန်သည်။ 'မွေး'မှာသာ ဘာမှပြန်မပြောဘဲ ခေါင်းလေးငုံ့နေမိ၏...

"ဘယ်ဖြစ်မလဲ 'အဲလစ်'ရယ်... 'မွေး'က ကျောင်းတစ်ဖက်နဲ့ဥစ္စာ... အသကာ 'ဒေါ်လုံး'ဆို ဟုတ်သေး"

"အို... 'ဒေါ်လုံး'ကိုခေါ်လို့ ဘယ်သူက သွားချက်မှာလဲ ကိုကိုရဲ့"

"နေပါဦး 'ဇင်မာ'ရယ်... ကိုကိုနဲ့ 'အဲလစ်' လက်ထပ်ကြမှာမှမဟုတ်ဘဲ... လက်ထပ်တော့လည်း လပ်ထပ်တော့တဲ့ ရောက်ပေါ့... ခု 'အဲလစ်' ကျောင်းသွားမှာလား"

'ကိုနိုင်'က 'ဇင်မာ'ကိုပြောလျက်မှ 'အဲလစ်'ကိုလှမ်းမေးတော့ 'အဲလစ်'က ခေါင်းညိတ်ပြသည်။

"ဂဲ မောင်လိုက်ပို့မယ် လာ... 'မွေး'ကော လိုက်ဦးမလား"

"အို... မောင်ကလည်း တစ်ကျောင်းစီ ဟာကို"

"ဘာဖြစ်လဲ 'အဲလစ်'ရယ်... ခေါင်းပေါ် တင်ခေါ်ရတာမှ မဟုတ်ဘဲ"

"ခေါင်းပေါ်လည်း မတင်နိုင်ဘူး... ကားပေါ်လည်း မတင်နိုင်ဘူး မောင်... မောင်လည်း လိုက်ပို့ချင်ပို့ မပို့ချင်နေ"



www.burmeseclassic.com

www.burmeseclassic.com



'အဲလစ်' ထမင်းစားခန်းထဲမှ ဆောင့်အောင့်ထွက်သွာ… တော့ 'ဇင်မာ'ပါ နောက်မှ လိုက်သွားသည်။

"ဟုတ်တယ်… ကိုကိုဟာ သိပ်လွန်လွန်းအားကြီးတယ်… အဲဒီကောင်မဆို သိပ်အရေးပေးလွန်းတယ်… 'ဇင်မာ'တော့ လုံး… ကြည့်လို့မရဘူး… အဲဒါ 'မမအဲလစ်' အဆက်ကို 'မမအဲလ… ထိန်းဦး"

'အဲလစ်' ဘာမှမပြောဘဲငြိမ်နေတော့ 'ဇင်မာ'ကဆ… ပြောသည်။

"ဟိုနေ့က 'ကိုတိုး'လာတုန်းကလည်း သူပဲ ညိုမြလုပ်… တာ 'မမအဲလစ်'ရဲ့… ကိုကို့ကို မရလို့ 'ကိုတိုး'ကို သွားချိန်နေ… လား မသိ"

"ချိန်ရင် လွဲသွားမှာပေါ့… 'ကိုတိုး'ကို 'ဇင်မာ'နဲ့ပေး… မလို့ဟာ"

"အို… 'မမအဲလစ်'ကလဲ"

"အဟုတ်… အိမ်မှာ ဒယ်ဒီ မာမီနဲ့ပြောနေကြတာ"

"ကောင်း… 'ပိုး' လက်ချက်နဲ့တူတယ်… 'ဇင်မာ' ရှက်လို… တာ"

ရှက်သည့် 'ဇင်မာ့' မျက်နှာက ပြုံးရွှင်နေသည်။ 'မွေး'… တော့ သူတို့ပြောနေသည့် စကားများကို ကြားတစ်ချက် မကြ… တစ်ချက်နှင့် သိမ်းစရာရှိတာများကို သိမ်းနေသည်။ နေတာ…





…ဆိုတော့လည်း 'မွေး'အဖို့ အရေးကထူနေပြီ။

'ဇင်မောင်နိုင်'တတော့ 'အဲလစ်'နှင့် 'ဇင်မာ'ကိုကြည့်ကာ …တ်တိုနေသည်။ သူတို့ပြောသည့် စကားတွေအတွက် 'မွေး'ကို …အားနာနေသည်။ အားနာနာနှင့် 'မွေး'မျက်နှာကိုမကြည့်ဘဲ ကား…ပါ အတက်…

"မောင်"

'ဇင်မောင်နိုင်' 'အဲလစ်'ကို ခပ်တည်တည်နှင့်လှမ်းကြည့် …က်သည်။ စိတ်တိုနေတော့လည်း မျက်နှာက သိပ်မကြည့်လင်။

" 'အဲလစ်'က ကျောင်းကို တန်းသွားမှာမဟုတ်ဘူး"

"ဘယ်သွားမှာလဲ"

"ဗိုလ်ချုပ်ဈေးကို ဝင်ဦးမှာ"

"ဒါဖြင့် တက်လေ"

'ဇင်မာ'က သူ့အကို မျက်နှာတည်နေ၍ 'အဲလစ်'ကိုမေး …းငေါ့ပြသည်။ 'အဲလစ်'ကလည်း ခေါင်းညိတ်ကာ 'ဇင်မောင် …'ဘေးမှာအထိုင် ကားက ခြံထဲမှလျှောကနဲထွက်လာခဲ့သည်။ …လစ်' 'ဇင်မောင်နိုင်'ကိုကြည့်ကာ ပြုံးလိုက်မိသည်။

အစက 'ဇင်မာ'ပြောပေမယ့် သူ့ မောင်နှင့် 'မွေး'ကို လုံးဝ …သယမရှိခဲ့။ 'ဇင်မာ'က သူနှင့်မတည့်၍ 'မွေး'အကြောင်း မ…ကောင်းပြောသည်ထင်ခဲ့ပေမယ့် ခုလို မောင်က သုန်မှုန်နေတော့ …အားနာထိုးချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဘာလဲ"

'ဇင်မောင်နိုင်' ကားကို တည်ငြိမ်စွာမောင်းလျက်မှ ...

လိုက်သည်။ စိတ်ထဲမှာ သိပ်မကျေနပ်တော့ ထူးသည့်အသံ...

လည်း ကသိကအောင့်ဖြစ်နေသည်။ 'အဲလစ်' နှုတ်ခမ်းလေး...

ကို တွန့်ကာပြုံးလိုက်မိသည်။

"မောင် ဘာဖြစ်နေတာလဲ"

"ဘာဖြစ်လို့လဲ"

"မသိဘူးလေ... 'အဲလစ်'နဲ့ လိုက်လာရလို့များ စိတ်ညစ်...

နေတာလားလို့"

"ဒါကတော့ စိတ်ညစ်အောင်လုပ်ရင် စိတ်ညစ်မှာပဲ...

'အဲလစ်' 'ဇင်မာ'နဲ့ ဘာတွေပြောနေတာလဲ...'ဇင်မာ'နဲ့ သိပ် ...

ရောမဝင်နဲ့... ကိုယ့် ညီမအရင်းပေမယ့် 'ဇင်မာ' စိတ်ဓာတ်...

မကြိုက်ဘူး"

"ဒါဖြင့် မောင်က ဘယ်သူ့စိတ်ဓာတ်ကိုကြိုက်လဲ"

ပြုံးတုံးတုံးလုပ်ကာမေးနေသော 'အဲလစ်'ပုံစံကြောင့် '...

မောင်နိုင်' ပိုစိတ်တိုရပြန်သည်။ စိတ်တိုတိုနှင့်...

"'အဲလစ်' မောင့်ကို ခနဲ့နေတာလား"

"အို... မခနဲ့ရပါလား... မောင့်ဘာသာ မောင် အိုးမ...

အုံပွင့်နေတာများ"





"မလုံရအောင် မောင် အိုးလည်း မဟုတ်ဘူး... ပွင့်စရာ

...ည်း မလိုဘူး... 'အဲလစ်'သာ 'ဇင်မာ' စကားနားဝင်ပြီး မောင့်ကို

...ကိုက်နေတာ... မောင် မေးတာဖြေ... 'အဲလစ်' ချစ်တာ ဘယ်သူ

'အဲလစ်'မဖြေဘဲ ရှေ့တည့်တည့်ကို စိုက်ကြည့်နေသည်။

"မောင် မေးနေတယ်လေကွာ"

'ဇင်မောင်နိုင်' ဒုတိယအကြိမ်ထပ်မေးမှ 'အဲလစ်'က မ

...ချင်သံနှင့်ဖြေသည်။

"မောင် ပေါ့"

"အေး... မောင်လဲ 'အဲလစ်'ကလွဲရင် ဘယ်သူ့မှမချစ်ဘူး

...များ တိုက်လို့လည်း မယုံဘူး... မောင် 'မွေး'ကို စကားပြောတာ

...င်းရဲ့နှမ်းပါးတဲ့ သူလေး... ကိုယ့်အိမ်မှာ လာကပ်နေတဲ့သူလေး

...နေနဲ့ အားပေးတာ... မောင် 'မွေး'ကို ချစ်လည်းမချစ်ဘူး...

...လည်း မဝင်စားဘူး... မောင် ချစ်တာ 'အဲလစ်'... မောင်လက်

...မှာ 'အဲလစ်'... ကဲ ဘာ့ယ်လိုလဲ... ခု လက်ထပ်မလား"

"ဘယ်ဖြစ်မလဲ"

"မဖြစ်ရင် မောင့်ကို စိတ်ဆင်းရဲအောင် မလုပ်နဲ့"

'အဲလစ်' ငြိမ်သွားသည်။ ဒါပေမဲ့ 'ဇင်မောင်နိုင်'ကိုတော့

...ကားတစ်ခွန်း လှမ်းပြောလိုက်သည်။

"မောင့်ကို 'အဲလစ်' ပြောစရာရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟြော... မောင်နားထောင်မယ်... မောင်နဲ့ 'အဲလစ်'
တစ်နေ့ကျရင် ကိုယ့်အိမ်ထောင်ကိုယ်ထူပြီး နေကြမယ့်သူတွေ
တော့ မောင့် စကားကို 'အဲလစ်' နားထောင်သလို 'အဲလစ်' စကား
ကိုလည်း မောင် နားထောင်မယ်... ဆို ဘာလဲ"

"မောင် 'မွေး'ကို အရောမဝင်နဲ့"

"လာပြန်ပြီ"

"လာရမယ် မောင်... မိန်းမဆိုတာ သဝန်တိုတတ်တဲ့
မျိုး... ပြီးတော့ စကားပုံတွေလည်း ရှိသေးတယ်မဟုတ်လား
အိုးချင်းထား အိုးချင်းထိ... ကြိုးချင်းထား ကြိုးချင်းငြိသတဲ့"

"မောင်က အိုးမှ ကြိုးမှ မဟုတ်ဘဲကွာ"

"အိုးတွေ ကြိုးတွေတောင် ထိကြငြိကြသေးရင် လူ
ပိုဆိုးတော့ မပေါ့"

" 'မွေး'နဲ့ အရောမဝင်နဲ့... စကားမပြောနဲ့"

"ပြီးတော့ကော"

"မကြည့်နဲ့"

"သူက လာခေါ်ရင်ကော"

"မခေါ်နဲ့"

ခက်တာပဲ။ 'ဇင်မောင်နိုင်' စိတ်ထဲကနေ ညည်း
လိုက်သည်။ ဘာပဲပြောပြော ရန်ကုန်လာသည့်အခိုက်အတန့်
ချစ်သူ စိတ်ချမ်းသာစေချင်သည်မို့ 'ဇင်မောင်နိုင်' ခေါင်းကို





တ်လိုက်သည်။ ပြီးတော့ ချစ်သူထံ ကတိတောင်းလိုက်သည်။

"ကဲ... 'အဲလစ်' စကားနားထောင်ပြီးပြီ... မောင့်စကား
အဲလစ်' နားထောင်... 'အဲလစ်' မောင့်ကို ဘယ်တော့လက်ထပ်မှာ
"

"ကျောင်းပြီးရင် လက်ထပ်မှာပေါ့"

"ဒီကြားထဲမှာကော"

"စေ့စပ်ထားကြမယ်လေ"

"လက်ထပ်လိုက်တော့ ဘာဖြစ်လဲ 'အဲလစ်'ရယ်"

"လက်ထပ်ရင် 'အဲလစ်' မောင့်နောက်လိုက်ရမှာ... ဒီမှာ
ကျောင်းမပြီးသေးတော့ ဘယ့်နှယ်လုပ်မလဲ... နှစ်နှစ်တည်းပါ
အောင်ရာ... နှစ်နှစ်ပြီးရင် မောင့်သဘော"

'ဇင်မောင်နိုင်' သက်ပြင်းချလိုက်သည်။ ကောင်းတော့
ည်းကောင်းပါသည်။ ခုပဲ အလုပ်ဝင်၊ ခုပဲ လက်ထပ်ဆိုလျှင်
အဖို့လည်း အလုပ်မှာ နှောင့်နှေးနိုင်သည် မဟုတ်လား။ သည်
နှစ်အတွင်းမှာ သူလည်း အလုပ်ကိုဖိဖိစီးစီးလုပ်နိုင်သည်။

'အဲလစ်'လည်း စာကြိုးစားနိုင်သည်ဆိုတော့ သူ ဘာသ
ဘာမတူစရာလိုလဲ။ 'အဲလစ်'ကို ဗိုလ်ချုပ်ဈေးဝင်ပို့ပြီး ကျောင်း
ဆက်မောင်းလာချိန် 'မွေး'မှာတော့ ဘတ်စ်ကား ကျပ်ကျပ်သပ်
ပ်လေးဆဲပါလာသည်။ ပညာရေးတက္ကသိုလ်ရှေ့နားမှ အဆင်း

" 'အဲလစ်' ဟိုမှာ 'မွေး'... 'မွေး' "



www.burmeseclassic.com

www.burmeseclassic.com



'အဲလစ်' 'မွေး'ကို လှမ်းကြည့်လိုက်သည်။ ကြည်ဖြူ
ရောင်ဝတ်စုံလေးနှင့် 'မွေး'ကို ပညာရေးတက္ကသိုလ်ရှေ့တွင် လွ
အိတ်လေးလွယ်လျက် တွေ့လိုက်ရသည်။ ခုလိုဆိုတော့လည်း 'မွေ
ပုံစံလေးက သားသားနားနားလေးမို့ 'အဲလစ်' ဇင်မောင်နိုင်
လှမ်းပြောလိုက်သည်။

"ဒီလိုဆိုတော့လည်း 'မွေး'က ငယ်ငယ်တုန်းက 'မွေး
မတူတော့ဘူးနော်... မောင်"

"နှာစေးနေကြောင်းပါ"

"ဘာဆိုင်လို့လဲ မောင်ရ"

"ဟုတ်တယ်လေ... 'အဲလစ်'တို့ပြောရင် ကောင်းတယ်
မောင်တို့ပြောရင် 'အဲလစ်'တို့က စိတ်ဆိုးချင်တာ မဟုတ်လား
ဒီတော့ နှာစေးနေတာ မကောင်းဘူးလား"

"ရှေ့တင်တော့ နှာစေးပြီး နောက်ကွယ်တော့ နှာပွင့်
မှခက်နေမယ်"

"တော်စမ်းပါ 'အဲလစ်'ရာ... 'ဇင်မာ' စကားတွေနဲ့ မော
ကို အထင်သေးမနေစမ်းနဲ့"

"'ဇင်မာ'ဆိုလို့ အိမ်က 'ဇင်မာ'နဲ့ 'ကိုတိုးကြီး'နဲ့ ပေး
ချင်နေကြတယ်"

"'ကိုတိုး' သဘောကကော"

"'ကိုတိုး' သဘော ဘာလိုလို့လဲ မောင်ရာ... ဒယ်ဒီ



ခင်ဘာပဲဟာ"

"မောင်ကတော့ 'ကိုတိုးကြီး'သဘော မေးစေချင်သေး
တယ်... သူ့သဘောမပါဘဲ ပေးစားတော့ သူကြိုက်ရင်ကောင်းရဲ့
သူ မကြိုက်ရင် စိတ်ဆင်းရဲနေမှာ"

"သူ ကြိုက်တာကလည်း အိမ်က သဘောမတူတဲ့သူဆို
ဘယ့်နှယ်လုပ်မလဲ မောင်ရဲ့"

"ဒါတော့ 'ကိုတိုး'လည်း ကလေးမှမဟုတ်တော့ဘဲ 'အဲ
လစ်'ရယ်... သူ့ ကိုယ်ပိုင်ဉာဏ်နဲ့ သူ ဆုံးဖြတ်တာ မကောင်းဘူး
လား"

"'ပိုး'ကတော့ တစ်ချိန်လုံး ဒယ်ဒီနဲ့ မာမီကိုပြောနေ
တာပဲ"

"တော်ကြာ 'ကိုတိုးကြီး'များ သဘောတူရင် မောင်တို့
ကိစ္စများ စောနေဦးမှာလား"

"ဖြစ်နိုင်တယ် မောင်"

"ဒါဆိုလည်း ကောင်းတာပဲ"

'အဲလစ်' ကျောင်းပို့ပြီးပြန်လာချိန် အိမ်ကိုရောက်တော့
အော်လင့်ဘဲ 'ကိုတိုး'တွေ့လိုက်ရတော့ ဇင်မောင်နိုင် မျက်နှာပြုံး
သည်။

"ဘယ်လိုလဲ 'ကိုတိုး'... ရွှေစွန်ညို ဘာကိုလိုလို့ဝဲတယ်လို့
ရတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



'တိုးမြင့်' မလုံမလဲပြုံးနေမိသည်။ ဆေးရုံကိုပြန်ရောက် ‌တော့လည်း သူ့မှာ တစ်ယောက်တည်း။ ခါတိုင်း အလုပ်လုပ်ရ ဘာပျော်ပေမယ့် ခုတော့လည်းစိတ်က 'မွေး' ဆီကိုသာ ရောက်နေ ၍ ရန်ကုန်ကိုသာ ခဏခဏပြန်ချင်နေသည်။

သည်ကြားထဲ ရန်ကုန်လာစရာ ကိစ္စပေါ်လာ၍ သူ ထ လာခဲ့ခြင်းဖြစ်သည်။ ဆရာဝန်ကြီးကတော့ သူ့ကိုမသွားစေချင် မနက်ပင် ပြန်ရောက်ပြီး နေ့ခင်းပိုင်းပြန်ထွက်ရမည်ဆိုတော့ သူ လက်အောက်မှ ဒေါက်တာ 'မင်းမောင်' ကိုသာ လွှတ်ချင်သည်။

ဒါပေမဲ့ သွားချင်နေတာက 'တိုးမြင့်' ဆိုတော့ ဆရာဝန် ကြီးကလည်း မတားတော့။ ဆရာဝန်ကြီးထံက ခွင့်ပြုချက်ရသည် နှင့် 'တိုးမြင့်' ဂျစ်ကားကိုမောင်းကာ ရန်ကုန်ကိုထွက်လာခဲ့ခြင်း ဖြစ်သည်။

ခါတိုင်း ပဲခူးနှင့် မိုင်ငါးဆယ်ဝေးသော ရန်ကုန်ကို ဝေးလှသည်ထင်မိ၍ 'တိုးမြင့်' ရန်ကုန်အိမ်ကိုသိပ်မပြန်။ ဆေး ထဲမှာပင် အနေများခဲ့သည်။ ခုတော့လည်း အကြောင်းမရှိ အ ကြောင်းရှာကာ ပြန်ချင်နေ၍ ကိုယ့်ကိုယ်ကိုပင် အံ့သြချင်သည်။

နေ့ခင်း ထမင်းပြန်စား ကြသော ဒယ်ဒီနှင့်မာမီက 'တိုး မြင့်'ကိုကြည့်ကာ မျက်မှောင်ကြုတ်နေကြသည်။ ကြုတ်လည်း ကြုတ်ပေရော့။ အလုပ်ကိစ္စနဲ့ ရန်ကုန်ကို ခေတ္တပြန်လာတာ ပြီး 'တိုးမြင့်' 'မွေး' ရှိရာကိုပြေးလာခဲ့သည်။



သည်ရောက်တော့ 'မွေး'ကို မတွေ့ရဘဲ 'ဇင်မာ'ကိုသာ တွေ့ရ၍ 'တိုးမြင့်' စိတ်မောသွားသည်။ မေးချင်သော်လည်း မမေး ဘဲ၍ ငြိမ်နေဆဲ ခုလို 'ဇင်မောင်နိုင်' ပြန်ရောက်လာခြင်းဖြစ်သည်။

"မေးနေတယ်လေဗျာ 'ကိုတိုး'... မထွေးလိုချင်လို့လား"

တကယ်လို့ သူ့ရှေ့မှာ 'ဇင်မာ'သာ ထိုင်မနေလျှင် 'တိုး မြင့်' 'မွေး'ကို လိုချင်လို့လာတာဟု ပြော ပစ်လိုက်ချင်သော် လည်း 'ဇင်မာ'က သူ့ရှေ့မှာထိုင်နေ၍ သက်ပြင်းချကာ...

"အလုပ်ကိစ္စနဲ့လာရင်း မင်းကိုတွေ့ချင်လို့ ဝင်လာတာ 'ဇင်မာ' 'ကိုတိုး'ကို ရေတစ်ခွက်လောက်"

'ဇင်မာ' သူ့အနားမှာမရှိစေချင်၍ ရေခပ်ခိုင်းကာမှ...

" 'ဒေါ်လုံး' ရေခဲရေတစ်ခွက်ယူခဲ့ပါ"

'တိုးမြင့်' ဒုတိယအကြိမ်မြောက် သက်ပြင်းချလိုက် သည်။ 'ဇင်မောင်နိုင်'ကတော့ မသက်မသာဖြစ်နေသော 'တိုးမြင့်' ...ကိုကြည့်ကာ တစ်ခုခုပြောချင်နေမှန်းသိ၍...

" 'ဇင်မာ' သွား... 'ကိုတိုး'အတွက် မုန့်တစ်ခုခုသွားလုပ် ...မ်း"

'ဇင်မာ' ထသွားမှ 'တိုးမြင့်' 'ဇင်မောင်နိုင်'ကို ကျေးဇူး ...င်စွာလှမ်းကြည့်ဖြစ်သည်။

"ပြောလေ 'ကိုတိုး' "

အရေးထဲကျမှ 'တိုးမြင့်' ပြောရမှာ အားနာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှက်လည်း ရှက်သည်။ 'ဇင်မောင်နိုင်'မှာတော့ 'အဲလစ်'ပြောသည့် 'ဇင်မာ'နှင့် ကိစ္စထင်၍…

"ဘာလဲ 'ကိုတိုး'… ကျွန်တော့်ကို အားနာနေလို့လား"

"အေးကွ… ငါပြောရမှာမထွက်ဘူး"

"'ဇင်မာ့'မှမရှိဘဲ 'ကိုတိုး'ရဲ့… ပြောစမ်းပါ… အဲလိုလုပ်နေတာနဲ့ ခုထိမစွံဘဲ လူပျိုကြီးနေတာ"

သည်လိုဆိုတော့လည်း 'တိုးမြင့်' မခံချင်။ အမှန်မှာ သည်အချိန်ထိ သူ လူပျိုကြီးဖြစ်နေရတာ အလုပ်ထဲမှာစိတ်ဝင်စားပြီး အချစ်ကိုမရှာရသည့်အတွက်ပဲဖြစ်သည်။ ခုတော့ မရှာသည့် သူ့ထံသို့ အချစ်ကဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာသည်။

'မွေး'ကို တွေ့ပြီးနောက် 'တိုးမြင့်'အချစ်ကိုရှာတွေ့ခဲ့ပြီ။ ဘာကြောင့်တော့ အချစ်ဆိုတာ မတွေ့ရလျှင် မနေနိုင်အောင် စွဲလမ်းစေသောစိတ်ပဲ။ ခု 'တိုးမြင့်' 'မွေး'ကို မတွေ့ရတော့ နေမထိထိုင်မသာဖြစ်နေသည်။ 'ဇင်မောင်နိုင်' ဖွင့်ပြောရန် စကားလုံးရွေးနေဆဲ…

"ကဲ ရော့ 'ကိုတိုး'… ရေခဲရေကော မုန့်ကော… ဒီလာရင် 'ကိုတိုး' ရှင်ပူနေတာပဲ"

"နောက်တော့လည်း အေးသွားမှာပေါ့ 'ဇင်မာ'ရာ… မ ဟုတ်ဘူးလား 'ကိုတိုး'"

'ဇင်မောင်နိုင်' သူ့အတွေးနှင့်သူ ပြောလိုက်သလို 'တိုးမြင့်'



လည်း သူ့အတွေးနှင့်သူ ခေါင်းညိတ်ဆဲ 'ဇင်မာ'မှာတော့ ဘယ်လိုနေရမှန်းမသိ။ ရင်ထဲမှာ ပီတိတွေဝေကာ 'ကိုတိုး'မျက်နှာကြည့်ရမှာရှက်နေသည်။

စိတ်ထဲမှာတော့ 'ကိုတိုး' ခုလိုလာခြင်းအတွက် ကျေနပ်နေသည်။ 'မိပိုး'သာရှိလျှင် သူ့ကိုစမှာသေချာသည်။ ခုတော့ 'ပိုး' ကျောင်းသွားနေသည့်အတွက်ပဲ 'ဇင်မာ' ဖမ်းသာနေရသည်။ 'ဇင်မောင်နိုင်'မှာလဲ…

"'ဇင်မာ' မာမီကော"

"ရှိတယ်… အပေါ်မှာ"

"ဘာလုပ်နေတာလဲ သွားကြည့်စမ်း"

"အိပ်နေတယ် ကိုကိုရဲ့… ခုပဲ 'ဇင်မာ' အိမ်ပေါ်ကဆင်းလာတာ"

'ဇင်မောင်နိုင်' 'ဇင်မာ့'ကိုကြည့်ကာ သက်ပြင်းချသလို 'တိုးမြင့်'လည်း သက်ပြင်းချလိုက်တော့သည်။ နောက်တော့ နေရာသေကာ…

"ငါသွားမယ်ကွာ"

"'ကိုတိုး'ပဲ ပြောမလို့ဆို… ဘာလဲ"

"နောက်မှပဲ"

"ခု ပြောပါလား… အားနာရမယ့် သူမှမဟုတ်တာ"

"နေဦးကွာ… နောက်မှပဲ အေးအေးဆေးဆေးပြောတော့

www.burmeseclassic.com

www.burmeseclassic.com



မယ်… ခု အလုပ်ကိစ္စပါလာတာ သွားရဦးမယ်"

"ကျွန်တော်က ပြန်တော့မှာ… မပြန်ခင် ထိုစကားသိ သွားချင်တယ်"

"စိတ်ချ… လာခဲ့ဦးမယ်"

'တိုးမြင့်' ကားပေါ်တက်သည့်အထိ 'ဇင်မာ' လိုက်ပို့၍ 'တိုးမြင့်' 'ဇင်မာ့'ကို နှုတ်ဆက်လိုက်သည်။

"'ဇင်မာ'… 'ကိုတိုး' သွားမယ်"

"လာခဲ့ဦးနော် 'ကိုတိုး'"

'တိုးမြင့်' ခေါင်းကိုညိတ်ကာ ခြံထဲမှကားကိုမောင်းထွက် လာသည်။ မျက်ဝန်းများကတော့ 'မွေး'ကို အရင်တစ်ခါတွေ့ခဲ့ သည့်နေရာလေးကို တမ်းတမ်းတတ လှမ်းကြည့်နေမိသည်။

ခုများ သူ 'မွေး'ကို တွေ့ရရင် ဘယ်လောက် ကောင်းမလဲ တစ်ခါမှ မတမ်းတဘူးသော 'တိုးမြင့်' စိတ်က 'မွေး'ကို တမ်းတ သလို 'တိုးမြင့်' အတွေးများကလည်း 'မွေး' ဆီမှာသာ တဝဲဝဲ လည်နေသည်။



## ၂၉

"'မွေး'များလား… 'မွေး'နဲ့ တူလိုက်တာ"

အလုပ်ကိစ္စတွေအပြီး ပဲခူးပြန်ရန် ကားကိုမောင်းလာစဉ် 'တိုးမြင့်' 'မွေး'ကို ပညာရေးတက္ကသိုလ်ရှေ့တွင် အမှတ်မထင်တွေ့ လိုက်ရတော့ အံ့သြသွားသည်။ 'မွေး'ကတော့ သူ့ကိုမမြင်။

လွယ်အိတ်လေးလွယ်ကာ ကားဂိတ်မှာ ကားစောင့်နေ သည့် 'မွေး' ပုံစံက အရင်တစ်ခါတွေ့ခဲ့ရဖူးသော 'မွေး' ပုံစံမဟုတ်။ ပုံစံလေးက ပညာရေးတက္ကသိုလ်ကျောင်းသူလေးပုံစံမို့ 'တိုးမြင့်' ကားကိုရပ်ကာ လှမ်းကြည့်နေမိသည်။

စိတ်ထဲမှာလည်း ဇဝေဇဝါဖြစ်နေသည်။ သွားခေါ်ရင် ကောင်းမလား၊မခေါ်ဘဲ သည်အတိုင်းထိုင်နေရင် ကောင်းမလား။

www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ကိုယ်က သွားခေါ်လို့ သူကပြန်ခေါ်လျှင် ကောင်းပါရဲ့ မခေါ်ဘဲ လူမှားနေတာပါဆိုပြီး သူ အရှက်ကွဲဦးမည်။

အတွေးနှင့် 'တိုးမြင့်' ငေးနေဆဲ 'မွေး' မျက်ဝန်းများက 'တိုးမြင့်'ကို မြင်သွားသည်။ ထိုခဏမှာတော့ 'မွေး' ဘာလုပ်ရမှန်း မသိ။ လှုကြားထဲတိုးရပ်နေသော်လည်း 'မွေး' ရင်တွေခုန်နေ သည်။ ခြေဖျား လက်ဖျားတွေအေးစက်နေသည်။

အရေးထဲ ကားကမလာတော့ 'တိုးမြင့်' 'မွေး'ကို မြင်သာ နေသည်။ 'မွေး' ခေါင်းလေးငုံ့ကာ လွယ်အိတ်ကိုတင်းတင်းဆုပ် လျက် ရင်ထဲမှာကျိတ်ကာဆုတောင်းနေမိသည်။ ကားမြန်မြန် လာပါစေ၊ ဒါမှမဟုတ် 'တိုးမြင့်' သူ့ကိုမမြင်ဘဲ သူ့ရှေ့မှ အမြန် ဆုံးထွက်သွားပါစေ။

ဒါပေမဲ့ 'မွေး' ဆုတောင်းက မပြည့်။ 'မွေး' ခေါင်းကို ကာ ဆုတောင်းနေဆဲ သူ့ရှေ့ကို 'တိုးမြင့်'ရောက်လာသည်။

"'မွေး'"

'မွေး' လှမ်းမကြည့်၊ လှမ်းကြည့်မိလျှင် သူခေါ်သ သူ 'မွေး' ဖြစ်နေဦးမည်။ 'မွေး' မဟုတ်သည့်ပုံစံနှင့် မျက်လွှာ ကိုမော့ကာ 'မွေး' ကားလမ်းဘက်ကို လှမ်းမျှော်နေလိုက် သည်

'တိုးမြင့်' 'မွေး' မျက်နှာကို စေ့စေ့ကြည့်နေသည်။ သ လို အသားညိုပုံ၊ မျက်ဝန်းဝိုင်းပုံတွေက 'မွေး'မှ 'မွေး' သူ စွန်းကာ ထပ်ခေါ်လိုက်မိသည်။



"'မွေး' မဟုတ်လားဟင်"

"အို... ကျွန်မ 'မွေး' မဟုတ်ဘူးရှင့်"

'မွေး' မျက်နှာထားတည်တည်ဖြင့် ခေါင်းခါကာ တစ် က်ကိုလှည့်နေလိုက်သည်။ ကံကောင်းချင်တော့ ဟိုးနိုးကာက ်လာ၍ 'မွေး' ကားပေါ်ပြေးတက်လာခဲ့သည်။ ကားပေါ် က်မှ ပြန်ကြည့်လိုက်တော့ ကားဂိတ်တွင်ကျန်ရစ်ခဲ့သည့် 'တိုး င့်'ကို 'မွေး' တွေ့လိုက်ရသည်။

ခေါ်ချင်ပါသော်လည်း 'မွေး' မခေါ်ရဲ၊ ခင်ချင်ပါသော် ည်း 'မွေး' မခင်ရဲ။ ခင်မာနှင့် ပတ်သက်သူမို့ 'မွေး' ဝေးဝေး ရှောင်ရန်ဆုံးဖြတ်လိုက်သည်။

ကျန်ရစ်ခဲ့သည့် 'တိုးမြင့်'မှာတော့ ပဲခူးကိုသာ ကားဆက် င်းလာခဲ့သည်။ စိတ်ထဲက ကားဂိတ်မှာတွေ့ခဲ့ရသည့် 'မွေး' ချုပ်စွပ်တူသော ကောင်မလေးဆီကိုသာ ရောက်နေသည်။ ်ထဲမှလည်း 'မွေး'ဟုပဲ ထင်နေမိသည်။

သူက 'မွေး'ဟု အခေါ် သူ့ကိုလှည့်ကြည့်သည့်မျက်ဝန်း က သူ ကြုံခဲ့ဖူးသည့် 'မွေး'၏မျက်ဝန်းများနှင့် တူသလို သူ့ ပြန်ပြောသည့် စကားသံကလည်း 'မွေး' ပြောခဲ့သည့် လေသံ ထပ်တူဆိုတော့ 'တိုးမြင့်' ရင်ထဲမှာ တနုံ့နုံ့ဖြစ်နေသည်။

'မွေး' နှင့်သူ စတွေ့စက 'မွေး'ပြောခဲ့သည့် စကားသံလေး ကို ပြန်လည်ကြားယောင်ကာ ထိုညက 'တိုးမြင့်' အိပ်လို့မရ



www.burmeseclassic.com

www.burmeseclassic.com



တော့။ အရေးထဲ 'ပိုး'ဆီက ဖုန်းလာ၍ ထိုင်ပြောနေရပြန်သည်။ ပြောသာပြောနေရသော်လည်း 'တိုးမြင့်' စိတ်လုံးဝမပါ။ သူ့ တော့ လေသံက ပြတ်သားနေသည်။

"ကိုကိုလား"

"ပြောပါ"

"ဘယ်သူလဲ သိလား"

"မိပိုးပါ ပြောစမ်းပါ"

"ကိုကို မနက်ကလာတယ်ဆို"

"အလုပ်ကိစ္စနဲ့ပါ"

"အလုပ်ကိစ္စနဲ့ဆို ဘာလို့ ဟိုအိမ်သွားတာလဲ"

"'ဇင်မောင့်'ဆီ သွားတာပါ"

"မညာပါနဲ့နော်... ခု အိမ်မှာ ဘယ်သူရောက်နေတာ မှတ်လဲ"

"ဘယ်သူရောက်လို့လဲ"

"'ဇင်မာ' ရောက်နေတယ်"

"အဲဒါ ကိုကို ဘာလုပ်ရမှာလဲ"

"စကားမပြောချင်ဘူးလား"

"ကိုကို သိပ်အိပ်ချင်နေပြီ 'မိပိုး'"

"'ဇင်မာ'က ကိုကိုနဲ့ စကားပြောမလို့တဲ့"

"ကိုကို အိပ်တော့မယ်ကွာ... နောက်မှ တွေ့မယ်လို့



ကိုပြောလိုက်... ကြားလား"

"ဟင့်အင်း ကိုကို... 'ဇင်မာ'က ခုပဲ ပြောချင်တယ်တဲ့"

ခက်ပါလား။ 'တိုးမြင့်' ရင်ထဲမှ ညည်းကာ ဖုန်းကိုကိုင် က် 'ဇင်မာ့'ကို စိတ်မသက်မသာနှင့် လှမ်းနှုတ်ဆက်လိုက်ရ သည်။ စိတ်ထဲမှာတော့ 'ပိုး'ကို ခုပဲ ထရိုက်နေသည်။

"'ဇင်မာ' လား"

"ဟုတ်ကဲ့ 'ဇင်မာ'ပါ... 'ကိုတိုး' ဘာလုပ်နေလဲ"

"အိပ်တော့မလို့"

"ကိုကိုကတော့ 'ကိုတိုး' မနက်က သူ့ကိုဘာပြောမလို့ ဲ မသိဘူးဆိုပြီး မာမိတို့ကိုပြောနေသေးတယ်... 'ကိုတိုး' မနက် န်လာခဲ့ပါလားဟင်"

"အားမယ်မထင်ဘူး"

"လာမယ်ဆိုရင် 'မွေး'ကို အသုတ်သုတ်ခိုင်းထားမလို့"

'မွေး' ဆိုသည့် စကားကြား၍သည်နှင့် 'တိုးမြင့်' အသံပျော့ င်လာသည်။

"'မွေး'က လုပ်တတ်လို့လား"

"အိမ်မှာတော့ သူပဲချက်နေတာပဲလေ... ကိုကိုကတော့ း'လက်ရာကောင်းလှချည်ရဲ့ဆိုလို့ 'မမအဲလစ်'နဲ့ တစ်ချက် တ်ရန်ဖြစ်နေကြတာပေါ့"

"ဒါနဲ့ 'ဇင်မာ့'ကို 'ကိုတိုး'ပြောရဦးမယ်... 'မွေး'ကို 'ကိုဘီး'

www.burmeseclassic.com



မနေ့ကာပဲခူးအပြန်မှာ ပညာရေးတက္ကသိုလ်ရှေ့မှာတွေ့လိုက်တာ 'ကိုတိုး'ခေါ်တော့ သူက 'မွေး'မဟုတ်ဘူးတဲ့... နေ့ခင်းက 'မွေး' အိမ်မှာရှိလားပဲ"

"ရှိသွားပဲ"

ညာပြောလိုက်ရ၍ 'ဇင်မာ့'အသံက တိမ်ဝင်ချင်နေသည်။ တစ်ဘက်က 'တိုးမြင့်'မှာလဲ...

"'မွေး'နဲ့ တော်တော်တူတယ်... 'ကိုတိုး'ကတော့ 'မွေး' အောက်မေ့နေတာ... ခု 'ဇင်မာ'က ရှိတယ်ပြောတော့လည်း သွားလား"

"ကဲပါ 'ကိုတိုး'ရယ်... ဒါတွေထားလိုက်စမ်းပါ... နေ ဖြန် လာမှာလား"

"အချိန်ရရင် လာမယ်လေ... ကတိတော့ မပေးနိုင်ဘူး"

"အင်းပါ... အားရင် လာခဲ့နော်"

'ဇင်မာ'ဖုန်းချသွားပေမယ့် 'တိုးမြင့်'မှာတော့ ဖုန်းကို ကာငိုင်နေမိသည်။ 'ဇင်မာ' ပြောသလိုမျိုးဆို 'မွေး'ဖြစ်ရန်ခဲရင်း ပေမယ့် သူ့စိတ်ထဲမှာ 'မွေး'ဟု ယုံကြည်နေမိသည်။ နောက်တ နေ့မနက် 'တိုးမြင့်' ခါတိုင်းလို အလုပ်တွေလုပ်နေရပေမယ့် စိတ် က မပါ။ ရန်ကုန်ကိုသာ သွားချင်နေသည်။

'ဇင်မာ့'ကို တွေ့ချင်သည်ထက် 'မွေး'နှင့်တွေ့ချင် သည်။ 'မွေး'နှင့်တွေ့လျှင် ပညာရေးတက္ကသိုလ်ရှေ့မှာ တွေ့ခဲ့တာ



'မွေး' လားမေးချင်လှသည်။ မေးချင်တာမှ ထိုနေ့က 'တိုးမြင့်' းဝမ်အား။

'မွေး'မှာလည်း 'ဇင်မာ့'အမိန့်ကြောင့် ထိုနေ့က မီးဖို ချင်မှာ ကောင်းကောင်းအလုပ်ရှုပ်နေသည်။ ကျောင်းသွားစရာ သည်ကိုပင် မသွားရ။ မိုးလင်းကတည်းက ဒီနေ့ဧည့်သည်လာ သည်။

အသုပ်စုံလုပ်ပေးပါဆို၍ 'မွေး' ကျောင်းတက်တော့မည့် အစီအစဉ်ကို ဖျက်ခဲ့ရသည်။ 'ဒေါ်လုံး'ကတော့ 'မွေး'ကို စာနာ နှင့် သွားခိုင်းပါသည်။ ဒါပေမဲ့ 'မွေး' မသွားတော့။ ညနေမှ ယ်ချင်းဆီ စာကူးရန်အတွေးနှင့် ဈေးကိုထွက်လာခဲ့သည်။

အသုပ်စုံဆိုတာက ပြောတော့သာလွယ်သည်၊ လက် တွေမှာတော့ လက်ဝင်လှသည်။ အမည်က များသည်။ အားလုံး ပြုတ် အခွံနွှာ၊ ပါးပါးလှီး။ ကြာဇံကိုရေနွေးဖျောကာ သတ် တ်ပုံ။

ထမင်းကို ရေတ်သီးနှင့်စေးနေအောင်နယ်ကာ လုံးရ သေးသည်။ သဘော်သီးကိုစိမ်းကို ခြစ်ရသေးသည်။ ငါးဖယ်ကို ကျက်တက်ကျက်ကြော်ရသေးသည်။ ငါးဖယ်ဆိုတာကလည်း ပ်ကျက်ရင် စားမကောင်းသလို၊ မကျက်ပြန်လျှင်လည်း စိုစိစိ စားမကောင်းပြန်။ သည်တော့ အနေတော်ဖြစ်အောင် 'မွေး' စိုက်ကြော်ရသည်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com



ဆီချက်ချက်ရန် ကြက်သွန်ကြော်၊ ကြက်သွန်နီလှီးရ
သည်။ အသုပ်စုံဆိုသည့်အတိုင်း အစုံလုပ်ရသည်မို့ 'မွေး' လ
ကို ဇယ်စက်သလိုလှုပ်ရှားနေရသည်။ 'မွေး'လိုပင် 'ဒေါ်လုံး'
လည်း မအား။ မနက်ကတည်းက ဈေးသွားရ၊ စားဖို့သောက်
လုပ်ရနှင့် သည်ကြားထဲအသုပ်စုံလုပ်ပေးပါဆိုတော့ လုပ်ကြ
ပြန်သည်။ ခ

နှစ်ယောက်သား မအားရအောင် အလုပ်များနေသည
ကြားထဲ 'ဇင်မာ'က...

"ဆယ့်တစ်နာရီ ဧည့်သည်လာမှာနော်... မြန်မြန်လု
ကြစို့ရှဲ..."

'မွေး'မှာ နဖူးမှာစီးကျလာသည့် ချွေးပင်မသုတ်အား
အလုပ်ကို ဆက်တိုက်လုပ်နေရသည်။ 'ဒေါ်လုံး'ကတော့ ဟင်း
အိုးတည်လျက်မှ 'မွေး'ကို မကြားတကြားလှမ်းပြောသည်။

" 'ဇင်မာ' လည်း မြန်မြန် လင်ရမှ... ဒါမှမဟုတ်
တို့နှစ်ယောက်လုံးသေမှ အေးမှာပဲ 'မွေး'ရေ... နို့မို့ဆို သူခိုင်းတာ
သေမှာပဲ"

'ဒေါ်လုံး'ကော 'မွေး'ပါ အဆီတပြန်ပြန်နှင့် မီးဖိုချော
ထဲတွင် အလုပ်ရှုပ်နေပေမယ့် 'ဇင်မာ'မှာတော့ နီညိုရင့်ရော
အင်္ကျီနီးရှားပါတိတ်ဝမ်းဆက်နှင့် ကြော့မော့နေသည်။ မျက်နှာ
လည်းဖူးညွှတ်နေအောင် ပြင်ထားသည်။





'မွေး'ကတော့ 'ဇင်မာ'၏ ကြော့မော့နေသော ကိုယ်လုံး
းကို မသိမသာ နောက်မှကြည့်ရင်း...

"ဧည့်သည်ဆိုလို့ ဘယ်သူလာမှာလဲ 'ဒေါ်လုံး'ရဲ့"

" 'မောင်တိုးမြင့်'နေမှာပေါ့ 'မွေး'ရဲ့... 'အဲလစ်'တို့ 'ပိုး'
အကိုလေ... သိတယ် မဟုတ်လား"

'မွေး' ခေါင်းကိုညိတ်ပြတော့...

"မနက်က 'အေး'က ခေါ်ပြောတယ်... 'ဇင်မာ'ကြိုက်သ
ခီစဉ်ပါစေတဲ့... 'ဒေါ်လုံး'လည်း 'မွေး'နဲ့ ကူလုပ်ပေးလိုက်ပါ
... ကြည့်ရတာ လူကြီးတွေကိုယ်တိုင်သဘောတူပုံပဲ 'မွေး'ရဲ့"

"အင်းလေ... ဒေါက်တာ 'တိုးမြင့်'နဲ့ဆို သဘောတူထိုက်
တယ်... ဒေါက်တာ 'တိုးမြင့်'ကလည်း ခပ်တည်တည် ခပ်ချော
ချော မဟုတ်လား"

'မွေး' သူနှင့် တွေ့ခဲ့ရပုံကို မပြောဘဲ ချန်လှပ်ထားလိုက်
သော်လည်း မျက်ဝန်းထဲမှာတော့ 'တိုးမြင့်'၏ တည်တန့် ခိုင်မာ
သောမျက်နှာကိုမြင်ယောင်နေမိသည်။ ပြီးတော့ သူ့ကိုလှမ်းကြည့်
သည့် 'တိုးမြင့်'၏ ကြင်နာသော မျက်ဝန်းများကိုမြင်ယောင်ပြီး
နောက်မှာတော့ 'မွေး' သက်ပြင်းကို တိတ်တခိုးချလိုက်သည်။

ခြင်သေ့ဆိုသည် သိင်္ဂြိုလ်ရွှေခွက်နှင့်မှ ထိုက်တန်သလို
ဒေါက်တာ 'တိုးမြင့်' သည် 'ဇင်မာ'နှင့် ထိုက်တန်နေသူမို့ 'မွေး'
တိုးမြင့်'နှင့် မတွေ့ရန်ဆုံးဖြတ်ကာ လုပ်စရာရှိတာများကို မြန်မြန်



www.burmeseclassic.com

www.burmeseclassic.com

ဆန်ဆန် သွက်သွက်လက်လက်လုပ်နေဆဲ...

"'မွေး'"

ထင်မင်းစားခန်းဝမှလှမ်းခေါ်သံကြောင့် လှည့်ကြ[illegible] လိုက်တော့ 'ဇင်မာ'။ သူမ လက်ဟွင်ပတ်ထားသော ရွှေရော[illegible] ဆက်ပတ်နာရီလေးကိုငုံ့ကြည့်လျက်...

"ပြီးခါနီးပြီး မဟုတ်လား... ဆယ့်တစ်နာရီထိုးခါနီးပြီ"

"ပြီးပါပြီ... ပြင်ရုံပဲရှိပါတော့တယ်"

"ဒါဆို မြန်မြန်ပြင်... ညှော့သည်လာရင် နင်ထွက်မ[illegible] နဲ့... ကြားလား... ဒါမှမဟုတ် တစ်နေရာ သွားရင်သွား"

'မွေး' ခေါင်းညိတ်လိုက်ရပေမယ့် စိတ်ထဲမှာတော့ [illegible] ချင်သွားသည်။ သူမကသာ သူနှင့် ဒေါက်တာ 'တိုးမြင့်' ဖြစ်[illegible] စိုးရိမ်နေပေမယ့် သူကတော့ 'တိုးမြင့်'ကို လုံးဝစိတ်မဝင်စား[illegible] ဒီကမ္ဘာလောကကြီးမှာ 'မွေး' စိတ်ဝင်စားသူက 'ကိုနိုင်' တ[illegible] ယောက်တည်း။

ထမင်းစားပွဲပေါ်မှာ လှနေအောင်ပြင်ဆင်ပြီး 'မွေး' နောက်ဖေးကိုထွက်လာတော့ 'ကိုနိုင့်'ကို ခြံထဲတွင်စာဖတ်နေ သည်ကိုတွေ့လိုက်ရ၍ 'မွေး' အားရဝမ်းသာလှမ်းခေါ်လိုက် သည်။

"'ကိုနိုင်'"

'မွေး'ကိုတွေ့တော့ 'ကိုနိုင်'က ခပ်တည်တည်လှမ်းကြ[illegible]





နေ၍...

"အသုပ်စားတော့မလား 'ကိုနိုင်'... ဟင်းခါးလဲ ကျက်ပြီ 'မွေး' ပြင်လိုက်ရတော့မလားလို့ လာမေးတာ"

"နေပါ... 'ကိုနိုင်' မဆာသေးဘူး"

"'မွေး' ဘာလုပ်ပေးရဦးမလဲ ဟင်... 'ကိုနိုင့်' အင်္ကျီတွေ ဆော့လျှော်ပြီး မီးပူတိုက်ပြီးသွားပြီ... 'ကိုနိုင့်' ကုတင်ပေါ်မှာတင် ထားတယ်... တွေ့လား"

"တွေ့ပါတယ်"

"ဒါနဲ့ 'ကိုနိုင်' မနက်ဖြန် ပြန်တော့မယ်ဆို"

"ဟုတ်တယ်"

"နောက် ဘယ်တော့လာဦးမှာလဲ ဟင်"

'ကိုနိုင်' 'မွေး'ကို ခပ်တည်တည်လှမ်းကြည့်သည်။ ပြီး တော့ ခပ်ပြတ်ပြတ်မေးသည်။

"ဘာလို့ မေးတာလဲ"

"ဪ... 'မွေး' သတိရလို့ပါ"

"နောက်လထဲ လာမယ်... အဲလစ်နဲ့ အင်ဂေ့ချ်လုပ်မယ် ကွ ဘာသိချင်သေးလဲ"

'မွေး' ခေါင်းခါလိုက်ရပေမယ့် မျက်ဝန်းထဲမှာတော့ မျက် ရည်တွေက အလိုလိုရစ်ဝဲတက်လာသည်။ 'ကိုနိုင့်' မျက်နှာကို ကြည့်ကာ ငိုချင်စိတ်က ကြီးစိုးလာနိုင်၍...


www.burmeseclassic.com

www.burmeseclassic.com

"'မွေး'-သွားတော့မယ် 'ကိုနိုင်'"

'မွေး' 'ကိုနိုင်' ရှေ့မှ ခပ်သွက်သွက်ပြေးထွက်လာခဲ့ကာ ရေချိုးခန်းထဲအရောက် အားရပါးရငိုချလိုက်မိသည်။ သူကသာ 'ကိုနိုင်'ကို အရေးထားကာ လေးစားပေမယ့် 'ကိုနိုင်'ကတော့ သူ့ အပေါ်မှာ မာကျောပြတ်သားလှချည်လား။

ခါတိုင်း ချိုသာနူးညံ့သောအပြုံးတွေနေရာမှာ တည် ကြည်သော 'ကိုနိုင့်'ဟန်က နေရာဝင်ယူနေသလို ကြင်နာသော စကားတွေနေရာမှာ မာကျောပြတ်သားသော စကားတွေဆိုလာ ၍ 'ကိုနိုင့်'ပုံစံ ပြောင်းသွားပြီလား။

ဒါမှမဟုတ် 'ကိုနိုင့်'ကိုပင် တစ်ယောက်ယောက်က သွေး ထိုး၍ 'မွေး' အပေါ်စိမ်းကားလေပြီလား၊ ဘာပဲဖြစ်ဖြစ် 'ကိုနိုင့်' အပေါ်မှာ အရေးထား လေးစားနေမည့် 'မွေး'မို့ စိမ့်ထွက်လာသော မျက်ရည်ကို ရေနှင့်အတူ မျှောချလိုက်သည်။

'မွေး' ရေချိုးပြီး အပြင်ကိုထွက်လာသည့်အချိန်ထိ ဒေါက်တာ 'တိုးမြင့်' ရောက်မလာသေး။ 'မွေး'မှာသာ 'ခင်မာ့'ဆီ လျှောက်လာပြီး...

"'ခင်မှာ'"

'ခင်မာ' 'မွေး'ကို မလိုတမာလှည့်ကြည့်သည်။ ညက တည်းကချိန်းထားပါလျက် ရောက်မလာသော 'တိုးမြင့်'ကို စိတ် တိုနေရသည့်ကြားထဲ 'မွေး'ကပါ ခေါ်တော့ဒေါပွချင်သွားသည်။





"ဘာလဲ"

"'မွေး'... 'မွေး' သူငယ်ချင်းဆီ စာသွားကူးမလို့ အဲဒါ"

"ဘယ်တော့ ပြန်လာမှာလဲ"

"ညနေလောက် ရောက်မှာပါ"

"သွားလေ"

'မွေး' ထွက်လာတော့ 'ခင်မာ့' မျက်ဝန်းများက 'မွေး'ထံ းမှာ ကပ်ပါလာသည်။ သူ့လို အဖိုးတန်တွေ ဝတ်စားခြင်းမရှိ သော်လည်း 'မွေး'က ကြည့်လို့ကောင်းလွန်းလှသည်။

ကုန်တိုက် မှထုတ်ပေးသော စိမ်းပြာနုရောင် ပိတ်သား ပေါ် အဖြူလုံးလေး များပါသော ဝတ်စုံဖြင့် 'မွေး' ကိုယ်လုံးလေး ာ 'ခင်မာ့'လို သွယ်သွယ်လျလျမရှိသော်လည်း တစ်တစ်ရစ်ရစ် လေးမို့ တစ်မျိုးကြည့်ကောင်းသလို သနပ်ခါးရေကျဲလူးထားသော ွေး' မျက်နှာလေးကလည်း ရင်ထဲကိုအေးချမ်းစေမို့ 'မွေး'ကြည့် ်း 'ခင်မာ့'မှာ စိတ်တိုသည်ထက် တိုနေသည်။

'မွေး'မှာတော့ 'ခင်မာ့'အဖြစ်ကို မသိ။ လွယ်အိတ်လေးကို ွယ်ကာ ခြံထဲရှိ 'ကိုနိုင့်' ရှေ့မှအဖြတ်...

"'မွေး'"

'မွေး' မကြည့်ရဲ။ ခေါင်းငုံ့ကာ 'ကိုနိုင့်' ရှေ့အရပ်...

"ဒါ ဘယ်သွားမလို့လဲ"

"'မွေး' သူငယ်ချင်းဆီ"

www.burmeseclassic.com

www.burmeseclassic.com

"ဘာသွားလုပ်မှာလဲ"

"စာ သွားကူးမလို့"

"လာ… ငါလိုက်ပို့မယ်"

"အို… 'မွေး' မလိုက်နိုင်ဘူး 'ကိုနိုင်' "

'မွေး' ပျာပျာသလဲငြင်းကာ အိမ်ဘက်ကိုအလန့်တကြား လှမ်းကြည့်လိုက်သည်။ နဂိုကမှ 'ဇင်မာ'က 'မွေး'ကို မကြည့်ဖြ ရသည့်ကြားထဲ ခုလို 'ကိုနိုင်'နှင့် နှစ်ယောက်တည်းသွားလျှင် ဆိုးရော့မည်မို့…

"နေ 'ကိုနိုင်'… 'မွေး' တစ်ယောက်တည်းသွားမယ်— တော်ကြာ 'မမအဲလစ်' အထင်လွဲနေဦးမယ်"

လာပြန်ပြီ 'အဲလစ်'။ ခုနကပင် 'အဲလစ်'က 'မွေး' လာ ခေါ်လျှင် မခေါ်ရဘူးဆို၍ သူ 'မွေး' ခေါ်လာသည်ကိုပင် အော ပစ်ခဲ့သည်။ ခပ်တည်တည်နေခဲ့သည်။ ခုတစ်ခါ ကျောင်းကိုလိုက် ပို့ပါမည်ဆိုတော့လည်း 'မမအဲလစ်' အထင်လွဲမည်တဲ့။

ဘာအထင်လွဲစရာရှိလဲ။ သူ 'မွေး'ကို ချစ်တာ ညီမလေး တစ်ယောက်လိုမို့…

"နေဦး 'မွေး'… ငါလိုက်ပို့မယ်"

'ဇင်မောင်နိုင်' 'မွေး'ကို လှမ်းအော်ကာ တိုက်ထဲကိုပြေး လာခဲ့သည်။ တိုက်အဝင်ဝတွင် 'ဇင်မာ'နှင့်ဆုံနေ၍…

" 'ဇင်မာ'… ငါ 'မွေး'ကို လိုက်ပို့လိုက်ဦးမယ်"





" 'ကိုတိုး' လာမယ်ဆိုတာ သိထားလျက်နဲ့ ကိုကိုကလဲ"

"ဟ ဆယ့်နှစ်နာရီကျော်ပြီ 'ဇင်မာ'ရ… လာလည်း နှင် ညှိခံထားလည်း ဖြစ်လျက်နဲ့"

"ဘယ်ကောင်းမလဲ… မိန်းကလေးတစ်ယောက်တည်း"

"အေး… နှင် အိမ်မှာနေတဲ့လူတောင် တစ်ယောက်တည်း ကောင်းရင် 'မွေး'က တစ်ယောက်တည်း သွားရမှာဟ"

"သူ ခါတိုင်း သွားနေကျပဲဟာ… ကိုကိုက ခုမှ အဆန်း သုပ်လို့"

"သွား သွားဟာ ငါအားနေတာပဲ… လိုက်ပို့လိုက်ဦးမယ်"

'ဇင်ခဲမောင်နိုင်' ကားသော့ကိုယူကာ ကားမောင်းပြီး ထွက် လာတော့ ခြံဝတွင် 'မွေး' မရှိတော့။ 'ကိုနိုင့်' ကားနှင့်လိုက်ရမှာ ကြောက်၍ သုတ်ခြေတင်နေသည့် 'မွေး'မှာသာ နောက်ကိုလှည့် ကြည့်လှည့်ကြည့်နှင့် ဘတ်စ်ကားဂိတ်ကိုလျှောက်လာဆဲ ဂိတ်မ ရောက်ခင် 'ကိုနိုင့်'ကား 'မွေး'ကိုမီလာသည်။

"လာဘက် 'မွေး' "

"နေပါ 'ကိုနိုင်'… 'မွေး' သွားရဲပါတယ်"

"မဟုတ်တာကွာ… 'ကိုနိုင်' အားနေတာပဲ"

'ဇင်မောင်နိုင်' ဘယ်လောက်ပြောပြော 'မွေး' ပေတေပြီ နေ၍ ကြာတော့ 'ဇင်မောင်နိုင်' ဒေါပွချင်လာပြီ။ မျက်နှာတွေ နီချင်လာပြီ၊ ဒါကြောင့်…

www.burmeseclassic.com



"ဒီမှာ 'မွေး' "

'မွေး' 'ကိုနိုင်' မျက်နှာကိုလှမ်းကြည့်လိုက်သည်။ ဒါ... ကြောင့် 'ကိုနိုင်' မျက်ခုံးတွေက တွန့်ကာ မျက်ဝန်းများက တော... ပနေသည်။

" 'ကိုနိုင်' ထပ်မေးမယ်... လိုက်မလား"

'မွေး' ခေါင်းခါလိုက်သည်။

"ကဲ ဒုတိယအကြိမ်... တတိယအကြိမ်ဆိုရင်တော့ 'ကို... နိုင်' အဆိုးမဆိုနဲ့"

'မွေး' မငြင်းသာတော့ နဂိုကတည်းက 'ကိုနိုင်' ကို လေး... စားခဲ့၊ ချစ်ခဲ့ရသူပီပီ 'ကိုနိုင်' ဘေးမှာ ဝင်ထိုင်လိုက်ရသည်။ ... သည်တော့လည်း 'ကိုနိုင်' မျက်နှာဒေါသကပြေလျော့သွားသည်။ ... ဒါပေမဲ့ အသံကတော့ ဒေါသသံပါတုန်း။

"နေပါဦး... 'မွေး' ကို 'ကိုနိုင်' ကားနဲ့ မလိုက်ရဘူး... ဘယ်သူ အမိန့်ထုတ်ထားလို့လဲ"

"ဘယ်သူမှ အမိန့်မထုတ်ပါဘူး 'ကိုနိုင်'... 'မွေး' အသိ... 'မွေး' မလိုက်တာပါ... 'မွေး' က 'ကိုနိုင်' တို့အိမ်က အစေခံမဟုတ်... လား... တော်ကြာ 'ကိုနိုင်' အသိတွေမြင်သွားမှ..."

"ဟာ တော်စမ်း"

'ကိုနိုင်' ဆောင့်အော်လိုက်တော့လည်း 'မွေး' ဆက်... ပြောရဲတော့။



"ဒီမှာ မှတ်ထား... 'မွေး' 'ကိုနိုင်' တို့အိမ်မှာ လာနေတာ ...ဘာလုပ်ဖို့လဲ"

"စာသင်ဖို့ပါ"

"အေး... စာပဲသင်... ဒါတွေလျှောက်စဉ်းစားမနေနဲ့ ကဲ 'ကိုနိုင်' ဘယ်မှာရပ်ပေးရမလဲ"

"ပညာရေးတက္ကသိုလ် ရှေ့မှာပဲရပ်ပါ 'ကိုနိုင်' "

သူငယ်ချင်းနေသည်ကလည်း ပညာရေးတက္ကသိုလ်နှင့် ...နီးမဝေးမှာမို့ 'မွေး' 'ကိုနိုင်' ကို အိမ်အထိလိုက်ပို့ခိုင်းမနေတော့။ ...ပညာရေးတက္ကသိုလ်ရှေ့မှာ ရပ်ခိုင်းကာ ဆင်းလိုက်သည်။

"ကျေးဇူးပဲ 'ကိုနိုင်'... 'မွေး' သွားတော့မယ်နော်"

'မွေး' 'ကိုနိုင်' ကိုနှုတ်ဆက်ကာလျှောက်လာပြီး မကြာ...ခင် 'ကိုနိုင်' ကားလေး 'မွေး' ကိုကျော်ကာ မောင်းထွက်သွားသည်။ ...သည်လိုဆိုတော့လည်း 'မွေး' ရင်ထဲမှာ ကျေနပ်ရပြန်သည်။ 'ကို...နိုင်' သူ့ကိုယ်ခင်ကလို ဂရုစိုက်သေးပါလားတွေးကာ ကြည်နူးရ...ပြန်သည်။ ဘာပဲပြောပြော သည်လောကမှာ 'မွေး' တွယ်တာခဲ့ရ...သူက 'ကိုနိုင်' တစ်ဦးတည်းပဲမဟုတ်လား။

သူငယ်ချင်းအိမ်မှ စားကူးပြီးပြန်လာတော့ ညနေသုံးနာ...ရီထိုးနေပြီ။ အလှာတုန်းက 'ကိုနိုင်' ဘေးမှာထိုင်ကာ 'ကိုနိုင်' ...မောင်းသောကားလေးစီးပြီး ဓိမ်နှင့်လိုက်ပါခဲ့ရပေမယ့် ခုတော့ ...မွေး' ဘဝက ဒုံရင်းဒုံရင်းပါပဲ။ သည်လိုဆိုတော့လည်း 'မွေး'

www.burmeseclassic.com

www.burmeseclassic.com



'တင်ဦး' စကားကို ကြားယောင်မိပြန်သည်။

"တကယ်တော့ နင်က တော်သူပဲ… ကြိုက်မယ့်ကြိုက် 'ကိုနိုင်'ကိုမကြိုက်ကိုဘဲ ငါ့ကိုပဲ ကြိုက်ပါလား"

ထိုစဉ်တုန်းက 'မွေး' 'တင်ဦး'ကို မဲ့ရွဲ့ကာ မျက်စောင်းထိုး ပြီး…

"နင့် ကြိုက်မယ့်အစား ခွေးပဲ အမြီးဖြတ်ပြီး ကြိုက်တော့ မယ်"

"ငါ ဘာဖြစ်လို့လဲဟ"

" 'ကိုနိုင်' လို့ချော့မှ မချော့တာ"

"ချော့မှ ကြိုက်မှာလား"

"ချော့ရုံလည်း မကဘူး… ထက်လည်း ထက်မြက်ရမယ် ယောကျ်ားပီသရမယ်… 'ကိုနိုင်'က ငါကြိုက်တဲ့အရည်အချင်းတွေ ရှိတာဟ"

"ဟိုက နင့် ကြိုက်လို့လား"

"သူ မကြိုက်ရင်လည်း ငါက ကြိုက်တာဘာဖြစ်လဲ— ငါ့ရင်ထဲကကြိုက်တာ သူ သိစရာမလိုပါဘူး"

"သိလို့လဲ ဟိုက နင့် မကြိုက်ပါဘူး"

"မကြိုက်နဲ့ပေါ့… ငါ့ဘာသာ တစ်ယောက်တည်း ကျိတ် ပြီကြိုက်မယ်"

"အေး… နောက်မှ တစ်ယောက်တည်း ကျိတ်ခွေးနေ



…ယ်… တကယ်တော့ တောမှာပွင့်တဲ့ပန်းဟာ တောမှာပဲ လန်း …န်းသင့်တယ်"

"ဟာ ဟ… သီချင်းတွေထဲက စာသားတွေ လာရွတ်မနေ …"

"အေးလေ… သီချင်းတွေထဲကစာသားလဲ စကားပဲမ …ဟုတ်ဘူးလား… တောသားက နွားလှည့်စီးတာ… မြို့သားက …ားစီးတာ စရိုက်ချင်း မတူတာကိုသွားကြိုက်ရင် နင်ပဲ မော်မှာ …"

"မောပါစေ… ငါ 'ကိုနိုင့်'ကို ချစ်တယ်… သိပ်ချစ်တယ်… …ဘစ်သက်မှာ ယောကျ်ားထဲမှာ 'ကိုနိုင့်'ကို အချစ်ဆုံးပဲ… ငါ …ကို 'ကိုနိုင့်'ကားကြီးစီးပြီး ကြွားပြဦးမယ်"

"အေး… ကြွားပါ… တော်တော်ကြာ ဒုံရင်းက ဒုံးရင်း …ရောက်လာပါဦးမယ်"

"ဘာ… ဒုံရင်းက ဒုံးရင်လဲ"

"သြော်… မြေကြီးပေါ်ကလူ မြေကြီးပေါ် ပြန်ရောက်နေ …ယ်လို့"

ထိုစဉ်တုန်းကတော့ ဘာရယ်မဟုတ် 'တင်ဦး'ကိုအနိုင် …ချင်စိတ်နှင့် ကြွားဝါကာပြောခဲ့ပေမယ့် ခုတော့လည်း ဘာထူး …သည်း။ မြေကြီးပေါ်က 'မွေး' မြေကြီးပေါ်မှာပဲ မဟုတ်လား။ …ဦး'ကတော့ 'မွေး'လို စကားနှင့်အနိုင်မယူ။ စာနှင့်အနိုင်ယူခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဒုတိယတန်း ဖတ်စာအုပ်ထဲမှ ခေါင်းယောင်အော
သော ကျီး ပုံဝတ္ထုထဲမှ နောက်ဆုံးအပုဒ်ဖြစ်သည့် ကြွားဝါဟ
ဆောင်လျှင် ဒုက္ခရောက်တတ်သည်ကို လက်ညှိုးနှင့်ထောက်
သည်။

'မွေး' အားကျမခံ ခဲတံယူကာ ဒုက္ခနေရာမှာ သုံခရေး
လိုက်သည်။ ကဲ 'တင်ဦး' ဘာတတ်နိုင်သေးသနည်း။ 'တင်ဦး
ရှေ့မှာကျတော့ 'မွေး' နိုင်ခဲ့ပေမယ့် 'တင်ဦး' ကွယ်ရာကျ 'မွေ
မှာတော့ ဒုံရင်းက ဒုံရင်းပါပဲ။

'မွေး' တစ်ယောက်တည်း နှုတ်ခမ်းကိုတွန့်ကာ ပြုံးရင်
ကားရှိရာကိုလှမ်းအမျှော်...

"အို..."

'မွေး' ရင်ခုန်သံတွေမြန်လာသည်။ ဘယ်လိုလုပ်ရ
တွေးကာ မျက်နှာကိုမပျက်အောင်သတိထားနေလျက်မှ မျက်
ကပျက်ချင်နေသည်။ ဂျစ်ကားထဲမှ 'တိုးမြင့်' မှာတော့ သူ့ကို
စဉ် မှုပျက်သွားသော 'မွေး'ပုံစံလေးကို ခပ်တည်တည်စိုက်ကြ
နေသည်။

သူ့ မျက်ဝန်းရှေ့၌ရှိ 'မွေး'မှာအတွေးလွန်နေ၍ 'တိုးမြ
ဘယ်အချိန်ကရောက်လို့ ဘယ်အချိန်ကကြည့်နေမှန်းမသိ။
သည့်အချိန်မှာတော့ ရှေ့မပြေးသာ၊ နောက်မဆုတ်သာပါ။ လွ





တ်လေးတင်းတင်းဆုပ်ကာ ရပ်နေမိသည်။

ခြေထောက်ကသာ မြေကြီးပေါ်မှာ ရပ်နေသော်လည်း
း'အတွေးများကတော့ ယောက်ယက်ခတ်နေသည်။ မတော်လို့
ို့ တစ်နေ့ကလို လာစကားပြောပါပြီတဲ့ သူ ဘာပြန်ပြောရမည်
ည်း။

'မွေး' တစ်ယောက်တည်း နေရခက်နေဆဲ ကံကောင်းချင်
တော့ ဟီးနိုးကားဆိုက်လာသည်။ 'မွေး' ကားပေါ်တက်ပြီး မကြာ
င် သူ့ကားလေးလည်း မောင်းထွက်သွားသည်။ သည်တော့မှ
း' သက်ပြင်းကိုချလိုက်မိသည်။

ဂျစ်ကားပေါ်၌ 'တိုးမြင့်'မှာတော့ တကယ်လို့ သူတွေ့ခဲ့
ည့် ကောင်မလေးသည် 'မွေး'သာဖြစ်လျှင် သူတို့အိမ်ရှေ့မှ
တ်ပြန်ရမှာ အသေအချာမို့ အိမ်ကိုအပြင်းမောင်းလာခဲ့သည်။
ကား ဆင်ဝင်အောက်ရောက်သည်နှင့် 'တိုးမြင့်' တန်းတွေ့ရ
ည်က 'ပိုး'။

"ဟာ ကိုကိုလာတယ်... 'ဇင်မာ'က ကိုကို မလာဘူးမှတ်
စိတ်တိုနေပြီ... လာ 'ဇင်မာ'ဆီသွားရအောင် ကိုကို"

"နေစမ်းပါဦး 'ပိုး'ရဲ့... နားပါရစေဦး"

"ဟိုမှာ 'ဇင်မာ'မျက်နှာကြည့်ပြီး နားပေါ့ ကိုကိုရဲ့...
မာ့မှာ မနက်ကတည်းက ကိုကို့ကို မျှော်နေတာ"

"မျှော် မျှော်ကွာ... ကိုကိုမှ မအားတဲ့ဟာကို"

www.burmeseclassic.com

www.burmeseclassic.com



"ခု အားပြီပဲဟာ... ကိုကိုကလည်း ဈေးကိုင်နေလို… တာ"

"ဈေးကိုင်တာ မဟုတ်ဘူး 'ပိုး'... ကိုကို ညကျမှသွားမေ… ခု ရေချိုးဦးမယ်... အဲဒီကျတော့ 'ပိုး'ပါလိုက်ခဲ့ပေါ့ ဟုတ်လား…"

'ပိုး' မကျေမနပ်လေးခေါင်းညိတ်မှ 'တိုးမြင့်' အိမ်ပေါ်… ပြေးတက်ခွင့်ရသည်။ မိဘနှစ်ပါးဖြစ်သူကတော့ 'ပိုး'နှင့် 'တိုးမြ… ကိုကြည့်ကာ ပြုံးနေကြသည်။ အရွယ်ရောက်နေပြီဖြစ်သော သား… သမီးတွေမို့ ဘာမှပြောစရာမလိုဘူး မဟုတ်လား။

ယခင်က သားကြီး 'တိုးမြင့်' အိမ်ထောင်မပြုသေးသည်… အတွက် စိတ်မအေးခဲ့ရသော်လည်း ခုလို 'ဇင်မာ'နှင့် သထင်… ကားကြားရတော့ စိတ်အေးသွားရပြီ။ တိုက်အပေါ်ထပ်ရှိ 'တိုး… မှာတော့ အဝတ်အစားပင် မလဲနိုင်ဘဲ 'မွေး'လာရာလမ်းကိုမျှော်… မိသည်။

စိတ်ထဲမှာလည်း 'မွေး'ဖြစ်ရမည်ဟု ခိုင်ခိုင်မာမာ… ကြည့်နေမိတော့ ပြတင်းပေါက်မှလုံးဝမခွာရဲ။ တကယ်လို့ … ခွာလိုက်ချိန် 'မွေး' ဖြတ်သွားပါက သူ မျှော်လင့်သမျှတွေ … သည်ဦးရတော့မည်မို့ 'တိုးမြင့်' ပြတင်းပေါက်မှရမ်းကာ စောင့်နေ… သည်။

'မွေး'မှာတော့ 'တိုးမြင့်' သူ့ကိုစောင့်ကြည့်နေသည်… လုံးဝမသိ။ ဘတ်စ်ကားပေါ်မှဆင်းသည်နှင့် လမ်းထဲကိုခပ်သွ…



…ကာဝင်လာခဲ့သည်။ လွယ်အိတ်ကလေးလွယ်ကာ လမ်းထဲကိုဝင် …လာတော့ 'မွေး'ကိုမြင်သည်နှင့် 'တိုးမြင့်' 'ပိုး'ကိုလှမ်းခေါ်လိုက် …သည်။

"'ပိုး' ရေ 'ပိုး'... ခဏ"

"ဘာလဲ ကိုကို"

အကိုခေါ်သံကြားတော့ 'ပိုး'အိမ်ပေါ်ကိုပြေးတက်လာ …သည်။

"ဟိုမှာ ကြည့်စမ်း 'ပိုး'... ဟိုကောင်မလေးဟာ 'ဇင်မာ' …တို့အိမ်က ကောင်မလေးမဟုတ်လား... ခု ကိုကို အလာ သူ့ကို …ပညာရေးတက္ကသိုလ်ရှေ့နားမှာ တွေ့ခဲ့တယ်... သူက ဘာသွား …ဖြစ်တာလဲ"

'ပိုး' အကို ပြရာကို လှမ်းကြည့်ရင်း...

"ဟုတ်တယ် ကိုကို... အဲဒါ 'ဇင်မာ'တို့အိမ်က 'မွေး'ပေါ့... …သူက ပညာရေးတက္ကသိုလ် ပထမနှစ်မှာတက်နေတာ... ဘာဖြစ် …လို့လဲ"

"ဟင့်အင်း... ဘာမှမဖြစ်ပါဘူး"

'တိုးမြင့်' ခေါင်းခါလိုက်ပေမယ့် သူ့ရင်ထဲမှာတော့ သူ့ကို …သွားသည့် 'မွေး' နောက်ကိုချက်ချင်းပြေးလိုက်ကာ မေးချင် …လာသည်။

"ဒါနဲ့များ ခင်ဗျာပြောတုန်းက သုံးတန်းဆို... ခုတော့



www.burmeseclassic.com

www.burmeseclassic.com

လည်း ပညာရေးတက္ကသိုလ်ကျောင်းသူကြီးဖြစ်နေပါရော့လား— အယ်လိုလဲ... နတ်ရေကန်ထဲဆင်းပြီး အတန်းတွေကျော်တာ လိုက်တာလား"

သူ မေးလျှင် 'မွေး' သူ့ပုံစံလေးအတိုင်း မတုတ်မလှု လုပ်နေမှာ သေချာသည်။ ပြီးတော့ သူ့ကိုခေါင်းခါကာ ညာဦးမှာ သေချာသည်။ ညာချင်လည်းညာ၊ ခါချင်လည်းခါတော့။

သူ့ အသည်းမှာတော့ တစတစ 'မွေး' ဆိုသည့် ရုပ်ပုံလွှာ လေးက ထင်သည်ထက်ထင်လာသည်မို့ 'တိုးမြင့်' တိတ်တခိုးပြုံး မိသည်။

## ၁၁

ညီလျှော့လေးရယ် × × × ယဉ်ပါတယ်
ဘာကြောင့်များကွယ် × × × ဖြူချင်တယ်
ညီလျှော့လေးရယ် × × × မဖြူပါနဲ့
ညီလိုလှတဲ့ × × × ညီလှရယ်

ရေကျသံ တဝုန်းဝုန်းကြားမှ 'တိုးမြင့်' သီချင်းသံကလွှမ်း သည်။ ခါတိုင်း တစ်ခါမှ သီးချင်းမဆိုဘူးပါပဲ ခုမှဆိုနေသော ကိုဖြစ်သူ၏ အသံကိုနားထောင်ကာ 'ပိုး' နှာခေါင်းရှုံ့ကာလှမ်း အော်လိုက်သည်။

"ကိုကိုကလည်း 'ဇင်မာ့'က အသားလဲ ညိုပဲနဲ့များ ဘာ သီချင်းဆိုနေတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ... အသားညိုတဲ့လူကို ဆိုတာပေါ့"

"ဘယ်သူလဲ"

"ဘာလို့ ပြောရမှာလဲ"

"ကိုကိုနော်... 'ဇင်မာ'နဲ့ပြောထားလျက်နဲ့ မဟုတ်တာရှာ
တွေလျှောက်လုပ်နေရင်တော့ မာမီနဲ့ အတိုင်ပဲ"

"မာမီနဲ့တိုင်တိုင်... ဒယ်ဒီနဲ့တိုင်တိုင်... ဒါ ငါ့အလုပ်
နှင့် အလုပ်မဟုတ်ဘူး"

"အိုး... 'ပိုး'ကတော့ တိုင်မှာပဲ"

'ပိုး' တကယ်တိုင်မည်ဆိုတော့လည်း 'တိုးမြင့်' ဆက်
ရဲတော့။ သဘ္တိမရှိတာ မဟုတ်ပေမယ့် သူ့ကြောင့် 'မွေး'မှာ
သသနာမဖြစ်စေချင်သည်မို့ 'ပိုး'ကိုချော့လိုက်သည်။

"ညီမကလည်းကွာ... ကိုကိုက ဒီသီချင်းပဲ ရတဲ့ဟာ

"ကိုကို ရတဲ့သီချင်းကလည်း ညိုချော တစ်ခုတည်း
လား"

"အေး... ဒီတစ်ခါ တက္ကသိုလ် 'ထွန်းနောင်'ဆိုတာရေး
ဖြူချော သီချင်းဆိုဖို့ ကိုကို ရေးခိုင်းဦးမယ်... ဒီတော့မှ ကိုကိုဆို
ဦးမယ်... ကြားလား"

ဒီလိုဆိုတော့ စူနေသည့် 'ပိုး' နှုတ်ခမ်းလေး အစုပြေသွား
သည်။

"ဒါပဲနော်... 'ပိုး'က 'ဇင်မာ'နဲ့ သဘောတူသလို တစ်





ုံးကလည်း ကိုကို့ကို 'ဇင်မာ'နဲ့ သဘောတူကြတာ... တခြားလူ
များကြိုက်ရင်တော့ ဒယ်ဒီနဲ့မလွယ်သလို 'ပိုး'ကလည်း လွယ်မှာ
မဟုတ်ဘူးနော်"

"မလွယ်တော့ 'ပိုး'က ဘာလုပ်မှာမို့လို့လဲ"

"အိုး... ကိုကို့ကို ဆွေးခန်း မျိုးခန်းဖြတ်ပစ်မှာပေါ့"

"ကြောက်စရာကြီးပါလား"

'တိုးမြင့်' မကြောက်သော်လည်း ကြောက်ဟန်ဆောင်
ဘာ ပခုံးတွန့်လိုက်မိသည်။ အမှန်မှာ သူလို ရာထူးရှိတာ အရွယ်
ရှိနေသော သူတစ်ယောက်အနေနှင့် ချစ်ခြင်းမေတ္တာအရေးမှာ
ဘာကိုအားကိုးနေရမှာလား ညီအကို မောင်နှမစကား နားထောင်
နေရမှာလား။

ပေါင်းတော့ သူနှင့်ပေါင်းရမှာမို့ သူ့ စိတ်ကြိုက်ကိုသာ
'တိုးမြင့်' ရွေးယူချင်မိသည်။ ဒါကြောင့်လဲ...

"နေပါဦး... 'ပိုး'က 'ဇင်မာ'နဲ့ ကိုကို့ကို ဘာလို့သဘော
တူတာလဲ"

"ဘာလို့ သဘောတူတာလဲဆိုတော့ 'ဇင်မာ'က တစ်ဦး
တည်းသောသမီး ဖြစ်သလို မိဘကလည်းချမ်းသာတယ်... ပြီး
တော့ ဒယ်ဒီတို့ မာမီတို့နဲ့လည်းရင်းနှီးကြတယ်... 'ပိုး'နဲ့ဆို ငယ်
သူငယ်ချင်း... အဘက်ဘက်ကကြည့်ရင်း ငြင်းစရာမရှိတော့သူမို့
သဘောတူကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ 'ဇင်မာ'ဟာ မောင်နှမတွေ အများကြီးရှိပြီး ဆင်းရဲတဲ့ ကောင်မလေးတစ်ယောက်ဆိုရင်ကော"

"စဉ်းစားရဦးမှာပေါ့"

'တိုးမြင့်' ရင်ထဲမှပြုံးလိုက်မိသည်။ တကယ်တော့ 'ပိုး' တို့ 'ဇင်မာ'နှင့် သူ့ကို သဘောတူတာ 'ဇင်မာ့'ကို ချစ်လို့မှမဟုတ်ဘဲ။ 'ဇင်မာ့' စည်းစိမ်ကြောင့်ပဲ။ ဒါဖြင့် 'ဇင်မာ'တို့ဘက်မှ သူ့ကို သဘောကျတာတော့ကော အဖြေကို သိပ်ဝေးဝေးတွေးနေစရာ မလိုဘဲ 'တိုးမြင့်'သိလိုက်သည်။

လက်ရှိ ဆရာဝန်တစ်ယောက်၊ ပြီးတော့ တစ်ဦးတည်းသော သားကြီး မိဘက ချမ်းသာကြသည့်ဂုဏ်တွေကလွဲ၍ ဘာရှိတော့မှာနည်း။ ဒါဖြင့် ဘယ်မလဲ မေတ္တာ၊ ဘယ်မလဲ အချစ်။ 'တိုးမြင့်' တကယ်တမ်းလိုချင်တာက မေတ္တာစစ်သာမို့ သူ့အချစ်ကို လောလောဆယ် 'ဇင်မောင်နိုင်'ကို ဖွင့်ပြောရန်ဆုံးဖြတ်လိုက်သည်။

'တိုးမြင့်' 'ဇင်မောင်နိုင်'တို့ တိုက်ကိုရောက်တော့ ညက မှောင်ရီသန်းနေပြီ၊ 'တိုးမြင့်'ကိုမြင်တော့ 'ဇင်မာ' အံ့အားသင့်နေသည်။ အတန်ကြာမှ 'ဇင်မာ' ~ခါးကိုသွားဖွင့်ရင်း...

"ကြည့်စမ်း 'ကိုတိုးကြီး' မကောင်းဘူး... ခုမှလာတယ်— 'ဇင်မာ့' အသုပ်ဖိုးပြန်လျှော်ပေး"

"ခု လာစားတာလေ"





"အို... ညဘက်ကြီး ဘယ်ကောင်းတော့မလဲ 'ကိုတိုး'ရဲ့"

"မကောင်းလဲ ကျွေးသာကျွေးလိုက်တော့ 'ဇင်မာ'ရေ့... ခိမ်မှာ ထမင်းမစားဘူး... ဒီကျမှ စားမယ်ဆိုပြီးလာထားတာ"

" 'ကိုတိုး'ပဲကျွေးမယ်... နင့်တော့ မကျွေးဘူး"

'ဇင်မာ'က 'ပိုး'ကိုမျက်စောင်းထိုးကာ လှမ်းပြောသည်။ ိုး' 'ဇင်မာ့' လက်မောင်းကို ဆွဲဆိတ်ရင်း...

"ဟွန်း... သိပါတယ်နော်... 'ဇင်မာ့' စေတနာက 'ကိုတိုး' အပေါ်မှာသာရှိတာ... ဟုတ်တယ်မဟုတ်လား"

'ပိုး'က 'ကိုတိုး'ရှေ့မှာဗြောင်ကြီးပြောတော့လည်း 'ဇင်မာ' က်မိသည်။ ဒါကြောင့် ရှက်ရှက်နှင့် 'ပိုး' လက်မောင်းကိုဆွဲကာ ထမင်းစားခန်းထဲကိုခေါ်လာရင်း...

" 'ပိုး'ကလဲကွာ ဘာတွေပြောနေတာလဲ"

"မှန်တာပြောတာပဲ"

"မှန်တာပေမယ့် ကိုယ်ရှက်တယ်"

"ဘာရှက်မှာလဲ... 'ဇင်မာ'နဲ့ ကိုကိုနဲ့ တို့လူကြီးတွေက သဘောတူနေတဲ့ဟာကို"

"လူကြီးတွေသာ သဘောတူတယ်... 'ကိုတိုး'က ခပ်တည် ည်ကြီးဟ... ဒီတော့ 'ဇင်မာ' အနေခက်တယ်"

"အေး... အဲဒီမှာ အဲနေခက်နေ... တော်ကြာ တခြားလူ ောက် ပါသွားမှ ဒီထက်ပိုခက်နေမှာ"



www.burmeseclassic.com

www.burmeseclassic.com



"တခြားလူ… ဟုတ်လား"

သည်လိုဆိုတော့လည်း 'ဇင်မာ' လန့်သွားသည်။ 'ပိုး'
အလွန့်တကြားလေးမေးလိုက်သည်။

"ဟုတ်တယ်… ကိုကို့မှာ 'ဇင်မာ့' အပြင် တခြား
ယောက်များရှိနေပြီလား မသိဘူး… ညနေက ညိုချော်သီချင်း
နေတယ်"

"ညိုချော"

'ဇင်မာ' တိုးတိုးလေးရေရွတ်ရင်း 'မွှေး' မျက်နှာကိုဖြတ်
နဲ့ ပြေးမြင်မိသည်။ 'မွှေး'ကလည်း အသားညိုပေမယ့် ချောသော
သူပဲ။ ဒါဖြင့် 'မွှေး'များလား၊ နေရင်းထိုင်ရင်း ဇောချွေးပြန်လာ
သည်။ ပထမ 'ပိုး' မပြောခင်က အေးချမ်းနေသော ရင်က ခုတော့
ဖြင့် အခုန်မြန်လာသည်။

"ဒါတွေ 'မမအဲလစ်'ကော သိလား"

"ဟင့်အင်း… 'ပိုး'ပဲ သိတာ… ထင်တာပဲလေ… ဟုတ်
မဟုတ်တော့ မသိဘူး… ဒီကြားထဲ ညနေက 'မွှေး' ဖြတ်သွားတာ
ကိုကိုက 'ပိုး'ကို ခေါ်မေးတယ်"

"ဘာတွေ မေးလဲ"

'ဇင်မာ' စိုးရိမ်စွာမေးလိုက်မိသည်။ အစက ကိုယ့်ကိုယ်
ကို 'ကိုတိုး' အပေါ်မှာ သည်လောက်ချစ်နေမှန်း သိပ်မသိသော
သော်လည်း ခုတော့လည်း 'ဇင်မာ' နေလို့ထိုင်လို့ပင် မရတော့





သား။

"'မွှေး'ဟာ 'ဇင်မာ'တို့အိမ်ကကောင်မလေး မဟုတ်လား
အဲ… သူ ပညာရေးတက္ကသိုလ်ရှေ့မှာ တွေ့ခဲ့တယ်ဆိုလို့ ကိုယ်က
တော့ ဟုတ်တယ်… ပညာရေးတက္ကသိုလ်မှာ ပထမနှစ်လို့ ပြော
လိုက်သေးတယ်"

"ဒီတော့ သူက ဘာပြောလဲ"

"ဘာမှတော့ မပြောဘူး… ငြိမ် နားထောင်နေတယ်"

"ဒီတော့ ကိုယ်တို့ ဘာလုပ်ကြရင် ကောင်းမလဲ"

"'ပိုး'တော့ ဒီလိုလုပ်ချင်တယ်… 'မွှေး'ကို ကိုကိုရှေ့မှာ
အစ်ခုခုခိုင်းထားပြီး ကိုကို့မျက်နှာကို ဒီကချောင်းကြည့်ရင် မ
ကောင်းဘူးလား"

"အေး… ကောင်းတယ်"

'ပိုး' အစီအစဉ်အတိုင်း 'ဇင်မာ' 'မွှေး'ကိုခေါ်ကာ 'ကိုတိုး'
ရှေ့ အအေးသွားချခိုင်းလိုက်သည်။ 'မွှေး'မှာတော့ 'ဇင်မာ'တို့အစီ
အစဉ်ကိုမသိဘဲ ဒေါက်တာ 'တိုးမြင့်' ရှေ့မှာ အအေးသွားအချ…

"တို့ကို ဘာလို့ညာတာလဲ 'မွှေး'"

"ရှင်"

'မွှေး' အလန့်တကြား ဒေါက်တာ 'တိုးမြင့်'ကို မော့်ကြည့်
လိုက်သည်။

"ပညာရေးတက္ကသိုလ်ရှေ့နားမှာတွေ့တာ 'မွှေး'ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



တို့သိတယ်"

"အို..."

'မွှေး' ကြောက်ကြောက်လန့်လန့်နှင့် ဒေါက်တာ'တိုး'မြင်ရှေ့မှအခွာ...

"ပြီးတော့ 'မွှေး'ဟာ ပညာရေးတက္ကသိုလ်ကျောင်းသူ ပထမနှစ်ကျောင်းသူဆိုတာလဲ တို့သိတယ်"

'မွှေး' သူ့ရှေ့မှ ငြိမ်ရပ်လျက်မှ အသက်ကင်းမဲ့သလို ကြောင်နေသည်။ အိမ်ခန်းထဲရှိ 'ပိုး'နှင့် 'ဇင်မာ'မှာတော့...

"တွေလား 'ဇင်မာ'... ဒီကောင်မက ကိုကို့ကို ဘယ်လိုဖမ်းလိုက်တယ်မသိဘူး... မိန်းကလေးတွေနဲ့ စကားမပြောဘူးတဲ့ ကိုကို... သူနဲ့ စကားတွေပြောနေပါလား"

'ဇင်မာ'မှာတော့ ဘယ်လိုလုပ်ရမှန်းမသိတော့၊ ရင်ထဲမှာခံပြင်းခြင်းနှင့်အတူ 'မွှေး'ကို မုန်းတီးစိတ်က ပိုနေသည်။ သူ့မှာတော့ 'ကိုတိုး' သူ့အပေါ်ချစ်လာနိုးနှင့် လမ်းခင်းလိုက်ရတာ ခုတော့ ဘာမဟုတ်သည့် 'မွှေး'ကို 'ကိုတိုး'က စိတ်ဝင်စားနေသည်။

ခံပြင်းစိတ်နှင့် 'ကိုတိုး'ကို စွန့်လွှတ်ရအောင်ကလည်း 'ဇင်မာ' အိမ်ရှေ့ကိုလှမ်းကြည့်လိုက်သည်။ ဖြူဖွေးသန့်စင်သော 'ကိုတိုး'ပုံစံက 'ဇင်မာ'တို့ မိန်းကလေးများအကြိုက်ပါ။ ပြီးတော့ လက်ရှိ ဆရာဝန်။

ဆယ်တန်းမအောင်သည့်အတူ လင်ကောင်းကောင်း





သော 'ဇင်မာ' လိုချင်သည်။ ခုတော့ 'ဇင်မာ'ဘာလုပ်ရမည်နည်း။ ဇင်မာ'တွေးနေဆဲ 'မွှေး' ပြန်ရောက်လာသည်။

"ညှော်သည်တွေအတွက် 'မွှေး' ထမင်းပြင်ပေးရမလား ဇင်မာ' "

"မလိုဘူး... 'ဒေါ်လုံး'ပဲ လွှတ်လိုက်"

မာကျောသော 'ဇင်မာ့' အသံကြောင့် 'မွှေး' ထမင်းစားခန်းထဲမှ မီးဖိုခန်းထဲဝင်လာခဲ့သည်။ နဂိုကတည်းက 'မွှေး'က မီးဖိုချောင်ခန်းထဲမှ မထွက်ချင်သူပါ။ ဒါကို သူတို့ပဲခေါ်ခိုင်းသည်။ ခု သူတို့ပဲ မကျေမနပ်ဖြစ်နေပြန်သည်။

'မွှေး' ဘယ်လိုနေရမလဲ။ အရေးထဲ အိမ်ရှေ့ကဧည့်သည်က တစ်မျိုး။ တတ်နိုင်လျှင် 'မွှေး' တောင်ပံတတ်ကာ ရွာကိုပြန်ပြေးချင်လှသည်။ စိတ်ရှုပ်ရှုပ်နှင့် မီးဖိုချောင်ထဲထိုင်နေဆဲ...

" 'မွှေး' "

"ဟင်... 'ကိုနိုင်' "

"လာ လေ 'ဒေါ်လုံး'နဲ့ ကူလုပ်လိုက်ဦး... ဟိုမှာ 'ဒေါ်လုံး' တစ်ယောက်တည်း"

ခုမှ အပေါ်ထပ်မှ 'မမအဲလစ်'နှင့်အတူ ဆင်းလာသော 'ကိုနိုင်'က 'မွှေး'အဖြစ်ကို သိဟန်မတူ၊ လာခေါ်နေသည်။ 'မွှေး' အသာ ထိုင်ရာအခက် ထရအခက်နှင့် ဟိုလိုလို ဒီလိုဖြစ်နေတုန်းက...

"ကိုကို ခေါ်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

"ဒီမှာ 'ဒေါ်လုံး' ရှိသွားပဲ"

"ဘာဖြစ်လို့လဲ"

"ကိုကို မသိပါဘူး"

'ဇင်မာ့' အူလည်လည်စကားကြောင့် 'ဇင်မောင်နိုင်' ထ… မင်းစားခန်းထဲမှ ပြန်ထွက်ခဲ့ရသော်လည်း စိတ်ထဲမှာမရှင်း။ မျက်… ဝန်းထဲမှာ မီးဖိုချောင်ထဲထိုင်နေသော 'မွှေး'နှင့် ရှုပုပ်နေသော… 'ဇင်မာ့'မျက်နှာတို့ကိုသာ တစ်လှည့်စီ ကြည့်နေသည်။ အိမ်ရှေ့… ခန်းရောက်တော့လဲ…

" 'ဇင်မောင်' ခဏထိုင်ဦးကွာ… ငါ ပြောစရာရှိလို့"

'တိုးမြင့်'က စကားပြောလျက်မှ အိမ်ခန်းထဲကိုမျက်လုံး… ဝေ့ကြည့်သေးသည်။ သူ့အောက ဘယ်သူမှ မသိစေချင်သည့်သ… ဘော၊ ကံကောင်းချင်တော့ 'အဲလစ်ကော' 'ပိုး'နှင့် 'ဇင်မာ'ပါ… ထမင်းစားခန်းထဲမှာရှိနေကြသည်။ 'ဒေါ်လုံး'ကို ဝိုင်းကူနေကြ… သည်။

"မင်း နက်ဖြန်ပြန်မှာမဟုတ်လား… ဒါကြောင့် ငါပြော… စရာရှိတာ ပြောမလို့"

"ဘာများလဲ"

တကယ်တမ်း ပြောရတော့မည်ဆိုတော့ 'တိုးမြင့်'နှုတ်က… မထွက်၊ ခါတိုင်း စကားတွေထက် သည်စကားက ခက်နေသည်…





'ဇင်မောင်နိုင်' စိတ်ထဲမှာတော့ 'ဇင်မာ့' ကိစ္စပဲထင်ကာ…

"ပြောလေ 'ကိုတိုး'ရဲ့… ဘာလဲ ကျွန်တော့်ကို အားနာ… သလား"

'ဇင်မောင်နိုင်' သည်လိုလမ်းခင်းပေးလေ 'တိုးမြင့်' ပြော… ရက်လေနှင့် အချိန်တွေကြာနေဆဲ…

"ဒါဖြင့် ကျွန်တော်ပဲ မေးတော့မယ်… 'ကိုတိုး'ပြောမှာ… ဇင်မာ့'ကိစ္စလား"

'တိုးမြင့်' ပျာပျာသလဲခေါင်းခါတော့ 'ဇင်မောင်နိုင်' မျက်… ခင်ကြုတ်ကာ…

"ဒါဖြင့် ဘယ်သူ့အကြောင်းလဲ"

"အိုကွာ… 'မွှေး' "

" 'မွှေး'… ဟုတ်လား"

'ဇင်မောင်နိုင်' နှုတ်မှ တအံ့တသြရေရွတ်သွားမိသည်။ …ကောင်မလေး ဘာဖြစ်လို့ပါလိမ့်၊ ရင်ထဲမှာ စိုးရိမ်စိတ်နှင့် 'ကို… း'ကို ငေးကြည့်နေခိုက်…

"ငါ… 'မွှေး'ကို စိတ်ဝင်စားနေပြီ"

"ဟာဗျာ…"

'ဇင်မောင်နိုင်' စိတ်ထဲ တစ်မျိုးကြီးခံစားလိုက်ရသည်။ …မာ့'ကို 'ကိုတိုး'က စိတ်မဝင်စား၍ 'ဇင်မာ့'အတွက် ခံစားရခြင်း… …တ်ဘဲ၊ မမျှော်လင့်သော စကားကိုကြားလိုက်ရ၍ ခံစားရ



www.burmeseclassic.com

www.burmeseclassic.com


သောခံစားမှုမျိုးပါ။

သူ့စိတ်ထဲမှာ ထင်နေသည်ကတစ်မျိုး ကြားရတာ တစ်မျိုးဆိုတော့ ‘ဇင်မောင်နိုင်’ အံ့လည်းအံ့ဩကာ ထူးလည်း ဆန်းနေသည်။ ‘တိုးမြင့်’ကတော့ ‘ဇင်မောင်နိုင်’ကိုပြုံးကြည့်ကာ

“မင်း... သိပ်အံ့ဩနေလား”

“အံ့ဩတာပေါ့ ‘ကိုတိုး’ရာ... ‘ကိုတိုး’ ‘မွေး’ကို စိတ် စားလောက်အောင် ဘယ်နှစ်ခါ တွေ့ဖူးလို့လဲ”

“အခါနဲ့ပြောရရင်တော့ ငါးခါပဲ... ဒါပေမဲ့ ငါ စ ကတည်းက စိတ်ဝင်စားခဲ့တယ်... သူ့ မျက်လုံးလေးတွေက အ ကင်းစင်တယ်... အိမ်ကတော့ ငါ ဒီကိုလာတာ ‘ဇင်မာ့’ဆီ တယ်ပဲ ထင်နေကြတယ်”

‘ဇင်မောင်နိုင်’ ကိုယ်တိုင်ပါ ထင်နေမှတော့ တခြား တွေ ‘ဇင်မာ’နှင့်ထင်တာ မဆန်းတော့။ ‘ဇင်မောင်နိုင်’ ရင်ထဲ တော့ ‘မွေး’ကို စရောက်ကတည်းက ကလေးလိုသဘောထား ရာမှ ခုလို စိတ်ဝင်စားသူပေါ်လာပြီဆိုတော့ တစ်မျိုးကြီးဖြစ် သည်။

မနက်ကပင် သူကိုယ်တိုင် ကားနှင့်လိုက်ပို့ပေးခဲ့ သည် မဟုတ်လား။ သည်တုန်းက သနပ်ခါးရေကျဲလေးနှင့် ချမ်းသော ‘မွေး’မျက်နှာကိုကြည့်ကာ ‘ဇင်မောင်နိုင့်’ စိတ်ထဲ လှုပ်ရှားခဲ့၏။





ခု ‘ကိုတိုး’ စကားကြားတော့ လှုပ်ရှားချင်သလိုလို၊ သလိုလို...။

“ဒါနဲ့ ‘မွေး’ကကော ဘယ်လိုလဲ”

“ဘယ်လိုမှ မလဲဘူး... ငါချစ်တာတောင် သူသိမှာမ ဟုတ်ဘူး... ငါသာ မနေနိုင် မထိုင်နိုင် မင်းကိုဖွင့်ပြောမိတာ”

ချစ်သူ ရခါစသူများ၏ ထုံးစံအတိုင်း ‘တိုးမြင့်’ မှာလည်း ထဲမှာကြာရှည် သိုဝှက်မထားနိုင်။ ခု ညီအရင်းလိုချစ်ရသော မောင်နိုင်’ကို ဖွင့်ပြောလိုက်ရမှ နေရထိုင်ရသက်သာသွားသည်။

“မင်း ဘယ်လို သဘောရလဲ”

“ဘယ်လိုမှ သဘောမရဘူး... ‘ကိုတိုး’သဘောပဲ”

“ဒါဆို... မင်း ကျေနပ်တယ်ပေါ့”

“မကျေနပ်အောင် ကျွန်တော်က ‘မွေး’နဲ့ ဘာဆိုင်လို့လဲ တိုး’ရဲ့”

“ဩော်... မင်းက ဒီအိမ်ကလူဆိုတော့ ဖွင့်ပြောရမှာ တာဝန်ရှိနေတယ် မဟုတ်လား... တော်ကြာ ငါ့ကို ‘ဇင်မာ’ ထင်နေမှာပဲ ငါ စိုးတယ်... ငါ ‘ဇင်မာ့’ကို ညီမလေးတစ်ယောက် ချစ်တယ်”

အကို တစ်ယောက်လုံးရှေ့မှာ ထားပြောရတာ ‘တိုးမြင့်’ နှာက ပူသလိုလို၊ ဒါပေမဲ့ ခုရှုပ်မှ နောင်ရှင်းဆိုသလို ‘ဇင် နိုင်’ကိုသာ သူ ‘မွေး’ကိုချစ်နေကြောင်း ဖွင့်မပြောလျှင် ‘ဇင်



www.burmeseclassic.com

www.burmeseclassic.com



မာ'နှင့်ထင်နေမှာစိုး၍ 'တိုးမြင့်' ဖွင့်ပြောလိုက်ခြင်းဖြစ်သည်။

နားထောင်နေရသူ 'ဇင်မောင်နိုင်'မှာတော့ ခုနက မီးဖိုချောင်ထဲမှာဝင်သွားစဉ် ငုတ်တုတ်လေးထိုင်နေသော 'မွေး' လေးသာမြင်ယောင်နေသည်။ သူက ကလေးထင်ပေမယ့် သူ့ ချစ်ခင်သူက ရှိနေပြီကိုး။

ပြီးတော့ တော်ရုံဘာန်ရုံမဟုတ်၊ သူ့ထက် အဆင့် သည့် ဆရာဝန်ကြီးတစ်ဦးဆိုတော့ 'ဇင်မောင်နိုင်'ပင် 'မွေး' ဩချင်လာသလိုလို၊ နှစ်ဦးသား ထိုင်တွေးနေဆဲ...

"ကဲ ကိုကိုနဲ့ပိုပို... ထမင်း စားကြရအောင်"

လာခေါ်သူက 'အဲလစ်'။ သူ့ အကိုကိုတော့ ကိုကို လှမ်းခေါ်ပြီး 'ဇင်မောင်နိုင်'ကိုတော့ ပိုပိုဟု တမင်ခေါ်သည်။

"ဘာလဲ ပိုပိုဆိုတာ"

"ခုနရာတကာ ပိုလွန်းလို့"

'အဲလစ်'က 'ဇင်မောင်နိုင်'ကို မျက်စောင်းလေးခဲသည်။ သူ ဘယ်နေရာမှာပိုသည်ကို 'တိုးမြင့်' မသိပေမယ့် ထမင်း မှာ လိုနေသော ကွက်လပ်လေးတစ်ခုကိုကြည့်ကာလွမ်းနေသည်။ ခါတိုင်း 'ဒေါ်လုံး' နေရာမှာ 'မွေး'ကိုတွေ့ရပေမယ့် ခုလို မ ဘူးဆိုတော့ ရင်ထဲမှာ ဟာသလိုလို၊ နာသလိုလို။ 'ပိုး'က သူ့အ ကိုကြည့်ကာ ကလိသည်။

"ကိုကို ဘာရှာနေတာလဲ... ဘာလိုလို့လဲ"

"ဟင့်အင်း... မရှာပါဘူး"

"မသိပါဘူး... ကိုကို့မျက်စိက တစ်ခုခုကိုရှာသလိုလိုပဲ"

တခြားလူတွေ မရိပ်မိပေမယ့် 'ဇင်မောင်နိုင်'ကတော့ ...လိုက်၍...

"'ဇင်မာ'... 'မွေး'ကော"

"မရှိဘူး"

"ဘယ်မှာလဲ"

"ဘယ်သီမှာလဲ ကိုကိုရဲ့... 'ဇင်မာ'က သူ့ကိုအရေးလုပ် ...တော့မှ မဟုတ်တာ"

နေရင်းထိုင်ရင်း 'တိုးမြင့်' 'ဇင်မာ'ကို မုန်းမိသွားသည်။ ...ခင် အချိန်များက မမုန်းသော်လည်း ညီမလေးတစ်ယောက်လို ...နေဆဲမို့ အပြစ်မမြင်ပေမယ့် ခုတော့လည်း အပြစ်မြင်စပြုလာ ...သည်ကြားထဲ 'အဲလစ်'က တစ်မျိုး။

"ဟုတ်သားပဲ မောင်ကလဲ... ထမင်းစားမယ့်ဟာ စား ...မဟုတ်ဘူး... ဒီ 'မွေး'ပဲမေးနေတာပဲ... ဘာလုပ်ရမှာလဲ... 'အဲလစ်' ဘာလုပ်ပေးရမလဲ"

'တိုးမြင့်'နှင့် 'ဇင်မောင်နိုင်' တစ်ယောက်မျက်နှာ တစ် ...ောက်ကြည့်ကာ သက်ပြင်းချမိကြသည်။ ဘာဖြစ်လို့များ မိန်း ...လေးချင်းတန်မှ သူတို့ 'မွေး'ကို မုန်းနေကြပါလိမ့်။

နေရင်းထိုင်ရင်း 'တိုးမြင့်' 'မွေး' ဘဝကို နားလည်လာ





www.burmeseclassic.com

www.burmeseclassic.com



သည်။ သူနှင့် 'မွေး' စတွေ့စက 'မွေး'၏ ကြောက်ရွံ့နေ
မျက်ဝန်းကြီးများ၏အဓိပ္ပါယ်ကို သိလာခဲ့သည်။ ထိုညက ထ
ဝိုင်းမှာ ပြီးသာပြီးခဲ့သော်လည်း စည်ကားစိုပြည်ခြင်းမရှိ။ ခြေ
သွေ့နေသည်။

အသီးသီး၏ရင်ထဲမှာ အစိုင်အခဲ၊ အဖုထစ်ကလေး
ရှိနေကြ၍ မျက်နှာတွေကဟန်လုပ်နေသော်လည်း စိတ်ထဲမှာ
ဝမပါ။ ထိုညက 'တိုးမြင့်' မိုးချုပ်မှအိမ်ပြန်ဖြစ်သည်။ 'ဇင်မော
နိုင်'နှင့် အလုပ်အကြောင်း ပြောနေ၍ဖြစ်သည်။

'တိုးမြင့်' ပြန်တော့ 'ဇင်မောင်နိုင်' ခြံဝအထိလို
သည်။ ပြီးတော့ 'မွေး' အကြောင်းလည်း ပြောပြသည်။

"တကယ်တော့ 'မွေး'ဟာ သနားစရာပဲ 'ကိုတိုး'... သူ
အိမ်မှာလာနေတဲ့သူဆိုတော့ သူ့ခမျာ အားငယ်နေရှာတာ
ကြားထဲ 'ဇင်မာ'က စနာတတ်တာမဟုတ်တော့ ကျွန်တေ
နေရာတကာ လိုက်ကာနေရတာ... ဒီလိုကာပါများတော့လ
'အဲလစ်'က ကျွန်တော့်ကို အထင်လွဲပြန်ရော... ဒီနေ့ထ
ကျွန်တော် 'မွေး'ကို ညီမလေးတစ်ယောက်လိုကလွဲပြီး တခြ
မချစ်ခဲ့မိဘူး... စိတ်မဝင်စားခဲ့မိဘူး... 'ကိုတိုး' ယုံပါ"

"ယုံပါတယ် 'ဇင်မောင်'ရာ"

"ခု... ကျွန်တော့်နေရာမှာ 'ကိုတိုး' အစားဝင်လာ
ကျွန်တော် အများကြီးဝမ်းသာတယ်... 'ကိုတိုး'နဲ့ 'မွေး' ပြေ





လို့ ကျွန်တော် ဆုတောင်းပါတယ်"

"အေး... မင်း ဆုတောင်းတဲ့အတိုင်း ပြည့်ပါရစေကွာ...
မင်းနဲ့ 'အဲလစ်'ကော"

"ကျွန်တော် လာမယ့်လမှာ ခွင့်ယူပြီးပြန်လာမယ်... 'အဲ
နဲ့ အင်ဂေ့ချ်လုပ်ကြမယ်... ညနေက ဒယ်ဒီတို့နဲ့ တိုင်ပင်ပြီး

"အန်ကယ်တို့က ဘာပြောလဲ"

"ကျွန်တော့် သဘောပဲလေ... ကျွန်တော်တို့ပြီးရင်တော့
တိုး' ပေါ့"

"ငါဆိုရင်တော့ လိုပါသေးတယ်ကွာ... အခုမှ စိတ်ကူး
ဉ်တုန်းရှိသေးတဲ့ ဉစ္စာ"

"စိတ်ကူးယဉ်မနေနဲ့... လက်တွေ့ပဲလုပ်"

"ဘယ်လိုလုပ်ရမလဲ... 'မွေး'နဲ့ တွေ့ရဖို့က လွယ်တာမှ
တ်တာ"

"'မွေး' ကျောင်းသွားရင် သွားတွေ့လိုက်ပေါ့ 'ကိုတိုး'ရဲ့"

"သူက အတွေ့မခံတော့ ခက်တယ် 'ဇင်မောင်'ရဲ့"

"အစတော့ ဒီလိုပဲပေါ့... နောက်တော့လည်း ပြေလည်
းမှာပါ"

ထိုညက 'ကိုတိုး' အိမ်ပြန်သွားပေမယ့် ကျန်ရစ်ခဲ့သည့်
မောင်နိုင်'ရင်ထဲမှာ တစ်မျိုးဖြစ်နေသည်။ သည်ကြားထဲ 'မွေး'



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာမြင်ရပြန်တော့ 'ဇင်မောင်နိုင်'မအောင့်နိုင်တော့။

" 'မွေး' "

'ဇင်မောင်နိုင်' ဟောလစ်လာပို့သည့် 'မွေး'။'ဇင်မောင်နိုင်

ခေါ်သံကြောင့် 'ဇင်မောင်နိုင်' စားပွဲမှာလာထိုင်သည်။ သည်တော

မှ 'ဇင်မောင်နိုင်' 'မွေး'ကို စေ့စေ့ကြည့်မိသည်။ 'ကိုတိုး'စိတ်

စားလောက်အောင်လည်း 'မွေး'၏အလှက စေ့စေ့ကြည့်ခံသော

အလှ။

ဘာမှပြင်ဆင်ခြယ်သထားခြင်းမရှိသည့် နဂိုမျက်

'လေးကကို ညိုစိမ့်စိမ့်နှင့်ကြည့်ကောင်းနေသည်။ စင်ရော်တော

မျက်ခုံးထူထူလေးက တစ်မျိုးကြည့်ကောင်းသလို ဝန်းဝိုင်းသော

မျက်ဝန်းကြီးများကလည်း မြင်ရသူတိုင်း ရင်ကိုအေးမြစေသည်

ငြိမ်းချမ်းစေသည်။

ပွယောင်းခြင်း မရှိသည့် နှာတံက သွယ်စင်းကာ နှု

ခမ်းကတော့ ထူထူပိပိလေး။ ပါးသော နှုတ်ခမ်းတွေက နှုတ်

ကောင်း လျှာပါးဆိုလျှင် 'မွေး'၏နှုတ်ခမ်းလေးများကတော့ အေ

ချမ်းသောစကားတွေကိုဆိုမည့် နှုတ်ခမ်းလေးလာတွေးကာ 'ဇင်

မောင်နိုင်'ငေးကြည့်နေခိုက်...

"ပြောလေ 'ကိုနိုင်'... ဘာပြောမလို့လဲ"

" 'မွေး'ကို 'ကိုနိုင်' မေးစရာရှိလို့"

"ဘာများလဲ"





" 'မွေး'... 'ကိုတိုး'ကို ဘယ်လိုမြင်လဲ"

" 'မွေး' ဘာမြင်ရမှာလဲ"

"စိတ်သဘောထားပေါ့"

" 'မွေး'နဲ့မှ သိပ်မဆုံဘူးတာ"

"ဆုံဘူးသလောက်ဆိုရင်ကော"

"ဆုံဘူးသလောက်ဆိုရင်တော့ 'ကိုတိုး'ဟာ တည်တည်

တံ့တံ့နဲ့ သိက္ခာရှိတဲ့သူပါ... ဘာဖြစ်လို့လဲ 'ကိုနိုင်' "

"မဖြစ်ပါဘူး... တကယ်လို့များ 'ကိုတိုး'ဟာ 'မွေး'ကို

မေတ္တာရှိနေတယ်ဆိုရင် 'မွေး' ဘယ်လိုနေမလဲ"

'မွေး' ပျာပျာသလဲခေါင်းခါကာ နေရာမှ ဆတ်ကနဲထ

လိုက်သည်။

"မဖြစ်နိုင်တာ 'ကိုနိုင်'ရယ်... 'ကိုတိုး'ဟာ 'ဇင်မာ'နဲ့ပေး

စားမယ့်သူဆိုတာ အားလုံး သိနေတာပဲ"

" 'ကိုတိုး'က 'ဇင်မာ'ကို မနှစ်သက်ပါဘူးဆိုရင်ကော"

"အို... ဒါတွေ 'မွေး' မသိဘူး 'ကိုနိုင်'... 'မွေး'သွားတော့

မယ်"

"နေဦး 'မွေး' "

'ဇင်မောင်နိုင်' 'မွေး' လက်ကိုလှမ်းဆွဲကာ တားလိုက်

သည်။ 'မွေး' ရင်တွေဖြတ်ကနဲ ခုန်သွားသည်။ ဘာပဲပြောပြော

ငယ်စဉ်ကတည်းက 'ကိုနိုင့်'ကို 'မွေး' ချစ်ခဲ့ရသူ မဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com



'ကိုနိုင်' စကား နားထောင်ခဲ့ရသူ မဟုတ်လား။ 'မွေး' 'ကိုနိုင့်'လက်ကို ဆွဲဖယ်ကာ နေရာမှာရပ်လိုက်သည်။

"'ကိုနိုင်'တော့ 'မွေး'ကို 'ကိုတိုးကြီး'နဲ့ သဘောတူတယ်... 'ကိုတိုးကြီး'က 'ကိုနိုင့်' ထက်လည်း ရာထူးကြီးတယ်... ပြီးတော့ တည်တံ့တယ်... 'မွေး'နဲ့ဆိုရင် သူဟာ အစစအရာရာ အဆင်ပြေမယ့်သူပဲ... 'မွေး'ဘယ်လိုသဘောရလဲ"

'မွေး' မျက်ဝန်းမှ မျက်ရည်များစိမ့်ထွက်လာသည်။ ဝေ့ဝဲနေသော မျက်ရည်များကြားမှ 'မွေး' 'ကိုနိုင့်' မျက်နှာကိုလှမ်းကြည့်လိုက်သည်။ 'ကိုနိုင့်' မျက်နှာက 'မွေး'ကို ရူးစိုက်စွာ ကြည့်နေသည်။

'မွေး' 'ကိုနိုင့်' မျက်နှာကိုကြည့်ကာ ပိုငိုချင်လာသည်။ သူ တကယ်ပဲ 'မွေး' ရင်ထဲက ခံစားချက်ကိုမသိသူပါလား။ 'မွေး' ဘယ်သူ့မှာမချစ်ဘူး။ 'မွေး'ချစ်တာ 'ကိုနိုင်'ပါဟု အော်ပြောချင်သော်လည်း 'မွေး' နှုတ်ခမ်းကို တင်းတင်းပိတ်ကာ ခေါင်းခါလိုက်သည်။

"မဖြစ်ပါဘူး 'ကိုနိုင်'ရယ်... 'မွေး' ဒီကိုလာတာ စာသင်ဖို့လာတာ... ဒီပြင်ကိစ္စတွေ မစဉ်းစားပါရစေနဲ့... အထူးသဖြင့် ဒီ ဒေါက်တာ 'တိုးမြင့်'နဲ့ မပတ်သက်ပါရစေနဲ့"

'ကိုနိုင်' သက်ပြင်းချကာ 'မွေး'ကိုငေးကြည့်နေသည်။ 'မွေး'မှာသာ အားယူကာ အနိုင်နိုင်ပြုံးပြရင်း...





"'ကိုနိုင်' နောက်တစ်ခါ ပြန်လာရင် 'မမအဲလစ်'နဲ့ တွေ့ခပ်ကြတော့မှာနော်"

"ဟုတ်တယ်လေ... ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူး"

သိပြီးသားကိစ္စကို ပြန်ပြောရတာတောင် 'မွေး'အသံလေးကတုန်ချင်နေသည်။

"လက်ထပ်ပြီးရင်တော့ 'ကိုနိုင်'တို့ ဘယ်မှာနေမှာလဲဟင်"

"မိတ္ထီလာမှာပဲပေါ့... 'ကိုနိုင်'က ဟိုမှာ တာဝန်ကျနေတော့ 'အဲလစ်'ကိုလည်း ခေါ်သွားရမှာပေါ့"

"ဒါဆို 'ကိုနိုင်'နဲ့ အပြီးခွဲရခါနီးပြီပေါ့ နော်"

"မခွဲချင်ရင် 'မွေး'မိတ္ထီလာလိုက်ခဲ့လေ... လိုက်မလား"

"မဖြစ်ပါဘူး 'ကိုနိုင်'ရယ်... ဒီမှာ 'မွေး'က ကျောင်းတစ်ဖက်နဲ့ မဟုတ်လား"

"ကျောင်းပြီးရင်ကော"

"ခုမှ ပထမနှစ်ပဲရှိသေးတော့ 'မွေး'တော့ ဘာလုပ်ရမှန်းမသိဘူး"

"အေးလေ ဘာပဲဖြစ်ဖြစ် စာမေးပွဲတော့ အောင်အောင်ကြိုးစားနော် 'မွေး'... လိုအပ်တဲ့ အကူအညီရှိရင်လည်း 'ကိုနိုင့်'ကိုပြော ကြားလား... ရွာကိုတော့ တစ်နှစ်တစ်ခါ ပြန်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ပါတယ် 'ကိုနိုင်' "

နှစ်ယောက်သား စကားပြောရင်း မိုးချုပ်သည်ထက် ချုပ်လာပြီမို့ 'မွေး' နေရာမှထလိုက်သည်။

" 'ကိုနိုင့်' ပစ္စည်းတွေ ဘာလိုသေးလဲ စစ်ကြည့်ပါဦး 'ကိုနိုင်' "

"မလိုပါဘူး... 'ကိုနိုင်' လာကတည်းက အိတ်တစ်လုံးပဲ ဆိုတော့ သိပ်စစ်နေစရာတောင်မလိုဘူး"

"ဒါဆို 'မွေး' သွားမယ်နော် 'ကိုနိုင်' "

'မွေး' 'ကိုနိုင့်' အခန်းထဲကထွက်လာတော့ ညဉ့်နှစ်ချက်ထိုးနေပြီ။ အိပ်ရာထဲဝင်ကာ လှဲလိုက်သော်လည်း 'မွေး'မျက်ဝန်းမှာ 'ကိုနိုင့်' ရုပ်ပုံကထင်နေသည်။ 'တင်ဦး'သာ သိလျှင် လှောင်မှာသေချာသည်။ ကဲ့ရဲ့ချင်လည်း ကဲ့ရဲ့ရော့။ 'မွေး' ရင်ထဲမှာချစ်တာ ဘာဖြစ်သနည်း။

အပြင်မှချစ်လျှင်သာ အပြစ်ဖြစ်နိုင်ပေမယ့် ရင်မှာ,မှာဆိုရင်တော့ ဘယ်သူ့ကိုမဆို ချစ်နိုင်သည်၊ မုန်းနိုင်သည်၊ သတ်ပစ်နိုင်သည်။

အဲ... ရင်ထဲမှ ဆန္ဒတွေ အပြင်ကို ပေါက်ကွဲထွက်မလာဖို့ပဲ အရေးကြီးသည် မဟုတ်လား။ ဒါကိုတော့ 'မွေး' သေတပန်သက်တစ်လုံး ထိန်းချုပ်ထားမည်။ 'မွေး' ရင်ထဲမှာ လုံခြုံစွာသိမ်းဆည်းထားမည်။





## ၁၂

'ကိုနိုင်' မရှိတော့ဘူးဆိုတော့ 'မွေး'ရင်ထဲမှာ ပျော်စရာတွေက အဝေးကိုပြေးလွင့်သွားသည်။ 'မွေး' ကျောင်းမှပြန်ရောက်တော့ 'ကိုနိုင့်'ကို မမြင်ရတော့။ 'ကိုနိုင့်' အစား ခြောက်သွေ့နေသော အိမ်ကြီးကသာ 'မွေး'ကို ဆီးကြိုနေသည်။

ခါတိုင်းဆိုလျှင် 'ကိုနိုင်' သည်အိမ်ကြီးတစ်အိမ်လုံးဟိုနေရာ သည်နေရာ တွေ့ရပေမယ့် ခုတော့လည်း ဟာလာဟင်းလင်းပြင်နှယ် 'မွေး'ရင်မှာခံစားလာရသည်။'မွေး'တောင် သည်လောက်ခံစားနေရလျှင် 'ကိုနိုင့်' ချစ်သူ 'မမအဲလစ်'ဆို ပိုခံစားရမှာ သေချာသည်။

ဒါပေမဲ့ သူတို့ပွင့်လင်းစွာချစ်ကြသူများပီပီ သတင်းရကြောင်းကို ဖုန်းနှင့်ဆက်ပြောနိုင်သည်။ စာနှင့်ရေးပြောနိုင်သည်။ ဒါမှမဟုတ်လည်းကက်ဆက်ခွေနှင့် သတိရကြောင်း၊ လွမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ထည့်ပေးလိုက်နိုင်ပေမယ့် 'မွေး'ကတော့ မပွင့်လင်းရဲသူ ပီပီ လွမ်းနေရုံမှလွဲ၍ ဘာမှမပိုရဲ ဘာကိုမှ အစွန်းမထွက်ရဲ။

သည်တော့လည်း အလွမ်းပြေ 'ကိုနိုင်' အိပ်ခဲ့တဲ့ကုတင်လေးကို ရှင်းပေးမိသည်။ 'ကိုနိုင်' ဝတ်ခဲ့သည့် အဝတ်အစားလေးကို လျှော်ပေးမိသည်။ ပြီးတော့ 'ကိုနိုင်' စားပွဲကိုဖုန်သုတ်ပေးမိသည်။ သည့်အပြင် 'မွေး' ဘာလုပ်ရမည်နည်း။

'မွေး' ချစ်တာ ရင်ထဲကမို့ ရင်ထဲကဆန္ဒလေး ပြေပျောက်စေဖို့သာ အလုပ်တွေကြိုးလုပ်နေမိသည်။ အလွမ်းကို အလုပ်နှင့်ဖြေနေမိသည်။ ဒါပေမဲ့ အလုပ်ကတခြားမို့ 'မွေး' 'ကိုနိုင်'ကို မမေ့နိုင်ခဲ့။ သည်ကြားထဲ ဒေါက်တာ 'တိုးမြင့်'က တမျောက်၊ တစ်နေ့ 'မွေး' ကျောင်းမှအပြန်....

" 'မွေး' "

'မွေး' ဘယ်ပြေးရမှန်း မသိ။ ကားဂိတ်မှာဆိုလျှင်လည်း 'မွေး' ကားပေါ် တက်ပြေးလို့ရသည်။ အိမ်ပေါ်ဆိုလျှင်လည်း အိမ်ပေါ်တက်ပြေးလို့ရသည်။ ခုတော့ လမ်းမလယ်ခေါင်ကြီးဆိုတော့ 'မွေး' သူ့ကို ဘယ်ရှောင်ပြေးရမှန်း မသိ။ အကြံအိုက်ကာ ချွေးပြန်နေဆဲ...

" 'မွေး'... အိမ်ပြန်မလို့လား"

"ဟင့်အင်း... ဟင့်အင်း"

'မွေး'၏ ပျာယာခတ်နေအောင် ခေါင်းခါနေသော ပုံစံ





လေးကိုကြည့်ကာ သူက ပြုံးသည်။

"ဘာလဲ... တို့နဲ့ လိုက်ရမှာ စိုးလို့လား"

"ဟင့်အင်း... ဟင့်အင်း"

"ဒါဖြင့်... ဘာဖြစ်လို့လဲ"

" 'မွေး' သူငယ်ချင်းအိမ် သွားမလို့ပါ"

"သူငယ်ချင်းအိမ်က ဘယ်မှာလဲ"

"လှည်းတန်းမှာ"

"လာ လေ တို့လိုက်ပို့ပေးမယ်... တက်"

"သွားပါ... 'မွေး' ဘာသာ 'မွေး' သွားပါရစေ"

"မရဘူးကွာ... 'မွေး' မတက်ရင် တို့မသွားဘူး"

ခက်ပါလား၊ 'မွေး' သူ့ရင်ထဲမှာ ညည်းကာ သူ့ကားပေါ်တက်လိုက်ရသည်။ သူကတော့ 'မွေး' သူ့ကားပေါ် ပါလာသည့်အတွက် ပြုံးကာကားမောင်းလာသည်။ 'မွေး' သူ့ဘေးမှာထိုင်ကာ သူ့မျက်နှာကို လှမ်းကြည့်လိုက်သည်။

တည်တံ့သော သူ့အပြုံးနှင့် သူ့မျက်နှာက မိန်းကလေးတွေ အားကိုးထိုက်သော ပုံစံပါ။ ဒါပေမဲ့ သူ့ကို အားမကိုးချင်သော 'မွေး'မို့ ကား လှည်းတန်းကိုရောက်သည်နှင့် 'မွေး' ရပ်ခိုင်းလိုက်သည်။

"ရှေ့နားမှာ ရပ်ပေးပါ ဒေါက်တာ"

သူ 'မွေး' ပြောသည့်အတိုင်း ရပ်ပေးလိုက်သည်။ ဒီလိုဆို



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း 'မွေး' ကျေးဇူးတင်သား။ ကျေးဇူးတင်စွာဖြင့် 'မွေး' သူ့ကို ခေါင်းငုံ့ကာ နှုတ်ဆက်လိုက်သည်။

"ကျေးဇူးပဲနော် ဒေါက်တာ... 'မွေး' သွားမယ်"

'မွေး' သူ့ရှေ့မှထွက်လာပေမယ့် ဘယ်သွားရမှန်း မသိ။ သည်လှည်းတန်းမှာ 'မွေး' သူငယ်ချင်းလည်း မရှိ။ သူကမေး၍ သာ ဇွတ်ရွတ်ပြီး လှည်းတန်းမှာဟု ပြောခဲ့ပေမယ့် ခုတော့ မ… သည့်သူငယ်ချင်း ဘယ်မှာရှာရမှန်း မသိ၍ 'မွေး' လမ်းမအလယ် မှာရပ်ကာ အူလည်လည်ဖြစ်နေသည်။

နဂိုကတည်းကလည်း အိမ်မှ ကျောင်း၊ ကျောင်းမှ အိမ် ဟုသာ သွားတတ်သူဆိုတော့လည်း 'မွေး'ဘယ်ကိုမှ မသွားတတ်၊ ခုတော့ လှည်းတန်းဆိုသော လမ်းမကြီးအလယ်မှာ 'မွေး' မယောင် မလည်ဖြစ်နေသည်။

BURMESE CLASSIC

သည်လိုမှန်းသာသိလျှင် 'မွေး' သူနဲ့အိမ်ကိုပဲ လိုက်ပြန် လိုက်လျှင်အကောင်းသား။ တွေးကာ မျက်ရည်ဝဲနေဆဲ 'မွေး' ဘေးကို ကားတစ်စီးညင်သာစွာထိုးစိုက်လာသည်။ 'မွေး'လှည့် ကြည့်လိုက်တော့ ကြင်နာသောအပြုံးနှင့် 'မွေး'ကို ငေးကြည့်နေ သည့် 'တိုးမြင့်'ကို တွေ့လိုက်ရသည်။

'မွေး' ဟန်ဆောင်မနေနိုင်တော့ မျက်ရည်များအလိုလို စီးကျလာသည်။ နဂိုကတည်းက သူများအိမ်မှာနေရ၍ စိတ်ညစ် နေရသည့်ကြားထဲ ခုလိုပြဿနာလေးတွေ ကြုံလာပြီဆိုလျှင်





…တော့ 'မွေး' ခံနိုင်ရည်မရှိတော့။

သူ 'မွေး'၏ မျက်ရည်စိုရွှဲနေသော မျက်နှာလေးကိုကြည့် …ာ စိတ်မသက်မသာနှင့် ပြုံးသည်။ ပြီးတော့မှ...

"လာ တက်လေ 'မွေး'... နောက် 'မွေး' မကြိုက်ရင် တို့ …မွေး'နဲ့ တွေ့ဖို့ မကြိုးစားတော့ဘူး... ကျေနပ်ရဲ့လား"

'မွေး' ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါတော့ပါ …ဲ သူ့ ကားပေါ်တက်လာခဲ့သည်။ 'မွေး' လူလည်း ပင်ပန်းကာ …်ကလည်း နွမ်းနယ်နေပြီဆိုတော့ 'မွေး' သူ့ကိုလည်း စကားမ …ိုလိုတော့။

သူကလည်း အလိုက်သိတတ်စွာဖြင့် 'မွေး' မျက်နှာကို …ကြည့်ကာ ခပ်ဖြည်းဖြည်းမောင်းလာသည်။ လမ်းထိပ်နားရောက် …သော့...

" 'မွေး' "

'မွေး' သူ့ကို လှည့်ကြည့်လိုက်သည်။ သူ့ မျက်ဝန်းများက …စ်စုံတစ်ခုသောစကားကို ပြောတော့မည့်ပုံနှင့် တောက်ပနေပြီး

—

"သွားတော့ကွာ... သွားတော့..."

'မွေး' သူ့ကားပေါ်မှဆင်းကာ လမ်းထဲကိုကူမျှမပျက် …လျှောက်ဝင်လာခဲ့သည်။ 'မွေး'ဝင်ပြီး အတန်ကြာမှ သူ့ကားလေး …ထွက်သွားတာကို 'မွေး' တွေ့လိုက်ရသည်။ ဘာပဲပြောပြော ခုလို



www.burmeseclassic.com

www.burmeseclassic.com

သူ့အနေအထိုင် ဆင်ခြင်တာကိုတွေ့တော့ 'မွေး' ကျေနပ်ရသည်

နို့မို့ဆို 'မွေး' ကျောင်းကပြန်လာသည်နှင့် မီးပွင့်မတော
စိုက်ကြည့်တတ်သော 'ဇင်မာ့' မျက်ဝန်းများကြောင့် 'မွေး' အ
ခက်ရသည်။ သည်ကြားထဲ ဒေါက်တာ 'တိုးမြင့်'က အိမ်ကိုခေ
ခဏလာသည်။

'မွေး' မရှိတုန်းလာလျှင် အကြောင်းမဟုတ်သေမယ့် 'မွေး
ရှိတုန်းလာလျှင် 'ဇင်မာ'မှာ ခနဲ့လို့မဆုံးတော့၊ ရွဲ့လို့မဆုံးတော
ကြာတော့ ဒေါက်တာ 'တိုးမြင့်' အိမ်လာမှာပင် 'မွေး' ကြော
လာသည်။ ဒါမှမဟုတ် 'ဇင်မာ'နှင့် အမြန်ရကြပါစေဟု
တောင်းမိလာသည်။

'ဒေါ်ဒေါ်အေး'ကတော့ 'ဇင်မာ' ဘာပြောထားသည်
သိ၊ 'မွေး'နှင့်တွေ့လျှင် 'ဇင်မာ့'ကို ဒေါက်တာ'တိုးမြင့်'နှင့် မေ
ချထားပေးဖို့ စီစဉ်နေကြောင်း မကြာခဏပြောသည်။

သဘောကတော့ ဒေါက်တာ 'တိုးမြင့်'ကို 'မွေး' မကြို
မိအောင် တားနေခြင်းဖြစ်သည်။ 'မွေး'ကတော့ ရင်ထဲမှ ပြန်ပြော
နေမိသည်။ သူ 'ကိုနိုင်'မှလွဲလျှင် ဘယ်သူ့ကိုမှမကြိုက်ဟုပင်
သည်လိုနှင့် ရက်ကလေးတွေကုန်လွန်လာဆဲ မမျှော်လင့်ဘဲ 'မွေး
ဆီကို 'တင်ဦး' ရောက်လာသည်။

စိတ်ညစ်နေတုန်း 'တင်ဦး'ရောက်လာတော့ 'မွေး'မျှော
လိုက်သည်ဖြစ်ခြင်း။ ခါတိုင်း 'မွေး'ဆီကို စည့်သည်လာလျှင်





ည်ဖြူသည့် 'ဇင်မာ့'၊ 'တင်ဦး' လာတော့ 'မွေး' ကိုခါတိုင်းထက်
ည်ဖြူနေသည်။

"'မွေး' အလုပ်တွေထားခဲ့… ဧည့်သည်ကို သွားဧည့်ခံဦး
"

ပြုံးချိုစွာပြောနေသော 'ဇင်မာ့'ကိုကြည့်ကာ 'မွေး' အံ့သြ
သည်။ ဒါပေမဲ့ ကြာရှည်အံ့သြမနေအား၊ 'တင်ဦး'ကို ရွာအ
ကြောင်းတွေမေးနေမိသည်။

"ငါ နင့်ကိုတွေ့ချင်နေတာနဲ့ အတော်ပဲ… အဖေတို့ကော
ကောင်းရဲ့လားဟင် 'တင်ဦး' "

"ကောင်းပါတယ်… နင့်ကိုတောင် ဒီနှစ် စားမေးပွဲဖြေပြီး
ဆက်ပြန်ခဲ့ဖို့ မှာလိုက်တယ်"

"လာခဲ့မှာပေါ့ဟယ်… ဘယ်တုန်းက မလာဘဲနေလို့လဲ"

ငယ်ပေါင်းနှင့်တွေ့ရပြီဆိုတော့လည်း ဟန်ဆောင်မှုတွေ
တည်းမှုတွေ 'မွေး'မှာ မရှိတော့။ အားရပါးရပြုံးကာ စကား
ဆိုနေမိသည်။

"ဒါနဲ့ နင် ခု ဘာလာလုပ်တာလဲ"

"အနီးကပ် ကျူရှင်လာတက်တာလေ 'မွေး'ရဲ့… ငါ အ
ဆောင်မှာ နေရတယ်"

'မွေး' ဆယ်တန်းအောင်ချိန် 'တင်ဦး'လည်း အောင်ခဲ့
ည်။ 'မွေး'က 'ဒေါ်ဒေါ်အေး'တို့ ကျေးဇူးကြောင့် ကောလိပ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်နေချိန် 'တင်ဦး'မှာတော့ ရွာမှာကျောင်းဆရာ... လုပ်ကာ စာပေးစာယူဆက်တက်ဖြစ်သည်။

"ဒါဖြင့် နင် ဘယ်လောက်ကြာမှာလဲ"

"ကြာမှာပေါ့... နင် လာတွေ့မလို့လား"

"လာတွေ့မှာပေါ့ဟဲ့... ငါ့ရင်ထဲမှာ နင့်ကို စကား... ဘယ်လောက်ပြောချင်နေတယ် မှတ်လဲ"

"ဒါနဲ့ ခုနက ထွက်လာတာ ဘယ်သူလဲ 'မွေး'"

'ဇင်မာ'ကို မေးဟန်တူ၍...

"'ဇင်မာ'နဲ့ တူတယ်... သူက 'ကိုနိုင်'ညီမလေ... ဘာ... ဖြစ်လို့လဲ"

"သဘောကောင်းသားပဲ"

လူအကြောင်း ပေါင်းကြည့်မှသိဆိုသည့် စကားအတိုင်း... ကြာရှည်စွာပေါင်းမကြည့်တော့လည်း'တင်ဦး' 'ဇင်မာ'အကြောင်း... မသိ။ အပြင်ပန်းပြုံးနေသည့် 'ဇင်မာ'ကိုကြည့်ကာ သဘော... ကောင်းသည်ထင်နေသည်။ 'မွေး' ဘာမှမပြောဘဲ ပြုံးနေလို... သည်။

'တင်ဦး' သားနားလှသော အိမ်ကြီးကိုကြည့်ရင်း...

"နင့် 'ကိုနိုင်'ကော ရှိလား"

"ဟိုတလောကလာတယ်... ခု အိမ်ပြန်သွားပြီ"

"နင်... လွမ်းနေပြီပေါ့"





"မလွမ်းပါဘူးဟယ်... ခုတလော လွမ်းဖို့နေနေသာသာ ...တ်ညစ်စရာတွေပဲ တွေ့နေရတာပဲ"

"ဒါကြောင့် နင်' ငါ့ကိုတွေ့ချင်နေတာမဟုတ်လား"

'တင်ဦး' ခနဲ့တဲ့တဲ့ပြောတော့လည်း 'မွေး' ဝန်မခံချင်၊ ...င်ဦး'ကသာ 'မွေး'မျက်နှာကို စေ့စေ့ကြည့်ကာ...

"ဒါနဲ့ ငါ'နင့်ကိုပြောမလို့... နင် 'ညွန့်မေ' သိတယ် မ...တ်လား... တို့ရွာကနေ ပျဉ်းမလွင်ရွာကိုပြောင်းသွားတဲ့ 'ညွန့်...' လေ"

"အေး... သိသားပဲ... ဘာဖြစ်လို့လဲ"

"သူလဲ တက္ကသိုလ်တက်နေတယ်... နင် တွေ့လား"

"ဟင့်အင်း... သူ ဘာမေဂျာလဲမှ မသိတာ"

"တလောက ငါနဲ့တွေ့လို့ နင် ပညာရေးတက္ကသိုလ်တက်...ရတယ်ဆိုတော့ သွားတွေ့ဦးမယ် ပြောတယ်... နင့်ဆီ လာ...ည်လိမ့်မယ်"

"အေးလေ... ငယ်သူချင်းတွေ တွေ့တော့လည်း ဝမ်းသာ...တာပေါ့"

'မွေး' ပြောနေဆဲ ဧည့်ခန်းထဲကို 'ဇင်မာ' ဝင်လာသည်။ ...ရိုးတန်းတန်းဝင်လာခြင်း မဟုတ်။ လိမ္မော်ရည် ပန်းကန်ကို...်းတွင်တင်ကာ ဝင်လာခြင်းမို့ 'မွေး' အံ့ဩစွာလှမ်းကြည့်မိ...သည်။ 'မွေး' လူမှန်း သိတတ်စအရွယ်မှ ခုအရွယ်ရောက်သည်အ...



www.burmeseclassic.com

www.burmeseclassic.com



ထိ 'ဇင်မာ' ခုလိုလုပ်သည်မျိုး တစ်ခါမှမတွေ့ဖူးခဲ့။

ညှဉ့်သည်လာလျှင် 'ဒေါ်လုံး' လုပ်လျှင်လုပ် မလုပ်လျှ လည်း 'မွေး' သာ လုပ်ခဲ့ရသည်။ မလွှဲမရှောင်သာသဖြင့် 'ကိုင် လိုညှဉ့်မျိုးကလွှဲလျှင် 'ဇင်မာ' သည်လိုမျိုးဧည့်ဝတ်မပြုတတ် သူနှင့်မဆိုင်သလို ဘာသိဘာသာနေတတ်သည်။

ခု 'တင်ဦး' ရောက်မှ ကိုယ်တိုင်ကိုယ်ကျလုပ်လာသေ 'မွေး' အရှမ်းကိုအံ့သြနေသည်။ 'ဇင်မာ' ကတော့ ချိုသာသော သံလေးနှင့် 'တင်ဦး' ကို လှမ်းကြည့်ကာ...

"လိမ္မော်ရည်လေး သောက်လိုက်ပါဦး... အမောပြေ

"ရပါတယ်... ကျွန်တော် သောက်ခဲ့ပြီးပါပြီ"

'တင်ဦး' က အားနာပါးနာနှင့်ငြင်းရနေသော်လည်း 'ဇင်

က ခေါင်းယမ်းကာ...

"သောက်ပါ... အရည်ပဲဟာ... 'မွေး' ညှဉ့်သည်ကိုတိ လေ"

သူက 'မွေး' ကို တိုက်တွန်းလာပြီဆိုတော့လည်း 'မွေး နေသာတော့ 'မွေး' 'တင်ဦး' ကို လှမ်းကြည့်ကာ...

" 'တင်ဦး' သောက်လိုက်လေ"

'တင်ဦး' မော့သောက်နေစဉ် 'ဇင်မာ' 'တင်ဦး' ကို

ကြည့်ကာ...

"နာမည်က 'တင်ဦး' တဲ့လား"



"ဟုတ်ကဲ့ပါ"

"နေတော့ကော"

" 'မွေး' နဲ့ တစ်ရွာတည်းပါ"

"ဪ... တစ်ရွာတည်းသားတွေကိုး... ဒါကြောင့် 'ဇင် ကတော့ ထင်သား... သူတို့ တော်တော်ရင်းနှီးနေကြတယ်လို့"

"ဟုတ်ပါတယ်... 'မွေး' နဲ့ ကျွန်တော်နဲ့က ငယ်ငယ်ပေ ည်းက သူငယ်ချင်းတွေပါ... 'မွေး' ဒီမှာ ကျောင်းလာနေမ ခဲ့ကြတာပါ"

"သူကကော ခု ကျောင်းနေသေးလား"

"စာပေးစာယူ ပညာမနေ့စ်ပါ"

"ဪ..."

သည်တစ်ခါ 'ဇင်မာ့' ဪက မြည်သံစွဲအလကားလို ည်လျားသွားသည်။ သူ့ရှေ့မှာ ထိုင်နေသူနှစ်ယောက်က သူ့ က်တော်သူတွေပဲဆိုတော့ နည်းနည်းကလေးရှက်သွားသည်။ ပေမဲ့ 'ဇင်မာ' ရှက်သည့်မျက်နှာကို ဂုဏ်မနမာန်ဖြင့်ပင့်ကာ...

"ခုလာတာ အလည်သက်သက်ပဲလား"

"ကျွန်တော် စာမေးပွဲဖြေဖို့ အနီးကပ် ကျူရှင် လာတက် တာပါ"

"နေတော့ကော"

"သူငယ်ချင်းတွေနဲ့ အဆောင်မှာနေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စားရတာ ဆင်းရဲမှာပေါ့နော်... ဒီမှာ လာစားပါလား
မြတ်စွာဘုရား...

'မွေး' ရင်ထဲမှာ တိုးတိတ်စွာဘုရားတ,ကာ 'ဇင်မာ' မျက်နှာကို မသိမသာလှမ်းကြည့်မိသည်။ 'ဇင်မာ'ကတော့ 'မွေး' ကို ဝ မကြည့်။ 'တင်ဦး' မျက်နှာကိုသာ ပြုံးရွှင်စွာကြည့်ရင်း—

"ဘယ်လိုလဲ... စားမှာလား"

"မဖြစ်ဘူးခင်ဗျာ... သူငယ်ချင်းတွေနဲ့ လာတာဆို သူငယ်ချင်းတွေနဲ့ပဲ စားမှဖြစ်မယ်"

"ဒါဆို အားတဲ့ရက် လာစားပေါ့... ဥပမာ စနေ... တ နွေ မပိတ်ဘူးလား"

"မပိတ်ဘူးခင်ဗျာ... အန္တီးကပ်ဆိုတော့ စာကတစ်နေ့ သင်တာ... ညနေ သုံးနာရီ လေးနာရီမှလွှတ်တာ"

"ဒါဆိုလည်း ညဘက် လာစားလို့ဖြစ်တာပဲ... တင် လောက်တော့ လာစားပါလား"

'တင်ဦး'က 'မွေး'ကို လှည့်ကြည့်သည်။ သဘောက ဘယ်လိုလည်း သဘော။ 'မွေး' မှာသာ ခေါင်းမညိတ်နိုင်၊ ခေါ မခါနိုင်နှင့် မရှုနိုင်မကယ်နိုင်ဖြစ်နေဆဲ...

"ရှုပ်ပါတယ်... ခုလာမယ့် ဆန်းဒေးညဘက် ဒီမှာပဲ စားပေါ့နော်"

'တင်ဦး'က အားနာပါးနာနှင့် ခေါင်းညိတ်မှ 'ဇင်





အောင်မြင်သောအပြုံးနှင့် ဧည့်ခန်းထဲက ထွက်သွားသည်။'ဇင်မာ' ထွက်သွားသည်နှင့် 'မွေး' 'တင်ဦး' ပေါင်ကိုလှမ်းဆိတ်လိုက်မိသည်။

"နင်ကလည်း ဘာလို့ခေါင်းညိတ်လိုက်ရတာလဲ"

"ဩော်... 'မွေး'ကလည်း သူ့က အဗောင်းခေါ်နေတဲ့ဟာကို ဘယ်ကောင်းပါ့မလဲ... အားနာစရာကြီး"

"နင်တို့ ယောကျ်ားလေးတွေဟာလေ မိန်းကလေးလှလှ မြင်ရင် စွတ်အားနာလိုက်တာပဲ... ငါးစာသာမြင်တယ် ငါးမျှား ချိတ်မမြင်တဲ့ ငါးလိုပဲ"

"ငါ့သာပြောနေတယ်... နင်ကျတော့ကော"

"ငါ ဘာဖြစ်လို့လဲ"

"ငါးစာသာမြင်တယ် ငါးမျှားချိတ် မမြင်ဘူး"

'တင်ဦး' ပြောသည့်သဘောက 'မွေး' 'ကိုနိုင်'ကို ချစ်နေမိသည့်အဖြစ်ကို ပြောချင်းမို့...

"ငါ ချစ်တာ ငါ့ရင်ထဲကချစ်တာ... ဘာမှ အပြစ်မဖြစ်နိုင်ဘူး"

"ငါလည်း နင့်လိုပဲ... ငါ့ရင်ထဲမှာ အချစ်ရှိတယ်... တခြား ငါးစာတွေဘယ်လောက်ပြပြ ငါက အဲဒီငါးစာတွေကိုဖိုင်သည်းမဝင်စားဘူး... ခုဟာက ယဉ်ကျေးမှုအရ ငါ ခေါင်းညိတ်လိုက်တာ... နင် မကျေနပ်ဘူးဆိုရင် ငါ မလာဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အိုး... နင် ခေါင်းညိတ်ပြီးနေမှဝဲ... မလာဘဲနေလို့ ကောင်းမလား"

"ဘာဖြစ်လဲ... သူနင့်ငါ တစ်ခါတည်းတွေ့ရတာပဲ... ဘာ အားနာစရာလိုလဲ"

'တင်ဦး' ပြောတာမှန်တော့လည်း 'မွေး'ကပင် အလျှော့ ပေးလိုက်ရသည်။

"ကဲပါ... လာတော်မူပါ"

"ငါလာရင် နင် ထွက်ကြိုနေနော်"

"အောင်မယ်လေး... သဲလိုက်တာ"

'မွေး' မျက်စောင်းထိုးတော့ 'တင်ဦး' 'မွေး'ကိုလှမ်းကြည့် ကာ...

"သဲသဲပဲ 'မွေး'ရေ... ငါ ရွာကစထွက်လာကတည်းက အတွေ့ချင်ဆုံးမျက်နှာက နင့်မျက်နှာပဲ"

"ကဲ... ငါ့မျက်နှာတွေ့ရပါပြီတဲ့... နင် ဘာလုပ်မလဲ"

"အဆောင်ရောက်တော့ အလွမ်းပြေ ပြန်စဉ်းစားလို့ ရ တာပေါ့"

"'တင်ဦး' နော်... ... က အမာရွတ်ကိုမေ့ချင်ပြီနဲ့တူ တယ်"

'မွေး'ကပြောတော့ 'တင်ဦး'က သူ့လက်ကအမာရွတ်ကို ပြန်ကြည့်သည်။ ငယ်စဉ်ကတည်းက 'မွေး' သူ့ကိုကုန်းကိုက်ထား





သည့်အနာက အသွေးမိကာရင်းပြီး အမာရွတ်ထင်ကျန်ရစ်ခဲ့ သည်။ 'တင်ဦး' ပြုံးကာ အမာရွတ်ကိုကြည့်ပြီး...

"နင်က တစ်သက်မမေ့နိုင်အောင် အနာရွတ်လေးလုပ် ပေးထားတော့ ငါ ဘယ်မေ့ပါမလဲ... ငါ့စိတ်ထဲမှာတော့ ချစ် သက်သေလို့..."

"'တင်ဦး'"

'မွေး' ကျိတ်ကာ 'တင်ဦး'ကို ဆောင့်အော်လိုက်သည်။ သည်လိုအော်သံလေးတွေ၊ သည်လို မျက်လုံးပြူးကြည့်တာလေး တွေ မကြားရတာ၊ မမြင်ရတာကြာတော့လည်း 'တင်ဦး' အလွမ်း ပြေငေးကြည့်နေမိသည်။

အချိန်တွေ နှစ်တွေသာကြာလာခဲ့ပေမယ့် သူ့ရင်ထဲမှာ တော့ 'မွေး'ကို လွမ်းသည့်အလွမ်းက မပြေသေး။ ငယ်စဉ်တုန်းက ကလေးဘဝအလျောက် 'မွေး'ကိုလွမ်းခဲ့မိသလို၊ အရွယ်ရောက် လာပြန်တော့လည်း အရွယ်ရောက်လာသည့်အလျောက် 'မွေး'ကို တမ်းတမိသည်။

ညစဉ် အိမ်ပြန်လာသည့်အခါတိုင်း 'မွေး'တို့အိမ်လေးကို လှမ်းကြည့်မိသည်။ 'မွေး' မရှိမှန်းသိလျက်နှင့် 'မွေး'ကို တွေ့ရ လေမလား မျှော်လင့်မိသည်။ ခုတော့လည်း 'တင်ဦး' 'မွေး'တို့အိမ် မှာ 'မွေး' ကိုရှာစရာ မလိုတော့၊ 'မွေး'ကို သူ့ရှေ့မှာတွေ့နေရပြီ။

လူ လွမ်းခဲ့ တမ်းတခဲ့သော ရန်ထောင်စကားလေးများကို



www.burmeseclassic.com

www.burmeseclassic.com



သူ ကြားနေရပြီ။ 'မွေး'ကတော့ သူ့ကိုမျက်တောင်မခတ် စိုက်ကြည့်နေသော 'တင်ဦး'ကို ကြည့်ကာ ဒေါပွမိပြန်သည်။

ကိုယ့်ဘာကိုယ်ပင် ဒေါက်တာ 'တိုးမြင့်' ကိစ္စနှင့်စိတ်ရှုပ်နေရသည့်ကြားထဲ ခုလို 'တင်ဦး'က ဇွဲဖောက်ချင်လာပြန်ပြီဆိုတော့ 'မွေး' ဘယ်လိုနေရမည်နည်း။ စိတ်ရှုပ်ရှုပ်နှင့် မျက်မှောင်လေးကြုတ်ကာ ငြိမ်ထိုင်နေဆဲ...

"'မွေး'"

"ဘာလဲ"

"ငါပြန်တော့မယ်... ဆန်းဒေး လာခဲ့ရမလား"

"ငါ ဘယ်သိမလဲ"

စိတ်မကြည်လင်တော့ စကားတွေကလည်း မချိုသာတော့။

"ငါတော့ လာချင်တယ်... ထမင်း စားချင်တာထက် နင့်မျက်နှာတွေ့ချင်သေးတယ်"

"အကောင်စုတ်နော်... ရူးမနေနဲ့"

"နင်လည်း ငါ့လိုပဲ ရူးနေတာပဲ မဟုတ်လား"

သည်လိုဆိုတော့ 'မွေး' ငြိမ်နေမိသည်။ သူပြောတာ မှန်သည်မဟုတ်လား။ 'မွေး'လည်း 'တင်ဦး' ပြောသလို ရူးနေတာမဟုတ်လား။

"ငါ ရူးတာဖြစ်နိုင်သေးတယ်... နင် ရူးတာကမဖြစ်နိုင်





ဘူး... အဲဒီ 'ကိုနိုင်'နဲ့ 'အဲလစ်'ဆိုတာ ဘယ်တော့လက်ထပ်ကြမှာလဲ"

'မွေး' ပြောပြထား၍ 'တင်ဦး' 'ကိုနိုင်'ကော 'မမအဲလစ်'ကိုပါသိနေသည်။ 'မွေး' သက်ပြင်းကို အသာချကာ...

"'ကိုနိုင်' ဒီတစ်ခေါက်ပြန်လာရင် စေ့စပ်ကြမယ်... စေ့စပ်ပြီး မကြာခင်လက်ထပ်ကြမှာ"

"နင် ဝမ်းမနည်းဘူးလား"

"သိပြီးသားကိစ္စပဲ 'တင်ဦး'ရယ်... ငါ ဘာလို့ဝမ်းနည်းရမှာလဲ... ငါ 'ကိုနိုင်'ကို စချစ်ခဲ့တာ... 'မမအဲလစ်'နဲ့ ဖြစ်နေမှန်းသိလျက်နဲ့ ချစ်ခဲ့တဲ့ ငါပဲ... ငါ့ဘာသာ ငါ့ရင်ထဲမှာချစ်နေရင်ကျေနပ်တယ်... သူ သိဖို့မလိုဘူး"

"ဒါဖြင့် နင်ဟာ တစ်ဘက်သတ်ပေါ့"

"နင် ထင်ချင်သလို ထင်ပေါ့... ငါ့ တစ်သက်မှာ 'ကိုနိုင်'မလွဲလျှင် ဘယ်သူ့ကိုမှချစ်လို့ရမှာမဟုတ်ဘူး"

"ငါလည်း နင့်လိုပဲ... ငါ့တစ်သက်မှာ နင်ကလွဲရင် ဘယ်သူ့ကိုမှ ချစ်လို့ရမှာမဟုတ်ဘူး... နင်လည်း ခံစားဖူးသားပဲ... ခံစားဖူးသူချင်းမှ သိတဲ့ကိစ္စ မဟုတ်လား"

အရေးထဲ 'တင်ဦး'က ရင်ဖွင့်လာနေတော့ 'မွေး' ငိုချင်သွားကမှ ပြုံးလိုက်မိသည်။ 'တင်ဦး'ကိုလည်း နောက်လိုက်မိသည်။

"ဒါ နင်ကျက်ထားတဲ့စာတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ငါ့ဘဝမှာ ငါ့စာကအရေးကြီးသလို နင်ကလည်း အရေးကြီးတာယ်လေ"

'မွေး' ခေါင်းခါလိုက်မိသည်။ မြွေပူရာ ကင်းမှောက်သည့် အဖြစ်မျိုး။

"တော်ပါတော့ 'တင်ဦး'ရယ်... ပြန်ပါတော့... ငါ့မှာလည်း ငါ့ပြဿနာနဲ့ ငါပါ"

"ဘာ ပြဿနာလဲ"

"ဒီမှာ ပြောလို့မဖြစ်ဘူး... ငါ နင်တို့အဆောင်ကိုလာခဲ့မယ်... ဖြစ်မလား"

"ဟာ... နင်လာလို့ ဖြစ်မယ်မထင်ဘူး... တို့အဆောင်ကယောကျ်ားလေးတွေများတယ်... နင်လာရင် ပြောင်လိမ့်မယ်"

"ဒါဖြင့် ငါ ဘယ်လိုလုပ်ရမလဲ"

"နင် နက်ဖြန်ကျောင်းတက်မှာလား"

"တက်မှာပေါ့"

"နင်တို့ ဘီအီးဒီ ကင်တင်းမှာ ငါလာစောင့်နေမယ်-ဖြစ်မလား"

"လာလေ"

'မွေး'ကတော့ စိတ်ထဲရိုးသားစွာ 'တင်ဦး'ကို ချိန်းလိုက်သည်။ သူ့စိတ်ထဲမှာတော့ 'တင်ဦး'ကို ညီအကို မောင်နှမလိုမှတ်၍ တခြားလိုခင်တွယ်၍မရ။ 'တင်ဦး' မှာသာ...





"နင် ဆက်ဆက်လာနော် 'မွေး' "

"အေးပါဟ"

"ဒါဆို ငါပြန်မယ်"

'တင်ဦး'ပြန်တော့ 'မွေး'ခြံဝအထိလိုက်ပို့မိသည်။ 'တင်ဦး'အရိပ်အယောင်ပျောက်မှ 'မွေး'အိမ်ထဲဝင်ဖြစ်သည်။ 'မွေး'ဝင်လာတော့ 'ဇင်မာ' အပြုံးနှင့်ဆီးကြိုသည်။

"ပြန်သွားပြီလား 'မွေး' "

"ဟုတ်ကဲ့"

" 'မွေး' အဆက်က မဆိုးဘူးနော်... အရပ်မြင့်မြင့်နဲ့ ကြည့်ကောင်းသားပဲ"

"အို... မဟုတ်ဘူး 'ဇင်မာ' "

"ညာမနေပါနဲ့... 'ဇင်မာ' ကြားပြီးသားပါ... 'ကိုတိုးမြင့်ဦး' လာရင်တောင် 'မွေး' အကြောင်းပြောရဦးမယ်... 'မွေး'က အဆက်တွေ ဘာတွေနဲ့လို့"

စကားအဆုံး ဆက်ကာရယ်မောနေသော 'ဇင်မာ့' အသံ 'မွေး' ဆက်နားထောင်နိုင်စွမ်းမရှိတော့။ ခုမှပဲ 'တင်ဦး'လာ ...က ဖော်ရွေလွန်းလှသော 'ဇင်မာ့' အကြံကို 'မွေး' ရိပ်မိတော့ သည်။

တကယ်တော့ 'ဇင်မာ'က သည်ယုံမြင်၍ သည်ချုပ်ခွင်း ...ပဲ မဟုတ်လား။ 'မွေး' မှာတော့...။

www.burmeseclassic.com



၁၃

"လာ 'မွှေး'"

ဘီအီးဒီကင်တင်းကိုရောက်တော့ 'မွှေး' 'ဘင်ဦး'ကိုတွေ့
လိုက်ရသည်။ ကင်တင်းက ကလပ်ပြီးချိန်မို့ ကျောင်းသားကျောင်း
သူများနှင့် စည်ကားနေသည်။

"နင် ဘာစားမလဲ"

"အအေးပဲမှာပါ 'တင်ဦး' ရယ်"

စာသင်လာတာကမောသည့်အပြင် ခုတလော ရင်မော
ရာအတွေးကဆက်တိုက်ဖြစ်နေတော့ 'မွှေး' ရေပဲဆာနေမိသည်။

"နင်ကော ဘယ်တုန်းကရောက်လဲ"

'မွှေး' 'တင်ဦး'ကို လှမ်းအကဲခတ်ကာမေးလိုက်သည်။

"မကြာသေးဘူး"





နှုတ်မှသာဖြေလျက် 'တင်ဦး'ကလည်း 'မွှေး'ကို လှမ်းအ
ကဲခတ်နေသည်။ သူ့မျက်ဝန်းထဲမှာတော့ ပန်းနုရောင်ဖျော့ဖျော့
ဝတ်စုံလေးနှင့် 'မွှေး'ကိုကြည့်ကာ ငယ်စဉ်က ပဝါလေးခြုံကာကျွဲ
သီချင်းဆိုပြီး က,ခဲ့သော 'မွှေး' ဟန်လေးကိုသတိရနေမိသည်။

ခုနေသော က,လှျှင်ဘယ်လောက်ကြည့်ကောင်းလိုက်မ
လည်းတွေးကာ ကြည့်နူးနေသည်။ 'မွှေး' မှာလည်း တိုက်ပုံအင်္ကျီ
ခိုးရောင်၊ အတွင်းခံရှပ်အင်္ကျီအဖြူနှင့် ချက်ချင်ပုဆိုးကွက်အစိမ်း
ကို ဝတ်ထားသည့် 'တင်ဦး'ကို ကြည့်ကာ တွေးနေမိသည်။

ငယ်စဉ်တုန်းကတော့ 'တင်ဦး'ကို သူ့ သိပ်လည်းအထင်
ကြီးခဲ့သလို၊ ခုလိုကြည့်ကောင်းသော ယောကျ်ားမျိုးတစ်
ယောက်ဖြစ်လာမည်မထင်ခဲ့။ ကိုယ်ကသာ အသားမည်းမည်းနှင့်
ကြည့်ရဆိုးခဲ့ပေမယ့် 'တင်ဦး'ကိုတော့ ကိုယ့်ထက်အရုပ်ဆိုးသည်
ဟုပဲ ထင်ခဲ့သည်။ နိုင်စရာကောင်းသော သူငယ်ချင်းတစ်ယောက်
အဖြစ်သာ မှတ်ယူခဲ့သည်။

ခုတော့လည်း မြင့်မားသောအရပ်၊ ကြံ့ခိုင်သောကိုယ်လုံး
ကိုယ်ထည်နှင့် 'တင်ဦး'က ကျောင်းဆရာတစ်ယောက်၏ အသွင်
အပြင်နှင့်တူနေသည်ပဲ။ 'မွှေး' သူ့ကို အကဲခတ်နေမှန်းသိတော့
'တင်ဦး'က လှမ်းနောက်သည်။

"ဘယ်လိုလဲ အဆင်ပြေရဲ့လား... ကျောင်းဆရာတစ်
ယောက်နှင့်ကော တူရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး... ငါ့စိတ်မှာ နှင့်ကို ဒီလောက်တောင် ထ[illegible] မထားပါဘူး"

"ငါကတော့ နှင့်ပုံနဲ့ ဆရာမပုံစံမြင်တယ်... ဘာဖြ[illegible] လည်းသိလား... နင်က အသံလည်းကောင်းတယ်မဟုတ်လာ[illegible] ဒါနဲ့ ခုကော နင် သီချင်းဆိုသေးလား"

"သိပ်မဆိုတော့ပါဘူးဟယ်... တစ်နေ့တစ်နေ့ ကျော[illegible] တက်ရတာနဲ့ အိမ်အလုပ်လုပ်ရတာနဲ့ မအားပါဘူး"

"'ညွန့်မေ'ကတောင် ပြောနေသေးတယ်... နင့်ကိုတွေ[illegible] ကျွဲမသီချင်းဆိုခိုင်းဦးမယ်တဲ့... သူလည်း တက္ကသိုလ်အနုပ[illegible] အသင်းမှာဝင်ထားတယ်တဲ့"

"အောင်မယ်... 'ညွန့်မေ'က ဘယ်ဆိုးလို့တုန်း"

"ဒါကြောင့် ပြောတာပေါ့... တို့ရွာက မဆိုးပါဘူး[illegible] နင်ကော ဒီကအောင်ရင် တို့ရွာမှာ ဆရာမပြန်လုပ်မှာ မဟုတ်[illegible] လား"

"တို့ရွာက မူလတန်းကျောင်းလေးပဲရှိသေးဥစ္စာပဲ...[illegible] တော့ ဖြစ်နိုင်လျှင် မိတ္ထီလာတို့ ဘာတို့ဘက်မှာကျချင်တယ်"

"မဝေးဘူးလားဟာ... ဘာဖြစ်လို့လဲ"

"'ကိုနိုင်' ရှိလို့ပေါ့"

"ရှုးလိုက်တာ 'မွေး'ရယ်... အဲဒီတော့ နင့် 'ကိုနိုင်[illegible] ကလေးတွေဘာတွေရနေရောပေါ့"



"ရ ဘာဖြစ်လဲ... ငါ ချစ်တာကိုး... ဒီတော့ သူတို့ရှိတဲ့ [illegible]ရာမှာ ငါ ဆရာမလုပ်ချင်တယ်"

"နင့်အဖေသာ ကြားရင်တော့ ရင်ကျိုးမှာပဲ...သူကတော့ [illegible]င် အောင်လာရင် ရွာမှာပဲ ဆရာမလုပ်မယ်ထင်နေတာ"

နှစ်ယောက်သား အတန်ကြာ စကားမပြောဘဲ ငြိမ်နေပြီး [illegible]...

"ကဲ...နင် ပြောမှာဘာအကြောင်းလဲ...ပြောလေ'မွေး'"

"ခုတလော ငါ သိပ်စိတ်ညစ်တယ်"

"ဘာဖြစ်လို့လဲ"

'မွေး' သူနှင့် ဒေါက်တာ 'တိုးမြင့်' အကြောင်းပြောပြ [illegible]ိုက်သည်။ 'တင်ဦး' သက်ပြင်းချကာ...

"ဒီတော့ နင် ရှင်းရှင်းပဲပြောလိုက်ပေါ့... မချစ်နိုင်ဘူးလို့"

"အဲဒီလိုပြောရအောင်ကလည်း သူမှ ဖွင့်မပြောသေးဘဲ"

"သူ ဖွင့်မပြောဘဲ သူချစ်နေတာ နင် ဘယ်လိုလုပ်သိလဲ"

"မိန်းကလေးပဲ 'တင်ဦး'ရယ်... ယောကျ်ားလေးအကြည့် [illegible]ကြည့်တာနဲ့ သိတာပေါ့... ပြီးတော့ သူက အရင်တုန်းက အိမ် [illegible]သိပ်လာတာမဟုတ်ဘူး... ငါနဲ့တွေ့ပြီးမှ ရွှတ်လာနေတော့ [illegible]မှာ နေရခက်နေတာပေါ့... ဒီကြားထဲ 'ဇင်မာ'က သူလာရင် [illegible]ကိုလုံးဝ မကြည့်ဖြူဘူး... သူက အဲဒီ ဒေါက်တာ 'တိုးမြင့်'ကို [illegible]သောကျနေတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"နင်ကကော"

"ငါကတော့ သူ့ကို အကိုလိုကလွဲပြီး ဘယ်လိုမှစိတ်

စားလို့မရဘူး"

"ငါ့စိတ်ထဲရှိတာပြောရရင် နင် 'ကိုနိုင်'ထက်စာလျှ

သူ့ကို မရွေးသင့်ဘူးလား... နင့် 'ကိုနိုင်'က ရည်းစားနဲ့ဆို...

"ငါမှ မချစ်ဘဲ"

"ခက်တာပဲ 'မွေး'ရယ်... နင်က တစ်ယောက်ဆို

ယောက်ပဲကိုး... ဟို တစ်ယောက်ကလည်း နင့်ကိုချစ်တာမှမဟု

ဘဲ"

"နင်ကလည်း ချစ်ပါစေလို့ ဆုတောင်းတာမှမဟုတ်

'တင်ဦး'ရာ... ငါ့ရင်မှာ ငါချစ်တာပဲ"

"ဒါဖြင့် နင့်ရင်ထဲ နင်ပဲခံစားပေတော့... ငါတော့ စိ

ညစ်လာပြီ"

'မွေး' အကြောင်း က,မှအ သိသူဆိုတော့လည်း 'တင်

စိတ်ညစ်လာမိပြီ။ 'မွေး'မှာတော့ ထုံပေပေမျက်နှာလေးနှင့် 'တင်

ကိုစိုက်ကြည့်ကာ...

"နင် ငါ့ကိုချစ်တယ် မဟုတ်လား... 'တင်ဦး' နင့်ရင်

ဘယ်လိုနေလဲ"

"အမြဲ မြင်ချင်နေတာပေါ့"

"အေး... နင့်လိုပဲ... ငါလည်း 'ကိုနိုင်'ကို အမြဲမြင်ချင်



တယ်... နင်ခံစားဖူးတော့ သိမှာပါ 'တင်ဦး'ရယ်"

"အေး... သိလို့လည်း နင့်ကို ဒေါပွနေတာပေါ့...တကယ်

နင် ခေါက်တဲ့ 'တိုးမြင့်'လို လူပျိုကြိုယ်လွတ်ကြီးကိုကြိုက်ပါ

လား... ခုတော့ နင့်မကြိုက်တဲ့လူကိုများ နင်က စွဲလမ်းနေလိုက်

တာ"

"ဒါတော့ ငါ့ခံစားချက်နဲ့ ငါပေါ့ဟာ... ဒါပေမဲ့ တစ်ခု

တော့ နင့်ကို ငါပြောပြမယ်... ငါ 'ကိုနိုင်'ကို ကြိုက်လို့သေသွားပါ

... မိန်းကလေးဈေးကျအောင် ငါ ဘယ်တော့မှ ဖွင့်မပြောဘူး

ကိုတောင် ငါ့အချစ်ဆုံး သူငယ်ချင်းမို့ ငါပြောတာ... နင်

ရဲ့လား"

"ယုံပါတယ် 'မွေး'ရယ်... ဒါပေမဲ့ နင် သူ့ကို မချစ်သင့်

း... သူဟာ မကြာခင် လက်ထပ်တော့မယ့် လူတစ်ယောက်မ

တ်လား... သူ့မှာ ပိုင်ဆိုင်မယ့်သူရှိတော့မယ်လူ မဟုတ်လား...

ဒီလိုလူမျိုးကို နင်ချစ်မိရင် နင်ပဲစိတ်ဆင်းရဲမှာပေါ့... ငါပြော

ာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဒီတော့ အကောင်းဆုံးက နင် သူနဲ့ဝေးအောင်နေ...

တ်ဆိုတာ မီးဝေးရင်အေးတတ်တာပဲ... နင်လည်း နောက် သူ့

တွေ့ရရင် သူ့ကို တဖြည်းဖြည်းမေ့သွားမှာပါ... နော် 'မွေး'"

'မွေး' ခေါင်းညိတ်လိုက်သည်။ 'မွေး'တို့နှစ်ယောက် ကင်



www.burmeseclassic.com

www.burmeseclassic.com



တင်းမှထွက်ကာ လျှောက်လာတော့ နေကပူစပြုလာပြီ။

"ရော့ 'မွေး'... နင် ခေါင်းပူနေဦးမယ်"

'တင်ဦး'က သူ့လက်ထဲမှာကိုင်လာသော စာအုပ်ကိုလှ

ပေးသည်။ 'မွေး' ခေါင်းခါကာ သူ့လွယ်အိတ်ကိုမိုးရင်း...

"နင်ကော ငါ့ကိုချစ်တာ ရယူလိုလို့ ချစ်တာလား... ရ

ထဲကချစ်တာလားဟင် 'တင်ဦး' "

'တင်ဦး' ဘာမှပြန်မပြောဘဲ ပြုံးနေ၍...

"ဖြေလေဟယ်"

"ဖြေစရာလိုသေးလား 'မွေး'ရယ်... နင် ငါ့ကိုချစ်လား"

"မချစ်ဘူး"

"အေး... အဲဒီကတည်းက အဖြေကပေါ်နေပြီပဲ... နင်

ငါ့ကို မချစ်မှန်းသိလျက်နဲ့ ငါချစ်တာ... ရင်ထဲကချစ်တာပဲပေ

'မွေး' ကျေနပ်စွာပြုံးလိုက်သည်။ တကယ်တော့ 'တင်ဦး'

၏အဖြေကလည်း သူ့ အဖြေပဲ မဟုတ်လား။ သူ စကတည်း

'ကိုနိုင်' သူ့ကို မချစ်မှန်းသိခဲ့မေမယ့် သူ ချစ်ခဲ့သည်။ 'မွေး' 'ကိုနိ

ကိုချစ်တာ ရယူလိုစိတ်၊ ပိုင်ဆိုင်လိုစိတ်မှ မဟုတ်ဘဲ ရင်ထဲကချ

တာပဲ။

တစ်ထောင့်ငါးရာနှင့် မချစ်အပ်ဘူးဆိုလျှင်တောင် ငါး

ရာနှစ်ဆယ့်ရှစ်နှင့် 'မွေး' မချစ်ရတော့ဘူးတဲ့လား။ သည်တစ်

အိမ်ကိုပြန်လာသော 'မွေး' ခြေလှမ်းတွေက ပေါ့ပါးနေသည်





ကြက်လက်နေသည်။ 'တင်ဦး'ကတော့ 'မွေး'ကို ကားဂိတ်မှိုင်ကြီး

အဆောင်ကို တန်းပြန်သွားသည်။

ဘာပဲပြောပြော ဆုံးဖြတ်ချက်တစ်ရပ်ကိုချပြီးပြီမို့ 'မွေး'

ပေါ်သည်။ ပျော်ရွှင်စိတ်နှင့် ကျွဲမသီချင်းကိုဟစ်မိသည်။ 'ဒေါ်လုံး'

က ပြုံမိသည်။

မူရင် ခရာရင် ယောကျ်ားတိုင်းက ကြိုက်တယ်

ဆို× × မူရင် ခရာရင် ယောကျ်ားတိုင်းက ကြိုက်တယ်

ဆို× × ကြည်အောင်ကျွဲမခင်ပို× × ညွဲညွဲနဲ့ချွဲလိုက်မှာ

ပဲ ထင်သလို ထင်သလို× × ပိုက်ကျိုးအထက်× × ရွှံ့

ဗွက်တွေထဲ ကျွဲမကြည်အောင် မောင်ခေါ်စမ်းကို ခေါ်

စမ်းကို× × × × × ×

'ခင်မာ'က 'မွေး' ပုံစံလေးကိုကြည့်ကာ ရည်းစားနှင့်

ကြည်နူးလာသည့်ထင်၍...

"'မွေး'က တယ်ပျော်လာပါလား... သီချင်းတွေဘာတွေ

လို့... အဲဒါ ဘာသီချင်းလဲ"

"ကျွဲမ သီချင်းပါ 'ခင်မာ'... 'မွေး' ငယ်ငယ်ကအဲသား

ည်းလို့ ကျွဲမလို့ခေါ်ရင်း ဒီသီချင်းကိုဆိုပြစ်ခဲ့တာပါ"

"အရင်တုန်းက ဘယ်သူဆိုတာလဲ"

"ဒေါ်ကြည်အောင်ပါ..."

"ကောင်းသွားပဲ... 'ကိုတိုး' လာရင် 'မွေး'ကို ဆိုခိုင်းရ



www.burmeseclassic.com

www.burmeseclassic.com

မယ်... ဘယ့်နှယ်လဲ"

" 'မွေး' ဒီလောက် မရပါဘူး 'ဇင်မာ' "

"မရဘူးသာဆိုတယ်... 'မွေး' အသံကအေးပြီး ကြည်နေတာပဲ"

အလိုဆန္ဒပြည့်ဝသောကလေးနှယ် 'ဇင်မာ'က ရွှင်ပြနေသည်။ တစ်သက်လုံး အဖက်လုပ်ကာ စကားမပြောခဲ့သော 'မွေး'ကို 'ဇင်မာ' စကားတွေလာပြောနေတော့ 'ဒေါ်လုံး'ပင် အံ့ဩနေသည်။

'မွေး'ကတော့ အံ့သြလွန်း၍ ထူး၍မအံ့သြတော့။ ညဘက်ကျတော့ 'ဇင်မာ' 'မွေး' အခန်းထဲဝင်လာကာ...

"ရော့ 'မွေး'... တို့အင်္ကျီတွေ... တို့နဲ့ပွရင် 'မွေး'နဲ့တော်မှာပဲ... ယူဝတ်ကြည့်ပါလား"

သူ့ဆန္ဒအတိုင်း 'မွေး' ယူဝတ်ပြရပြန်သည်။

"အတော်ပဲ... 'မွေး'နဲ့ တိုင်းချုပ်ထားတဲ့အတိုင်းပဲ... အဲဒါ ဟိုနေ့ကျရင် 'မွေး' ဝတ်ပါလား"

" 'မွေး' မဝတ်ရဲဘူး"

အင်္ကျီက အင်ဒိုနီးရှားပါတိတ်ကို အင်ဒိုနီးရှားဆန်ဆန်ချုပ်ထားသည့်အင်္ကျီမို့ ရင်ဘတ်ကတော်တော်နက်သည်။ 'မွေး' ရင်ဘတ်ကိုခေါင်းငုံ့ကြည့်ကာ မရဲတရဲပြောသည်။ 'ဇင်မာ'က တော့ 'မွေး'ကိုကြည့်ကာ...





"ဝတ်ပါ 'မွေး'ရဲ့... ဒါမှ 'မွေး' အဆက်က ပိုသဘောကျမှာပေါ့... ရိုးရိုးလေးတောင် 'မွေး'ကိုချစ်သေးရင် ဆန်းဆန်းပြားပြားလေးဝတ်တော့ ပိုချစ်မှာပေါ့နော် 'မွေး' "

'မွေး' ခေါင်းမညိတ်လို့မဖြစ်တော့။ 'ဇင်မာ'က သူကိုယ်တိုင်ထုတ်လုပ်သူ၊ သူကိုယ်တိုင် ဒါရိုက်တာဖြစ်နေမှပဲ 'မွေး' သူ့စကားကိုနားထောင်ယုံပေါ့။

"အဲဒီနေ့ကျရင် 'ကိုတိုး'လည်း လာမှာ 'မွေး'ရဲ့... 'မွေး' သီချင်းဆိုပြရမယ်နော်"

" 'မွေး' မဆိုချင်ပါဘူး 'ဇင်မာ'ရယ်"

"မရဘူး... 'ဇင်မာ'က စန္ဒရားတီးမယ်... 'မွေး'က ဆိုရမယ်"

အမိန့်သံဆန်ဆန် 'ဇင်မာ' စကားများကြားမှာ 'မွေး' မလူးသာမလွန့်သာ။ သည်လိုနှင့် တနင်္ဂနွေနေ့ ရောက်လာသည်။ 'မွေး' ဘာမှမလုပ်နှင့် 'ဒေါ်လုံး'ပဲ လုပ်ဆို၍ 'မွေး' ဘာမှမလုပ်ရသော်လည်း အလှကိုတော့ပြင်ခိုင်းထားပါသည်။

နဂိုကတည်းကမှ သနပ်ခါးရေကျဲလေးသာ လူးပြီးပေါင်ဒါသာရိုက်တတ်ခဲ့သော 'မွေး'၊ သူ ပြင်တတ်သလောက်ပြင်ပြီး ထွက်လာတော့ 'ဇင်မာ'က နှာခေါင်းရှုံ့သည်။

"အံ့ပါရဲ့ 'မွေး'ရယ်... ဒါ အလှပြင်တာလား... မဟုတ်သေးပါဘူး... လာ လာ"


www.burmeseclassic.com

www.burmeseclassic.com

'ဇင်မာ' ဆွဲခေါ်ရာ 'မွေး' လိုက်ခဲ့ရသည်။ 'ဇင်မာ့' မှန်တင်ခုံပေါ်ရှိ ပုပုရှရှပုလင်းများစွာထဲမှ အလှပြင်ပစ္စည်းတွေနှင့် အလှပြင်ရသည်။ 'ဇင်မာ့' အလှပြင်ပစ္စည်းကကို မနည်း။ 'ဇင်မာ' လုပ်သမျှ ခံနေရသည့် 'မွေး'။

အလှပြင် ပစ္စည်းထဲက သုံးလေးမျိုးကိုသာသိသည်။ကျန်သည့် အတောင့်ရှည်ရှည်လေးတွေ၊ ဝိုင်းဝိုင်းလေးတွေကတော့ ဘာတွေမှန်း မသိ။ 'ဇင်မာ'က တစ်ခုခုဆီရှင်းပြသည်။

"ဒါကတော့ အောက်ခံ ကရင်မ်... ဒါလူးပြီးမှ အပေါ်က မိတ်ကပ်တင်ရတယ် 'မွေး'ရဲ့... မိတ်ကပ်တင်ပြီးရင် ကရင်မ်ပတ်နဲ့ရိုက်... မျက်ခုံးမွေး ခြစ်"

"'ဇင်မာ့' မျက်ခုံးကပါးတော့ နုတ်ပြီး ပုံဖော်ဆွဲရတယ်... 'မွေး'ကတော့ မျက်ခုံးအားကောင်းတော့ ပုံဖော်စရာတောင် မလိုဘူး... ဒါက ရှဲဒိုး... 'မွေး'က နက်ပြာရောင်ဝတ်မှာဆိုတော့ မျက်ခွံမှာ အပြာပြေပြေလေးဆိုးပြီး မျက်ဝန်းစပ်ကိုတော့ လိုင်နာထည့်ရမယ်"

'ဇင်မာ'က ပြောလည်းပြော 'မွေး' မျက်ဝန်းများကိုလိုင်နာလည်းထည့်ပေးနေသည်။ ဒီကမှ မျက်ဝန်းက လှပဝိုင်းစက်နေသည့်အထဲ လိုင်နာထည့်လိုက်တော့ ထင်ရှားအောင်အနားသတ်လိုက်သည့်နှယ်မို့ 'မွေး' ကိုယ် 'မွေး'ပင်အံ့သြချင်သည်။

"ဒါက ပါးနီ... ဒါလေးတင်တော့ ပါးလေးကပိုလှသွားမယ်... ပြီးမှ ကရင်မ်ပတ်နဲ့ ထပ်ရိုက်မယ်"

'ဇင်မာ' ပြောလည်းပြော လက်ကလည်းသွက်လက်စွာလှုပ်ရှားနေ၍ 'မွေး' မျက်နှာပြင်ဆင်မှုပြီးသွားသည်။ နှုတ်ခမ်းကိုဆေးဆိုးတင်ကာ အရောင်ပြင်သည့်ဆီ ထပ်တင်သည်။

ဆံပင်ကိုတော့ ခါတိုင်းလိုဘေးခွဲကာ ကလစ်နှင့်ညှပ်ထားသည်ကိုဖြုတ်ချကာ နားထင်ဘေးမှလိပ်တင်ပြီး ရွှေရောင်ကလစ်ကြီးနှင့် ညှပ်တင်ပေးသည်။ အားလုံးပြီးတော့...

"'မွေး'... မှန်ထဲမှာ ထကြည့်စမ်း"

'မွေး' 'ဇင်မာ' ပြော၍သာ ထကြည့်လိုက်ရသည်။ ကိုယ့်ရုပ်ကိုယ်ပင် မမှတ်မိချင်။ ရင်တွေလည်း အရမ်းခုန်နေသည်။ 'ဇင်မာ'ကတော့ 'မွေး'ကိုပြုံးကြည့်ကာ...

"ဘယ့်နှယ်လည်း 'မွေး'... လှရဲ့လား"

"အို... 'မွေး' ရှက်တယ်"

"ဘာရှက်ရမှာလည်း 'မွေး'ရဲ့... 'မွေး' ဒီလှတော့ 'မွေး'ကိုပိုချစ်တာပေါ့"

"ဟင့်အင်း... မချစ်ရင်လည်း နေပါစေ 'ဇင်မာ'ရယ်... 'မွေး' ဒီလို နေရတာ အနေခက်တယ်... 'မွေး'လွတ်လွတ်လပ်လပ်နေချင်တယ်"

"လွတ်လွတ်လပ်လပ်က အမြဲနေရတယ်... ဒီလိုက တစ်ခါတလေမှနေရတာ... သွား... 'မွေး' သွား... ထမင်းစားခန်းထဲ







www.burmeseclassic.com

www.burmeseclassic.com

သွားနေ"

ဘာသဘော ဘာအဓိပ္ပါယ်မှန်း မသိဘဲ 'ဇင်မာ' တွန်းလွှတ်ရာအတိုင်း 'မွေး' ထမင်းစားခန်းထဲကိုရောက်လာသည်။ ကံဆိုးချင်တော့...

"အို..."

ဧည့်ခန်းထဲမှာ ဒေါက်တာ 'တိုးမြင့်'။ သူက 'မွေး'ကို မမြင်ဘူးသလိုငေးကြည့်၍ 'မွေး' ခေါင်းလေးငုံ့နေဆဲ...

" 'ကိုတိုး' လူမှားနေပြီလား... 'မွေး' လေ"

'ဇင်မာ' ဧည့်ခန်းထဲကို ရောက်လာသည်။

"ဒီနေ့ 'မွေး' ဧည့်သည် ရောက်လာမှာမို့ ထမင်းကျွေးမလို့ 'ကိုတိုး' ရဲ့"

ဒေါက်တာ 'တိုးမြင့်'က 'ဇင်မာ့' စကားထက် 'မွေး'ကိုသာ စိတ်ဝင်စားနေ၍ 'ဇင်မာ' ပြုံးကာ...

"ဘာလဲ... 'ကိုတိုး'က 'မွေး'ကို ဒါမျိုးမမြင်ဘူးလို့ အံ့သြနေတယ် ထင်ပါ့... ဟုတ်လား... သူ့ဧည့်သည်လာမယ်ဆိုတော့ 'ဇင်မာ'တို့က ဒီအတိုင်း ပစ်ထားလို့မဖြစ်ဘူးလေ 'ကိုတိုး'ရဲ့... ကိုယ့်မှာက အိမ်ရှင်ဆိုတော့ တာဝန်ရှိတယ်မဟုတ်လား... ပြီးတော့ လာမှာက ယောကျ်ားဧည့်သည်"

'ဇင်မာ့' စကားအဆုံးမှာ ဒေါက်တာ 'တိုးမြင့်'က 'မွေး'ကို ဖြတ်ကနဲလှမ်းကြည့်သည်။





" 'မွေး'တို့ ရွာကလေ 'ကိုတိုး'ရဲ့... 'မွေး' ဧည့်သည်ကို မြင်တော့ 'မွေး'က ဘယ်ဆိုးလို့လဲလို့ 'ဇင်မာ'တောင် စွေးလိုက်မိတာ ဟင်း ဟင်း"

'ဇင်မာ'က အဓိပ္ပါယ်မရှိသော စကားတွေပြောနေသလောက် ငြိမ်နေကြသူနှစ်ဦးက 'တိုးမြင့်'နှင့် 'မွေး'။ 'တိုးမြင့်' ရင်ထဲမှာတော့ 'ဇင်မာ့' စကားကြောင့် အံ့သြနေသည်။ 'မွေး' ရင်ထဲမှာတော့ ရှက်ခြင်းနှင့်အတူ 'တိုးမြင့်' ရှေ့မှာ နေရခက်နေသည်။ နေရခက်ခက်နှင့် ငြိမ်ငြိမ်လေးရပ်နေဆဲ...

" 'မွေး' "

"ဟာ... 'တင်ဦး' "

'မွေး'အပေါက်ဝမှပေါ်လာသော 'တင်ဦး'ဆီကိုခပ်သွက်သွက်လျှောက်လာခဲ့သည်။ ထမင်းစားဖိတ်ထား၍ လာသည်ဆိုသော်လည်း 'တင်ဦး'က သားနားနေသည်။ ရှပ်ဖြူ အကျီလက်ရှည်ကို သေသပ်စွာခေါက်တင်ထားပြီး ရခိုင်ပုဆိုးနက်ပြာရောင်ကို ချပ်ရပ်စွာဝတ်ထားတော့ သွယ်မြင့်သော သူ့အရပ်နှင့် သူ့ရုပ်က ကျက်သရေရှိနေသည်။

'တင်ဦး'ကလည်း 'မွေး'ကိုကြည့်ကာ အံ့သြနေသည်။ 'မွေး'မှာတော့ ရှက်တာတွေအသာထား 'တင်ဦး'ကို တွေ့ရ၍ ဝမ်းသာပုံနှင့်...

"လာလေ 'တင်ဦး'... မိတ်ဆက်ပေးရဦးမယ်...ဒါ ဒေါက်



www.burmeseclassic.com

www.burmeseclassic.com



တာ 'တိုးမြင့်'တဲ့... ပဲခူး ပြည်သူ့ဆေးရုံကြီးလက်ထောက် ဆေး ဝန်"

"ဟုတ်ကဲ့... တွေ့ရတာ ဝမ်းသာပါတယ်"

ယောက်ျားချင်း အပြန်အလှန် မိတ်ဆက်ပေးနေကြ သည့်ကိုကြည့်ကာ 'ခင်မာ'က ပြုံးလျက်...

"'ကိုတိုး'ကို ဝမ်းသာစရာပြောရဦးမယ်"

"ဘာများလဲ"

'တိုးမြင့်'က မေးကာ 'ခင်မာ့' မျက်နှာကို ကြည့်နေစဉ်...

"'မွှေး'က အသံကောင်း အဆိုကောင်း 'ကိုတိုး'ရဲ့ ဒါကြောင့် ထမင်းစားပြီးရင် သီချင်းဆိုခိုင်းမလို့... 'မွှေး' 'မွှေး'ဆို တာ ဘာသီချင်းလဲ"

'မွှေး' ဘယ်လိုဖြေရမှန်း မသိ။ မျက်နှာလေးငယ်ကာ 'တင်ဦး'ကို လှမ်းကြည့်နေစဉ်...

"သြော်... သိပြီ သိပြီ... ကျွဲမ သီချင်းမဟုတ်လား 'မွှေး' ဆိုပြရမယ်နော်"

'မွှေး' ခေါင်းမညိတ်ခင် 'ခင်မာ'က ဆက်၍ပြောပြန် သည်။

"အဲဒီသီချင်းက 'မွှေး' ရွာမှာတုန်းက အမြဲဆိုတဲ့သီချင်း တဲ့ 'ကိုတိုး'ရဲ့... နာမည်ကလည်း ကျွဲမတဲ့ ဟင်း ဟင်း"

'မွှေး' ရယ်နေသော 'ခင်မာ့' မျက်နှာကိုကိုကြည့်ကာ



ချင်လာသည်။ နေရာမှ ထွက်ပြေးချင်လာသည်။ တကယ်တော့ 'ခင်မာ'က 'မွှေး'ကို စေတနာရှိ၍ အလုပြင်ပေးခြင်းမှမဟုတ်ဘဲ ခေါက်တာ 'တိုးမြင့်' ရှေ့မှာ အရှက်ခွဲနေခြင်းပင်။

သူ ခုလို 'မွှေး'ကို လုပ်ပေးခြင်းဖြင့် သူ့ စေတနာကိုပေါ် လွင်စေကာ 'တိုးမြင့်' အထင်ကြီးစေမည်။ 'မွှေး'မှာလည်း အတွဲရှိ ပါသည်ဟု သူ ပြချင်သည်။ ပြီးတော့ 'မွှေး'၏ ဘဝကိုလည်း ဘင်ပြချင်သည် မဟုတ်လား။

ခုတော့ သူ့အကြံအောင်ပါသည်။ 'မွှေး'မှာသာ 'တင်ဦး' ရှေ့မှာ ငိုရမလို ရယ်ရမလိုမျက်နှာလေးနဲ့ ရပ်နေဆဲ...

"ကဲ... 'ကိုတင်ဦး'ကော 'ကိုတိုး'ကော လာကြ... ထမင်း စားရအောင်"

"အန်ကယ်တို့ကော 'ခင်မာ' "

"ဒယ်ဒီနဲ့ မာမီ စားပြီးပြီ... အပေါ်မှာ... 'ခင်မာ'တို့ပဲ စားရမှာ"

အကိုဖြစ်သူကလည်း မရှိ၊ အဖေအမေကလည်း အလို လိုက်ထားတော့ 'ခင်မာ' သဘောရှိကလောဟိ ဖြစ်နေသည်။

"'ကိုတိုး' ဟင်းတွေထည့်စား... 'မွှေး' 'ကိုတင်ဦး'ကို ဟင်းတွေထည့်ပေးလေ"

ထမင်းစားပွဲတစ်ခုလုံး 'ခင်မာ့' အသံကညံနေသလောက် ချန်လူများဖြစ်သည့် 'တိုးမြင့်' 'မွှေး'နှင့် 'တင်ဦး'တို့က ငြိမ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ 'ဇင်မာ့' လက်မှ အလှုပ်ရှားခံနေရသည့် ရုပ်သေးရုပ်လေး
များနှယ် 'ဇင်မာ့' ကြိုးဆွဲရာ လိုက်ပါနေကြသည်။

'မွေး' 'တင်ဦး' ဘေးနားရပ်ကာ ဟင်းတွေထည့်ပေးရာ
'တိုးမြင့်'ကို လှမ်းခိုးအကြည့် 'မွေး'ကို မသိမသာလှမ်းကြည့်လာ
သည့် 'တိုးမြင့်' မျက်ဝန်းများကြောင့် မျက်လွှာကို ကမျာကယာ
လိုက်မိသည်။

'တိုးမြင့်' ရင်ထဲမှာတော့ 'မွေး'ကို နားလည်ရခက်နေ
သည်။ 'မွေး' နှင့် သူ့ရှေ့မှ 'တင်ဦး'ဆိုသောလူရွယ်သည် 'ဇင်မာ'
ပြောသလိုပဲလား။ ဒါမှမဟုတ် သူငယ်ချင်းတွေပဲလား တွေးကာ
ရင်မောနေမိသည်။

'ဇင်မောင့်' သိလျှင် သူ့ကိုကြည့်ကာ ရယ်မှာသေချာ
သည်။ အသက်ကြီးသောသူများ ကြီးမှ ဝက်သက်ပေါက်လျှင်နေ
သည်နှယ် သူ့မှာလည်း 'မွေး'ကိုတွေ့မှ ချစ်မိလေတော့ ရင်ထဲ
လောင်နေမိသည်။ ပူလောင်စိတ်နှင့် ရေသောက်ရန် ရေခွက်
လှမ်းရာ...

"ရော့ 'ကိုတိုး'... 'ကိုတိုး' ရေတောင်းမှာသိလို့ 'ဇင်မာ'
ရေအေးအေးလေးခတ်ထားတယ်"

ရေခွက်လှမ်းပေးသည့် 'ဇင်မာ့' မျက်နှာက သူ့ရင်ထဲ
အပူကိုသိနေသည်။ မချိုမချဉ်ဖြစ်နေသည်။ သည်နေရာမှာ
သာဆိုလျှင် 'တိုးမြင့်' အော်လိုက်မိမှာသေချာသည်။ ဒါပေမဲ့ ကို





အိမ်လည်း မဟုတ်။ ကိုယ့်ညီမလည်း မဟုတ်လေတော့ 'တိုးမြင့်'
င်မှဝေဒနာကို ချုပ်တည်းကာရေသောက်ပြီး အိမ်ရှေ့ကိုထွက်
ာသည်။

'တိုးမြင့်' ကိုလှမ်းကြည့်သည့် 'ဇင်မာ့' မျက်ဝန်းများက
ဲ ဘယ့်နှယ်ရှိစ ကိုရွှေစာဟု ပြောနေသယောင်ယောင် မဟုတ်
ား။ 'မွေး'မှာသာ 'တင်ဦး' နားရပ်နေရှင်း...

" 'တင်ဦး' "

"ဟင်..."

'တင်ဦး'ကတော့ 'မွေး' အဖြစ်ကိုနားမလည်။ ထမင်းစား
င်းမှ မော့ကြည့်နေ၍ 'မွေး' အသံကိုနိမ့်ကာ...

"နောက် ဒီအိမ်ကို မလာပါနဲ့တော့ဟယ်"

"ဘာဖြစ်လို့လဲ 'မွေး'ရဲ့"

"နင် မသိပါဘူး... နောက်မှ နင့်ကိုငါပြောပြမယ်"

"နင်ကလည်းဟာ"

'တင်ဦး' ထမင်းကိုလက်စသတ်ကာ နေရာမှ ထလိုက်
ည်။ ဘာပဲပြောပြော 'မွေး' မျက်နှာကိုညှိုးနေသည်ကိုတော့
င်ဦး' စိတ်ဆင်းရဲတာ အမှန်။

ငယ်စဉ်ကတည်းက ပေါင်းလာသည့် သူငယ်ချင်းမို့
ည်း 'မွေး' မျက်ဝန်းလေးတွေ ကြည်လျှင်ကြည်ချင်း ညိုလျှင်
ချင်း 'မွေး' ရင်ထဲကအဖြစ်ကို ခန့်မှန်းမိသည်မို့ 'တင်ဦး' သဘ



www.burmeseclassic.com

www.burmeseclassic.com



ပြင်းကိုချလိုက်သည်။ 'ဇင်မာ'ကတော့...

"ကဲ... 'ကိုတင်ဦး'လည်းလာ...ခြေခန်းထဲမှာ အချိုတည်း ရအောင်... အချိုတည်းရင်း 'မွှေး' အသံလေးနားထောင်ကြ ပေါ့"

'မွှေး' မဆိုချင်ပါဘူး 'ဇင်မာ'ရယ်ဟုပြောချင်သော်လည်း 'မွှေး' 'ဇင်မာ့' မခယချင်တော့။ သည်အိမ်က သူ့အိမ်၊ သူလုပ် တာလုပ်နေရမှ ကျေနပ်သူပီပီ 'မွှေး' သူကျေနပ်အောင် သီချင်း ရန် အသင့်စောင့်နေရသည်။ 'ဇင်မာ'ကတော့ ရွှင်မြူးသော နှာလေးနှင့် စန္ဒရားကိုဖွင့်ကာ...

" 'မွှေး' ဘာသီချင်းလဲ"

"ကျွဲမပါ"

"ဟင်း ဟင်း 'ဇင်မာ'က စန္ဒရားသာ တီးတတ်တာ သီချင်းမျိုး ခုမှကြားဖူးတာပဲ... အဲဒါ 'မွှေး' အမြဲဆိုတဲ့ သီချင်း ဟုတ်လား"

'မွှေး' ခေါင်းငုံ့လျက်မှ ခေါင်းညိတ်ပြလိုက်သည်။ 'တိုး မြင့်'က 'မွှေး' မျက်နှာကို မသိမသာငေးကြည့်နေသလို 'တင်ဦး' ကလည်း လှမ်းကြည့်နေသည်မို့လည်း 'မွှေး' မဆိုလို့မဖြစ်တော့ ပြီးတော့ 'ဒေါ်လုံး'က အစပြုသည့် 'မွှေး' ပရိတ်သတ်တွေ ရောက်နှင့်နေပြီ မဟုတ်လား။

သာယာသော ညဥ့်ဦးယံမှာ 'မွှေး' ၏ကြည်လင်သော





သာအသံက ဝေစီစွာထွက်သွားသည်။ 'တိုးမြင့်' 'မွှေး' အသံကို အားထောင်လျက်မှ 'မွှေး'ကို ပိုစိတ်ဝင်စားလာမိသည်။ ပိုသနား လာမိသည်။ အထူးသဖြင့် သီချင်းလေး၏ နောက်ဆုံးအပိုဒ်ဖြစ် သည့် အပိုဒ်ကလေးက သနားစရာ မဟုတ်လား။ ဘာတဲ့...

ရုပ်ဆိုးမလေး အားငယ်တယ်အကို× × ရုပ်
ဆိုးမလေး အားငယ်တယ်အကို× × အများနဲ့မတူတဲ့
ပျိ ပျိ ပျိ ပျိ× × ကျွန်မနဲ့သွားရင်× × မောင်အား
ငယ်မှာစိုး× × သကို ဘိုကေတစ်ထောင်မှာ× × တစ်
ယောက်တော့စွဲလမ်းကောင်းပါရဲ့× × ကျွဲမ ကျွဲမ× ×
အသားညို× × × ×

'တိုးမြင့်' မျက်လုံးကို စုံမှိတ်လိုက်သည်။ ဘယ်လိုအခြေ အနေမျိုး 'မွှေး'ကို ရအောင်ယူမည်။ 'မွှေး'ဆိုသည့် သီချင်းလေးထဲက ဆိုပေါ့။ ဘိုကေတစ်ထောင်မှာ တစ်ယောက်လောက်တော့ စွဲ ကောင်းပါရဲ့ ဆိုထားသည်မဟုတ်လား။

အဲဒီတစ်ယောက်က သူပဲ ဖြစ်စေရမည်ပေါ့။ သီချင်းဆုံး တော့ 'တိုးမြင့်' မျက်နှာပြုံးနေသည်။ 'ဇင်မာ'ကတော့ ရွှင်လန်း အားရသောမျက်နှာဖြင့်...

"ဘယ့်နှယ်လဲ 'ကိုတိုး'... 'မွှေး' အသံကောင်းရဲ့လား"

" 'ကိုတိုး' တစ်သက်မှာ ဒီတစ်ခါကြားရတဲ့အသံက အ ကောင်းဆုံးပဲ"



www.burmeseclassic.com

www.burmeseclassic.com



'ခင်မာ့' မျက်နှာပျက်သွားသည်။ 'ခင်မာ' အမှန်တကယ်
ကြားချင်တာက။

အင်း မဆိုးပါဘူးဆိုရင် ပြီးရောပေါ့၊ ခုတော့ ပြုံး
သည့် 'ကိုတိုး' မျက်နှာနှင့် အားရပါးရပြောလိုက်သည့် 'ကိုတိုး'
ဟန်ကြောင့် 'ခင်မာ' တစ်ချိုးတည်း စိတ်ဓာတ်ကျသွားသည်
ဒါပေမဲ့ သူမကအကြံကြီးလေတော့ 'ကိုတိုး' စိတ်မပျက် ပျက်
အောင် 'တင်ဦး'ကို လှမ်းမေးသည်။

"ဒါနဲ့... 'ကိုတင်ဦး' တို့နေတဲ့ရွာက ဘာရွာ"

"ပကိုင် (ပန်းခိုင်) ရွာပါ"

"အဲဒီရွာက ဘာလုပ်ကြတာလည်း ဟင်"

"များသောအားဖြင့် ငါးလုပ်ငန်းကိုလုပ်ကြပါတယ်"

"ဒါဖြင့် တံငါရွာကြီးပေါ့နော် 'ကိုတင်ဦး'... 'မွေး' ခို
တွေကကော"

"ဒီလုပ်ငန်းပဲ လုပ်ပါတယ်"

"ဩော်... 'ခင်မာ့'က လယ်သမား... ယာသမား...
နေတာ လက်စသတ်တော့ တံငါသည်တွေကိုး"

ရုတ်ချစွာပြောလိုက်သည့် 'ခင်မာ့' ကို 'တိုးမြင့်'
ကြည့်မိသည်။ အမှန်မှာ သူ့အထင်သေးအောင် 'ခင်မာ' ပြော
မှန်းသိပေမယ့် သူ 'မွေး'ကို အထင်မသေးမိ၊ 'ခင်မာ့'ကိုသာ
အထင်သေးမိသည်။



'မွေး'က တနယ်တကျေးမှလာကာ သူများအိမ်မှာနေပြီး
ပညာသင်၍ဆယ်တန်းအောင်ခဲ့ပေမယ့် သူ့ခမျာတော့ မိဘလုပ်စာ
ငြိမ့်စားထိုင်စားနေ၍ ဆယ်တန်းလည်း မအောင်ခဲ့၊ နဂိုက
လည်း 'ခင်မာ့' အပေါ်မှာ အထင်မကြီးသည့် 'တိုးမြင့်'၊ ခုတော့
၍ အထင်သေးမိသလို 'မွေး' အပေါ်မှာ ပို၍သနားလာမိသည်။

'တင်ဦး'မှာတော့ 'ခင်မာ့' အပြောကြောင့် 'မွေး' မျက်နှာ
ဖြတ်ကနဲ လှမ်းကြည့်မိလိုက်သည်။ ရင်ထဲမှာတော့ 'ခင်မာ့'
ပြန်ပြောချင်နေသည်။ ကျွန်တော့်ကို တံငါသည်ဟုပြောရင်
ပျားကကော ခင်ဗျားအမေကကော ဘယ်ကလာသလဲဟုမေး
လိုက်ချင်သည်။

ဒါပေမဲ့ 'မွေး'က ဘာမှပြန်မပြောစေချင်သည့် မျက်ရိပ်
ပြ၍ 'တင်ဦး' ဘာမှပြန်မပြောတော့ဘဲ နေရာမှထလိုက်
သည်။

"ကဲ 'မခင်မာ'... ကျွန်တော် ပြန်ပါဦးမယ်... ခုလို ထမင်း
ကျွေးတာလည်း ကျေးဇူးတင်ပါတယ်"

"ဟုတ်တယ် 'ခင်မာ'... 'ကိုတိုး'လည်း ပြန်တော့မယ်"

အပြန်မှာ အမျိုးသားနှစ်ယောက် လမ်းမှာစုံနေ၍ 'တိုး
မြင့်'က အရင် 'တင်ဦး'ကို စကားဆိုလိုက်သည်။

"'ကိုတင်ဦး'က ဘယ်ပြန်ရမှာလဲ"

"တက္ကသိုလ်ကိုပြန်ရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဝေးလိုက်တာ ကျွန်တော်လိုက်ပို့ရမလား"

"နေပါစေ ဒေါက်တာ... ကျွန်တော် လိုင်းကားစီးပြီးပြ
မှာပါ"

နှစ်ဦးသား အတန်ကြာတိတ်ဆိတ်သွားကြသည်။ 'တိုး
မြင့်' ရင်ထဲမှာ မေးချင်သည့်စကားတွေက ပြည့်ကျပ်နေပေမေ
မေးသင့်မမေးသင့်ချိန်ဆနေသလိုနှင့် လမ်းထိပ်ကိုရောက်လာ
သည်။ လမ်းထိပ်ရောက်တော့ 'တိုးမြင့်' အောင့်မနေနိုင်တော့

" 'ကိုတင်ဦး' "

'တင်ဦး' 'တိုးမြင့်' မျက်နှာကိုလှမ်းကြည့်လိုက်သည်
တစ်စုံတစ်ခုကို အလေးအနက်စဉ်းစားသလို စဉ်းစားနေသည်
တွေးနေသည့် ဒေါက်တာ 'တိုးမြင့်' မျက်နှာကြောင့်...

"ပြောပါ ဒေါက်တာ... ဘာများ ပြောချင်လို့လဲ"

"ပြောရမှာတော့ အားနာတယ်"

"ဘာများ...လဲ"

" 'မွေး' အကြောင်းပါ"

'မွေး' အကြောင်းဆိုတော့ 'တင်ဦး' စိတ်ဝင်စားသွား
သည်။ ဒေါက်တာ 'တိုးမြင့်' မျက်နှာကိုလှမ်းကြည့်လိုက်သည်
လမ်းမီးရောင် တစ်ချို့တစ်စက်နှင့် လရောင်တစ်ချို့တစ်ဝက် အ
လင်းရောင်ကြောင့် ဒေါက်တာ 'တိုးမြင့်' မျက်နှာကို မသိမသာ
မြင်နေရသည်။





မေး(လ်) စပို့ရှပ် အစိမ်းနု၊ ကာချင်လုံချည်အစိမ်းကွက်နှင့်
ဒေါက်တာ 'တိုးမြင့်' ပုံစံက သပ်ရပ်မွန်ရည်သော ပုံစံပါ။ 'မွေး'ကို
သည်း တကယ်အလေးအနက်ထားသော ပုံစံမို့ 'တင်ဦး' ထပ်မေး
လိုက်မိသည်။

"ပြောပါ ဒေါက်တာ... 'မွေး' နဲ့ပတ်သက်ပြီ ဘာများသိ
ချင်လို့ပါလဲ"

"တခြားတော့ မဟုတ်ပါဘူး... 'ကိုတင်ဦး' နဲ့များ... "

"အာ... 'မွေး'ဟာ ကျွန်တော့် သူငယ်ချင်းပါ... ကျွန်တော်
တို့က ငယ်ငယ်လေးကတည်းက ရင်းနှီးခဲ့ကြတဲ့ သူတွေပါ"

'တင်ဦး' စကားကြောင့် 'တိုးမြင့်' ရင်ထဲ လှိုက်ကနဲ ခုန်
သွားသည်။ ဝမ်းသာသွားသည်။ ဘာပဲပြောပြော ခုလို ရှင်းရှင်း
လင်းလင်းသိရသည်ကပင် သူ့အတွက် အမြတ်မို့ 'တင်ဦး' လက်
ကိုဆုပ်ကာ...

"ကျေးဇူးပဲ 'ကိုတင်ဦး'ရာ... ကျွန်တော် 'ကိုတင်ဦး'ကို
ခဲ့ပြီးကျေးဇူးတင်တယ်... ခုလို မမေးဘဲ မြဲနေလိုက်ရင် ကျွန်
တော် 'မွေး'ကို ချစ်ရဲဆိုမိမှာ မဟုတ်ဘူး... ခုတော့... "

'တင်ဦး' ပြုံးလိုက်မိသည်။ ဒေါက်တာ 'တိုးမြင့်' မျက်နှာ
ပြုံးနေသည်ကိုကြည့်ကာ သူလည်း ပျော်မိသည်။ 'မွေး' ကို မဖြစ်
နိုင်သော လူတစ်ယောက်ကို ချစ်နေသည့်အဖြစ်ထက် ချစ်သင့်
ထိုက်သော လူတစ်ယောက်ကိုသာ ချစ်စေချင်တာ သူ့စေတ



www.burmeseclassic.com

www.burmeseclassic.com



နာမို့...

"ကဲ ဒေါက်တာ ကျွန်တော်သွားမယ်...ဒေါက်တာလည်း ရှေ့ကိုသာ ဆက်လျှောက်ပါ... လှမ်းဆုံးရင် ရွာတွေမှာပါ"

"သေချာရဲ့လားဗျာ"

"သေချာပါတယ်"

'တင်ဦး' လမ်းထဲကထွက်လာတော့ ညကမှောင်နေသည် ထက်မှောင်လာပြီ။ မှောင်နှင့်မည်းမည်း လမ်းကိုလျှောက်ရင်း 'တင်ဦး' တွေးမိသည်။ 'မွှေး' အပေပြောနေကြ စကားလေးကိုပေ 'မွှေး'ဆိုတဲ့ နာမည်လေးကို မွှေး အောင် ပေးခဲ့တာတဲ့။

သူ ကိုယ်တိုင်ကလည်း 'မွှေး'ကို မွှေး စေချင်ပါသည် နံသည့် 'မွှေး'တော့ မဖြစ်စေချင်မို့ သူ့ အသည်းနှလုံးကို အရင်း တည်ကာ ဒေါက်တာ 'တိုးမြင့်' ဆီ ဝကွက် အပ်ခဲ့သည်။ 'မွှေး ဘယ်လိုများ ဆုံးဖြတ်လေမလဲ။

'တင်ဦး' နားထဲမှာတော့ 'မွှေး' ပြောခဲ့သည့် စကားလေး တွေ ထပ်ကာ ထပ်ကာ ကြားယောင်နေသည်။ ဘာတဲ့ တလော ကလုံးမှာ 'မွှေး' ချစ်တာ 'ကိုနိုင်'တဲ့။ တကယ်တော့ 'မွှေး' လေး မှာ တိုက်အိမ်ဆောက်နေတာပဲ။ မဖြစ်နိုင်သည်ကို စိတ်ကူး တာပဲ။

'တင်ဦး' အဆောင်ကိုပြန်ရောက်တော့ အတော်ညဉ့်န နေပြီ။ မျက်ဝန်းထဲမှာတော့ 'မွှေး'၊ 'ဖင်မာ'၊ ဒေါက်တာ 'တိုးမြ





တို့၏ မျက်နှာတွေသာမြင်ယောင်နေသည်။ ပြီးတော့ ဒေါက်တာ 'တိုးမြင့်'၏ စကားတွေကြားယောင်နေသည်။

ပြီးတော့ ဒေါက်တာ 'တိုးမြင့်'၏ စကားများကိုကြား ယောင်နေမိသည်။ စိတ်ထဲမှာတော့ 'မွှေး'ကို ဖြစ်ခြင်း ဖြစ်လျှင် ဒေါက်တာ 'တိုးမြင့်' နှင့်သာဖြစ်စေချင်နေသည်။

'မွှေး' တစ်ယောက် စိတ်ကူးမလွဲပါစေနှင့်ဟုလည်း ဆု တောင်းနေမိသည်။ နောက် တစ်နေ့ မနက်ကျတော့ 'မွှေး' သူ့ထံ ရောက်ချလာသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၄

ဧည့်ခန်းထဲတွင်ထိုင်နေသော 'မွေး'ကိုကြည့်ကာ အံ့ဩ နေသည်။

"ဟင် 'မွေး'... နင် ဘယ်သူနဲ့ လာလဲ"

"ငါ့ဘာသာ ငါတစ်ယောက်တည်း လာတာပေါ့"

'မွေး' မျက်နှာပြုံးရွှင်နေသည်။ 'တင်ဦး' ကို တစ်စုံတစ်ခု ပြောချင်နေသည့် ပုံမို့...

"ပြောစမ်း... နင် ငါ့ကို ဘာပြောမလို့လဲ"

"အိမ်မှာ 'ကိုနိုင်' ရောက်နေပြီ"

"ဟင်... ဘယ်တုန်းကလဲ"

'ကိုနိုင်' ဆိုသည်နှင့် 'တင်ဦး' ရင်တွေခုန်ချင်လာသည်။

"ညကပဲရောက်တာ... နင်တို့လည်း ပြန်ပြီးမကြာခင်





'ကိုနိုင်' ရောက်လာတာပဲ"

ပြောရင်း ညကအဖြစ်ကလေးကို 'မွေး'သတိရနေသည်။ ဧည့်သည်တွေပြန်သွားပြီး အဝတ်ပင်မလဲဘဲ သိမ်းဆည်းနေခိုက်

"ဟိတ်..."

"အို..."

တင်းကျပ်စွာပွေ့ဖက်ခြင်းခံလိုက်ရ၍ 'မွေး' လန့်သွား သည်။ အလန့်အဖျပ်ဖျပ်နှင့် လှမ်းကြည့်လိုက်တော့ 'ကိုနိုင်' က လည်း 'မွေး'ကို အံ့ဩစွာကြည့်နေသည်။ သူ့စိတ်မှာ 'မွေး'ဟု လုံးဝမထင်။

သည်လိုပုံစံ သည်လိုအဝတ်အစားမျိုးနှင့် 'ဇင်မာ'လည်း ဖြစ်နိုင်။ သူ့ချစ်သူ 'အဲလစ်'များ အိမ်ကိုရောက်နေတာလား အတွေးနှင့် ဖက်လိုက်ခြင်းဖြစ်သည်။ ပြီးတော့ 'မွေး' ရပ်နေသည့် နေရာက မှောင်ရိပ်လည်း ကျနေသည် မဟုတ်လား။ ခုတော့ 'ခင်မောင်နိုင်' အကြီးအကျယ်အားနာကာ 'မွေး'ကို ကမျာကယာ လှမ်းတောင်းပန်လိုက်သည်။

"ဆောရီး 'မွေး'... 'ကိုနိုင်' 'အဲလစ်'နဲ့ မှားသွားလို့"

'မွေး'မှာတော့ 'ကိုနိုင်' တင်းကျပ်စွာ ပွေ့ဖက်ခြင်းခံလိုက် ရ၍ တစ်ကိုယ်လုံး ထူပူနေသည်။ ဘာပြန်ပြောရမှန်း မသိအောင် လျှာကလည်း ထူအနေသည်။ 'ကိုနိုင်'ကတော့ 'မွေး'ကိုကြည့်ကာ...

"နေပါဦး... ဒီ အဝတ်အစားတွေနဲ့ 'မွေး' ဘာလုပ်ထားခ



www.burmeseclassic.com

www.burmeseclassic.com

တာလဲ"

"ဟို… ဟို…"

ရုတ်တရက်ဆိုတော့ 'မွှေး' ဘာပြန်ပြောရမှန်းမသိအောင် မျက်လုံးလေးပြူးနေဆဲ…

"ဟယ် ကိုကို… ဘယ်တုန်းက ပြန်ရောက်လာတာလဲ"

'ဇင်မာ' ထမင်းစားခန်းထဲကိုရောက်လာသည်။ 'ကိုနိုင်' က 'ဇင်မာ့'ကိုလှမ်းကြည့်လျက်…

" 'မွှေး'ကို 'ဇင်မာ' ဒီအဝတ်အစားတွေ ဝတ်ပေးထားတာလား"

"ဟုတ်တယ်လေ… ဘာဖြစ်လို့လဲ ကိုကိုရဲ့"

"ဘာဖြစ်လို့ ဝတ်ပေးထားတာလဲ"

" 'မွှေး' ဧည့်သည်လာလို့ပေါ့ ကိုကိုရဲ့…တော်ကြာ 'မွှေး' ကို 'ဇင်မာ'တို့က ဂရုမစိုက်ဘူးထင်ရင် ဘယ့်နှယ်လုပ်မလဲ… ဒါကြောင့် 'ဇင်မာ' ပြင်ဆင်ပေးထားတာ"

'ကိုနိုင်'ကတော့ 'ဇင်မာ့' စကားကိုယုံသည်လား၊ မယုံသည်လား မသိ။ 'မွှေး'ကိုသာ ငေးကြည့်နေသည်။ သူ့ စိတ်မှာတော့ တစ်ခါလာ တစ်ပုံစံပြောင်းကာ လှသထက်လှလာသော 'မွှေး'ကို အံ့သြနေသည်။ နောက်မှ မျက်နှာလွှဲကာ…

" 'ဇင်မာ'… ဒယ်ဒီနဲ့ မာမီ အိပ်ပြီလား"

"မအိပ်သေးဘူး ကိုကို… အပေါ်ထပ်မှာ စာအုပ်ဖတ်နေ





ကြတယ်"

"ဒါဖြင့် 'မွှေး' ဒီအိတ်ကို 'ကိုနိုင့်' အခန်းထဲကိုထားလိုက် 'ကိုနိုင်' ဒယ်ဒီတို့ကို သွားတွေ့ဦးမယ်"

'ကိုနိုင်' အပေါ်ကိုပြေးတက်သွားမှ 'မွှေး' လှုပ်ရှားဖို့သတိရလာသည်။ 'ကိုနိုင့်' အိတ်ကိုဆွဲကာ 'ကိုနိုင့်' အခန်းကို ဝင်လာခဲ့သည်။ 'ကိုနိုင်' မရှိဘူးဆိုတော့လည်း သိမ်းဆည်းထားသမျှ 'ကိုနိုင်' ပြန်ရောက်လာပြီဆိုတော့လည်း ပြန်လည်ခင်းကျင်းရသည်။ တစ်ခန်းလုံးကို သန့်ရှင်းရသည်။

အားလုံး ရှင်းလင်းပြီးတော့ 'ကိုနိုင့်' ပြန်ရောက်လာသည်။ ပင့်ပန်းနွမ်းနယ်နေသော 'ကိုနိုင့်'ကိုကြည့်ကာ…

"ရေချိုးမလား 'ကိုနိုင်' "

"နေပါစေ 'မွှေး' "

"ဒါဖြင့် 'မွှေး' ထမင်းခူးလိုက်ရမလား"

"လမ်းမှာ စားခဲ့ပြီ"

'ကိုနိုင့်' အကြည့်က 'မွှေး' ဆီမှာ မရှိသလို 'ကိုနိုင့်' စကားတွေက 'မွှေး' အပေါ်မှာ စိတ်ဝင်စားမှုကင်းမဲ့နေသည်မို့ 'မွှေး' 'ကိုနိုင့်' အခန်းထဲမှ လှည့်အထွက်…

" 'မွှေး' "

'မွှေး' 'ကိုနိုင့်' ရှေ့မှာ ခြေစုံပြန်ရပ်လိုက်မိသည်။ 'ကိုနိုင်' 'မွှေး'ကို ခြေဆုံးခေါင်းဆုံးကြည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကို ဒါမျိုး ဘယ်တော့မှ မပြင်နဲ့... ကြားလား"

"ဟုတ်ကဲ့"

"ဒီလို အဝတ်အစားမျိုးလည်း ဘယ်တော့မှ မဝတ်နဲ့-- ကြားလား"

'မွေး' ခေါင်းညိတ်ပြီးပြန်ထွက်လာတော့ 'ကိုနိုင်' နူးညံ့သာယာသောအသံကို ကြားရသည်။

"ပြီးရင် 'ကိုနိုင့်' အတွက် ဟောလစ်တစ်ခွက်ယူလာခဲ့"

သည်တစ်ခါ 'ကိုနိုင့်'ဆီ 'မွေး' ပြန်ရောက်လာတော့ ခုနက 'မွေး' မဟုတ်တော့။ ရင်စေ့အင်္ကျီလက်စကလေးနှင့် ပြောင်လုံချည်လေးကို တင်းတင်းရင်းရင်းဝတ်ကာ ဆံပင် ကလစ်နှင့်ညှပ်ထားသည့် 'မွေး' ဖြစ်နေသည်။

အစောတုန်းကနှင့် မတူဘဲ တည်ငြိမ်လှပသော 'မွေး'ကိုငေးကြည့်ကာ 'ဇင်မောင်နိုင်' 'ကိုတိုး'ကို သတိရလာသည်မို့--

" 'ကိုနိုင်' မရှိတုန်း 'ကိုတိုး'ကော လာသေးလား"

"လာပါတယ် 'ကိုနိုင်' "

တတ်နိုင်လျှင် သည့်ထက်ပင်မေးချင်သော်လည်း 'မွေး'ဆီက ဘာမှထွက်မလာတော့ 'ဇင်မောင်နိုင်' 'မွေး'ကို ပြန်အိပ်ခိုင်းလိုက်သည်။ သူကိုယ်တိုင်မှာတော့ အိပ်မပျော်တော့။ စောစောတုန်းကအဖြစ်ပျက်ကိုပြန်တွေးကာ ထူးထူးခြားခြားရင်ခုန်ချင်နေသည်။ တကယ်ဆို သူ ဘာလို့ရင်ခုန်ရမှာနည်း။





သူ့မှာလည်း 'အဲလစ်'ဆိုသည့် ချစ်သူရှိလျက်နှင့် ရင်ခုန်နေတော့ 'ဇင်မောင်နိုင်' သူ့ကိုယ်သူ အသားလွတ်ဒေါပွနေသည်။ ဘာပဲပြောပြော မနက်ကျလျှင်တော့ 'အဲလစ်'နှင့်သူ အမြန်ဆုံးစေ့စပ်ဖြစ်အောင် ဒယ်ဒီနှင့်မာမီကို ပြောရတော့မည်ဟု 'ဇင်မောင်နိုင်' ဆုံးဖြတ်နေခိုက် 'မွေး'မှာလည်း 'ကိုနိုင်'နှင့် သူ့နှင့်အကြောင်းတွေးကာ ရင်ဖိုနေသည်။

တတ်နိုင်လျှင် ညတွင်းချင်း 'တင်ဦး'ကို ပြေးပြောချင်နေသည်။ ရှူးသည့်လို့ ဆိုချင်လည်း ဆိုကြပါစေတော့။ 'မွေး' ရင်တွေခုထိအခုန်မရပ်သေး။ ရင်ခုန်တိုင်း ရင်ခုန်တိုင်း 'မွေး' သူ့ကိုလှမ်းကြည့်နေသည့် 'ကိုနိုင့်' မျက်ဝန်းများသာ မြင်နေသည်။

ဖြစ်နိုင်လျှင် 'မွေး' 'ကိုနိုင့်' ရင်ခွင်ထဲမှာ ထာဝရခိုဝင်ချင်သည်။ 'ကိုနိုင့်' ထွေးပွေ့မှုကို ထာဝရခံလိုသည်။ ဒါပေမဲ့ ဖြစ်နိုင်ပါမည်လား။ 'မွေး' အဖြစ်က တစ်ဘက်သတ်ဖြစ်နေရသည့် အဖြစ်မို့ တစ်ခါတစ်ခါ တွေးကြည့်လိုက်တော့လည်း 'မွေး' ရှက်မိပြန်သည်။ မရှက်သည့် အခါတော့လဲ...

အို ငါ့ဘာသာ စိတ်ထဲကချစ်တာ ဘာဖြစ်လဲ၊ မိန်းကလေးတစ်ယောက်ကို ယောကျာ်းလေးတစ်ယောက်ကချစ်သလို ယောကျာ်းလေးတစ်ယောက်ကို မိန်းကလေးတစ်ယောက်က ချစ်ရတူးလား ချစ်တယ်ဟယ် ဘာဖြစ်လဲ။

သိစိတ်ကတစ်မျိုး၊ မသိစိတ်ကတစ်မျိုးနှင့် 'မွေး' လုံးချာ



www.burmeseclassic.com

www.burmeseclassic.com



လည်လိုက်ကာ မိုးလင်းလာခဲ့သည်။ မိုးလင်းလာပြန်တော့ 'တင်ဦး' သို့ အဖြစ်တွေကို ပြောချင်ပြန်သည်။ 'တင်ဦး' ကဲ့ရဲ့မှာ သေချာပေမယ့် 'မွေး'မှာ ပြောရမယ့်သူက 'တင်ဦး' တစ်ယောက်တည်းဆိုတော့လည်း 'မွေး' မနေနိုင်တော့။

"ဒါနဲ့ ခု 'ကိုနိုင်' ပြန်လာတာ ဘာလုပ်ဖို့လဲ"

'မွေး' ဘာဖြေရမှန်း မသိ၊ အမှန်မှာ 'မွေး' ရင်ထဲမှာသိပြီးသား။ သိလျက်နှင့် ဝိဘက်ကြမ္မာငင်ဆိုတာလို 'မမအဲလစ်'နှင့် စေ့စပ်ဖို့လာသည့် 'ကိုနိုင်'ကိုမှ 'မွေး' ချစ်မိလေတော့ 'မွေး' သက်ပြင်းချလိုက်သည်။ 'တင်ဦး' ကတော့ 'မွေး' စိတ်ပျက်တာကိုကြည့်ရင်း...

"ဒါပဲနော် 'မွေး'... နင့်ကို နင့်အဖေက ဘာမှာလိုက်လဲ"

'မွေး' မဖြေနိုင်။ အဖေနှင့်တွေ့လျှင် အဖေမှာတာတွေသတိရပေမယ့် ခု ဖေဖေက အဝေးမှာ။ 'ကိုနိုင်'က 'မွေး' အနားမှာ။ 'မွေး' အသည်းနှလုံးနာမှာ...

"ခက်တယ် 'မွေး'... နင်ဟာ အသိခေါက်ခက် အဝင်နက်ဆိုသလို ဒီပြင်နေရာတွေမှာလိမ္မာပြီး ဒီနေရာမှာ ဘာလို့မိုက်ချင်ရတာလဲ... ပြောစမ်း ငါ့ကိုပြောစမ်း"

'တင်ဦး' ဒေါ်ပွလာပြီဆိုတော့လည်း 'မွေး' ငိုချင်လာပြီ။

"ငါ ဘာမိုက်လို့လဲ 'တင်ဦး'ရယ်"

"ငါ ဘာမိုက်လို့လဲ ဟုတ်လား... နင် မိုက်တာ နင် မ





သိဘူးလား"

'မွေး' မျက်ရည်များကျကာ ငြိမ်နေတော့ 'တင်ဦး' မနေနိုင်တော့။

"လိမ္မာပါတယ် 'မွေး'ရယ် နော်... နင် 'ကိုနိုင်'ကို မေ့လိုက်ပါ... နင့် အသည်းထဲက ထုတ်လိုက်ပါ ဟုတ်လား... ခု စာမေးပွဲလည်း နီးလာပြီမဟုတ်လား... နင် နင့်အဖေနဲ့အမေကို မသနားဘူးလား... သူတို့မှာ နင် ပညာတတ်ကြီးဖြစ်ပြီး သူတို့ရွာကို ပြန်လာဖို့မျှော်နေကြတယ်... လူတွေတိုင်း နင့်အကြောင်းကို ချီးမွမ်းနေကြတယ်... နင် မရှက်ဘူးလား"

ရှက်ပါသည်။ ရှက်လွန်း၍လည်း 'မွေး' ကိုယ်လေးတုန်နေပါသည်။ ဒါပေမဲ့ 'မွေး' ဘာလုပ်ရမည်လဲ၊ 'မွေး' ကိုယ် 'မွေး' ဘာလုပ်ရမှန်းလည်း မသိ၊ သူသိတာ 'ကိုနိုင်'ကို ချစ်တာပဲ သိသည်။ သည်တော့ 'တင်ဦး'က 'မွေး'ကို အကြံပေးသည်။

"ဒီလိုလုပ်ပါလား... သူ မပြန်ခင် နင် ဒီပြင်ဆောင်မှာ ပြောင်းနေလိုက်ပါလား"

"ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ... စာမေးပွဲနီးပြီ မဟုတ်လား"

စာမေးပွဲကနီးတာ အမှန်ပင်။

"အိမ်မှာ ဘယ်လိုပြောမလဲ"

"သူငယ်ချင်းအိမ်မှာ စာသွားကျက်မယ်လို့ ပြောပေ့"



www.burmeseclassic.com

www.burmeseclassic.com



"လွတ်ပါ့မလား"

"ဒါတော့ နင် ရအောင်ပြောပေါ့... ဒီကြားထဲလည်း ...မသွားနဲ့ဦး... တော်ကြာ ငါ့တော့ပြတ်တယ်ပြောပြီး နင့်စိတ်... မပြတ်ရင် မကောင်းဘူး"

"'မွှေး'ပါ 'တင်ဦး'ရယ်... ပြတ်ရင် တိကနဲပဲ... အဲ ... ခင်သာဒုက္ခရောက်နေတာ"

"ဒါဖြင့် နင်ပြန်တော့"

"ပြန်မယ်... ငါ အဆောင်ပြောင်းသွားရင် နင့်ကို... အကြောင်းကြားမယ်နော်"

'မွှေး' 'တင်ဦး'တို့အဆောင်မှ ထွက်လာတော့ နေ... နေ့စွာကျရောက်နေပြီ။ 'တင်ဦး'တို့ အဆောင်မှထွက်ကာ ... ရေးတက္ကသိုလ်ဘက်လျှောက်အလာ ဖြည်းညင်းစွာကပ်မော... လာသည့် ကားသံကြောင့် 'မွှေး' လှည့်ကြည့်လိုက်တော့...

"အို... ဒေါက်တာ"

ဒေါက်တာ 'တိုးမြင့်'က 'မွှေး'ကို ပြုံးကြည့်နေသည်... 'မွှေး'မှာသာ ပြုံးရမလို မဲ့ရမလိုနှင့် အူကြောင်ကြောင်လေးရပ်... ခိုက်...

"လာလေ... 'မွှေး' တို့ လိုက်ပို့မယ်... 'မွှေး' ဘယ်က... လာတာလဲ"

"'တင်ဦး' ဆီကပါ"





သူက တံခါးအသင့်ဖွင့်ပေးနေတော့လည်း 'မွှေး' ငြင်းနေ... ၍မဖြစ်တော့။ သူ့ဘေးမှာထိုင်၊ သူ့ကိုလှမ်းအကြည့် ပြုံးနေသော သူ့မျက်ဝန်းများကြောင့် 'မွှေး' အနေခက်စွာခေါင်းငုံ့ဆဲ...

"'မွှေး'"

"ရှင်..."

'မွှေး' တုန်ရီစွာထူးလိုက်မိသည်။ သူ့ဆီမှ စကားသံကြား... မည်ဆိုတာ သိလျက်နှင့် ကြားရမှာပဲ 'မွှေး' ထိန့်လန့်နေသည်။

"ဒီတစ်ခါတော့ သူငယ်ချင်းအိမ်သွားဦးမှာလား"

'မွှေး' ရှက်ပြုံးလေးပြုံးကာ ခေါင်းခါလိုက်သည်။ သူက ...သည်း 'မွှေး'နှယ် ပြုံးကာ...

"ပြောလေ... ပို့ပေးရဦးမလား"

"ဟင့်အင်း... 'မွှေး' ပြန်လာခဲ့ပါပြီ"

"ဒါဖြင့် ကျောင်းပဲပေါ့"

သူက ကားကိုတိတ်ဆိတ်စွာမောင်းလာ၍ 'မွှေး'က အ... ...ငစကားဆိုမည်မိသည်။

"ဒေါက်တာ ဒီနေ့ ဆေးရုံမသွားဘူးလား ဟင်"

"သွားရမယ်... ဘာဖြစ်လို့လဲ"

"ဩော်... 'မွှေး' အတွက်နဲ့ အလုပ်ပျက်နေမှာစိုးလို့ပါ"

"ရပါတယ်ဗျာ"

"ဒါနဲ့ ဒေါက်တာတို့ အလုပ်က ပင်ပန်းလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူက ကလေးတစ်ယောက်နှယ် မေးလာပြီဆိုတော့ လည်း 'တိုးမြင့်' မပြောလို့မဖြစ်တော့...

"ဘယ်လို ပြောရမလဲ... သူများတွေက ပင်ပန်းတ ထင်ချင်ထင်မယ်... တို့ကတော့ နဂိုကတည်းက ဝါသနာပါ တော့ ပင်ပန်းတယ် မထင်ဘူး... ဒီအလုပ် လုပ်ရတာကိုပဲ တယ်"

"ဒေါက်တာတို့ ဘာလုပ်ရလဲဟင်"

"ဆေးရုံမှာတာဝန်ယူရတဲ့ သူဆိုတော့ အကြောင်းမျိုး နဲ့ရောက်လာတဲ့ လူနာတွေပြုစုရတာပေါ့... တစ်ချို့ ခွဲစိတ် လူနာတွေတောင်ပါတယ်"

"မကြောက်ဘူးလား ဟင်"

"ဩော် 'မွေး'ရယ်..." 'တိုးမြင့်' ရင်ထဲမှာ ညည်း 'မွေး' မျက်နှာလေးကို ကြင်နာစွာ စိုက်ကြည့်လိုက်သည်။ သက်လုံး ဒီလိုသာ 'မွေး' သူ့နားမှာနေပါလျှင် အဘယ်မျှ လိုက်မလဲ။

သူ့ဘဝလည်း ဘယ်လောက်သာယာလိုက်မလဲ။ သွားသောအတွေးကိုထိန်းကာ 'မွေး' အမေးကိုဖြေရသည်။

"ဘယ်ကြောက်ပါမလဲ 'မွေး'ရယ်... 'ကိုတိုး' တို့အ လိုခွဲစိတ်ရတာက အလုပ်ပဲဟာ... ကိုယ် ခွဲစိတ်ပေးလို့ လူနာတွေ နေကောင်းသွားပြီဆိုရင် 'ကိုတိုး' ရင်ထဲမှာဝမ်း

ယ်... ပျော်ရွှင်တယ်... တကယ်လို့ မအောင်မြင်ဘဲ ကတိမ်းက ဖြစ်သွားရင် စိတ်ညစ်ရတယ်"

" 'မွေး'ကို ပြောပြပါလား"

သိချင်သူက သိချင်၍မေးပေမယ့် 'တိုးမြင့်' အချိန်ရှိမရှိ ရီကိုလှမ်းကြည့်ရသေးသည်။ မနက် ဆယ်နာရီတွင် ဆရာဝန် ်းနှင့် တွေ့စရာရှိသေးသည် မဟုတ်လား။ ခုမှ ခြောက်နာရီဆို တော့လည်း အချိန်ရသေး၍ 'မွေး' သိချင်သည်ကို ပြောပြရသည်။

"ဒီလို 'မွေး'ရဲ့... ဆရာဝန်ဆိုတာနဲ့ လူတွေက အားကိုး တယ်... အရေးထားကြတယ်... ဒါ ဘာဖြစ်လို့လဲ သိလား... ရာဝန်က လူတွေရဲ့ အသက်သခင် ဖြစ်နေတာကိုး... ကျန်းမာ ရင် ဆရာဝန်ဆိုတဲ့ ကိုယ်နဲ့ မဆိုင်ပေမယ့် မကျန်းမာဘူးဆို ာနဲ့ ဆရာဝန်နဲ့ ကိုယ်နဲ့ထိတွေ့တော့မယ်... ဆေး ကုသမှုခံယူ တော့မယ်...

"ဒီအချိန်မှာ ဆရာဝန်ဟာ သူတို့ရဲ့အားကိုးစရာပဲ... ဒီလို ်ယ့်ကိုအားကိုးပြီး ရောက်လာတဲ့လူနာတွေကို 'ကိုတိုး'တို့က ာင်းကုန်ပြုစုပေးရမယ်... ကိုယ်သင်ထားတဲ့ပညာတွေနဲ့ ကုပေး ယ်... ဒါမှလဲ ဆရာဝန်ကောင်းတစ်ယောက် ဖြစ်မယ်မဟုတ် ား... 'ကိုတိုး'ဟာ ဒယ်ဒီနဲ့မာမီကိုကြည့်ပြီး ငယ်ငယ်လေးက ည်းက ဆရာဝန်ဖြစ်ချင်ခဲ့တယ်...

"ဆရာဝန်ဆိုတာ တော်ရုံ တန်ရုံကြိုးစားလို့ဖြစ်တာမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ… ဒါကြောင့် 'ကိုတိုး' စာအုပ်နဲ့ မျက်နှာနဲ့မခွာဘဲကျ
ခဲ့ရတယ်… စာမေးပွဲအောင်ခဲ့တယ်… မန္တလေးအမ်စီမှာ ဆ
တက်ခဲ့တယ်… ရန်ကုန်မှာနေရင် အပေါင်းအသင်းနဲ့ပျက်စီးမှာ
မို့ ကိုယ့်ကိုယ်ကို ထိန်းတဲ့သဘောပဲ… မန္တလေးမှာတော့ ဘယ်သူ
မှမရှိဘူး… အဆောင်မှာအားရင် စာကျက်တဲ့အလုပ်ပဲရှိတယ်…

"ဆေးတက္ကသိုလ်ရောက်တာနဲ့ စာတွေကအရမ်းခေ
တာပဲ… စာအုပ်နဲ့ မျက်နှာနဲ့မခွာတဲ့ လူလောက်မှအောင်တယ်…
အစက 'ကိုတိုး' သူငယ်ချင်းတွေကတားကြတယ်… အမ်စီဆိုတ
စာသိပ်ကြိုးစားရတယ်ပေါ့… 'ကိုတိုး' မယုံခဲ့ဘူး… ကိုယ်တက
လက်တွေ့သင်ရတော့မှာပဲ စာတွေများမှန်းခက်မှန်းသိတယ်… ဒ
ပေမဲ့ 'ကိုတိုး' ကြိုးစားခဲ့တယ်… 'ကိုတိုး'က ဆရာဝန်ကြီးဖြစ်ချ
ခဲ့တာကိုး… ဒီကြားထဲမှာ အိမ်ကိုလည်း မပြန်ဘူး… အဆော
မှာပဲ နေခဲ့တယ်… ဒယ်ဒီနဲ့မာမီကတော့ 'ကိုတိုး'ရဲ့စိတ်ဓာတ်
သိလို့ ဘာမှမပြောကြဘူး… သူတို့ပဲလာတွေ့ကြတယ်… 'အဲလ
နဲ့ 'ပိုး'တို့ကတော့ 'ကိုတိုး'ကို ကဲ့ရဲ့ကြတယ်… သိပ်သဲတယ်ပေ့…

"အမှန်မှာ 'ကိုတိုး' သဲတာမဟုတ်ဘူး… 'ကိုတိုး'က ဒီ
ညာသင်ဖို့ ဝါသနာပါတာ… 'ကိုတိုး' ငယ်ငယ်လေးကတည်း
ကြောင်လေးတွေ ခွေးလေးတွေတွေ့ရင် ချစ်လည်းချစ်တယ်…
သူတို့တွေ တစ်ခုခုဖြစ်ရင် ပြုလည်း ပြုစုခဲ့တယ်… တစ်နေ့
ငါကြီးလာရင် ဆရာဝန်ဖြစ်ရမယ်လို့ ရည်မှန်းချက်လည်းထား

တယ်… ဒီရည်မှန်းချက်တွေကြောင့် 'ကိုတိုး' ဆရာဝန်ဖြစ်လာ
တာပဲ"

"ဒီပဲခူး မရောက်ခင် 'ကိုတိုး' ဘယ်မှာ လုပ်ရသေးလည်း
ခင်"

"မန္တလေးမှာ လုပ်ရသေးတယ်… မန္တလေးမှာ လုပ်ပြီးမှ
ခူးဆေးရုံကိုရောက်လာတာ"

ရည်းစားစကားလေးပြောပါမည်အရေး 'မရွှေမွေး' သိ
ချင်တာ ရှင်းပြရတာနှင့် ရည်းစားစကားပင် ဘယ်ရောက်သွားမှန်း
သိတော့။ 'တိုးမြင့်' ပြောမည်ကြံတော့ ကားက တက္ကသိုလ်
ညာရေးထဲရောက်နေပြီ။

" 'မွေး' ဘယ်နှစ်နာရီဆင်းမှာလဲ"

"ဆယ့်နှစ်နာရီ… ဘာဖြစ်လို့လဲ 'ကိုတိုး' "

"အားရင် လာကြိုမလို့"

"နေပါစေ… ကျေးဇူးတင်ပါတယ်"

"သိပ်ကြိုချင်တယ် ဆိုရင်ကော"

'မွေး'က ဘာမှပြန်မပြောတော့ ကျောင်းဆောင်ထဲဝင်
သွားခဲ့သည်။ ခင်မင် ခြင်းကိုသာ 'မွေး' လိုချင်သည်။ ချစ်ချင်းကို
မလိုချင်သူမို့ 'မွေး' ကလပ်စ်မပြီးခင် အိမ်ပြန်လာခဲ့သည်။ ဒေါက်
တာ 'တိုးမြင့်'ကို သူခင်ပါသည်။ ဒါပေမဲ့ ခင်ရုံသာ သူခင်ပြီး
ချစ်နိုင်သူမို့ 'မွေး' သူ့ကိုစောင့်မနေချင်တော့။





www.burmeseclassic.com

www.burmeseclassic.com

'မွေး' အိမ်ပြန်ရောက်တော့ 'ကိုနိုင်'ကို ဧည့်ခန်းထဲတွင် တွေ့ရသည်။ 'ကိုနိုင်'တွင် မှက 'မမအဲလစ်'ကော 'ကိုနိုင်' မိ ဘ တွေမှာမို့ 'ကိုနိုင်'နှင့် 'မမအဲလစ်' စေ့စပ်ဖို့ကိစ္စပြောနေမှန်း 'မွေး' အလိုလိုသိလိုက်သည်။

ခန်းဆီးနောက်ကွယ်မှချောင်းကြည့်ပြီး 'မွေး' ငိုချင်လာသည်။ ဒါပေမဲ့ 'တင်ဦး' စကားကြောင့် 'မွေး' အံကိုကြိတ်ကာ နောက်ဖေးခန်းကို ထွက်လာခဲ့သည်။ 'ဒေါ်လုံး'ကတော့ 'မွေး' အဖြစ်ကို မသိဘဲ လှမ်းပြောသည်။

"အိမ်ရှေ့မှာ စေ့စပ်ဖို့ကိစ္စတိုင်ပင်နေကြပြီ 'မွေး'ရဲ့... ဘယ်နေ့လဲ သိလား"

"ဘယ်သိမှာလဲ 'ဒေါ်လုံး'ရယ်"

"လာမယ့် တနင်္ဂနွေနေ့ 'မွေး'ရဲ့... အိမ်မှာစေ့စပ်ပြီး လက်ထပ်တဲ့အခါ အင်ယားလိပ်မှာ လက်ထပ်မယ်ပြောတယ်"

'မွေး' ရင်ထဲမှ ရှိုက်လိုက်မိသည်။ မသိခင်ကငိုချင်ပေမယ့် သိပြီးတော့လည်း 'မွေး'အဖို့ ဘာမှမထူးတော့၊ ကြိုးပေးခံရမည်ကို သိပြီးစောင့်စားနေရသည့် အကျဉ်းသားနှယ်၊ 'မွေး'အဖို့ စောင့်စားချိန်က ကြာရှည်လှသည်မဟုတ်လား။ ခုတော့လည်း 'မွေး'အဖို့ ဘာမှမခံစားရတော့။

ပန်းကန်ထဲမှာ ထမင်းထည့်ကာစားနေရသော်လည်း 'မွေး' အတွေးက အဝေးမှာ သည်အခိုက်...





"'မွေး'"

'မွေး'လှည့်ကြည့်လိုက်တော့ 'ကိုနိုင်'နှင့် 'မမအဲလစ်'။ 'ကိုနိုင်'က 'မမအဲလစ်' ပခုံးကိုဖက်ကာ...

"တို့ လာမယ့် ဆန်းဒေးကျရင် အင်ဂေ့(ချ်)လုပ်တော့ ယ်... 'မွေး' မပျော်ဘူးလား"

"ပျော် ပျော်ပါတယ် 'ကိုနိုင်'"

'မွေး' ငိုချင်လျက်မှ ပြောလိုက်ရသည်။ 'ကိုနိုင်'ကတော့ မွေး' ခေါင်းကိုပုတ်ကာ...

"ပျော်ရင် လုပ်အားပေးရမယ်နော်"

"'မွေး' ဘာတွေလုပ်အားပေးရမှာလဲ 'ကိုနိုင်'"

"အဲဒီနေ့ကျရင် ဒံပေါက်ကျွေးမယ်... အိုက်စကရင်နဲ့ ည့်ခံမယ်... 'မွေး' 'ဒေါ်လုံး'နဲ့ တာဝန်ယူရမယ်... ဘယ့်နှယ်လဲ"

'မွေး' ခေါင်းမညိတ်လို့ မဖြစ်တော့။ ရင်ထဲမှာပြောမည့် ကားလည်း ခေါင်းညိတ်ခြင်းနှင့်အတူ ပျောက်ဆုံးသွားသည်။ တင်ဦး'ကတော့ 'မွေး'ကို ပျော့ညံ့သော မိန်းကလေးဟု ကဲ့ရဲ့မှာ သချာသည်။ ကဲ့ရဲ့ချင်လည်း ကဲ့ရဲ့ပါလေတော့။

'မွေး' 'ကိုနိုင်' ပျော်ပွဲရွှင်ပွဲမှာ အသည်းကိုစတေးခံရတော့ ည်။ 'ကိုနိုင်'တကော့ 'အဲလစ်' လက်ကိုဆွဲကာ 'မွေး' ရှေ့မှပျော် ်စွာထွက်သွားသည်။ 'မွေး' မှာသာ သည်မြင်ကွင်းကိုကြည့်ရင်း က်ရည်ဝဲလာသည်။ ငိုချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ 'မွေး' အံကိုကြိတ်ကာ ပြုံးလိုက်သည်။ ဘာလို့ ငိုရမှာနည်း။ နဂိုကတည်းက 'မွေး' ချစ်တာ 'ကိုနိုင်'ကိုပဲ။ 'ကိုနိုင်' ဘယ်လိုဘဝရောက်နေနေ 'မွေး' ချစ်ရမည်။ 'ကိုနိုင်'တင်မက 'ကိုနိုင်'နှင့် ပတ်သက်သူပါ 'မွေး' ချစ်ရပါမည်။

နောက်နေ့ 'မွေး' ကျောင်းကိုရောက်လာတော့ 'တင်ဦး' ကိုတွေ့လိုက်ရသည်။

"ဘယ်လိုလဲ 'မွေး'... နင် အဆောင်ပြောင်းပြီလား"

'မွေး' ဘာပြေရမှန်းမသိ။ 'တင်ဦး'ကို အူကြောင်ကြောင် လေးငေးကြည့်နေမိသည်။

" 'ညွန့်မေ' သိတယ် မဟုတ်လား"

" 'ညွန့်မေ' "

"ဟုတ်တယ်လေ... ရွာက 'ညွန့်မေ'လေ... သူက နင့်ကို သူနဲ့အတူ လာနေပါလားတဲ့... သူက အပြင်ဆောင်မှာ ငှားနေ တယ်"

"ဘယ်မှာလဲ"

"ဒီ ကမာရွတ်ထဲမှာပဲ"

'မွေး' ငိုင်နေသည်။ 'တင်ဦး'ကတော့ သူရေးမှတ်လာ သောလိပ်စာလေးကို 'မွေး' ထုတ်ပေးသည်။ 'မွေး' လိပ်စာလေး ကိုဖတ်ကာ ဝေခွဲမရ။ 'တင်ဦး' ပြောသလိုသွားရင် ကောင်းမ လား။





ဒါမှမဟုတ် 'ကိုနိုင်'ပြောသလို နေရင်ကောင်းမလား စဉ်းစားနေမိသည်။ 'တင်ဦး' ကတော့ 'မွေး'ကို အားမရသောပုံစံ နှင့်...

"ဘာလဲ... နင် စိတ်ပြောင်းပြန်ပြီ မဟုတ်လား"

'မွေး' ငြိမ်နေမိသည်။

"နင်ဟာလေ ဒီပြင်နေရာတွေအားလုံး ပြတ်သားသ လောက် ဒီနေရာကျတော့ သိပ်ပျော့ညံ့တာပဲ... ခု နင်ဘာစီစဉ် ထားသလဲ ပြောစမ်း"

"ငါ ဘာမှ မစီစဉ်ရသေးဘူး"

"ဒါဖြင့်..."

"ငါ 'ကိုနိုင်' စေ့စပ်ပွဲမှာ ကူလုပ်ပေးရဦးမယ်"

'တင်ဦး' ဘာမှမပြောတော့။ 'မွေး'ကိုထားကာ 'မွေး'တို့ ဌာနရေးတက္ကသိုလ်ဝင်းထဲမှ ထွက်သွားသည်။ 'မွေး' 'တင်ဦး' နောက်ကျောပြင်ကိုငေးကြည့်ကာ လိုက်ခေါ်ပြီး သူပြောသလို ညွန့်မေ'နှင့်သွားနေရရင် ကောင်းမလားတွေးနေမိပေမယ့် မခေါ် ဖြစ်တော့။

သည်လိုမခေါ်ဖြစ်တာပင် 'မွေး'၏ အမှားလေးလား။ တစ်ရက် တစ်ရက်နှင့် 'ကိုနိုင်'နှင့် 'မမအဲလစ်'တို့ စေ့စပ်ပွဲရက် နီးလာပြီ။ အိမ်တွင် လည်း ပန်းစက္ကူများ၊ ပူဖောင်းများကိုတပ် ဆင်နေကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



" 'ကိုနိုင်' ပြီးရင်တော့ 'ဇင်မာ'ပဲနော်"

'ပိုး'က ပူဖောင်းများကိုချိတ်လျက်မှ 'ဇင်မာ့'ကို လှမ်းစတော့ 'ဇင်မာ'က မဲ့ကာ...

"တော်ကြာ 'ဇင်မာ' မဟုတ်ဘဲ တခြားလူဖြစ်သွားမှ ခက်နေမယ်"

"တခြားလူဖြစ်လို့ ဘယ်ရမလဲကွ... အိမ်က 'ဇင်မာ'မှ 'ဇင်မာ'ပဲဟာ... တခြားလူနဲ့ ဖြစ်ကြည့်ပါလား... ဆွေပြတ်မျိုးပြတ်ဖြစ်သွားမှာပေါ့"

'မွှေး' သူ့ကိုပြောမှန်းသိလျက်နှင့် ပြန်မပြောရဲ။ ပန်းကန်တွေကိုသာ ဖိသုတ်နေမိသည်။ 'ဒေါ်လုံး'ကတော့ 'မွှေး'ကို တထောင်နှင့်တွတ်ကာ လှမ်းပြောသည်။

"တွေ့လား 'မွှေး'... 'မွှေး'ကို ပြောနေတာ"

"ပြောပါစေ 'ဒေါ်လုံး'ရယ်... 'မွှေး'မှ မဟုတ်တာ"

"ဒီလောက်တောင် အဖြစ်သဲနေတာ ဟုတ်လိုက်ပါလား 'မွှေး'ရဲ့... 'မောင်တိုးမြင့်'က 'မွှေး'ကို စိတ်ဝင်စားနေတယ် မဟုတ်လား"

"မဟုတ်ပါဘူး 'ဒေါ်လုံး' ရယ်"

"ဘယ်က မဟုတ်ရမှာလဲ... 'ဒေါ်လုံး'နဲ့ တွေ့တိုင်း 'မွှေး' အကြောင်းပဲ မေးနေတဲ့ဥစ္စာ"

"သူ့ဘာသူမေးလဲ ဘာဖြစ်လဲ 'ဒေါ်လုံး'ရယ်... 'မွှေး'မှာ





စိတ်မဝင်စားတာပဲ"

"ဒါဖြင့် ညည်းစိတ်ဝင်စားတဲ့လူက ဘယ်သူလဲ"

'မွှေး' ဘာဖြေရမှန်း မသိ။

"မေးနေတာ ဖြေလေအေ့...ဟိုကောင်လေးလား...ညည်းရွာကလေ"

'မွှေး'ပြုံးလိုက်မိသည်။ 'တင်ဦး'ကို ပြောနေမှန်းသိ၍...

" 'တင်ဦး' လား"

"အေး... သူပေါ့"

"သူက 'မွှေး' သူငယ်ချင်းပဲ"

"ဒါဖြင့် ညည်း ဘယ်သူ့စိတ်ဝင်စားလဲ"

"ဘယ်သူ့မှ မဝင်စားပါဘူး"

"ဒီလိုဆို 'မောင်တိုးမြင့်'ကို လက်ခံလိုက်ပါလား"

"မလုပ်စမ်းပါနဲ့ 'ဒေါ်လုံး'ရယ်... ရာဇဝတ်အိုးကို တုတ်နဲ့ မထိုးချင်စမ်းပါနဲ့... ခုနေထောင် အလကားနေ မဲနေရတဲ့ကြားထဲ အဲဒီအချိန်ဆို 'မွှေး'ကို သတ်များသတ်ပစ်မလားမသိ"

"ဘာဆိုင်လဲ... 'မောင်တိုးမြင့်' 'မွှေး'ကို ချစ်ရင်ပြီးတာပဲ့ ငါ 'ဇင်မာ'ကော 'ပိုး'ကော အမြင်ကတ်လွန်းလို့ပါ"

နဂိုက 'ဇင်မာ'ကော 'ပိုး'ကော ချစ်ပါသည်။ 'မွှေး'နှင့် ပတ်သက်လာလျှင်တော့ ချစ်၍မရတော့။

"ငါပြောတာ ဘယ်လိုသဘောရလဲ 'မွှေး'"



www.burmeseclassic.com

www.burmeseclassic.com



"အို… 'မွေး'မှ သူ့ကို မချစ်တာ"

"ဒါဖြင့် ညည်းချစ်တာ ဘယ်သူလဲ"

'မွေး' ခေါင်းကိုင့်ကာ ပန်းကန်ကို အဓိပ္ပါယ်မဲ့သုတ်နေသည်။

"ပြောလေ အေ့"

"မရှိပါဘူး"

"ဒါဆိုလဲ 'မောင်တိုးမြင့်' မေတ္တာ လက်ခံလိုက်အေ…ဒါမှ 'ဇင်မာ'ကော 'ပိုး'ကော ဈေးဈေးခုန်ဖြစ်ကျန်ခဲ့မှာ"

" 'မွေး' အေးအေးပဲနေပါရစေ 'ဒေါ်လုံး'ရယ်… သူတို့နဲ့ မပတ်သက်ပါရစေနဲ့"

'မွေး' နေရာမှထ,လာတော့ 'ဒေါ်လုံး'က 'မွေး'ကို နား မလည်သလိုကြည့်ပြီး ကျန်ရစ်ခဲ့သည်။ 'မွေး' ရင်ထဲမှာတော့ 'ဒေါ်လုံး'ကို ပြောစရာစကားတွေပြည့်နေသည်။ အဲဒီစကားတွေ က ဘာစကားတွေဖြစ်မလဲ။ ထုံးစံအတိုင်းပဲပေါ့။

'ကိုနိုင်'ကလွဲပြီး ဘယ်သူ့မှမချစ်ဘူးဆိုသည့် စကားတွေ ပဲပေါ့။ ရက်က တစ်ရက်ထက်တစ်ရက်နီးလာလေ အိမ်ကလူရှု လာလေလေ။ 'ကိုနိုင်'နှင့် 'မမအဲလစ်'ကတော့ ဖိတ်စာလျှော ဝေခြင်း၊ အဝတ်အစားဝတ်ဖို့ပြင်ဆင်ခြင်းဖြင့် မအားသလို၊ 'မွေး' တို့မှာလည်း လုံးဝမအားရ။

အိမ်မှာမအားတော့ ကျောင်းကိုပါ 'မွေး' မသွားဖြစ်တော့





ကျောင်းမှာလည်း စာမေးပွဲနီးတော့ လူသိပ်လာမည်မထင်။ ပြီးတော့ ဖိတ်စတာဒီယူကာ စာကျက်နေကြမှာ သေချာသည်။ 'ကိုနိုင်' ကတော့ 'မွေး'ကိုပြောရှာသည်။

" 'မွေး'လည်း စာကျက်ဦးနော်… တော်ကြာ 'ကိုနိုင့်' ကြောင့် စာမေးပွဲကျနေဦးမယ်"

"ရပါတယ် 'ကိုနိုင်'ရဲ့"

တစ်နေ့စာ တစ်နေ့ကျက်သူမို့ 'မွေး' တကယ်လည်းရ ပါသည်။ 'တင်ဦး'တို့သာ စာပေးစာယူဆိုတော့ အနီးကပ်ကျူရှင် မယူလို့မဖြစ်။ သူတို့က ဆရာနဲ့အစား စာနဲ့ပဲဆက်သွယ်ရသူတွေ ဆိုတော့ လိုသည်။ 'မွေး'ကတော့ စာနှင့်ပတ်သက်လျှင် ဘဲရီးအီး ခိုး။ 'ပိုး'ကတော့ 'ကိုနိုင့်'ကို မျက်စောင်းလေးခဲကာ…

"ဒါပဲနော် 'ကိုနိုင်'… 'ပိုး'က စာမေးပွဲနီးနေတဲ့ကြားက ဝိုင်းလုပ်ပေးနေတာ… မုန့်ဖိုးပေးရမယ်နော်"

"မုန့်ဖိုးတင်ပဲလား"

"ဒါပဲပေါ့… လူကတော့ 'မမအဲလစ်'ကို ပေးလိုက်"

" 'ဇင်မာ'ကကော ဘာပေးရမလဲ"

"သူက 'ကိုတိုး'ကို ပေးလိုက်ရင်ရပြီ"

"အာ… 'မိပိုး' "

အကိုရှေ့မှာဆိုတော့လည်း 'ဇင်မာ' ရှက်သည်။ ရှက်ရှက် နှင့် 'ပိုး'ကို ထုထုသည်။ 'ဇင်မောင်နိုင်'ကတော့ 'ပိုး'စကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရရယ်ရခက်ရှာသည်။ 'ကိုတိုး' ချစ်တာ ဘယ်သူလဲ သူသိနေ
သည် မဟုတ်လား။ ဒါကြောင့်...

" 'ကိုတိုးကြီး'လည်း ခုတလော မလာပါလား... ဘယ်
ပျောက်နေပါလိမ့်"

"အလုပ်တွေမအားလို့ မလာတာ 'ကိုနိုင်'ရေ... အားရ
သူ ဒီအိမ်မှာချည်းမဲ့... ဘယ်သူ့ဆီ လာတာလည်းတော့ 'ပိုး'လည်း
မသိဘူး"

'အဲလစ်'ကတော့ 'ဇင်မာ့'ကို ဖြတ်ကနဲလှမ်းကြည့်ရင်း

" 'ဇင်မာ့'ဆီ လာတာပဲဖြစ်မှာပေါ့ 'ပိုး' ရဲ့.... ရွှေ
ဆိုတာ ရွှေပင်မှာပဲ နားတော့မှာပေါ့ နော်... မောင်"

'မွေး'မှာတော့ ထပြေးလို့လည်းမဖြစ်။ ဟိုင်နေရအော
လည်း သူတို့ပြောနေသည့်စကားတွေက အနှောင့်အသွားမလွ
သည့်စကားတွေမို့ စိတ်ပျက်ပျက်နှင့် အလုပ်ကိုဖိလုပ်နေဆဲ 'ကို
အသံထွက်လာသည်။

"ဒါတော့ သူလည်း အသက်အရွယ်ငယ်တော့တာမှ
ဟုတ်ဘဲ 'အဲလစ်'ရယ်... ဘယ်သူ့ဆီ လာလာပေါ့"

"ဟင် မရပါဘူး... ဒီအိမ်ကို 'အဲလစ်'တို့သိတာ 'ဇင်
ပဲ... 'ဇင်မာ' ကလွဲရင် တခြားလူဆီ မလာရပါဘူး"

" 'အဲလစ်' တားလို့ ရမလား"

"ရ ရမှာပေါ့ မောင်ရယ်... ဒယ်ဒီတို့ကိုယ်တိုင်လ





င်မာနဲ့မို့ ကြည်ဖြူနေတဲ့ဥစ္စာ"

"အချစ်ဆိုတာ ပုံသေကားကျတွက်လို့မရဘူးနော် 'အဲ
လစ်' "

" 'အဲလစ်'ကတော့ ရတယ်... နဂိုကတည်းက 'အဲလစ်'
မောင့်ကိုပဲချစ်ခဲ့တယ်... မောင့်ကိုပဲ လက်ထပ်မယ်လို့ ရည်ရွယ်ခဲ့
တယ်... ခု 'အဲလစ်' အစီအစဉ်အောင်မြင်တော့မယ်... ဒါကို
မောင် ဘာပြောဦးမလဲ"

"မောင် ပြောတာ 'ကိုတိုး' ကိစ္စပါ"

"ဘာလဲ မောင်ကပါ ကိုကို့ကို တခြားလူနဲ့ သဘောတူ
တယ်... ကြည်ဖြူတယ်ပေါ့"

"မောင်က 'ကိုတိုးကြီး' စိတ်ချမ်းသာစေချင်လို့ပါ"

" 'အဲလစ်'တို့ကိုတော့ စိတ်ဆင်းရဲစေချင်တယ်ပေါ့...
ဟုတ်လား"

နေရင်းထိုင်ရင်း ပြဿနာကဝင်လာပြီမို့ 'ပိုး'က ဝင်ဖြေ
သည်။

"ကဲပါ... 'ကိုနိုင်'လည်း တော်တော့... မမလည်း တော်
... ဒီပြဿနာကိုတော့ ကိုကိုလာမှပဲ ရှင်းမှဖြစ်တော့မယ်"

"ဟုတ်တယ်... နက်ဖြန် စနေနေ့ဆိုတော့ 'ကိုတိုး'လာမှာ
ချာတယ်"



www.burmeseclassic.com

www.burmeseclassic.com



## ၁၇

ရန်ကုန်မှ ပြဿနာကိုမသိသူ ဒေါက်တာ 'တိုးမြင့်' မှာ
တော့ ပျော်နေသည်။ သည်တစ်ခါ သူ 'မွေး'ကိုတွေ့လျှင် သူ
ကြောင်းဖွင့်ပြောတော့မည်။ 'မွေး'က လက်ခံလျှင် သူ 'မွေး'
ထာဝရထွေးပိုက်တော့မည်။

ဘာပဲပြောပြော သူများအိမ်မှာနေရတာ 'မွေး' မျက်
ငယ်တာသေချာသည်။သူ့ရှေ့မှာပင် 'ဇင်မာ'က နှိမ်နေသည်
ဟုတ်လား။ သူနှင့်ရလျှင် သူ 'မွေး'ကို ဖူးဖူးမှုတ်ထားမည်။ ဘာ
မခိုင်း။

အဲ... သူ့အတွက် သားသားလေးတွေ မီးမီးလေး
တော့မွေးခိုင်းမည်။ သည်လိုမွေးလာသောအခါ သူ့ အသား
ဖြူရမည်။ 'မွေး' နှင့်တူသော မျက်ဝန်းကြီးတွေ ပါစေရမည်





ပြီးတော့ 'မွေး'လို ငြိမ်အေးသောစကားတွေဆိုမည့် နှုတ်ခမ်းထူ
ထူ အိအိလေးတွေလည်း ပါစေရမည်။

မိန်းကလေးဆိုရင်တော့ 'မွေး'လို ရှက်ပြုံးလေးတွေ ပွင့်
လာသလိုပြုံးတတ်သည့် အပြုံးပိုင်ရှင်ဖြစ်စေရမည်။ယောကျ်ား
လေးဆိုရင်တော့ သူလို ရဲရင့်တည်ကြည်သည့်အပြုံးမျိုး ပိုင်ရှင်
ဖြစ်စေရမည်။

ညနေဆို သားအမိ သားအဖလေးယောက် ဆေးရုံထဲမှ
ချုံးမြို့ထဲကိုထွက်ကာ လမ်းလျှောက်ကြမည်။ သူများတွေက
ဒေါက်တာ ဘယ်လဲဟုမေးလျှင် သူက လမ်းလျှောက်ကြမလို့ဗျ
ဟု ပြောမည်။

သိပ်ရင်းနှီးသူများနှင့်တွေ့လျှင် ဒါ ကျွန်တော့်ဇနီး 'မွေး'
ပါဗျ ဟု နှုတ်ဆက်မည်။ 'မွေး'က ရှက်ပြုံးလေးနှင့်ခေါင်းငုံ့နေ
လျှင် သူ ထိုမျက်နှာလေးကိုစိုက်ကြည့်နေမည်။ ပြီးတော့ ဇည်
သည်ကို ကျွန်တော့်မိန်းမက သိပ်ရှက်တတ်တာဟု ပြောမည်။ နှ

သည်အခါမှာ 'မွေး' သူ့ကို မသိမသာဆိတ်လျှင်...

ဟော ဒီမှာတွေ့လား ခင်ဗျားကိုပြောတာနဲ့ ဆိတ်နေပြီ
ဟုအော်လျှင် 'မွေး'က သူ့ကို ထုမည်။ သည်အခါမှာ သူ 'မွေး'
လက်ကလေးကို ရှောင်ရင်း သားတို့သမီးတို့ကို အော်တိုင်မည်။
သားတို့ သမီးတို့က မေမေ ဖေဖေ့ကို မလုပ်ပါနှင့်ဟုပြောလျှင်
အော်ရယ်မည်။ 'မွေး' လက်ကလေးကို အတင်းအကျပ်ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



ကာ နမ်းမည်။

ကဲ ဘဝဆိုတာ ဘယ်လောက်ပျော်စရာကောင်းသလဲ။ ပျော်စရာအတွေးများကိုတွေးလိုက်တိုင်း ပျော်စရာတွေချည်းပဲ နေရင်းထိုင်ရင်း 'တိုးမြင့်' ပျော်နေသည်။ ရင်ထဲမှာ ပျော်ဖို့ထက် အပြင်ဘက်မှာပျော်ဖို့က အရေးကြီးသည်မို့ သည်တစ်ခါတော့ သူ 'မွေး'ကို ဖွင့်ပြောမှ ဖြစ်တော့မည်။

ဘာလိုလိုနှင့် နောက်တစ်ရက် နှစ်ရက်ဆိုလျှင် 'အဲလစ်' ပင် 'ဇင်မောင်နိုင်'နှင့် စေ့စပ်တော့မည်။ နောက်အိပ်တဲ့လူ အရင်ပျော်ဆိုတာလို သူ့အောက်က သူ့နှမဝင် စေ့စပ်တော့မည်။ သူ့မှာတော့ တစ်ကိုယ်တည်း လူပျိုကြီး။

ယခင်အခါများကစလျှင် သူ ခံနိုင်ပေမယ့် ခုတော့ ကိုယ်တိုင်ကို တစ်ကိုယ်တည်းမနေချင်တော့ လူပျို မကြီး တော့။ နေစက်ကားလေးပင် ကျော်သွားပြီမို့ သူကားစက် နိုးထားသင့်ပြီ မဟုတ်လား။

'မွေး'ကိုတော့ ချစ်ရေးဆိုသင့် ပြီ မဟုတ်လား။'တိုး ကားလေးဆင်ဝင်အောက်မှာ ထိုးရပ်လိုက်သည်နှင့် တိုက်ထဲ 'ပိုး' အသံထွက်လာသည်။

"အတော်ပဲ... ကိုကိုလာပြီ"

'တိုးမြင့်' လှမ်းကြည့်လိုက်တော့ ထမင်းစားပွဲမှာ လူ သည်ကိုတွေ့လိုက်ရသည်။ ဒယ်ဒီက 'တိုးမြင့်'ကို လှမ်းကြည့်



"အတော်ပဲ သားကြီးလာတာနဲ့... တစ်ခါတည်း ဝင်စား လိုက်ပါလား သား"

မာမီကလည်း ဒယ်ဒီနည်းတူ ခေါ်သည်။

"နေပါဦး... မာမီတို့ ဆေးခန်း မသွားကြသေးဘူးလား"

"သွားမှာ... သားကိုစောင့်နေကြတာ"

သည်စကားကြားတော့ 'တိုးမြင့်' အလိုလိုမျက်ခုံးတွန့် သွားသည်။ ဘာပါလိမ့်အတွေးနှင့် မာမီကိုလှမ်းကြည့်ပြန်တော့ မာမီ မျက်နှာကတင်းနေသည်။ 'ပိုး'တို့ 'အဲလစ်'တို့မျက်နှာက သည်း တည်နေ၍ သူ ရေချိုးတော့မည့် အစီအစဉ်ကိုဖျက်ကာ မာမီ ဘေးဝင်ထိုင်လိုက်သည်။

"ကဲ ပြော... မာမီ ဘာလဲ"

ပြောဆိုတော့လည်း မာမီက ဘယ်ကစပြောရမှန်း မသိ၊ ာက်မှ လေအေးအေးလေးနှင့်...

"လာမယ့် ဆန်းဒေးမှာ 'အဲလစ်' စေ့စပ်တော့မယ်နော် သားကြီး"

"အင်းလေ... ကျွန်တော် သိသားပဲ"

"အေး... ဒါကိုတော့ သားကြီးသိပြီးသားမို့ မဆန်းပေ ယ့် ခု ပြောမှာကတော့ ဆန်းတယ်... 'အဲလစ်'တို့စေ့စပ်ပြီးရင် ာက်တစ်ပတ်ကျရင် သားနဲ့ 'ဇင်မာ'နဲ့ စေ့စပ်မယ်"

"မြန်လှချည်လား"

www.burmeseclassic.com

သိပြီးသားမို့ မဆန်းပေမယ့် ခုလို လောလောလပ်လ
ကြီးဆိုတော့လည်း 'တိုးမြင့်' အံ့သြသွားသည်။

"အစကတော့ 'အဲလစ်'တို့ စေ့စပ်နေ့မှ စေ့စပ်မလို့ပါပဲ
ခုတော့ သားကို မာမီတို့ စိတ်မချတော့ဘူး"

"စိတ်မချရအောင် ကျွန်တော်က ဘာလုပ်နေလို့လဲ မာ
ဒေါ်ပွတော့လည်း အပြောက မလှတော့။ ဒေါ်သကစွ
သွားသည်။ မာမီက ခနဲပြုံးလေးနှင့် လှမ်းပြောသည်။

"ကျွန်တော်လုပ်တာ ကျွန်တော် သိမှာပေါ့"

"ကျွန်တော် မသိဘူး... ကျွန်တော် ဘာမှလည်းမလု
ဘူး"

"အေး... မင်းက ဝန်မခံရင် မာမီကပဲပြောရမှာပေါ့
မင်း 'ဇင်မာ'တို့အိမ်က ကောင်မလေးကိုကြိုက်နေတယ်ဆို"

"ဒါ ကျွန်တော့် ကိုယ်ရေးကိုယ်တာပဲ မာမီ... ကျွန်တေ
သူများကိစ္စ ဝင်မရှုပ်သလို... ကျွန်တော့် ကိစ္စမှာလည်း ဝင်မရှု
စေချင်ဘူး... ကျွန်တော် 'မွေး'ကို ချစ်ရုံပဲချစ်နေသေးတာ...
ပြောရသေးတာ မဟုတ်ဘူး"

"ဖွင့်ပြောလို့လည်း မာမီတို့က ပေးစားမှာမဟုတ်ဘူး
တာ မင်း သိထားစမ်းပါ 'ကိုတိုး'... မာမီတို့သိတာ 'ဇင်မာ
'ဇင်မာ' လွဲရင် မင်းကို ဘယ်သူနဲ့မှမပေးစားဘူး"

'တိုးမြင့်' ပြုံးလိုက်မိသည်။ တခြားနေရာမှာ မိဘစ





နားထောင်ရမှာ သူ ဝန်မလေးပေမယ့် ခုကိစ္စမှာတော့ သူ မာ
ကောကိုနားမထောင်နိုင်။ သူ 'မွေး'ကိုပဲ ချစ်သည်။ 'မွေး'ကိုပဲ
လက်ထပ်မည်။

တစ်သက်မှာ တစ်ခါသာပေါ်ပေါက်လာသော အချစ်ဦး
မို့လည်း သူ 'မွေး' မှလွဲလျှင် တခြားလူကို မယူနိုင်။ 'ဇင်မာ'ကို
သူ ညီမလေးတစ်ယောက်လိုကလွဲ၍ တခြားလို ချစ်၍မရ။ ဒါ
ကြောင့်လဲ...

"ကျွန်တော် 'ဇင်မာ'ကိုတော့ မယူနိုင်ဘူး မာမီ... ဒါ
ကျွန်တော့် အဖြေပဲ"

'တိုးမြင့်' အိမ်ပေါ်ကိုတက်လာတော့ 'ပုံး' အသံစာစာက
ထမင်းစားခန်းထဲမှ 'တိုးမြင့်' နောက်ကိုလိုက်ပါလာသည်။

"ဒါ ဟိုကောင်မလေး လက်ချက်ပဲ မာမီ"

"ဟုတ်တယ် မာမီ... 'ကိုတိုး'က အရင်တုန်းက မာမီတို့ကို
ပြန်ပြောဖူးတဲ့သူမှ မဟုတ်တာ... ခု ဟိုကောင်မကိုကြိုက်တာနဲ့
ပြန်ပြောတတ်နေပြီ... ဒါကြောင့်လည်း 'ဇင်မာ'က ပြောတာ...
ဟိုကောင်မက ဆေးကောင်းတယ်လို့"

'အဲလစ်' ဒေါ်ပွပွနဲ့ပြောပြီးမှ ဖခင်ဖြစ်သူကိုတွေ့၍ လေ
သံကိုလျှော့ပစ်လိုက်သည်။ ဖခင်ဖြစ်သူ 'ဦးကောင်းမြင့်'ကတော့
သားသမီးကိစ္စမို့ အိမ်ရှေ့ကို မသိမသာထွက်သွားသည်။ မျက်ဝန်း
ထဲမှာတော့ သားကြီးမျက်နှာမြင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မွှေးစမှသည် ခုအရွယ်ထိ သားကြီးက တစ်ခါမှ ဒုက္ခ မပေးစဖူး၊ စာကိုသာ ကြိုးစားသင်ယူခဲ့သည်။ သူ့ကိုယ်သူ လူချော လူကောင်းဖြစ်အောင် ကြိုးစားခဲ့သည်။ အနေအေးသည်နှင့်အမျှ ဒုက္ခမပေးသူမို့ အချစ်လည်းပိုခဲ့သည်။

ခုကိစ္စမှာလည်း သားကြီးကိုအလိုလိုက်နိုင်ပေမယ့် သူ့အ မေကရှိနေတော့ ခက်နေသည်။ ထမင်းစားခန်းထဲမှာတော့ 'အဲ လစ်' အသံက လှိုင်တုန်း...

"မောင့်ကိုလည်း ဘယ်လိုစည်းရုံးထားတယ် မသိဘူး— မောင်ကိုယ်တိုင်က 'မွှေး'မှ 'မွှေး'ပဲ မာမီရေ... ဒါကြောင့် 'ဇင်ဇာ' ကပြောတာ... ဆေးကောင်းတယ်လို့"

"ဟုတ်တယ် မာမီ... 'ကိုတိုး' ဆိုတာလည်း သူ့ကိုဘယ် လောက်မြင့်ဖူးတာလိုက်လို့... တစ်ခါတွေ့တစ်ခါကြိုက်ပဲ... ခု မာမီ ပြောတာတောင်မရဘူး မဟုတ်လား"

'ဒေါ်နန်းရီ' သက်ပြင်းချလိုက်သည်။ ဘာပဲဖြစ်ဖြစ် အ ကြမ်းနည်းနှင့်မရဘူးဆိုရင်တောင် သားကို အနုနည်းနှင့် စည်းရုံး ကြည့်ရန် ဆုံးဖြတ်လိုက်မိသည်။

တိုက်အပေါ်ထပ်ရှိ 'တိုးမြင့်'မှာတော့ ရေပင်မချိုးနိုင်ဘဲ ခုတင်ပေါ်တွင်အိပ်ကာ 'မွှေး' မျက်နှာလေးကို မြင်ယောင်နေ သည်။ သည်လောက်အပြစ်ကင်းသည့်မျက်နှာလေးကို ဘာကြောင့် များ သူတို့ဒီလောက်တောင်မုန်းနေကြပါလိမ့်။





တအူတုံဆင်း မောင်နှမအရင်းတွေဖြစ်လင့်ကစား 'အဲ လစ်'နှင့် 'ပိုး'တို့က မာန်လွန်း ထန်လွန်းနေသည်။ ငွေမျက်နှာ စိန်မျက်နှာကြည့်လွန်းသည်။ 'တိုးမြင့်'ကတော့ နဂိုကတည်းက အနေအေးသူမို့ သူတို့နှင့် သိပ်အရောမဝင်ခဲ့။ ခုတော့ သူတို့က 'တိုးမြင့်' ကိစ္စမှာ ဝင်ပါကြပြန်သည်။

'တိုးမြင့်' စိတ်ညစ်ညစ်နှင့် အပြင်ထွက်ရန်စိတ်ကူးဆဲ အခန်းထဲကို 'တိုးမြင့်' မာမီ 'ဒေါ်နန်းရီ' ရောက်လာသည်။ အ သားဖြူဖြူ ဝဝခန့်ခန့်နှင့် မာမီက 'တိုးမြင့်'နှင့် အတော်ဆင် သည်။ 'တိုးမြင့်' လှမ်းကြည့်နေဆဲ မာမီက 'တိုးမြင့်' ပခုံးကိုလှမ်း ထိကာ 'တိုးမြင့်'ကို ခေါ်သည်။

"သားရေ..."

'တိုးမြင့်' မာမီကိုလှမ်းကြည့်လိုက်သည်။ ခါတိုင်း မာမီ သည်လိုခေါ်လျှင် သူ ကြည်နူးစွာထူးလိုက်မိမှာ မှန်ပေမယ့် ခု တော့လည်း 'တိုးမြင့်' မျက်နှာက အလိုလိုတင်းနေသည်။ ရင်ထဲမှ ခံကျေနပ်ချက်က မျက်နှာမှာထင်ဟပ်နေသည်။

"သား... ခု ဘယ်သွားမလို့လဲ"

"အပြင်သွားမလို့ မာမီ... သား စိတ်ညစ်တယ်"

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မချစ်ဘူးသေးသူဆို တော့ 'တိုးမြင့်' ခံစားရသည်။ ချစ်မယ်လို့မှမကြံသေး အခက်တွေ့ အယှက် အဖျက်အဆီးကြောင့် ရင်မှာနာရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ပါဦး သားရယ်"

စောစောတုန်းက မျက်နှာနှင့်ခြားကာ မာမီကပြုံးနေသည်။ သည်အပြုံးကိုကြည့်ကာ 'တိုးမြင့်' လန့်သည်။ ပညာရှိတို့၏အပြုံးသည် အမဲထက်ပင် ကြောက်စရာကောင်းသည်မဟုတ်လား၊ 'တိုးမြင့်' တွေးနေဆဲ မာမီ့ဆီမှ စကားသံထွက်လာသည်။

"ခုနက မာမီပြောတာ မေ့လိုက်တော့သား"

"ဘာဖြစ်တယ် မာမီ"

"ဪ... မေ့လိုက်တော့လို့... သား စိတ်ဆင်းရဲအောင် အလောတကြီးလည်း မာမီ မလုပ်ချင်ဘူး... ဒါပေမဲ့ သားသိရမှာကတော့ သာ 'ဇင်မာ့'ကိုတော့ လက်ထပ်ရမယ်... ဒီကြားထဲမှာ သား ကောင်မလေးကို အဆက်အသွယ်မလုပ်ပါနဲ့"

"ဒါကတော့ မာမီရာ"

"အေး... မာမီ ပြောနေတဲ့ကြားထဲက သား အဆက်အသွယ်လုပ်ရင် နောက်မှ မာမီ့အဆိုးမဆိုနဲ့"

ခက်ပါလား၊ 'တိုးမြင့်' ရင်ထဲမှညည်းကာ ခေါင်းကိုဆွဲ လိုက်သည်။ ဘာပဲပြောပြော ခုလောလောဆယ် 'ဇင်မာ'နှင့် ကိုမစီစဉ်သေးတာကိုပဲ ကျေးဇူး ◌င်ရမည် မဟုတ်လား။ သည်ကြား ထဲမှာ သူ 'ဇင်မောင်နိုင်'နှင့် တွေ့မည်။သူ့ ပြဿနာကိုတင်ပြမည်

တကယ်လို့ 'ဇင်မောင်'က သဘောတူလျှင် သူ 'မွေး'ကို အပြတ်မေးမည်။ 'မွေး'က တကယ်လို့ သူ့ကိုလက်ထပ်နိုင်လျှင်





သူ 'မွေး'ကို ခေါ်သွားကာလက်ထပ်မည်။ မိဘဆွေမျိုးဆိုတာ သဘောမတူလည်းခဏပေါ့။ သည်ကြားထဲမှာ သူတို့ ပဲခူးမှာနေကြမည်။

"ဘယ်လို သဘောရလဲ သား"

"ဘာကိုလဲ မာမီ"

အတွေးက ပျံလွင့်နေ၍ မာမီဘာပြောလိုက်မှန်းပင် 'တိုးမြင့်' မသိလိုက်။

"ဪ... ဒီကြားထဲ ကောင်မလေးနဲ့ မဆက်သွယ်နဲ့လို့ ပြောတာ"

"ဒါကတော့ မာမီရာ... ကျွန်တော်က 'ဇင်မောင့်' ဆီလည်း သွားချင်သေးတာ"

"'ဇင်မောင့်'ဆီ သွားချင်တာ သွားပါ... အဲဒီ ကောင်မလေးနဲ့ အဆက်အသွယ်မလုပ်ဖို့ပဲ မာမီက ပြောတာ"

ခဏခဏ သည်စကားပြောတော့လည်း 'တိုးမြင့်' စိတ်တိုလာပြန်သည်။ ဒါကြောင့်...

"နေပါဦး...မာမီကဘာဖြစ်လို့ 'မွေး'ကို ဒီလောက်တောင် အဆက်သွယ်ဖြတ်ခိုင်းနေတာလဲ... 'မွေး'မှာ ဘာအပြစ်ရှိလို့လဲ"

"အို... ဒါတော့ မင်းသိမှာပေါ့"

"ဘာလဲ... ကျွန်တော်က ဘာသိရမှာလဲ"

"အဲဒီ ကောင်မလေးက တံငါသည်ဆို... သူ့မိဘတွေက



www.burmeseclassic.com

www.burmeseclassic.com



ငါးလုပ်တယ်ဆို"

"ဒါတော့ မာမီရာ... ကောင်းရောင်းကောင်းဝယ်လုပ်စား တာပဲ"

"ကောင်းရောင်းကောင်းဝယ်လည်း မလိုချင်ပါဘူး... တို့ အမျိုးထဲမှာ ငါးရောင်းတဲ့လူလည်း မရှိဘူး"

သည်စကားကြားတော့ 'တိုးမြင့်' ပြုံးလိုက်မိသည်။ ပြီး တော့ မာမီ့ကို ပြန်မေးလိုက်မိသည်။

"အင်း... မာမီက 'မွှေး'ကို ပြောတာတော့ ဟုတ်ပါရဲ့ မာမီ... ကျွန်တော်နဲ့ပေးစားမယ့် 'ဇင်မာ'က ဘယ်ကလာလည်း သိလား"

"ဘယ်ကလာရမလည်း ရန်ကုန်ကပေါ့ဟဲ့"

'တိုးမြင့်' ထပ်ပြုံးလိုက်မိသည်။ 'ဇင်မာ့' မိဘတွေ ပကိုင် (ပန်းခိုင်)ရွာမှချမ်းသာကာ မြို့ကိုပြောင်းလာမှန်း မာမီမသိပေ မယ့် 'တိုးမြင့်'ကတော့ 'ဇင်မောင်'နှင့်ပေါင်းနေ၍ အားလုံးသိ သည်။ ဒါပေမဲ့ အကျယ်အကျယ် မငြိမ်းဖွယ်တွေဖြစ်နေမှာစိုး၍ မပြောတော့ဘဲ...

"ကဲ... မာမီပြောမှာ ါပဲလား... ဒါပဲဆို ကျွန်တော်အိပ် ချင်ပြီ"

"အပြင်သွားမယ်ဆို"

"မသွားတော့ဘူး"





"ဒါဖြင့်လည်း အိပ် အိပ်"

မာမီထွက်သွားတော့မှ 'တိုးမြင့်' အိပ်ရာပေါ်လှဲအိပ်လိုက် သည်။ စိတ်ထဲမှာတော့ ညစ်နွမ်းနေသည်။ နောက်တစ်နေ့မနက် 'ဇင်မောင်နိုင်'နှင့် တွေ့ရန်ကြံတော့လည်း မတွေ့။ ဈေးစပ်ပွဲအတွက် 'အဲလစ်'နှင့် အပြင်ထွက်နေ၍ 'တိုးမြင့်'နှင့် လွဲနေပြန်သည်။

ပြန်ခါနီး ခြံထဲတွင်ပန်းခူးနေသော 'မွှေး'ကို ရုတ်တရက် တွေ့လိုက်ရတော့ 'တိုးမြင့်' ဝမ်းသာသွားသည်။ ခေါ်ခါနီးမှ မာမီ့ စကားကြားယောင်မိပြန်တော့ ခြေလှမ်းကတုံ့သွားသည်။ ခေါ် သင့် မခေါ်သင့် ချင့်ချိန်စဉ်းစားနေဆဲ 'မွှေး'က အလျင် 'တိုးမြင့်' ကိုတွေ့သွားသည်။

"'ကိုတိုး'ပါလား... ဘယ်သူ့ဆီလာတာလဲ"

"'ဇင်မောင့်' ဆီပါ... 'ဇင်မောင်' မရှိဘူးဆို"

"ဟုတ်တယ်... မနက်ကပဲ 'မမအဲလစ်'နဲ့ အပြင်ထွက် သွားတယ်... 'ဇင်မာ' အိမ်ပေါ်မှာရှိသားပဲ... 'မွှေး' ခေါ်ပေးရမ လား"

ပြောရင်းဆိုရင်း 'မွှေး' တိုက်ပေါ်ပြေးတက်မည့်ဟန်ပြင် နေ၍...

"နေစမ်းပါဦး 'မွှေး'... 'မွှေး'ကို 'ကိုတိုး' ပြောစရာရှိလို့"

"'မွှေး' မအားဘူး 'ကိုတိုး'... နက်ဖြန် ဈေးစပ်ပွဲအတွက် ပန်းတွေလဲမလို့"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပဲ 'မွှေး' ရာ... ခဏလေးတောင် မအားဘူးလား"

"တကယ်မအားလို့ပါ... 'မွှေး' ပန်းတွေလဲပြီးရင်လည်း ကြမ်းတွေလည်း တိုက်ရဦးမှာ... ကြမ်းတွေတိုက်ပြီးရင်... "

"တော်ပါတော့ 'မွှေး' ရာ"

သူ့စကားမပြောရဘဲ 'မွှေး' စကားတွေပဲကြားနေရတော့ 'တိုးမြင့်' စိတ်ပျက်လက်ပျက်နှင့် လှမ်းတားလိုက်သည်။ ပြီးတော့ 'မွှေး' ကိုလည်း စိတ်မသက်မသာနှင့် လှမ်းကြည့်လိုက်မိသည်။ စိတ်ထဲမှာ 'မွှေး' သူ့ကို ဒီလိုပဲ အကြောင်းအမျိုးမျိုးနဲ့ ရှောင်လွှဲနေမှာလား မေးနေမိသည်။

ပြီးတော့ ဘယ်အချိန်ထိ ရှောင်လွှဲနေမှာ..ည်း တွေးနေမိသည်။ နှစ်ဦးသားငြိမ်ကာရပ်နေကြဆဲ ခြံထဲကို ကိုရိုလာကားလေး တစ်စီးဝင်လာသည်။ ကားပေါ်မှ ဆင်းလာသူက 'အဲလစ်' နှင့် 'ဇင်မောင်နိုင်'။ 'ဇင်မောင်နိုင်' က 'တိုးမြင့်' ကိုတွေ့တော့ ဝမ်းသာအားရလက်ပြလိုက်ပေမယ့် 'အဲလစ်' ကတော့ မျက်နှာညိုညိုနှင့် 'တိုးမြင့်' ဆီ လျှောက်လာရင်း...

"ကိုကို ဘာလုပ်နေတာလဲ... ကိုကို့ကို မာမီက ဘာပြောထားလဲ"

"ဘာပြောလို့လဲ"

"ဒီကောင်မနဲ့ အဆက်အသွယ်မလုပ်ရဘူးလို့ပြောထား





တယ်မဟုတ်လား... ဒီကောင်မကလည်း ဒီမှာ ဘာလုပ်နေတာလဲ"

" 'မွှေး'... 'မွှေး'... ပန်းခူးနေတာပါ"

'မွှေး' တုန်ရင်စွာပြောလိုက်သည်။ မျက်ဝန်းမှာလည်း ရှက်ရွံ့စွာဖြင့် မျက်ရည်များဝဲတက်လာသည်။ 'တိုးမြင့်' မျက်ရည်စဲနေသော မျက်နှာလေးကိုကြည့်ကာ ဒေါသကထောင်းကနဲ ထွက်လာသည်။

"ဟုတ်တယ် 'အဲလစ်'... သူ ဘာသာပန်းခူးနေတာ... ငါ လာစကားပြောတာ... အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ... ဒီကောင်မက ယောကျ်ားတကာကို မြူနေလို့ပေါ့"

" 'အဲလစ်'... စကားကောင်းကောင်းပြောကွာ"

အကိုဖြစ်သူကို မာမာထန်ထန်ပြောနေသည့်အပြင် 'မွှေး' ကိုလည်း ရစရာမရှိအောင်ပြောလာတော့ ချစ်သူပေမယ့် 'ဇင်မောင်နိုင်' သည်းမခံနိုင်တော့။ 'ဇင်မောင်နိုင်' ကပါ သည်လိုလှမ်းပြောလိုက်တော့ 'အဲလစ်' ဒေါသက 'ဇင်မောင်နိုင်' ဘက်ပါ လှည့်လာသည်။

"ဩော်... မောင်ကပါ ဒီကောင်မဘက်ကကိုး... တော်ပြီ... တော်ပြီ... 'အဲလစ်' ဘာမှမပြောတော့ဘူး"

'အဲလစ်' တိုက်ထဲကိုဝိုပြီး ပြေးဝင်သွားတော့ 'မွှေး' မနေ

www.burmeseclassic.com


နိုင်တော့။

"သွားပါ 'ကိုနိုင်'ရယ်.. 'မမအဲလစ်'ကိုချော့လိုက်ပါ... သူ မကျေနပ်ရင် 'မွှေး' ဒီအိမ်မှာမနေတော့ပါဘူး... ခု 'မွှေး' နေနေတာတောင် 'ကိုနိုင့်' စေ့စပ်ပွဲအတွက် နေပေးနေတာပါ... ဒါပြီးရင် 'မွှေး' သွားမှာပါ"

" 'မွှေး'က ဘယ်သွားမှာလဲ"

" 'မွှေး' သူငယ်ချင်းအဆောင်မှာ သွားနေမှာပါ"

"အို... 'မွှေး'မှာ ဘာအပြစ်မှမရှိဘဲ... 'မွှေး' မသွားရဘူး... ခုကိစ္စမှာ 'ကိုတိုး'လည်း အပြစ်မရှိဘူး... 'မွှေး' မှာလည်း အပြစ်မရှိဘူး... အလကားနေ သူတို့မှာ အဘိဓမ္မာ များနေတာကြတာ"

"ဟုတ်တယ် 'ဇင်မောင်'ရာ... ငါလည်း ဒိတ်ညစ်တယ်"

"စိတ်မညစ်ပါနဲ့ 'ကိုတိုး'ရာ... ဘဝဆိုတာ ဒီလိုပဲပေါ့... ကဲ ကျွန်တော်လည်း 'ကိုတိုး' ညီမကို သွားချော့လိုက်ဦးမယ်"

'ကိုနိုင်'ထွက်သွားတော့ခြံထဲမှာ 'မွှေး'ရယ် 'ကိုတိုးမြင့်' ရယ်နှစ်ယောက်တည်း။ 'မွှေး' ပါးပြင်ပေါ်မှစီးကျလာသောမျက်ရည်များကိုသုတ်ကာ...

" 'မွှေး' ဒီလိုအဖြစ်တွေ တိုးမှာစိုးလို့ 'ကိုတိုး'ကို ရှောင်နေတာပါ... ခုတော့... "

'တိုးမြင့်' တသိမ့်သိမ့်ရှိုက်ငိုကာ တိုက်ထဲကိုပြေးဝင်သွားသော 'မွှေး'ကို ကြည့်ကာ သူပါ စိတ်မကောင်းနိုင်တော့။ တကယ်





ဆိုဆို ခုလိုဖြစ်ရတာ သူ့အပြစ်ပဲ မဟုတ်လား။ သူသာ 'မွှေး'ကို ကားမပြောဘဲပြန်သွားပါက 'အဲလစ်'တို့လည်း တွေ့မည်မ ဟုတ်၊ 'မွှေး'လည်း ခုလိုငိုရမည်မဟုတ်။

ခုတော့ စိတ်ဆင်းရဲရသည့်ကြားထဲ စိတ်ဆင်းရဲစရာတွေ ဖန်လာတော့ 'ကိုးမြင့်' သက်ပြင်းချလိုက်သည်။ တစ်ဘက်က င်မောင်နိုင်' အဖြစ်ကလည်း မလွယ်သည့်အဖြစ်၊ ဖိတ်စာတွေ းလုံးဝေပြီးကာမှ 'အဲလစ်'က စေ့စပ်ကြောင်းလမ်းခြင်းကိုဖျက် ည်လုပ်နေ၍ လူကြီးတွေမ်နည်းတောင်းပန်နေရသည်။

သည်ကြားထဲ 'အဲလစ်'က သူတို့ကို လုံးဝစကားမပြော။ ုံးဝအတွေ့မခံတော့ 'ဇင်မောင်နိုင်' ဘယ်လိုနေရမှန်း မသိ။ ိမ်ကလည်း 'ဇင်မောင်နိုင်'ကိုပါ အပြစ်တင်ကြသည်။

"မင်းကလည်း ဟုတ်တယ်... နေရာတကာ ဒီကောင်မ ေးအရေးပေးလွန်းတယ်... ခု ဘယ့်နှယ်လုပ်မလဲ"

ဘာလုပ်လို့ ဘာလုပ်ရမှန်းပင် 'ဇင်မောင်နိုင်' မသိ။ အ ိုကလည်း တဖြည်းဖြည်းနီးကပ်လာပြီ။ မနက်ပိုင်း လူကြီးတွေ ိတ်ကာ ဘုန်းကြီးဆွမ်းကပ်ပြီး ညနေပိုင်းတွင် လူငယ်များကို တ်ကာ ဧည့်ခံပွဲလုပ်ဖို့စီစဉ်ထားသည်။

ခု 'အဲလစ်' ကြောင့် အစီအစဉ်ပျက်ရတော့မည်။ စိတ် ညစ်နှင့် 'ဇင်မောင်နိုင်' ခုတင်ပေါ်ထိုင်နေဆဲ 'မွှေး' သူ့အခန်း ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

" 'ကိုနိုင်' "

'ဇင်မောင်နိုင်' လှည့်မကြည့်မိ၊ နဂိုက ကိုယ့်အပူနှင့်ကိုယ်
မို့ စိတ်ညစ်ရသည့်ကြားထဲ ခုလို 'မွေး'က ရောက်လာတော့ ချ
စိတ်တိုသွားသည်။ 'မွေး'ကို လှမ်းအော်လိုက်သည်။

"ဘာလဲကွာ... ဘာလဲ"

ရုတ်တရက်ဆိုတော့ 'မွေး' လန့်သွားသည်။ နဂိုကမှ
အားငယ်စိတ်နှင့် ပမ်းနည်းနေရသည့်ကြားထဲ ခုလို 'ကိုနိုင်'က
အော်လိုက်တော့ 'မွေး' ဘာဆက်ပြောရမှန်း မသိတော့။ 'ကိုနိုင်'
ကို တုန်တုန်ရင်ရင် မျက်လုံးလေးပြူးကာ ငေးကြည့်နေမိသည်။
'ကိုနိုင်'ကတော့ 'မွေး' ပုံစံကိုကြည့်ကာ ဒေါသတကြီးနှင့်...

"ပြောလေကွာ... ဘာလဲလို့"

"ဟို ဟို 'ကိုနိုင်'နဲ့ 'မမအဲလစ်' ခုလိုဖြစ်တာ 'မွေး'ကြောင့်
ဖြစ်တာမို့ 'မွေး' 'မမအဲလစ်'ဆီ သွားတောင်းပန်ပေးရမလားလို့ပါ"

'ဇင်မောင်နိုင်' ခေါင်းခါလိုက်သည်။ နဂိုကမှ ရှင်းမရ
သည့်ကြားထဲ ခုလို 'မွေး' သွားလိုက်လျှင် ပြဿနာတွေ ပိုရှုပ်ကုန်
မှာမို့ 'မွေး'ကို ခပ်ပြတ်ပြတ်ပြောလိုက်သည်။

"နေစမ်းကွာ... မင်းဘာသာမင်း အေးအေးဆေးဆေးနေ
စမ်းကွာ... ဒီမှာ စိတ်ညစ်နေရသည့်ကြားထဲ သွား... သွား..."

'မွေး' 'ကိုနိုင့်' အော်သံကြောင့် 'ကိုနိုင့်' အခန်းထဲမှပြေး
ထွက်ကာ သူ့အခန်းလေးထဲ ပြေးဝင်လာခဲ့သည်။ ရင်ထဲမှာတော့





ရှုက်လွန်း၍ အော်ငိုချင်နေသည်။ တကယ်ဆို 'မွေး' နေရာမှာ
'မမအဲလစ်'ဆို ခုလိုအော်မလား။

ခုတော့ 'ကိုနိုင်'ရယ်၊ ချစ်ကြသူချင်းအတူတူ 'မမအဲလစ်'
က 'မွေး'ထက် ကံကောင်းသူပါ၊ 'မွေး'ကတော့...

" 'မွေး' ဘယ်ရောက်နေလဲ"

'မွေး' ပါးပေါ်ကစီးကျလာသောမျက်ရည်ကို လက်ခုံဖြင့်
အမြန်တမ်းဖွာသုတ်ကာ အပြင်ကိုထွက်လာခဲ့သည်။ စိတ်ညစ်ပေ
ယဲ့ 'မွေး' ဘဝက လူသိမခံရဲသလို ဝမ်းနည်းကာခွေနေချင်ပေ
ယဲ့ မခွေရသည့်ဘဝပါ။

"ဘာလုပ်နေတာလဲ"

'မွေး' အပြင်ထွက်လာတော့ 'ဇင်မာ'က 'မွေး'ကို ခက်
ထန်စွာကြည့်နေသည်။ 'မွေး'ကြောင့် 'အဲလစ်'နှင့် 'ကိုနိုင်'နှင့်ပြ
ဿနာဖြစ်ရသလို 'ကိုတိုး'နှင့် သူ့ကိုစွလည်း နှောင့်နှေးရ၍ 'ဇင်မာ'
က 'မွေး'ကို လူတစ်ယောက်အမြင်ထက် ကြိုပ်ကောင်တစ်ကောင်
လိုမြင်နေသည်။

နဂိုကမှ 'မွေး'ကို မကျေနပ်ရသည့်ကြားထဲ ခုလိုပြဿနာ
ဖြစ်လာတော့ ပိုဆိုးတော့သည်။

"မေးနေတယ်လေ... ဘာလုပ်နေတာလည်းလို့"

"ဟို... ဟို..."

"ဟိုဒီ လုပ်မနေနဲ့... ခုနက ကိုကို့အခန်းထဲဝင်ပြီး ကိုကို့

ကြောင်နှစ်ကောင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကို မျက်ရည်ခံထိုးသေးတယ် မဟုတ်လား"

"မဟုတ်ပါဘူး 'ဇင်မာ'ရယ်... 'မွေး' သွားရှင်းပြတာပါ"

"နောက်ကို ရှင်းပြစရာလည်းမလိုဘူး... တောင်းပန်စရာလည်း မလိုဘူး... ကိုကို့ အခန်းထဲကိုလည်း မဝင်ရဘူး... ဒါပဲ"

'ဇင်မာ' ထွက်သွားတော့ 'ဒေါ်လုံး'က 'မွေး'ကို လာခေါ်သည်။ မျက်ရည်များနှင့်စိုစွတ်နေသော 'မွေး' မျက်နှာလေးကို ကြည့်ကာ စိတ်မသက်သာသောလေသံနှင့်...

"ဘယ်လို ဖြစ်ရတာလည်း 'မွေး' ရယ်"

" 'မွေး'လည်း မသိတော့ပါဘူး 'ဒေါ်လုံး'ရယ်... 'မွေး' တော့ သေချင်တော့တာပဲ... ဖြစ်နိုင်ရင် ခုတော့င် 'မွေး' ဒီအိမ်မှာ မနေချင်တော့ဘူး"

"ဒီမှာမနေလို့ 'မွေး'က ဘယ်သွားမလို့လဲ"

"ကောလိပ်ကျောင်းနား... 'မွေး' သူငယ်ချင်း 'ညွန့်ဓေ' ဆိုတာရှိတယ်... အဲဒီ သွားနေရင် ကောင်းမလားလို့"

"ခုတော့ မသွားပါနဲ့ဦးအေးရယ်... သူတို့မှာ ပြဿနာဖြစ် နေရသည့်ကြားထဲ ခု 'မွေး' ထွက်သွားရင် ပိုးဆိုးမှာပေါ့"

ဆိုးချင်ဆိုး မဆိုးချင်နေ၊ 'မွေး' ကတော့ သွားချင်နေပြီ နဂိုကတည်းက 'တင်ဦး' စကားနားထောင်ကာ ထွက်သွားခဲ့လျှင် 'မွေး' ခုလို စိတ်ညစ်ရမှာမဟုတ်ပေမယ့် ခုတော့ ဖြစ်လာသည် 'မွေး' ခံဆိုတာလို ဖြစ်လာသမျှအပြစ် 'မွေး' အပြစ်ကြီးပဲဖြစ်နေ





တော့သည်။

အခြားအပြစ်များအတွက် 'မွေး' ခံနိုင်ပေမယ့် 'ကိုနိုင်' အမုန်းကိုတော့ 'မွေး' မခံနိုင်၊ ခံလည်းမခံချင်။ သည်လိုနှင့် စေ့စပ် မည့်နေ့ မနက်ပိုင်းကိုရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၁၉

အရှက်ကွဲမခံချင်သည့် လူကြီးများနှင့် 'ပိုး'တို့ 'ဇင်မာ'တို့၏တိုက်တွန်းချက်အရ 'အဲလစ်' အိမ်ကိုလိုက်လာသည်။ ရွှေ(ဝါ)ရောင် ဇာဝတ်စုံကိုဝတ်ထားသော 'မမအဲလစ်'ကို မြင်သည်နှင့် 'ကိုနိုင်' ဝမ်းသာတာထား၊ 'မွေး' ရင်ထဲမှာပျော်သွားသည်။

သူ့ရင်ထဲမှာ ဘယ်လိုပဲဖြစ်နေပါစေ 'မွေး' 'ကိုနိုင့်'တို့ ပျော်စေချင်သည်။ ရွှင်စေချင်သည်။ သူ့အတွက်ကြောင့် သူတို့ ဇတွေစိတ်မဆင်းရဲစေချင်တာ 'မွေး' စေတနာပါ။ ဒါကြောင့် ည ကတည်းက 'မွေး' ဆုံးဖြတ်ခဲ့သည်။

'ကိုနိုင့်' စေ့စပ်ပွဲပြီးလျှင် သူ ဘည်အိမ်မှခွာတော့မည်။ သူ 'တင်ဦး'ကို ကတိပေးခဲ့သလို 'ကိုနိုင့်'ကို အပြီးအပိုင်ဖမ့်တော့ မည်။ 'မွေး' ငေးကြည့်နေဆဲ 'မွေး'မျက်ဝန်းထဲကို 'ကိုနိုင်' ဝင်လာ





သည်။ တိုက်ပုံအင်္ကျီအဖြူ၊ နံ့သာရောင် အင်းလေးလုံချည်ဖြင့် 'ကိုနိုင်'က နုပျိုချောမောလှသည်။

ငယ်စဉ်မှ ခုချိန်အထိ 'မွေး' 'ကိုနိုင့်'ကိုတွေ့ခဲ့သမျှ ကာလတစ်လျှောက်လုံး စပို့ရှပ်မျိုးစုံ ဘောင်းဘီမျိုးစုံတို့ဖြင့်သာ တွေ့ခဲ့ရာမှ မြန်မာဆန်ဆန်ဝတ်စုံဖြင့် တွေ့လိုက်ရတော့ 'မွေး' ရင်မှာ ဒိုလို့တွယ်တာမိသည်။

ဒါပေမဲ့ 'မွေး' သူ့မျက်ဝန်းကို ထိန်းချုပ်လိုက်သည်။ သည်နေ့သည်အချိန်မှစကာ 'ကိုနိုင့်'ကို ပိုင်ဆိုင်သူရှိသွားပြီ ဆိုတော့ 'မွေး' ယခင်ကလို သံယောဇဉ်ကြီးနေ၍ မဖြစ်တော့။ တွယ်တာနေ၍ မဖြစ်တော့။

ပြသာဒ်နှာရှိနေသည့်ကြားမှ နံနက်ခင်းပိုင်း စေ့စပ်ပွဲက အောင်မြင်စွာပြီးဆုံးသွားပြီ။ 'ဇင်မောင်နိုင်' သက်ပြင်းချလိုက်သည်။ မခေါ်သေးသောချစ်သူကိုကြည့်ကာ သူ့ရင်ထဲမှာ စိတ်ဆင်းရဲနေသည်။

ကြွရောက်လာသော လူကြီးတွေနှင့် ဧည့်ပရိတ်သတ်တို့ ကတော့ သူတို့ရင်ထဲမှအဖြစ်ကို မသိ။ ဆုတွေအလီလီပေးနေကြသည်။ လိုက်ဖက်ညီလှသော အတွဲအဖြစ် ချီးမွမ်းနေကြသည်။

တစ်ချိန်ခ(ါ) သည်အချိန်ကိုရောက်လျှင် 'ဇင်မောင်နိုင်' သိပ်ပျော်လိမ့်မည်ဟု ထင်ခဲ့သလောက် ခုတော့ အပျော်တွေက ဘယ်ကိုပျောက်နေမှန်း မသိအောင် 'ဇင်မောင်နိုင့်' ထံပါးမှ ဝေး



www.burmeseclassic.com

ကွာနေသည်။

မြန်ဆန်လှသောအချိန်က ညဘက်ကိုလျှင်မြန်စွာ ရောက်လာသည်။ မူလအစီအစဉ်အတိုင်း လူငယ်တွေအတွက် ညစာစားပွဲလုပ်သည်။ သည်ပွဲမှာတော့ လူကြီးလုံးဝမပါ။ 'ဇင်မောင်နိုင်' ဘက်မှ သူငယ်ချင်းများ၊ မိတ်ဆွေများနှင့် 'အဲလစ်'တို့ဘက်မှ သူငယ်ချင်းများ၊ မိတ်ဆွေများအတွက် စပါယ်ရှယ်လုပ်သောပွဲ။ မနက်ခင်းကထက် 'အဲလစ်' ပိုလှပနေသည်။

မနက်ကတော့ လူကြီးတွေရှေ့မှာမို့ ဟန်မပျက် 'ဇင်မောင်နိုင်'နှင့်တွဲကာဧည့်ခံပေမယ့် ညပွဲမှာတော့ သူမ 'ဇင်မောင်နိုင့်' နားကိုလုံးဝမကပ်။ အပြာရောင်ဆွတ်ဆွတ်အိတ်တုံပေါ် စီးကွင်းများထိုးထားသည့်ဝတ်စုံဖြင့် လှချင်တိုင်းလှနေသော 'အဲလစ်'က သူငယ်ချင်းတွေနှင့်ပွဲကျနေသလို 'ဇင်မောင်နိုင်'မှာလည်း သူငယ်ချင်းများနှင့်သာ အချိန်ဖြုန်းနေရသည်။

အကြောင်းမသိကြသည့် အဝေါင်းအသင်းများက 'ဇင်မောင်နိုင်'နှင့် 'အဲလစ်'တို့ကို သတိမထားမိပေမယ့် အကြောင်းသိသည့် 'တိုးမြင့်' အဖို့မှာတော့ 'ဇင်မောင်နိုင်'အတွက် လုံးဝစိတ်မကောင်း၊ 'ဇင်မောင်နိုင်'ကတော့ 'တိုးမြင့်' စိတ်မကောင်းနေမှန်း သိ၍ ပေါ့ပါးသောအပြုံးလေးဖြင့်...

"စိတ်ညစ်မနေစမ်းပါနဲ့ 'ကိုတိုး'ရာ... 'အဲလစ်' နောက်တော့ ကျွန်တော့်ကိုခေါ်မှာပါ... သူ့ အထင်လွဲလည်း ခဏပေါ့...





ဟုတ်ဘူးလား... ကျွန်တော်နဲ့ 'မွေး'နဲ့ ဖြစ်တာမှမဟုတ်တာဘဲ"

'တိုးမြင့်' ဘာမှမပြောတော့၊ 'ဇင်မောင်နိုင်'ကပဲ ဆက်ပြောသည်။

"ဘာလဲ 'ကိုတိုး'... သိပ်စိတ်ညစ်နေလို့လား"

'တိုးမြင့်' 'ဇင်မောင်နိုင့်'ကိုသာ ငေးကြည့်နေမိသည်။ ညပိုင်းမို့ အနောက်တိုင်းဝတ်စုံကို သေသပ်စွာဝတ်ထားသော 'ဇင်မောင်နိုင်'က လူချောလူလေးပါ။ ရာထူးအားဖြင့် သူ့ထက်ငယ်သော်လည်း တက်လမ်းအများကြီးရှိသည့် လူငယ်လေးပါ။

နဂိုကတည်းက ညီအရင်းတစ်ယောက်လို ချစ်သည့်အပြင် ခု ညီမနှင့်ပတ်သက်ကာ ဆွေမျိုးတော်လာရတော့ 'တိုးမြင့်' ပိုခင်မိသည်။ ပိုအားကိုးမိသည်။ 'တိုးမြင့်' 'ဇင်မောင်နိုင့်' ပခုံးကိုညှစ်ကာ ခေါင်းခါလိုက်သည်။

" 'ကိုတိုး' စိတ်မညစ်ပါဘူးကွာ... 'ဇင်မောင်'သာ စိတ်ညစ်မှာစိုးတာပါ"

နှစ်ယောက်သားအတန်ကြာအောင် ငြိမ်နေကြသည်။ နှုတ်မှ ဟန်ဆောင်စကားတွေပြောနေသော်လည်း ရင်ထဲမှာတော့ အပူကိုယ်စီနှင့်ပါ။ ခဏနေတော့ 'ဇင်မောင်နိုင့်'ဆီမှ အသံထွက်လာသည်။

" 'ကိုတိုး' ကိစ္စကော ပြေလည်လား"

'တိုးမြင့်' ခေါင်းခါလိုက်သည်။ နဂိုတည်းက မပြေလည်

www.burmeseclassic.com



ရသည့်ကြားထဲ 'ဇင်မောင်နိုင်'နှင့် 'အဲလစ်' ပြဿနာတက်တော့ သူ့ဘက်ကပါယိုင်လာသည်။ သူ့ကိုပါအပြစ်ဖို့ချင်ကြသည်။ သည်လိုအခြေအနေမျိုးမှာ 'တိုးမြင့်' ပျော်နိုင်ပါ့မလား။ စိတ်ချမ်းသာနိုင်ပါ့မလား။

'ဇင်မောင်နိုင်' သက်ပြင်းချလိုက်သည်။ ကိုယ်လည်း ကိုယ်အပူနှင့်ကိုယ်မို့ မရှုနိုင်မကယ်နိုင်ဖြစ်နေသလို 'ကိုတိုး' မှာလည်း သူ့အပူနှင့် သူပါလား။ သည်အပူတွေကိုမျောသွားအောင် ဘယ်လိုလုပ်ရပါ့။

'ဇင်မောင်နိုင်' တွေဝေစွာစဉ်းစားနေဆဲ 'ဇင်မောင်နိုင့်' အပါးကို သူငယ်ချင်းတစ်ယောက်ရောက်လာသည်။ သူ့လက်ထဲမှာလည်း ဖန်ခွက် တစ်ခွက်။

"ဟဲ ဟဲ... ဒီလိုပုန်းနေလို့ ဘယ်ရမလဲ 'ဇင်မောင်' ရာ... ရော့ မင်း အင်ဂေ့(ချ်)အတွက်"

သူက သူကိုယ်တိုင်ယူလာသော အရက်ခွက်ကို 'ဇင်မောင်နိုင့်'ကို လှမ်းပေးလိုက်သလို ကောင်တာကိုလည်း လက်နှစ်ချောင်းလှမ်းထောင်ပြသည်။ နောက်ထပ် နှစ်ခွက်ယူလာပါ ဟူသည့်သဘော။ 'ဇင်မောင်နိုင်' ငြင်းရန် အကြံနှင့် လက်ကိုအမ...

"မရဘူး 'ဇင်မောင်'... ဒါကို သူငယ်ချင်းတွေအတွက် အခွင့်အရေးပဲ... နောက်တစ်ခါ ပြန်တွေ့ဖို့ လွယ်တာမဟုတ်ဘူးနော့ အကိုကြီးရာ... အကိုကြီးပါ သောက်ရမယ်"



ပြောရင်းဆိုရင်း 'ဇင်မောင်နိုင့်' သူငယ်ချင်း ဘူမိဗေဒ အရာရှိလေး 'ကျော်ကျော်လွင်'က 'ကိုတိုး'ပါ အတင်းတိုက်နေသည်။ 'ဇင်မောင်'ကော 'တိုးမြင့်'ပါ မသောက်ချင်သော်လည်း လူမှုအရေးအရ ရိုင်းနေမှာစိုး၍ 'ကျော်ကျော်လွင်' ပေးလာသည့် အရက်ခွက်ဆို မော့သောက်လိုက်ရသည်။

"ဟေး... ဒါမှ တို့သူငယ်ချင်းကွ... ရော့...ထပ်သောက်"

ပွဲကလည်း လူငယ်တွေချည်းပွဲဆိုတော့ လွတ်လပ်ချင်တိုင်း လွတ်လပ်နေကြသည်။သောင်းကျန်းချင်တိုင်း သောင်းကျန်းနေကြသည်။ အရက်မဝင်ခင်က ငြိမ်နေရှာသော 'ကိုတိုး'ပင် အရက်ဝင်လာတော့ အသံထွက်လာသည်။

"အချစ်ဆိုတာ ဆန်းတယ်ကွ... မချစ်ခင်က မချစ်ချင်ပေမယ့် ချစ်ပြီးတော့ ချစ်ချင်တယ်... ချစ်ရုံတင် မကဘူး... ပိုင်ဆိုင်ချင်လာတယ်... မင်းကော..."

"'ကိုတိုး' လိုပဲပေါ့ဗျ... ကိုယ့်ချစ်သူကို ကိုယ် ပိုင်ဆိုင်ချင်တာ လူတိုင်းပဲ... ဒါပေမဲ့ ကျွန်တော့်အဖြစ်ကတော့ ထိပေါက်ပြီး ထိလက်မှတ်ပျောက်နေတဲ့ အဖြစ်ဗျ... မရယ်ရဘူးလား 'ကိုတိုး'"

'ဇင်မောင်နိုင်' အရက်ခွက်ကိုမော့ကာ အားရပါးရ ရယ်နေသည်။ မျက်ဝန်းများကလည်း အခြားစားပွဲမှ 'အဲလစ်'ကို ရီဝေစွာလှမ်းကြည့်နေမိသည်။ 'အဲလစ်'က 'ဇင်မောင်နိုင်' ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



မှန်းသိတော့ သူ့ သူငယ်ချင်းများနှင့်စကားပြောနေရာမှ မျက်နှာကိုတစ်ဘက်ကိုလှည့်ပစ်လိုက်သည်။

'ဇင်မောင်နိုင်' ထပ်ရှယ်လိုက်သည်။ ကိုယ့်အဖြစ် ကိုယ်ပဲရယ်ချင်သည်။ ကျင်းပသည့်ပွဲက ဇာတ်စပ်သည့်ပွဲ။ မိန်းကလေးနှင့် ယောကျ်ားလေးနှစ်ဦးသား အကြောင်းဆက်လို့ပေါင်းဖက်ရန် တံတားခင်းသည့်ပွဲ။

သည်ပွဲမှာ မိန်းကလေးက ယောကျ်ားလေးကို အားကိုးရသလို ယောကျ်ားလေးကလည်း ကြင်နာစွာတွဲခေါ်ရမည်။ တစ်ဘဝတာ ခရီးလက်တွဲလျှောက်ရမည့်သူအနေနှင့် ဖေးမရမည်။ ခုတော့ 'ဇင်မောင်နိုင်' ဘယ်သူ့ကို ဘယ်လိုဖေးမရမလဲ။ 'ဇင်မောင့်'မှာ ဖေးမစရာဆိုလို့ မနက်ကဝတ်ခဲ့သည့် အသစ်ကျပ်ချွတ် လက်စွပ်လေးသာ ရွှေပြောင် လက်စွပ်လေးသာ 'ဇင်မောင့်'ဆီမှာ ရှိနေသည်။ ချစ်သူက မရှိ။

တွေးလေ ရယ်ချင်လေမို့ 'ဇင်မောင်' ဖိဖိပြီးသာရယ်နေသည်။ 'ဇင်မောင့်' သူငယ်ချင်းကလည်း 'ဇင်မောင်' ပျော်၍ရယ်သည်ထင်ကာ အရက်တွေကို စွတ်စွတ်ထည့်ပေးသည်။

"ဒါပေါ့ကွာ... စွံတဲ့ငနဲ ဆိုတော့လည်း ရယ်နိုင်တာပေါ့— တို့ကတော့ လူစွံဖို့နေနေသာသာ မျက်စိတောင်မစွံဘူး...အကိုကြီးကကော"

"မင်းလိုပါပဲကွာ"





"ဒါဆို ဘဝတူပဲ အကိုကြီး... သူက စွံလို့သောက်တယ်... ကျွန်တော်နဲ့ အကိုကြီးက မစွံလို့သောက်တယ်... သောက်ဗျာ... သောက်... ခုချိန်သောက်တာ သိပ်လွတ်လပ်တယ်... နောက်ပိုင်းကျရင် မျက်စောင်းထိုးမယ့်သူတို့ နှုတ်ခမ်းစူမယ့်သူတို့ ရှိလာရင် သောက်ဖို့မလွယ်တော့ဘူး... ဟုတ်တယ် မဟုတ်လား 'ဇင်မောင်'"

"ဟုတ်တယ် ဟုတ်တယ်... သိပ်ဟုတ်တယ်"

"အေး... ဟုတ်ရင် သောက်"

"သောက်မယ်... ထည့်..."

သောက်စကလည်း မရှိ။ အူကလည်း အူရိုင်းဆိုတော့ ခဲ့ပြီးတော့ 'ဇင်မောင်နိုင်' ခေါင်းချာစိုင်းနေပြီ။ ဘယ်သူတွေလာ နှုတ်ဆက်လို့ ဘယ်သူတွေပြန်သွားမှန်းပင် မသိအောင် 'ဇင်မောင်နိုင်' မူးနေပြီ။

'အဲလစ်' ဘယ်အချိန်ထပြန်သွားမှန်း သူ မသိလိုက်။ သူသိသည့်အချိန်မှာ သူ့တို့ ဒရိုင်ဘာ 'ဦးမြတ်'ကတွဲကာ အိမ်ပေါ်တက်ပို့နေပြီ။

"ရပါတယ် 'ဦးမြတ်'ရဲ့... ကျွန်တော့်ဘာသာ ကျွန်တော်တက်နိုင်ပါတယ်"

ပြောသာပြောသည်။ 'ဇင်မောင်နိုင့်' ခြေကယိုင်နေ၍ 'ဦးမြတ်'ပင် မနည်းထိန်းနေရသည်။ အကူအညီတောင်းရန် ကြည့်လိုက်တော့လည်း တစ်အိမ်လုံးအိပ်ကုန်ကြပြီ။ 'မွေး'မှာသာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကိုယ်မို့ အိပ်မပျော်နိုင်ဘဲ ရှိနေခိုက်...

"ဖယ်စမ်းပါ ဦးမြတ်ရဲ့ 'ဇင်မောင်' ရပါတယ်... သွားနိုင်ပါတယ်... 'ဦးမြတ်' ပြန်တော့... သော့ကိုလည်း အပြင်ဘက်က ခတ်ခဲ့တော့"

ခဏကြာတော့ 'ဦးမြတ်'၏ ပြန်သွားသံနှင့် ကံခါးသော့ခတ်သံကိုကြားလိုက်ရသည်။ 'မွှေး' အသာလေးငြိမ်နေကာ အဝတ်အစားတို့ကို သိမ်းနေသည်။ မနက်ကျလျှင် သူ သည်အိမ်မှ အပြီးအပိုင်သွားတော့မည်။

သူရှိ၍ 'မမအဲလစ်'နှင့် 'ကိုနိုင်' မပြေမလည်ဖြစ်နေပေမယ့် သူ မရှိတော့သည့် နောက်ပိုင်းမှာတော့ ပြေလည်သွားမှာ သေချာသည်။ ပြည်ပန်းညို ချိုချင်ပါလျက် ဆား[illegible]ကဲဆိုတာလို 'ကိုနိုင်'နှင့် 'မမအဲလစ်' ပြေလည်သွားချင်ပါလျက် 'မွှေး'ကြောင့်တော့ ထပ်ပြဿနာမဖြစ်စေချင်သည်မို့ 'မွှေး' သွားရန်ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ညဉ့်နက်လှပြီဆိုတော့လည်း အိမ်ကြီးတစ်အိမ်လုံးက တိတ်ဆိတ်နေသည်။ 'ဒေါ်လုံး'ကလည်း တစ်နေ့လုံးပင်ပန်းလာသမျှ အိပ်မောကျနေ၍ 'မွှေး' လှုပ်ရှားမှုမှန်သမျှ ဘာမျှမသိ။ 'မွှေး'မှာသာ အိတ်လေးကိုကိုင်ကာ ငိုင်နေမိသည်။ တကယ်တမ်းသွားရမည်ဆိုတော့လည်း 'မွှေး' တုန်လှုပ်နေသည်။

ငယ်စဉ်ကလေးဘဝကတည်းက ခုအရွယ်ထိ ကြီးပြင်း





လာခဲ့သည့် အိမ်ကြီးကိုခွဲသွားရမှာ နှမြောနေသည်။ ဒါပေမဲ့ မသွားလို့ကမဖြစ်။ 'မွှေး' မသွားလျှင် ပြဿနာတွေ တစ်ပုံကြီးထပ်တက်နိုင်ပေမယ့် 'မွှေး' သွားလျှင်တော့ ပြဿနာအားလုံး အေးငြိမ်းနိုင်သည်မို့ 'မွှေး' သွားရန်ဆုံးဖြတ်ကာ အိပ်ရာထဲဝင်လိုက်သည်။

ဝင်လို့မှမကြာခင် ဝုန်း ဆိုသောအသံကြီးကိုကြားလိုက်ရသည်။ ညဉ့်လယ်မို့ အသံကကျယ်လှသည်။ အခြားလူများ ဘယ်သူမှ မနိုးနိုင်သော်လည်း မအိပ်သေးသည့် 'မွှေး'က အတိုင်းသားကြားလာရသည်မို့ အိမ်ရှေ့ကို စိုးရိမ်ကြီးစွာ ပြေးထွက်လာခဲ့မိသည်။

အိမ်ရှေ့ကိုရောက်တော့ 'မွှေး' ထင်သည့်အတိုင်း လှေကားရင်းမှာ လဲကျနေသူက 'ကိုနိုင်'။ 'ဦးမြတ်'ကိုပြန်လွှတ်ပြီး သူ့ဘာသာသူ အတက်၊ လှေကားလေးထစ်ခန့်မှ ပြုတ်ကျခြင်းဖြစ်သည်။

" 'ကိုနိုင်' "

'မွှေး' ဖရိုဖရဲကျနေသော 'ကိုနိုင့်'ကို ပြေးပွေ့ကာ ထူလိုက်သည်။ 'ကိုနိုင်'ကတော့ 'မွှေး'ကို 'မွှေး'မှန်း မသိ။ သူ သိတာ 'အဲလစ်'သာမို့။

" 'အဲလစ်' ပါလား... မပြန်သေးဘူးလား... ဘာလဲ မောင့်ကို စောင့်နေတာလား"


www.burmeseclassic.com

www.burmeseclassic.com



'မွှေး' ခေါင်းခါကာ...

" 'မမအဲလစ်' မဟုတ်ဘူး 'ကိုနိုင်'ရဲ့... 'မွှေး' ပါ"

"ဘယ်က 'မွှေး'လည်း မောင် မသိပါဘူး... ဘာလဲ 'အဲလစ်'က မောင့်ကို 'မွှေး'နဲ့ အထင်လွဲနေတာပေါ့ ဟုတ်လား... မောင်ချစ်တဲ့ 'အဲလစ်'ပါကွာ... မယုံဘူးလား... ယုံအောင် မောင် ဘယ်လိုပြောရမလဲ"

"ယုံ... ယုံပါတယ်"

'မွှေး' ခေါင်းကိုညိတ်ကာ တုန့်ရင်စွာဖြေလိုက်မိသည်။ တကယ့်အဖြစ်မှာလည်း 'ကိုနိုင်' 'မွှေး'ကိုချစ်သည်မှ မဟုတ်ဘဲလေ၊ 'မွှေး'ကသာ 'ကိုနိုင့်'ကို အို...

'မွှေး' ဝေ့ဝဲကာစီးကျလာသော မျက်ရည်ကို ခေါင်းဆတ်ကာနဲ့ခါကာ ပြန်တင်းလိုက်သည်။ 'ကိုနိုင်' ကတော့ 'မွှေး' ရင်ထဲမှ ခံစားချက်ကိုမသိ၊ 'အဲလစ်' ငိုနေသည်ပဲ ထင်ကာ...

"ဟာ... မောင့်အချစ် ငိုနေတယ်လား... တိတ် ကွာ တိတ် မောင် အခန်းထဲဝင်တော့မယ်... လာ"

'မွှေး' ခါးကိုဖက်ကာ အခန်းထဲကို ဝင်လာသည်။ 'မွှေး' 'ကိုနိုင့်' ယိုင်နေသော ကိုယ်ကို ခုတင်ဆီတွဲခေါ်လာခဲ့သည်။ 'မွှေး' စိတ်ထဲမှာတော့ 'ကိုနိုင့်'ကို ခုတင်ပေါ်မှာ သိပ်ခဲ့မည်။ ပြီးလျှင် 'မွှေး' အခန်းတံခါးစေ့ကာ 'မွှေး'ပြန်မည်အတွေးနှင့် ခုတင်ဆီပို့...

"အိုး... 'ကိုနိုင်' ဘယ်လိုလုပ်လိုက်တာလဲ"





'မွှေး' အလန့်တကြားလေးအော်ကာ 'ကိုနိုင့်' ရင်ခွင်ကို တွန်းလိုက်သည်။ 'ကိုနိုင်'ကတော့အိပ်ချင်မူးတူးလေသံနှင့် ခုတင်ပေါ်လဲကျလာသော 'မွှေး' ကိုယ်လုံးလေးကို ဖက်ကာ...

"ရှူး... တိုးတိုး... မအော်နဲ့ အိပ်တော့မယ်"

" 'မွှေး' မအိပ်ဘူး... ဖယ်"

'မွှေး' ကြောက်အားလန့်အားနှင့် 'ကိုနိုင့်' ရင်ခွင်ကို အတင်းတွန်းသော်လည်း 'မွှေး' အားက 'ကိုနိုင့်' အားထက်လျော့နည်းနေသည်။ 'ကိုနိုင့်' အားတွေက 'မွှေး' ထက် အဆတစ်ရာတစ်ထောင်သာနေတော့ 'မွှေး' မျက်ရည်များစီးကျလာသည်။

ခုမှ 'မွှေး' သူ့ကိုယ်သူ နောင်တရလာသည်။ တကယ်တော့အရက်သမားဆိုတာ လူ့စိတ်ပျောက်နေသူပဲ။ အရက်မသောက်ခင်က 'ကိုနိုင်' သူ့အပေါ် ဘယ်လောက်ပဲ ကောင်းခဲ့ကောင်းခဲ့၊ ခု အရေဝင်နေတော့ 'မွှေး'ကို 'မွှေး'မှန်းလည်း မသိတော့ပါလား။

ရှန်းရင်းကန်ရင်း ပါးပေါ် မျက်ရည်များတစ်ပေါက်ပေါက်ကျလာသည်။ 'ကိုနိုင်' 'မွှေး' ပါးပေါ်ကမျက်ရည်များကို သူ့ပါးဖြင့်ပွတ်ရင်း ရယ်သည်။

"အချစ်ငိုတယ်လား... ဘာလို့ ငိုရတာလည်း အချစ်ရာ... အချစ်နဲ့ ကိုယ်နဲ့ လက်ထပ်တော့မှာပဲကွာ... တိတ် တိတ်"

'မွှေး'မှာတော့ မတိတ်နိုင်ပါ။ 'ကိုနိုင်' ခုလိုပြောလေ မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ကျနေသဖြင့် ကိုယ့်ဘဝကိုယ်တွေးကာ ဝမ်းနည်းနေဆဲ 'ကိုနိုင့်' လက်တွေက 'မွှေး' ဆံပင်တွေကြားထဲရောက်လာသည်၊ 'မွှေး' ခေါင်းမှာညှပ်ထားသော ကလစ်ကိုဆွဲဖြုတ်သည်။ ပြီးတော့ 'မွှေး' ဆံပင်တွေကို ဆွဲဖွသည်။

'မွှေး' အော်မည်လုပ်ပြန်တော့ သူ့လက်ကြီးက 'မွှေး' နှုတ်ခမ်း နနပေါ်ရောက်လာပြန်သည်။ 'မွှေး' အတင်းရုန်းတော့ သူ့လက်ကြီးတွေက 'မွှေး'ကိုချုပ်ကာ မီးခလုတ်ကိုလှမ်းပိတ်သည်။ တစ်ခန်းလုံး မှောင်သွားပြီးနောက်မှာတော့... ။





" 'မွှေး' "

" 'မွှေး' "

ကျယ်လောင်စွာအော်နေသည့် အသံတွေကြားမှ 'ဇင်မောင်နိုင်' လန့်နိုးလာသည်။ နိုးနိုးချင်းထမည်လုပ်တော့ ခေါင်းအအုံနေမှန်း ကိုယ့်ကိုယ်ကို သိလိုက်သည်။ အသာမှေးကာ အိပ်ရာပေါ်ပြန်အိပ်ရင်း 'ဇင်မောင်နိုင်' အခြေအနေပျက်နေသော ကိုယ့်ကိုယ်ကို သတိရလိုက်မိသည်။

ဖရိုဖရဲဖြစ်နေသော အဝတ်အစားတွေကို ကြည့်ရင်း 'ဇင်မောင်နိုင်' မျက်မှောင်ကြုတ်လိုက်သည်။ နောက်တော့ နှုတ်ခမ်းမှာ ပြုံးလိုက်သည်။

"ကဲ... ခုတော့ 'မရွှေအဲလစ်' ဘာတတ်နိုင်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



'ဇင်မောင်နိုင်' ဤကိုယ်ကိုလွှဲ့ကာ ခုတင်ကိုမှီရင်း ညက အဖြစ်ကို ပြန်စဉ်းစားသည်။ သူငယ်ချင်း 'ကျော်ကျော်လွင်'၏ ကောင်းမှုကြောင့် သူတော 'ကိုတိုး'ပါ အရက်သောက်မိကြသည်။ စသောက်တုန်းကတော့ နည်းနည်းပဲသောက်ကြမည် စိတ်ကူးခဲ့ ပေမယ့် နောက်တော့ ဘယ်လိုက ဘယ်လိုဖြစ်ပြီး များများ သောက်မိမှန်း မသိ။

'ဇင်မောင်နိုင်' သတိရလာတော့ ခြံထဲမှာလှုရှင်းနေပြီ။ သူ့ကို ဒရိုင်ဘာ 'ဦးမြတ်'က တွဲခေါ်လာမှန်း သူ သိသည်။ သူ ကိုယ်တိုင်ပင် 'ဦးမြတ်'ကိုပြန်ခိုင်းကာ သူ့ဘာသာသူ တိုက်ပေါ် တက်လာသည်။ ဒါပေမဲ့ လေးငါးထစ်အရောက်မှာ သူပြုတ်ကျ လာသည်။

'အဲလစ်' သူ့ကို ထူပေးသည်။ 'အဲလစ်'ကိုတွေ့တော့ သူ သိပ်ပျော်သွားသည်။ စေ့စပ်သည့်အချိန်ထိ 'အဲလစ်' သူ့ကိုမခေါ် မပြောခဲ့တာ ဘယ်လောက်ကြာပြီလဲ။ တစ်ရက်နှစ်ရက်ပေမယ့် သူ့စိတ်ထဲမှာ တစ်လနှစ်လထင်နေသည်။

သည်အချိန်မှာ 'အဲလစ်'က သူ့ကိုလာထူတော့ သူ အိပ် ခန်းထဲကိုရောက်လာသည်။ သည်နောက်မှာတော့ သူ 'အဲလစ်' ကို ချစ်မိသည် ထင်သည်။ သေသေချာချာ ရေရေရာရာ မှတ်မိ ခြင်းမရှိပေမယ့် ဖရိုဖရဲ သူ့အဝတ်အစားတွေရယ် သူ့အိပ်ရာတွေ ရယ်က သက်သေခံနေသည်။





ဒါဖြင့် 'အဲလစ်'ကော၊ 'ဇင်မောင်နိုင်' အခန်းထဲမှ ကပျာ ကယာထွက်ကာ အသင့်တွေ့ရသော 'ဇင်မာ'ကို လှမ်းမေးလိုက် သည်။

" 'ဇင်မာ'... 'အဲလစ်'ကော"

'ဇင်မာ'ကတော့ ပျာယီးပျာယာထွက်လာသော 'ဇင် မောင်နိုင်'ကို နားမလည်သလို ငေးကြည့်နေ၍...

"ဟ... ငါ မေးနေတယ်... 'အဲလစ်'ကောလို့"

"ညကတည်းက ပြန်သွားတာကော ကိုကိုရဲ့"

"ညကတည်းက ပြန်သွားတယ်... ဟုတ်လား"

'ဇင်မောင်နိုင်' ဇဝေဇဝါပြန်မေးလိုက်သည်။

"ဟုတ်တာယ်လေ ကိုကိုရဲ့... ကိုကိုနဲ့ 'ကိုတိုး' အရက်တွေ သောက်နေတာတွေ့တာနဲ့ 'မမအဲလစ်' စိတ်ဆိုးပြီး ပြန်သွားတာ ပဲ ကိုကို မသိလိုက်ဘူးလား"

"ဟင့်အင်း"

တကယ်လည်း မတွေ့လိုက်၍ သူ့စိတ်ထဲမှာ 'အဲလစ်' အိမ်မှာရှိနေသည်ပဲ ထင်နေခဲ့မိသည်။ 'ဇင်မာ'ကတော့ ပြုံးကာ...

"ကိုကိုကတော့ စံပဲ... 'မမအဲလစ်'နဲ့ ကိုကို စေ့စပ်ရုံပဲရှိ သေးတာ... ဘာလဲ ကိုကိုက လက်ထပ်ပြီးပြီထင်နေလို့လား"

'ဇင်မောင်နိုင်' 'ဇင်မာ' မျက်နှာကိုငေးစိုက်ကြည့်နေမိ သည်။ 'ဇင်မာ' ပြော၍သာ ယုံရသည်။ သူ့စိတ်ထဲမှာတော့ သူ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သူ သတိုးသား အသစ်တစ်ကျပ်ချွတ်ယောက်နှယ် ခံစားနေရသည်။

တကယ်လည်း မင်္ဂလာဦးညလို ကြုံခဲ့သည်ပဲ မဟုတ်လား။ 'ဇင်မာ'ကတော့ တွေဝေနေသော 'ဇင်မောင်နိုင်' မျက်နှာကိုကြည့်ကာ မျက်မှောင်လေးကြုတ်ရင်း...

"ကိုကို ဘာဖြစ်နေတာလဲ"

"ငါ့စိတ်ထဲမှာ ညက 'အဲလစ်' မပြန်ဘူးဘဲထင်နေတယ်"

'ဇင်မာ'က ပြုံးနေသည်။ 'မမအဲလစ်' 'ပိုး'နှင့်အတူ ပြန်သွားတာကို သူကသိနေတော့ ဘာမှပြောမနေချင်တော့၊ သူ့အကို အရက်နာကျ၍ပြောနေသည် ထင်လိုက်သည်။ 'ဇင်မောင်နိုင်'မှာတော့ 'ဇင်မာ့' မျက်နှာကိုစိုက်ကြည့်ကာ ဇဝေဇဝါနှင့်။

"'အဲလစ်' ဒီကပြန်ပြီး နောက်တစ်ခေါက် လာသေးတယ်နဲ့တူတယ်"

"ကိုကိုနဲ့တွေ့လို့လား"

အိုး... တွေ့ရုံမကဘူး... ငါနဲ့အတူ အိပ်ခဲ့ကြတယ်ဟု ပြောမည်ကြံပြီးမှ ညီမအပျိုဖြစ်နေ၍ 'ဇင်မောင်နိုင်' သက်ပြင်းချကာ ခေါင်းညိတ်လိုက်သည်။ 'ဇင်မာ'ကတော့ ခေါင်းလေးခါရင်း

"ဒါ မဖြစ်နိုင်ဘူး... 'မမအဲလစ်' ဒီကပြန်တော့လည်း ဆယ့်နှစ်နာရီထိုးနေပြီ... ဒီအချိန်မှ 'မမအဲလစ်'က နောက်တစ်ခေါက် ပြန်လာမလား... သူ့ အိမ်ကကော လွှတ်မတဲ့လား"





'ဇင်မောင်နိုင်' တွေဝေသွားသည်။ 'ဇင်မာ' ပြောတာလည်းဖြစ်နိုင်သည်။ ဒါဖြင့် သူနှင့်တွေ့ခဲ့တာ ဘယ်သူလဲ၊ 'ဇင်မာ' ကော၊ 'ဇင်မောင်နိုင်' 'ဇင်မာ့' မျက်နှာကို အလန့်ဖျပ်ဖျပ် ငှမ်းကြည့်မိသည်။ 'ဇင်မာ'က အေးဆေးသောလေသံဖြင့်...

"'ဇင်မာ'လည်း 'မမအဲလစ်'တို့ 'ပိုး' တို့ပြန်သွားပြီးကတည်းက အပေါ်တက်လာတာပဲ... 'မမအဲလစ်' နောက်တစ်ခေါက်လာရင် 'ဇင်မာ'လည်း သိမှာပေါ့... ခုဟာက ကိုကိုတစ်ယောက်တည်းသိတာဆိုတော့ ကိုကို အိပ်မက် မက်နေတာလားမှ မသိဘဲ"

အိပ်မက်ဖြစ်ပါစေဟု ရင်ထဲမှာဆုတောင်းလိုက်ပေမယ့် အိပ်မက်မဟုတ်မှန်းတော့ ကိုယ့်ကိုယ်ကို သိနေ၍...

"သွားစမ်း 'ဇင်မာ'... 'အဲလစ်' ဆီဖုန်းဆက်ကြည့်စမ်း... ညက နောက်တစ်ခါ လာသေးလားလို့"

"လာတော့ ဘာဖြစ်လဲ ကိုကိုရဲ့"

အရေးထဲ 'ဇင်မာ'က အထွန့်တက်နေ၍...

"ဆက်စမ်းပါ 'ဇင်မာ'ရယ်... အရေးကြီးလို့ပါ"

'ဇင်မောင်နိုင်' ရင်တွေခုန်နေသည်။ မကျေမနပ်နှင့် တယ်လီဖုန်းဒိုင်ခွက်ကိုလှည့်နေသော 'ဇင်မာ'ကိုကြည့်ကာ ချွေးပြန်နေသည်။'ဇင်မာ'ကတော့ 'ဇင်မောင်နိုင်' အဖြစ်ကို ဘာမှမသိ၊ အေးဆေးသော လေသံနှင့်မေးနေသည်။

"'မမအဲလစ်' ရှိလား"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဘက်က ဘယ်သူကိုင်သည်မသိ၊ 'ဇင်မာ'က လက်ကလေးကာပြသည်။ ခဏနေမှ...

"'မမအဲလစ်'လား 'ဇင်မာ'ပါ... ညက 'မမအဲလစ်' အိမ်ကိုနောက်တစ်ခေါက် ထပ်လာသေးလား"

ဟိုဘက်မှ ဘာပြောမှန်းမသိ၊ 'ဇင်မာ'က ခေါင်းကိုညိတ်ကာ...

"အင်းလေ... 'ဇင်မာ'က မလာပါဘူးဆိုတာပြောလျှက်နဲ့ ကိုကိုက မယုံလို့ ဖုန်းဆက်မေးကြည့်ရတာ"

"'ဇင်မာ့' ကိုကိုက ဘာဖြစ်လို့တဲ့လဲ"

"သိပ္ပါဘူး...မနက်အိပ်ရာထကတည်းက ပြူးတူးကြောင်တောင်နဲ့ 'မမအဲလစ်'ပဲမေးနေတာ... ကြေနွ အိပ်မက်တာပဲ ဖြစ်မှာပါ နော် 'မမအဲလစ်' ရယ်"

ဘေးမှနားထောင်နေသော 'ဇင်မောင်နိုင်'ကတော့ အိပ်မက်မဟုတ်သော သူ့အဖြစ်ကိုတွေးကာ ခေါင်းခါနေမိသည်။ 'ဇင်မာ'ကတော့ တယ်လီဖုန်းကိုချကာ သူ့ အနားလျှောက်လာရင်း...

"ကဲ... ကြားပြီမဟုတ်လား ကိုကို... ညက 'မမအဲလစ်' မလာပါဘူးတဲ့"

ဒါဖြင့် ညက ငါ့ကိုအပေါ်ထပ်တွဲပို့တာ မည်သူနည်း၊ 'ဇင်မောင်နိုင်' 'ဇင်မာ့' မျက်နှာကိုကြည့်ကာ တွေတွေကြီး စဉ်းစားနေသည်။ နောက်တော့ အိမ်ပေါ်ထပ်ကိုပြေးတက်ကာ သူ့





မှတင်ပေါ်မှာ သက်သေခံပစ္စည်း ရှာသည်။

တကယ်လို့ ညက သူနှင့် 'အဲလစ်' ချစ်ခဲ့ကြတာမှန်လျှင် သက်သေခံအမှတ်အသားလေးတွေ ကျန်ရစ်ရမည်။

"ဟော..."

ခေါင်းအုံးကိုဆွဲအလှန် 'ဇင်မောင်နိုင်' လန့်သွားသည်။ ခေါင်းအုံးအောက်မှာ ဆံပင်ညှပ်သည့် ကလစ်ကလေး တစ်ခုပါလား။ 'ပြင်သစ်နိုင်ငံမှာ လုပ်သည်'ဟု အင်္ဂလိပ်လိုရေးထားသော ကလစ်ကလေးကိုယူကာ 'ဇင်မောင်နိုင်' အောက်ထပ်ကိုပြေးဆင်းလာသည်။

"'ဇင်မာ'တွေ့လား... ဒါ 'အဲလစ်' ကလစ်မဟုတ်လား"

'ဇင်မာ'ကတော့ 'ဇင်မောင်နိုင်' ယူလာသောကလစ်လေးကိုယူကြည့်ကာ မျက်နှာပျက်ပျက်နှင့်...

"အို... ကိုကိုကလည်း 'မမအဲလစ်'က ဘယ်တုန်းက ဆံပင်ကို ကလစ်နဲ့ညှပ်လို့လဲ"

"ဒါ... ဒါဖြင့် ဒါ ဘယ်သူ့ ကလစ်လဲ"

'ဇင်မောင်နိုင်' တုန်ရင်သောမေးသံအဆုံးမှာတော့ 'ဇင်မာ့' ဆီမှ ကြောက်မက်ဖွယ်ရာ စကားလုံးကို သူ ကြားလိုက်ရသည်။

"ဒါ 'မွေး' ကလစ်လေ ကိုကို... ဒါ 'မွေး' သူ့ ဆံပင်မှာ အမြဲညှပ်နေတဲ့ ကလစ်ပေါ့"

"အို..."



www.burmeseclassic.com

www.burmeseclassic.com



'ဇင်မောင်နိုင်' မတ်တတ်ရပ်နေရာမှပင် မူးလဲမတတ်ဖြစ်သွားသည်။ 'ဇင်မာ့'ကိုလည်း အကြောက်ကြောက်အလန့်လန့်နှင့် ကြည့်လိုက်မိသည်။ နှုတ်မှလဲ...

"ပြန်ပြောပါဦး 'ဇင်မာ'... ဒါ ဘယ်သူ့ တလစ်..."

"ဩော်... ကိုကိုကလည်း မိုးလင်းကတည်းက ဘာဖြစ်နေတာလဲ... ဒါ 'မွေး' ကလစ် 'မွေး' ကလစ်"

"သွားပြီ"

'ဇင်မောင်နိုင်' ဧည့်ခန်းနံရံမှိကာ ကြေကွဲစွာရေရွတ်လိုက်သည်။ တစ်သက်လုံးစောင့်ထိန်းလာခဲ့သော သူ့ အကျင့်သိက္ခာတွေ တစ်ရက်တည်း အရက်နှင့်အတူ လွင့်ကျသွားပြီ။ သူ 'မွေး'ကို ဘယ်လိုရင်ဆိုင်ရပါ့။

တွေးရင်း တွေးရင်း ညက အကြောက်ကန်ညင်းဆန်နေသော 'မွေး' အသံလေးများကို ပြန်ကြားယောင်လာမိသည်။ သူ့စိတ်ထဲမှာတော့ 'အဲလစ်'ကိုသာစွဲနေ၍ 'အဲလစ်'ဟုပင်ထင်ခဲ့လေသည်။

ခုတော့ သူ ဘယ်လိုလုပ်ရမည်နည်း။ 'ကိုတိုး' ကိုဘယ်လိုရင်ဆိုင်ရမည်နည်း။ ပြီးတော့ 'အဲလစ်'၊ အဆိုးတကာ့ အဆိုးဆုံးကတော့ 'မွေး'။ 'မွေး' မျက်နှာကို သူ ဘယ်လိုကြည့်ရပါ့မလဲ။ တစ်သက်လုံး ကိုယ့်ညီမအရင်းလိုစောင့်ရှောက်လာခဲ့သမျှ ခုတော့ သူ့ဘဝမှာ အမည်းစွန်းရပြီ။





'မွေး'ကတော့ ကိုယ်မွေးထားသည့်ကြက် ကိုယ့်ဘာသာပဲ ရိုက်သတ်စားခဲ့သည်ဟု ထင်တော့မည်။ သူ ဘယ်လိုဖြေရှင်းရမည်နည်း။ တွေးရင်း တွေးရင်း 'ဇင်မောင်နိုင်' ဇောချွေးပြန်လာသည်။

ချွေးပြန်နေသည့်ကြားမှပင် သူ 'ဇင်မာ့'ကို ကြောက်အားလန့်အားနှင့် လှမ်းမေးလိုက်သည်။

"မာမိနဲ့ ဒယ်ဒီကော"

"ရှိတယ်လေ... ဘာဖြစ်လို့လဲ"

'ဇင်မောင်နိုင်' ခေါင်းခါလိုက်သည်။ သူ ဒယ်ဒီနှင့်မာမိ မျက်နှာကိုမကြည့်ရဲ။ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်ဝံ့သလို ခုတော့ အင်မတန်ဖြူစင်တဲ့ 'ဇင်မောင်နိုင်' အဖြစ်မှ အမည်းစွန်းခဲ့ရသည့် 'ဇင်မောင်နိုင်' ဘဝမို့ သူ ရင်မဆိုင်ရဲ။

မျက်နှာကိုလက်နှင့်အုပ်လျက်မှ 'ဇင်မာ့'ကို မေးခွန်းထပ်မေးလိုက်သည်။

"ဒါဖြင့် 'မွေး' ကော..."

မေးလိုက်သည့်အခိုက် 'မွေး' ဆိုသည့်နာမည် အရွတ်ဝယ် သူ့ ရင်မှာနာကျင်သွားသည်။ ဖြစ်မှ ဖြစ်ရလေခြင်းဆိုသည့် လေသံကရောပြွန်းသွားသည်။

'ဇင်မာ'ကတော့ 'ဇင်မောင်နိုင့်' ရင်ထဲမှအဖြစ်တွေကို မသိဘဲ ထူးခြားနေသည့် အကိုဖြစ်သူ၏ဟန်ကြောင့်သာ တွေ



www.burmeseclassic.com

www.burmeseclassic.com



တွေလေးငေးကြည့်ရင်း...

"ခုနက 'မွေး'လို အော်ခေါ်နေတာ ကိုကို မကြားဘူးလား"

'ဇင်မောင်နိုင်' တွေသွားသည်။ သည်အသံတွေကြောင့်ပင် သူ့ အိပ်ရာမှလန့်နိုးခဲ့သည်ပဲ မဟုတ်လား။ ဒါကြောင့် ခေါင်းကိုဆတ်ကနဲညိတ်ကာ...

"အေး... ကြားတယ်... ဘာဖြစ်လဲ"

" 'မွေး' အိမ်မှာ မရှိတော့ဘူး... 'ခေါ်လုံး' လိုက်ရှာနေတယ်"

"ဟာ..."

'ဇင်မောင်နိုင်' ရင်တစ်ခုလုံး ပွင့်ထွက်သွားမတတ်ခံစားလိုက်ရသည်။ ခါတိုင်းအချိန်များမှာ သူ 'မွေး' အတွက် ဒီလောက်ခံစားမှု ပြင်းချင်မှပြင်းမှာ ဖြစ်ပေမယ့် လောလောလတ်လတ်က သူနှင့်ပတ်သက်ထားလေတော့ 'ဇင်မောင်နိုင်' 'ဇင်မာ့'ကို ပြူးတူးပြဲတဲ့ကြည့်ကာ မေးလိုက်မိသည်။

"တွေ့လား... 'မွေး'ကို ရှာလို့တွေ့လား"

"ဟင့်အင်း... မတွေ့သေးဘူး"

"ဘယ်အချိန်က ပျောက်တာလဲ"

" 'ဇင်မာ' မသိဘူး... 'ဇင်မာ' အိပ်ရာနိုးမှ မာမီပြောလို့သိတာ"





'ဇင်မောင်နိုင်' ထမင်းစားခန်းထဲကို ခပ်သွက်သွက်လျှောက်လာခဲ့သည်။ ခုတော့လည်း စောစောကရှက်စိတ်အစားအားမာန်တွေ သတ္တိတွေက အလိုလိုအစားထိုးဝင်လာသည်။ ငယ်စဉ်ကတည်းက မဟုတ်လျှင် မခံတတ်သော သူ့ စိတ်က ခုတော့ ဘွားကနဲပေါ်ထွက်လာသည်။

"မာမီ 'မွေး' မရှိတော့ဘူးဆို"

"အေး... မာမီလည်း 'မလုံး' ပြောမှသိတာပဲ သားရယ်... ခုနကတော့ တစ်ခြံလုံး တစ်အိမ်လုံး ရှာခိုင်းထားတာပဲ"

'မာမီ' မျက်နှာကလည်းပျက်ကာ 'ဇင်မောင်နိုင်'ကို အားကိုးတကြီးလှမ်းကြည့်နေသည်။ ငါးနှစ်ကျော် ခြောက်နှစ်ခန့် အတူတွဲနေလာတော့ မာမီကိုယ်တိုင်လည်း 'မွေး'ကို သံယောဇဉ်ကြီးနေပုံရသည်။

"သူ ဘာဖြစ်လို့ ဒီလိုထွက်သွားတာလဲ မာမီ"

ဒယ်ဒီကတော့ သက်ပြင်းချကာ...

"သူ မနေချင်လို့ ထွက်သွားတာက အရေးမကြီးဘူး... အပျိုအရွယ်လေးဆိုတော့ လမ်းမှာတစ်ခုခုဖြစ်ရင် တို့တာဝန် မကင်းဘူး"

'ဇင်မောင်နိုင်' နှာကျည်းစွာပြုံးလိုက်မိသည်။ ခု 'မွေး' အဖြစ်က လမ်းမှာဘာမှမဖြစ်ဘဲ အိမ်မှာဖြစ်သွားသောအဖြစ်။ သည်အဖြစ်တွေသာ ဒယ်ဒီသိရင် ဘယ်လိုနေမလဲ။ 'ဇင်မောင်နိုင်'



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီကို မလုံ့ပလဲ လှမ်းကြည့်လိုက်မိသည်။ ဒယ်ဒီက အေးဆေးသောလေသံဖြင့်...

"သူ ဒီမှာ မနေချင်လည်း ပွင့်ပွင့်လင်းလင်းဖွင့်ပြောသင့်တယ်... ခု သူများတွေက တစ်မျိုးထင်ရင် ဘယ်လိုလုပ်မလဲ"

"ဘာကိုထင်ရမှာလဲ ကိုကိုရဲ့"

"ဩော်... 'အေး'ကလည်း နှားဝေးရန်ကော... ကိုကိုကလည်း ယောကျ်ား... သားကလည်း ယောကျ်ားလေးဆိုတော့ သူ့ဘာသိဘာသူ အပြင်မှာတစ်ခုခုဖြစ်ရင် ကိုတို့အနေနဲ့ကောင်းမလား"

"ဒါတော့ ကိုကိုရယ်... 'မွှေး' က ဒီလောက်မိုက်မယ် မထင်ပါဘူး"

"အဲဒီလိုမထင်လို့လည်း ခုတော့ ပြေးပြီမဟုတ်လား... ကိုကိုကလည်း သမီးချင်းမစာနာလို့ ပြောတာမဟုတ်ပါဘူး... သွားခြင်းသွားလည်း ကိုကိုတို့ 'အေး'တို့ကို ပြောပြီးသွားတော့ အေးတာပေါ့... အခု သူ့အဖေလာရင် ဘယ်လိုလုပ် မျက်နှာပြကြမလဲ"

ထမင်းစားခန်းထဲမှာ ငြိမ်နေကြသည်။ အားလုံး အတွေးကိုယ်စီနှင့် ထိုင်နေကြဆဲ။ 'ဇင်မောင်နိုင်' အသံထွက်လာသည်။

"'ဇင်မာ'"

'ဇင်မာ' အကိုဖြစ်သူကို လှမ်းကြည့်လိုက်သည်။

"နင် သူ့ သူငယ်ချင်းကို သိတယ် မဟုတ်လား... နာမည်





က ဘယ်သူလဲ"

"'တင်ဦး' ဆိုလားပဲ... ဘာဖြစ်လို့လဲ"

"သွားစုံစမ်းရမှာပေါ့ဟ... ဒီလိုပစ်ထားလို့ ဖြစ်မလား"

"ဒါတော့ ကိုကိုရယ်... သူတောင် မနေချင်လို့သွားသေးတာ 'ဇင်မာ'တို့က ဘာလို့လိုက်ခေါ်ရမှာလဲ"

'မွှေး'ရှိလျှင် သူ့အတွက် အနှောက်အယှက်ပင်ဖြစ်နိုင်သေးတော့ ခုလို 'မွှေး' မရှိတာကိုပင် 'ဇင်မာ'က သဘောကျနေသေးသည်။

'ဇင်မောင်နိုင်'ကတော့ ခေါင်းကိုခါကာ...

"သူ့ လိပ်စာ နင်သိလား"

"... ... အဆောင်မှာ ဆိုလားပဲ... သေသေချာချာတော့ မသိဘူး"

"ငါ သွားမေးမယ်"

'ဇင်မောင်နိုင်' စိတ်မြန်လက်မြန်နှင့် နေရာမှထတော့ 'ဇင်မာ'က လှမ်းတားသည်။

"ကိုကို"

"ဘာလဲ"

"မသွားပါနဲ့"

"ဘာဖြစ်လို့လဲ"

"သူ့ကြောင့်ပဲ ကိုကိုနဲ့ 'မမအဲလစ်' ပြဿနာတက်ထား



www.burmeseclassic.com

www.burmeseclassic.com



တယ်… ခု ကိုကိုက ထပ်ခေါ်တော့ ပြဿနာပိုတက်မှာပေါ့"

"ဘာဆိုင်လဲ"

"ဆိုင်တယ်… 'မမအဲလစ်'က နဂိုကတည်းက ကိုကိုနဲ့ 'မွေး'ကို သကာတာမဟုတ်ဘူး… ခုလို ကိုကိုက ရှာလားဖွေလား လုပ်ရင် ပိုဆိုးကုန်မှာပေါ့"

"ဒါတော့ ကိုယ့်အိမ်ကိစ္စ သူ နေရာတကာ ဝင်ပြောနေစရာမလိုပါဘူး"

"လိုတယ် ကိုကို… 'မမအဲလစ်'က ကိုကိုနဲ့စေ့စပ်ပြီးတဲ့ မိန်းမ… ဒီတော့ သူ့မှာပြောရမယ့်တာဝန်ရှိတယ်… ကိုကို 'မွေး' ဆီ မသွားရဘူး… သွားရင် 'မမအဲလစ်'နဲ့ 'ဇင်မာ' တိုင်မှာပဲ"

"တိုင်ကွာ… တိုင်တော့ ဘာဖြစ်လဲ"

'ဇင်မောင်နိုင်' ဒေါပွပွနှင့် အိမ်ရှေ့ကိုထွက်လာခဲ့သည်။ ပထမပိုင်းက 'ဇင်မာ'တို့ ဒီလောက်ယုတ်မာမှန်း မသိပေမယ့် ဒီစကား စကား ပြောပါများ စကားထဲက ဇာတိပြဆိုတာလို ပြောရင်းဆိုရင်း 'ဇင်မာ'နှင့် 'အဲလစ်'၏ စိတ်ဓာတ်ကို 'ဇင်မောင်နိုင်' ရှာလိုက်သည်။

'ဇင်မောင်နိုင်' အိမ်ရှေ့ကိုအရောက် 'ဇင်မာ'က လှမ်း အော်ပြန်သည်။

"ကိုကိုနော် မသွားနဲ့လို့ ပြောနေတယ်မဟုတ်လား… 'ဇင်မာ' ခု 'မမအဲလစ်'ကို ခေါ်လိုက်ရမှာလား"





"ခေါ်ပေါ့… သူလာရင် သူ့ပါ ငါခေါ်သွားမှာပေါ့"

"'မမအဲလစ်'က လိုက်ပါလိမ့်မယ်အားကြီး"

"မလိုက် နေပေါ့… ငါကတော့ ငါလုပ်စရာ လုပ်ရမှာပဲ ဒီနေရာမှာ ချစ်သူကော ညီမရော ငါနားမလည်ဘူး"

"ဘယ်နားလည်မလဲ… ကိုကိုကော 'ကိုတိုး'ကော 'မွေး' မှိုင်းမိနေကြတာကိုး"

"အေး… ငါတို့က 'မွေး' မှိုင်းမိတယ်ဆိုရင် နင်နဲ့ 'အဲလစ်' တို့ညီမက အဘိဓမ္မာမှိုင်းမိနေကြတယ်"

"အမယ်လေး… ကိုကိုက သူ့ကောင်မ ထိတော့ နာလိုက်တာ… ကိုကိုနဲ့ ဘာတော်လို့လဲ"

"သူဟာ ငါ့မိန်းမ"

"ဘာ…"

"ဟုတ်တယ်… ညက 'အဲလစ်' ထင်ပြီး ငါ ချစ်ခဲ့မိတာ 'မွေး' ပဲ"

"ဘုရား…"

အားလုံး ရင်ဘတ်ကိုဖိကာ ဘုရားတလိုက်ကြသည်။ မမျှော်လင့်သောစကားကိုကြားလိုက်ရတော့ အားလုံးကြောင်ကာ 'ဇင်မောင်နိုင်'ကို ငေးကြည့်နေကြသည်။ 'ဇင်မောင်နိုင်'ကတော့ ခေါင်းကိုတင်းတင်းကြိတ်ကာ…

"မာမီကို သားပြောမယ်… သား 'အဲလစ်'နဲ့စေ့စပ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ပြီး သား 'မွေး'ကို လက်ထပ်ယူမယ်"

"မြတ်စွာဘုရား"

'ဒေါ်ခင်အေး'ကတော့ ရင်ဘတ်ကိုဖိကာ ဘုရားကို သတိရလိုက်မိသည်။

"'အဲလစ်'နဲ့သား ချစ်သာချစ်ခဲ့ကြတာ 'အဲလစ်'ကို သား လွန်လွန်ကျူးကျူး မချစ်ခဲ့ဖူးဘူး... 'မွေး'ကတော့ မချစ်ခဲ့ဖူးပေ မယ့် သား ကျူးလွန်မိပြီ... ဒီတော့ သားဟာယောကျ်ားကောင်း တစ်ယောက်အနေနဲ့ 'မွေး'ကို လက်ထပ်သင့်တယ်"

"သားရယ် ဖြစ်မှဖြစ်ရလေ"

'ဒေါ်ခင်အေး' မျက်ဝန်းမှ မျက်ရည်များစိမ့်ထွက်မိသည်။ သားအဖြစ်ကလည်း ဆန်းသည်မဟုတ်လား။ မနေ့ကပင်'အဲလစ်' နှင့်စေ့စပ်ခဲ့သည်။ သည်နေ့မှာတော့ 'မွေး'နှင့် လက်ထပ်ရတော့ မည်။ ဘာပဲပြောပြော သားဆိုတာ ကောင်းနိုးရာရာလေးနှင့်သာ ပေးစားလိုသည်မို့...

"သားရယ် ဒီအကြောင်းတွေ 'အဲလစ်' သိတာမှမဟုတ် ဘဲကွယ်... 'အဲလစ်'နဲ့ လက်ထပ်လိုက်ပါလား... 'မွေး'ကို လျော် ကြေးပေးလိုက်ရင်ကော..."

"တော်တော့ မာမီ... တကယ်လို့ 'မွေး' နေရာမှ 'ဇင်မာ' ဆိုရင် မာမီ ဘယ်လိုနေမလဲ"

"အို 'ဇင်မာ'ကို ထည့်မပြောပါနဲ့... 'ဇင်မာ'က ဒါမျိုး



လည်းအဖြစ်ခံမယ့် မိန်းကလေး မဟုတ်ဘူး... သူသာ 'ကိုတိုး'ကို မရလို့ အပိုင်ကြံတာ မသိတာလိုက်လို့... ဒါကို ကိုကိုက အထင် ကြီး ကြီးပြီး ကိုကို့ကို ကိုကိုကယ်တင်ရှင် သူ့ရဲကောင်းကြီးလုပ် ချင်နေတာ... 'ဇင်မာ'တော့ ဘယ်နည်းနဲ့မှ သဘောမတူဘူး... အိမ်ပေါ်လည်း အတင်မခံဘူး... ဒါပဲ"

'ဇင်မာ' စကားအဆုံးမှာ အိမ်ပေါ်သို့ဆောင့်အောင့်တက် လာခဲ့သည်။ ရင်ထဲမှာလည်း တကယ်ပဲ ခံပြင်းနေသည်။ နဂိုကမှ ခနာလို မရှုစိမ့်ရသည့်ကြားထဲ သူက အကို၏မယားဖြစ်လာ မည်ဆိုတော့ 'ဇင်မာ' နှုတ်ခမ်းကိုမဲ့ပစ်လိုက်သည်။ ညည့်ခန်းတွင်း မှာတော့...

"ဒါဖြင့် ဒီကိစ္စကို ဘယ်လိုလုပ်ကြမလဲ... မာမီတော့ ခေါင်းစားတာပဲ သားရယ်... 'အဲလစ်'တို့ မိဘတွေကိုလည်း ဘယ် လိုမျက်နှာပြရမလဲ"

မနေ့ကပဲ စေ့စပ်ပွဲလုပ်သည်။သည်နေ့စေ့ခေပ်ပွဲဖျက်သိမ်း မည်ဆိုလျှင် သူတို့လည်း ရှက်ကြမှာသေချာသည်။

"'အဲလစ်'ကိုခေါ်ပြီး တိုင်ပင်ရင် မကောင်းဘူးလား"

"အို... သူက နားလည်မှုရှိရင် ကောင်းပါရဲ့... နားမလည် ရင် နှစ်ဘက် မျက်နှာပျက်ရမယ့်ကိစ္စ ကိုကိုရဲ့"

"ဒါတော့ သူလည်း အရှက်ရမယ့်ကိစ္စပဲ 'အေး'ရယ်... သူလည်း နားလည်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကိုကို့ သဘောလေ"

လင်မယားနှစ်ယောက်တိုင်ပင်ပြီး 'ဇင်မာ့' ကိုခေါ်ကာ 'အဲလစ်'ကို ဖုန်းဆက်ခိုင်းလိုက်သည်။ 'ဇင်မောင်နိုင်'ကတော့ ဘာမှမပြောတတ်သလို ဧည့်ခန်းအလယ်မှာ ငုတ်တုတ်ထိုင်နေမိသည်။ ခုချိန်မှာတော့ သူ့မှာ လမ်းဆုံးမှာရောက်နေသည့်လူနှင့်တူနေသည်။

ခြေထောက်က သည်ဘက်ကိုဦးတည်လျှင် အခြားဘက်ကိုကျော့ခိုင်းရမှာ သေချာသည်။ သူ ဘယ်ကိုကျော့ခိုင်းရမည်နည်း။ 'ဇင်မောင်နိုင်' တုန်ရီစွာတွေးနေဆဲ 'အဲလစ်' ကဒုးလေးပေါ်ထိကိုအောက် ထိုးဆိုက်လာသည်။





# ၁၉

ဆရာဝန်ဖြစ်တော့မည့် သူ တစ်ယောက်မို့ 'အဲလစ်' ဟန်က ရဲရင့်နေသည်။ နက်ပြာရင့်ရောင် အိတ်တုံဝမ်းဆက်နှင့် ခါကြာရှင်းလှပနေသလို သူ့ပုံစံကလည်း သွက်သွက်လက်လက်။ ဧည့်ခန်းထဲကိုဝင်လာစဉ် 'ဇင်မောင်နိုင်'ကိုတွေ့တော့ ဖြစ်ကနဲ ချက်နှာလေးကိုမော့သွားသည်။

သူမစိတ်ထဲမှာ ပြဿနာကြီးကြီးမားမားဖြစ်လိမ့်မည်ဟု လုံးဝမထင်။ ဒါကြောင့် 'ကိုနိုင့်'ကို မူမြဲတိုင်း မှုနေလိုက်သည်။ ခိန်းကလေးနှင့် ယောကျ်ားကလေး၊ မိန်းကလေးမှုလိုက်လျှင် ဘယ်ယောကျ်ားလေးခံနိုင်မလဲမူဖြင့် 'အဲလစ်' 'ကိုနိုင့်'ကို မူမြဲတိုင်းမှုနေခြင်းလည်းဖြစ်သည်။ ရီနေခြင်းလည်း ဖြစ်သည်။

စိတ်ထဲမှာလည်း 'ကိုနိုင့်'ကို မကျေနပ်ချက်တွေက ရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်မဟုတ်လား။ အထူးသဖြင့် 'မွေး'နှင့်ပတ်သက်လို့ပေါ့။ အခြားကိစ္စတွေခွင့်လွှတ်နိုင်ပေမယ့် မိန်းမကိစ္စနှင့် ပတ်သက်လာလျှင်တော့ 'အဲလစ်' ခွင့်မလွှတ်ချင်။

သူ 'ကိုနိုင်'ကိုချစ်သလို 'ကိုနိုင်'ကလည်း သူ့ပဲချစ်ရမည်ဟု စိတ်ထဲမှာတွေးထားမိသည်။ 'အဲလစ်' ထမင်းစားခန်းထဲရောက်တော့ မိသားစုအစုံအလင်တွေ့ရသည်။ အားလုံး၏မျက်နှာက ညှိုးနေတော့ 'အဲလစ်' ရင်ထင့်သွားမိသည်။ ဘာများဖြစ်ကြပါလိမ့်အတွေးနှင့် ငေးနေခိုက်...

"'အဲလစ်'... သမီး"

'ဒေါ်ခင်အေး' ငိုလေပြီ၊ 'အဲလစ်' ရင်မှာ ပိုစိုးထိတ်စွာနှင့် 'ဇင်မာ'ကိုအကြည့်...

"အဲဒါ ဟိုကောင်မကြောင့်... ဟိုကောင်မကြောင့်"

"ဘယ်ကောင်မလဲ 'ဇင်မာ'ရဲ့"

"ဘယ်ကောင်မကမှာလဲ... 'မွေး' ပေါ့"

"'မွေး'... ဘာဖြစ်လို့လဲ"

"သူ အိမ်မှာမရှိတော့ဘူးလေ 'မမအဲလစ်'ရဲ့...ထွက်သွားတာလည်း အေးအေးမထွက်သွားဘူး... အိမ်မှာ ငြိုပြဿနာပြီးမှ ထွက်သွားတယ်"

"ဘာတွေငြိုပြဿနာသွားလို့လဲ 'ဇင်မာ'ရဲ့"

တကယ်မေးလာတော့ 'ဇင်မာ' ဘယ်လိုဖြေရမှန်း မသိ





'အဲလစ်' မျက်နှာကိုသာ အားနာစွာငေးကြည့်နေကြသည်။

"ပြောပါ အန်တီ... မောင့်ကိစ္စလား"

"အေးပေါ့... သားကိစ္စပေါ့"

'ဒေါ်ခင်အေး' မနေ့ကကိစ္စကို အတိုချုံ့ကာ ပြောပြလိုက်သည်။ ကြားခါစတော့ 'အဲလစ်' ကိုယ်လေးတောင့်သွားသည်။ ကိုယ့်နားကိုပင် မယုံချင်သလိုဖြစ်သွားသည်။ 'ဇင်မာ' ကိုယ်တိုင် မနက်က ဖုန်းဆက်မေးတာ အဲဒီကိစ္စကြောင့်ဆိုတော့ 'အဲလစ်' မောင့်ကို လှည့်ကြည့်မိသည်။ နားကျည်းစွာပဲ ပြုံးလိုက်မိသည်။

ခုနကပင် 'မွေး'နှင့်ပတ်သက်ကာ စိတ်မှာအနှောင့်အယှက်ဖြစ်နေရသည့်ကြားထဲ ခုလို သတင်းကြားရတော့ 'အဲလစ်' မာနက ထောင်ထလာသည်။

"ဒါဆို 'အဲလစ်' ဘာလုပ်ပေးရမလဲ... သူ့ကို ခေါ်ခေါ်ကြောင်းလမ်းထားတာ ဖျက်သိမ်းပေးရမလား"

"လူကြီးတွေသိကုန်ရင် ဒီလိုဖြစ်မှာစိုးလို့ သမီးကိုခေါ်ပြီးတိုင်ပင်တာပါကွယ်... အန်တီတို့လည်း ဘာမှမလုပ်တတ်ဘူး... သမီးနဲ့ စေ့စပ်ထားတာလည်း မဖျက်ချင်ဘူး"

"သူကကော ဘာပြောလည်း အန်တီ"

"သူကတော့ သူ့မှာ တာဝန်ရှိတယ်တဲ့လေ... 'အဲလစ်'က စေ့စပ်ထားရုံစေ့စပ်ထားတာတဲ့... 'မွေး'က..."



www.burmeseclassic.com

www.burmeseclassic.com



"အို… တော်ပါတော အန်တီ"

'အဲလစ်' နားကိုပိတ်ကာ ကုန်းအော်လိုက်မိသည်။ မျက်ရည်များ ရစ်ဝဲလာသောမျက်ဝန်းက မောင့်ကိုနာကျည်းစွာလှမ်းကြည့်လိုက်မိသည်။

သည်နောက်မှာတော့ 'အဲလစ်' မောင့်ဆီကိုလာကာ မောင့်လက်စွပ်ကိုချွတ်ပေးလိုက်သည်။

"ရော့… ရှင့်လက်စွပ်… ကျွန်မလက်စွပ်ပြန်ပေး"

ချစ်တုန်းက ချစ်၍ဝတ်ပေးခဲ့ပြီး မုန်းသည့်အခါမှာတော့ သည်လက်စွပ်တွေက အဓိပ္ပါယ်မရှိတော့။ 'ဇင်မောင်နိုင်' သက်ပြင်းချကာ 'အဲလစ်'ကို မော့ကြည့်လိုက်သည်။ ငယ်စဉ်ကလေးဘဝကတည်းက ချစ်ခဲ့သည်။ ခုချိန်ထိလည်း သူ 'အဲလစ်'ကို ချစ်ပါသည်။

ယနေ့ 'အဲလစ်'နှင့် အိမ်ထောင်ပြုကာ သားတွေသမီးတွေမွေးရသည်အထိ ပေါင်းဖက်မည်ဟု သူ ရည်ရွယ်ခဲ့သည်။ ရည်ရွယ်သည့်အတိုင်းလည်း သူနှင့် 'အဲလစ်' စေ့စပ်ခဲ့ကြသည်။ သည်လို စေ့စပ်ပြီးကာမှ ဖန်လာသည့်ကံကြမ္မာကိုတော့ 'ဇင်မောင်နိုင်' ဘယ်လိုမှ မတွန်းလှန်နိုင်။

သူ့ရဲဘောကြောင်စွာ 'မွေး'နှင့်သူ ဖြစ်ခဲ့တာကို မသိချင်ဟန်ဆောင်ပြီး 'အဲလစ်'ကို သူလက်ထပ်ယူရင်တော့ဖြစ်နိုင်သည်။ ဒါပေမဲ့ 'ဇင်မောင်နိုင်' ကိုယ့်ကိုယ်ကိုတော့ ပတ်ဝန်းကျင်ကို





မညာချင်သည်မို့ သူ့ လက်မှာစွပ်ထားသည့် ရွှေပြောင်လက်စွပ်လေးကို ချွတ်ပေးလိုက်သည်။

'အဲလစ်' ဆီမှ အင့်ကနဲ ငိုရှိုက်သံအဆုံးမှာတော့ 'ဇင်မောင်နိုင်' ခေါင်းကိုငုံ့ချလိုက်မိသည်။ သွားပြီ။ တစ်သက်လုံးချစ်ခဲ့သမျှ အရက်နှင့်လဲလိုက်ရပြီ။ 'ဇင်မာ'က တိုက်ထဲမှ ပြေးထွက်သွားသော 'အဲလစ်' ကျောပြင်လေးကိုကြည့်ကာ ဝမ်းနည်းစွာငိုရှိုက်သည်။

"အဲဒါ မာမီတို့ကြောင့်… မာမီတို့ 'မွေး'ကို အိမ်ပေါ်တင်လိုက်လို့ ကိုကိုနဲ့ 'မမအဲလစ်'တို့ ကွဲတာ… ဒါကြောင့် ရှေးလူကြီးတွေပြောကြတာ… ခြေနှစ်ချောင်းလည်း မကယ်နဲ့… မှင်းလှေမျောလည်း မဆယ်နဲ့ဆိုတာ… ခု ဘယ့်နှယ်လုပ်ကြမလဲ"

'ဇင်မောင်နိုင်' ကိုယ်တိုင်လည်း ဘာလုပ်ရမှန်း မသိတော့။ သည်ကြားထဲ နက်ဖြန်ခွင့်ရက်စေ့ကာ ပြန်ရတော့မည်ဆိုတော့လည်း ရင်မှာ 'မွေး' အတွက် ပူသည်ထက်ပူလာသည်။ ချစ်သူ စွန့်ပစ်သွား၍ ရင်ပူရသည်ကတစ်မျိုး၊ 'မွေး' အတွက် ပူရသည်က တစ်သွယ်။ 'ဇင်မောင်နိုင့်' ဟန်က ရိုရင်းစွဲအသက်ထက်ပင် ရင့်ရော်နေပုံပေါ်နေသည်။ 'ဇင်မောင်နိုင့်' ဒယ်ဒီကတော့…

"တို့ သူတို့ရွာ သွားစုံစမ်းရင် ကောင်းမလား"

"အို… ဘယ်ဖြစ်မလဲ ကိုကိုရဲ့… လာရင် ကောင်းပါရဲ့…



www.burmeseclassic.com

www.burmeseclassic.com



မလာဘူးဆိုရင် 'အေး'တို့ ဘာသွားပြောမလဲ"

"အေး... ဒါလည်း ဟုတ်တာပဲ"

"ဒီမှာက 'အဲလစ်'နဲ့ စေ့စပ်ထားတဲ့ကိစ္စကလည်း တန်းလန်းကြီး... 'အဲလစ်'တို့ အိမ်ကလည်း ဘာပြောကြဦးမယ် သိတာမဟုတ်ဘူး... 'အေး'တော့ သေသာသေလိုက်ချင်တော့တယ် ကိုကိုရယ်"

မိခင်ဖြစ်သူ မျက်ရည်ကျနေသည်ကိုကြည့်ကာ 'ဇင်မောင်နိုင်' တိုက်ပြင်ကိုထွက်လာခဲ့သည်။ ရင်ထဲမှာတော့ ဆူဝေနေသည်။ ဘယ်နေရာ သွားသွားလာလာ 'အဲလစ်'နှင့် အတူတူသွားခဲ့ နေရာလေးတွေဆိုတော့လည်း ရုတ်တရက် သူ 'အဲလစ်'ကိုမေ့၍မရ။

ဖြစ်သင့်ဖြစ်ထိုက်သည့်လုပ်ရပ်မို့ သူ 'အဲလစ်'ကို လက်ထပ်ပြန်ချုတ်ပေးခဲ့ရသော်လည်း သူ့ အသည်းထဲမှာ 'အဲလစ်'က နေရာ ဝင်ယူဆဲပါ။ လွှမ်းမိုးထားဆဲပါ။ တစ်ယောက်တည်းတွေးကာနေဆဲ သူ့ နားကို 'ဒေါ်လုံး' ရောက်လာသည်။

"သား... 'ကိုနိုင်' "

'ဇင်မောင်နိုင်' 'ဒေါ်လုံး'ကို မော့ကြည့်လိုက်သည်။ ငယ်စဉ်ကတည်းက အတူနေလာခဲ့သည်မို့လည်း 'ဒေါ်လုံး' မျက်ဝန်း၏ အကြည့်ကို နားလည်သည်။

"ပြောပါ 'ဒေါ်လုံး'... 'မွေး' အကြောင်း မဟုတ်လား"





"ဟုတ်ပါတယ်ကွယ်... 'မွေး' သွားတဲ့နေရာကို 'ဒေါ်လုံး' သိပြီ"

"ဒါဖြင့်လည်း စောစောကပြောရောပေါ့ 'ဒေါ်လုံး'ရာ"

" 'ဒေါ်လုံး'လည်း ပြောမလို့ဘဲ... အဲဒီမှာ ပြဿနာတွေတက်နေတာနဲ့ မပြောဖြစ်တာ"

"ဒါဖြင့် ခု ပြော"

"သူ တလောကပြောတယ်... သူငယ်ချင်းတစ်ယောက် တက္ကသိုလ်မှာရောက်နေတယ်တဲ့... 'ညွန့်မေ'ဆိုလားပဲ... အပြင်ဆောင်မှာနေတယ်တဲ့... သူ အဲဒီ သွားနေမယ်လို့တော့ ပြောဖူးတယ်... အဲဒီများ သွားမလား်ပဲ"

"သွားမလား မဟုတ်ဘူး... သွားကိုသွားမှာ သေချာတယ် ကျွန်တော် လိုက်သွားဦးမယ်"

'ဇင်မောင်နိုင်' ကားကိုအပြင်းမောင်းကာ ထွက်လာတော့ နေ့က ရင့်သည်ထက် ရင့်လာပြီ။ 'အဲလစ်'တို့ ခြံရှေ့ကိုအရောက် ခြံထဲကိုလှမ်းကြည့်မိတော့ 'အဲလစ်'ကို အမှတ်မထင်အတွေ့ 'ဇင်မောင်နိုင်' ကားကို တုန့်ကနဲရပ်လိုက်သည်။

'အဲလစ်'ကလည်း 'ဇင်မောင်နိုင်' အတွေ့ ဒန်းပေါ်ထိုင်နေရာမှ လှမ်းကြည့်နေသည်။ နောက်တော့ တိုက်ထဲကိုပြေးဝင်သွားသည်။ လူချင်းကမြတ်ပေမယ့် သံယောဇဉ်ချင်းက နှယ်ယှက်လျက်ပင်ရှိနေသေးပါလား။ 'မွေး'နှင့်ကျတော့...



www.burmeseclassic.com

www.burmeseclassic.com



'ဇင်မောင်နိုင်' သက်ပြင်းချလိုက်သည်။ 'ဒေါ်လုံး' ပြောလိုက်သည့် 'ညွှန့်မေ'တို့ အဆောင်ကိုရောက်တော့ 'မွေး'ကို ရုတ်တရက် မတွေ့ရ။ 'မွေး' အစား 'ညွှန့်မေ'ဆိုသည့် အမျိုးသမီးသာ ထွက်လာသည်။ 'ဇင်မောင်နိုင်' အလောတကြီး မေးလိုက်မိသည်။

" 'မွေး'ကော ခင်ဗျာ... 'မွေး' ကော... ကျွန်တော် 'မွေး' ကိုတွေ့ချင်လို့ပါ"

" 'မွေး'... ဘယ်က 'မွေး'လဲ... ဒီအဆောင်မှာ 'မွေး'ဆိုတာ မရှိဘူး"

"ခင်ဗျာ"

"ဟုတ်တယ်... ရှင် လူများမှားနေပြီလား"

"မမှားပါဘူး ခင်ဗျာ... ဒီအဆောင်ရယ်... 'မညွှန့်မေ' ရယ်ကို ကောင်းကောင်းမှတ်လာတာပါ"

"ဒါဆိုရင် ကျွန်မတို့အဆောင်မှာမရှိဘူး... ကျွန်မကိုခွင့်ပြုပါဦး"

အဆောင်ထဲကို ဝင်သွားသည့် 'ညွှန့်မေ'ဆိုသည့် အမျိုးသမီး ကျောပြင်ကိုကြည့်ကာ 'ဇင်မောင်နိုင်' ပြေးလိုက်သွားချင်သော်လည်း မသင့်လျော်၍ပြန်လာခဲ့ရသည်။ စိတ်ထဲမှာတော့ ထိုအဆောင်မှာပင် 'မွေး' ရှိနေလိမ့်မည်ဟု ထင်နေမိသည်။

'ဇင်မောင်နိုင်' အိမ်ကိုပြန်ရောက်တော့ ဒယ်ဒီကော မာမီပါ သူ့ကိုစောင့်လင့်နေသည်။





"တွေ့ခဲ့လား သား"

"မတွေ့ခဲ့ဘူး မာမီ... ကြည့်ရတာ 'မွေး' ကိုယ်တိုင်က တွေ့ချင်ပုံ မရဘူး"

"ဒါဆိုလည်း ကောင်းတာပေါ့ ကိုကိုရဲ့... အေးတာပေါ့ ခုနကပဲ 'မမအဲလစ်'ဆီက ဖုန်းဆက်တယ်... သူ အိမ်ကိုဖွင့်မပြောရသေးဘူး... သူ့ ကိစ္စ သူပဲကျိတ်ခံမယ်တဲ့... လူကြီးတွေကို စိတ်မဆင်းရဲစေချင်ဘူးတဲ့လေ... ကြည့်ရတာ 'မမအဲလစ်' ကိုယ်တိုင် ကိုကို့ကို မပြတ်နိုင်ပါဘူး ကိုကိုရယ်... 'မွေး'ကို မေ့လိုက်ပါနော် ကိုကို"

'ဇင်မောင်နိုင်' ဘယ်လိုဖြေရမလဲ။ တကယ်လည်း သူ့ရင်ထဲမှာ 'အဲလစ်'ကို မေ့မရသေးပါ။ 'အဲလစ်'ကို ချစ်နေဆဲပါ။ အဲဒါကြောင့်လဲ...

"ကိုကို 'မွေး'ကို မေးချင်သေးတယ်... 'မွေး'က ခွင့်ပြုမှ ကိုကို 'အဲလစ်'ကို လက်ထပ်မယ်... ခုလောလောဆယ်မှာတော့ ကိုကို့ကိုပိုင်တာ 'မွေး'ပဲ"

"ဒါဆို 'ဇင်မာ' 'မွေး' ကိုရှာပေးရမလား"

"ဖြစ်သင့်တာ ဒါပဲ... ကိုကို 'မွေး' မေးပြီးမှ ကျန်တာကို ဆက်ပြီး ဆုံးဖြတ်မယ်"

သည်လိုဆိုတော့လည်း 'ဇင်မာ'ကော 'အဲလစ်'ပါ 'မွေး'ကို လိုလိုလားလားရှာမိကြသည်။ 'ဇင်မာ'က အကိုအတွက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သလို 'အဲလစ်'က မိသားစုအတွက်။ ဒယ်ဒီတို့ အရှက်ရမှာစိုးသလို သူ ကိုယ်တိုင်လည်း တကယ်တမ်းစွန့်လွှတ်ရမည်ဆိုတော့မှ မောင့်အပေါ်ကို အဘယ်မျှချစ်သည်ကိုသိလာသည်။

နောက်တစ်နေ့မနက် 'ဇင်မောင်နိုင်' ပြန်တော့ 'အဲလစ်' လိုက်ပို့သည်။ မောင့်မျက်နှာကိုကြည့်ကာ 'အဲလစ်' ငိုချင်လာသည်။ မောင်ကလည်း 'အဲလစ်' အဖြစ်ကို သိပုံနှင့်...

" 'အဲလစ်' ပြန်တော့လေ"

"နှင်တာလား မောင်"

သည်လိုဆိုတော့လည်း 'ဇင်မောင်နိုင်' အောင့်မနေနိုင်တော့။ 'အဲလစ်' လက်ကိုဆွဲကာ 'အဲလစ်' မျက်နှာကိုအကြာကြီး စိုက်ကြည့်နေမိသည်။ 'အဲလစ်' ကိုယ်တိုင်လည်း မောင့်နှယ်၊ မောင့်ကို အကြာကြီးစိုက်ကြည့်နေမိသည်။ နှစ်ဦးသားရင်ထဲမှာတော့ မရေရာသည့်အနာဂတ်အတွက် စိတ်မောနေသည်။

ဘာပဲပြောပြော သူတို့အနာဂတ်က 'မွေး'ပေါ် မူတည်နေသည်ဆိုတော့ 'ဇင်မာ' 'မွေး' ကိုတွေ့အောင်ရှာရသည်။ တွေ့ချင်ပါသည်ဆိုမှ 'မွေး' ပျောက်ချက်သားကောင်းနေသည်။ပျောက်သော သူ ရှာလျှင်တွေ့ပေမယ့် ပုန်းသောသူကတော့ ရှာလို့ကိုမတွေ့။

တွေ့မယ် တွေ့တော့ 'တင်ဦး'ကို သွားတွေ့သည်။ 'ဇင်မာ' လေဟာပြင်ဈေးထဲမှာ မရုက်နိုင်မကြောက်နိုင် 'တင်ဦး'ကို လှမ်းခေါ်ပေမယ့် 'တင်ဦး'က မကြားသည့်အလား မမြင်သည့်အလား





ဒုတ်ဆန်းကားတစ်စီးပေါ်တက်သွားသည်။

'ဇင်မာ' သက်ပြင်းချလိုက်သည်။ ဘာပဲပြောပြော 'မွေး' သူတို့တွေ့အောင်ရှာရမည်။ 'မွေး'ကိုတွေ့မှ သူတို့ပြဿနာလည်း အေးမည် မဟုတ်လား။ သည်ကြားထဲ 'ကိုတိုး'က တစ်မျှောင့်...

" 'မွေး'ကော မတွေ့ပါလား 'ဇင်မာ' "

"ရှိသားပဲ"

'ဇင်မာ'က ဘာမှမဖြစ်သလိုပုံစံနှင့် 'ကိုတိုး'ကိုလိမ်ပေမယ့် 'ကိုတိုး'က မယုံ။

" 'ကိုတိုး' မတွေ့တာကြာပြီ"

"သူ့ သူငယ်ချင်းအိမ် ခဏသွားနေတယ်... ဘာလုပ်မလို့လဲ"

"အင်း... ဒါကြောင့် သူ့ကို 'ကိုတိုး' ကမာရွတ်မှာတွေ့လိုက်ရတာကိုး"

"တကယ်"

"တကယ်ပေါ့... သူ 'ကိုတိုး'ကို မမြင်ဘူး"

"ဘယ်နေ့က တွေ့လိုက်တာလဲ 'ကိုတိုး' "

"တစ်နေ့ကပဲ"

"ဒါဖြင့် သူ စာမေးပွဲဖြေနေပြီနဲ့တူတယ်"

"ဟုတ်မှာပေါ့"

" 'ဇင်မာ' တွေ့လိုက်ချင်တာ"



www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းစွာပြောလာသော 'ဇင်မာ'ကို ကြည့်ကာ 'ကိုတိုး' က အံ့သြနေသည်။

"တကယ်ပါ 'ကိုတိုး'ရဲ့... 'ဇင်မာ' တကယ်တွေ့ချင်တာပါ"

"တွေ့ရင် ဘာလုပ်မလို့လဲ"

"'မွေး'ကို မေးစရာလေးရှိလို့"

"ဘာမေးမှာလဲ"

"အို... 'ကိုတိုး' သိလို့ဘယ်ဖြစ်မလဲ... 'မွေး' ပဲသိလို့ဖြစ်မှာပေါ့"

"ဒါဖြင့် နက်ဖြန်လိုက်ခဲ့"

"ဟင်... ဘယ်ကိုလိုက်ရမှာလဲ"

"'မွေး' ဆီကိုလေ"

'ဇင်မာ' အံ့သြသွားသည်။ 'ကိုတိုး'ကိုလည်း မျက်လုံးလေးပြူးကြည့်နေ၍...

"သိပ်လည်း အံ့သြမနေနဲ့ဦး...'ကိုတိုး' အသိတစ်ယောက်ဆီမှာ 'မွေး'ကိုပို့ထားရတယ်... ဒီအိမ်က စထွက်သွားတဲ့နေ့ကတည်းက 'ကိုတိုး'နဲ့ လမ်းမှာတွေ့တာ"

"ဟင် ဒါဆို 'မွေး'က သူ့အကြောင်းတွေကို 'ကိုတိုး'ကို ဖွင့်ပြောလိုက်ပြီလား"

"ဟင့်အင်း... ဘာမှမပြောဘူး... သူ့ သူငယ်ချင်း အ





ဆောင်ရှာမလို့လမ်းမှာ တလည်လည်ဖြစ်နေတုန်း 'ကိုတိုး'နဲ့တွေ့တာပဲ... ဒါနဲ့ 'ကိုတိုး'က 'မွေး' ဒီအချိန်ကြီး ဘာလို့ထွက်လာတာလည်းမေးတော့ သူ အဲဒီအိမ်မှာ မနေချင်လို့တဲ့ ပြောတာ... ဘာလို့ မနေချင်တာလည်း မပြောဘူး"

'ဇင်မာ' သက်ပြင်းချလိုက်သည်။ ဘာပဲပြောပြော'ကိုတိုး'ကို ဖွင့်မပြောသေးတာကိုပဲ 'မွေး'ကို ကျေးဇူးတင်ရမည်မို့...

"နောက် သူ ဘာတွေပြောသေးလဲ"

"ဟင့်အင်း... သူ ဘာမှမပြောဘူး... 'ကိုတိုး'က ရွာမပြန်ဘူးလားလို့မေးတော့ သူ စာမေးပွဲဖြေရဦးမယ်တဲ့... စာမေးပွဲဖြေပြီးမှ ပြန်မယ်ဆိုတော့ 'ကိုတိုး'လည်း 'မွေး' အတွက် စဉ်းစားရတာပေါ့... နောက်ဆုံး ကမာရွတ်က သူငယ်ချင်းအိမ်တစ်အိမ်သတိရလို့ ဝင်ပို့ပေးခဲ့ရတာ... အဲဒီအိမ်ကလည်း သူငယ်ချင်းက ခရီးထွက်သွားတယ်ဆိုတယ်ဆိုတော့ အဆင်ပြေသွားတာပေါ့... ဒီနေ့တော့ 'မွေး' စာမေးပွဲပြီးပြီနဲ့တူပါတယ်... 'ဇင်မာ' လိုက်မယ် မဟုတ်လား"

"အို... လိုက်မှာပေါ့"

'ဇင်မာ' 'ကိုတိုး' စကားပေါ် အခတ်ပင်မလဲနိုင်ဘဲ ပြေးတက်ခဲ့သည်။ သူ့နားထဲမှာတော့ ကိုကို့ စကားသံကြားယောင်မိသည်။ 'မွေး'ဆီမှအဖြေသည် သူ့အဖြေဆိုတော့ 'မွေး'ဆီမှအဖြေကို 'ဇင်မာ' လိုချင်နေပြီ။ ကမာရွတ်ကိုရောက်တော့ လမ်းသွယ်



www.burmeseclassic.com

www.burmeseclassic.com

လေးယဲရှိုးဝင်သည်။

"ရှေ့ကအိမ်ပဲ 'ဇင်မာ'... 'ကိုတိုး' မလိုက်တော့ဘူး... 'ဇင်မာ' သွား"

'ဇင်မာ့'ကို ရုတ်တရက်တွေ့တော့ 'မွေး' သိပ်အံ့သြနေသည်။ ရုတ်တရက် အိပ်ခန်းထဲကို ဝင်ပြေးရန် အထ...

"'မွေး'"

'ဇင်မာ' လှမ်းအော်လိုက်သည်။ ပြီးတော့ 'မွေး'လက်ကို ကြင်နာစွာ ဆုပ်ကိုင်လိုက်သည်။

"'မွေး' တို့ကိုမြင်မှ ဘာလို့ထပြေးရတာလဲ"

'မွေး' ပါးပေါ်သို့ မျက်ရည်များစီးကျလာသည်။ 'ဇင်မာ' 'မွေး' မျက်နှာမှ မျက်ရည်များကို ကြင်နာစွာသုတ်ပေးပြီး...

"တို့ ခုလိုက်လာတာ ဘာလို့လိုက်လာတာလဲ သိလား"

'မွေး' ခေါင်းခါသည်။ 'ဇင်မာ'က ပြုံးပြီး...

"တို့ 'မွေး'ဆီက ဆုံးဖြတ်ချက်လာယူတာ"

'မွေး' ဘာမှ မသိပုံနှင့် 'ဇင်မာ့'ကို စိုက်ကြည့်ကာ...

"'မွေး' ဘာကိုဆုံးဖြတ်ရမှာလဲ"

"ကိုကိုနဲ့ 'မွေး' ကိစ္စပေါ့"

"အို... 'ကိုနိုင်'နဲ့ ဘာဖြစ်လို့လဲ"

"ညာမနေပါနဲ့ 'မွေး'ရာ... ကိုကိုက ပြောသွားပြီးသားပါ အစကတ် 'ဇင်မာ့'တောင် 'မွေး'ကို အထင်လွဲသေးတာ... ခု 'ကိုတိုး'





နဲ့ကိစ္စကို သိရတော့မှ 'မွေး' အပေါ် ကိုယ် အထင်လွဲနေတာအား နာခင်တာရမိတာ"

"'ဇင်မာ'က 'မွေး' အပေါ် ဘယ်လိုထင်လို့လဲ"

"'မွေး'ဟာ လူလည်ပေါ့... 'ကိုတိုး'ကို မရလို့ ကိုကိုကို ယူတယ်လို့ ထင်မိတာ"

"ခုကော"

"ခုတော့ မထင်တော့ဘူးလေ... တကယ်လို့ ကိုကိုပြောသလို 'မွေး'ဟာ ကိုကိုနဲ့ တကယ်ဖြစ်ခဲ့လည်း 'မွေး' တို့ပေးစားတော့မယ်"

"'မမအဲလစ်' ကကော"

"'မမအဲလစ်'က ဆရာဝန်မပဲ 'မွေး'ရယ်... ကိုကို မရလည်း နောက်ထပ်ယောကျ်ားတွေ ခေါင်းခေါက်ယူလို့ ရနေတာပဲ"

'မွေး'က မျက်ရည် မျက်ဝန်းများနှင့် ပြုံးနေသည်။ ခဏနေမှ...

"'မွေး' 'ကိုနိုင်'နဲ့ ဖြစ်တယ်လို့ ဘယ်သူပြောလဲ"

"ကိုကိုပဲပေါ့"

"'မွေး' မဖြစ်ပါဘူး"

"ဟင်..."

'ဇင်မာ' 'မွေး'ကို ပြုံးကြောင်သော မျက်လုံးလေးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကြည့်နေမိသည်။ 'မွေး'ကတော့ အေးချမ်းသောအပြုံးနှင့်...

"အဲဒီညက 'ကိုနိုင်' ပြောသလို တကယ်လည်းဖြစ်ပါတယ်... 'ကိုနိုင်'က အရက်တွေမူးပြီး 'မမအဲလစ်' အမှတ်နဲ့ 'မွေး'ကို..."

သည်နေရာလေးမှာ 'မွေး' မျက်နှာလေးရဲသွားသည်။ 'ဇင်မာ' နားလည်စွာဖြင့်...

"ဆက်ပြောပါ 'မွေး'"

"သူ မီးခလုတ်ကိုလှမ်းအပိတ်မှာ 'မွေး' အတင့်ဆောင့်ရုန်းပြီး ထွက်ပြေးခဲ့ပါတယ်... တကယ်တော့ 'ကိုနိုင်' 'မွေး'ကို 'မွေး'မှန်း သိတာမှမဟုတ်ဘဲ... 'မွေး'ကို 'မမအဲလစ်'နဲ့ဆိုတော့ 'မွေး'လည်း 'ကိုနိုင့်'ကို စိတ်မဆိုးပါဘူး"

ပြောရင်း 'မွေး' ထိုညက ရင်တုန်ခဲ့ရသည့် အဖြစ်ကိုပြန်သတိရလာပါသည်။ အမှန်မှာတော့ 'ကိုနိုင်' မီးခလုတ်ပိတ်ပြီးနောက် 'မွေး' ဘဝလည်း ရေတိမ်နစ်ခဲ့တော့မည့်အဖြစ်ပါ။ ထိုအချိန်မှာ 'မွေး' အဖေ့စကားကို ကြားလာသည်။

သည်စကားက 'မွေး' သည်ခါကို အဖေ စခေါ်လာစဉ်က ပြောသည့်စကား...

"သမီးကို မွေးစေချင်လွန်းလို့ 'မွေး'ဆိုတဲ့ နာမည်လေး အဖေပေးခဲ့တာ... အဖေ ပေးခဲ့တာ"

သည်စကားသံလေးကို ကြားမိသည့်နောက် 'မွေး' ကိုယ်





မှာ အားအင်တွေနှဆတိုးလာသည်။ အတင်းဖိထားသည့် 'ကိုနိုင့်' ရင်ခွင် အကြောက်အကန်တွန်းကာ 'မွေး' 'ကိုနိုင့်' ရင်ခွင်အောက်မှ ရုန်းကာပြေးထွက်ခဲ့သည်။

သည်လိုသာ ပြေးမထွက်ခဲ့လျှင် ခုချိန်မှာ 'မွေး'ဆိုသည့် နာမည်လေးမှ နံ့ ဆိုသည့် နာမည်လေးကို ပြောင်းလိုက်ရမှာ သေချာသည်။ 'မွေး' ဘဝလည်း ရေတိမ်နစ်မှာ သေချာသည်။

'ဇင်မာ' 'မွေး' ပြန်ပြောသမျှ နားထောင်ကာအံ့ဩမိသည်။ 'မွေး' ကိုယ်လည်း မယုံကြည်နိုင်စွာ ပြန်မေးမိသည်။

"ဒါတွေ အမှန်ပဲလား 'မွေး' ရယ်"

"'မွေး' မလိမ်ပါဘူး"

"ဒီအကြောင်းတွေ 'ကိုနိုင်'သာကြားလျှင် ဘယ်လောက်ဝမ်းသာလိုက်မလဲ"

'ကိုနိုင်' ဆိုသည့် နာမည်လေးကြားလိုက်တော့မှ 'မွေး' ရင်တွေပြန်ခုန်ချင်သည်။ ဒါပေမဲ့ တတ်နိုင်သမျှ 'မွေး' ဖုံးဖိကာ ပြုံးရင်း...

"'ကိုနိုင်'ကျော 'ဇင်မာ'"

"ပြန်သွားပြီလေ... မပြန်ခင် သူ 'မွေး'ဆီက အဖြေကို သူ သိချင်တာ... ခုတော့ 'မွေး'အဖြေက အားလုံး ဝမ်းသာစရာ အဖြေပဲ... 'ဇင်မာ' ဝမ်းသာလိုက်တာ"

'ဇင်မာ' ဝမ်းသာစိတ်နှင့် 'မွေး' လက်ကိုဆုပ်နယ်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ စိတ်ထဲမှာလည်း 'မမအဲလစ်' ကြားရင် ဝမ်းသာမည့် အဖြစ်မို့ ပြေးပြောချင်သည်။ 'မွေး' ကတော့ ဟန့်ပျက်နေသော 'ဇင်မာ' ပုံစံကိုကြည့်ရင်း...

"ခု... 'ဇင်မာ' ဘယ်သူနဲ့ လာတာလဲ"

"'ကိုတိုး' နဲ့ပေါ့"

"'ကိုတိုး' ကော"

"လမ်းထိပ်မှာ... "

"ဘာလဲ... သူက 'မွေး'ကို အားနာလို့ လိုက်မလာတာလား"

"ဟုတ်မှာပေါ့"

"'မွေး'ကသာ သူ့ကိုအားနာရမှာပါ... ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ 'မွေး' စာမေးပွဲဖြေပြီးပြီလေ... ဒီတော့ ဒီက ပြန်ရတော့မှာ"

"ဒါဆို အိမ်လိုက်ခဲ့ပေါ့"

"အိမ်လိုက်ပြီး 'မွေး'က ဘာလုပ်ရမှာလဲ"

"ဒယ်ဒီတို့ မာမီတို့ကို လိုက်ရှင်းပြရမှာပေါ့... ပြီးတော့ 'မမအဲလစ်' ဒီစကားတွေသာကြားရင် သူ ဘယ်လောက်ဝမ်းသာလိုက်မလဲ"

'မွေး' ပြုံးလိုက်မိသည်။ ဘာပဲပြောပြော သူ့အခက်အခဲမှအောင်မြင်စွာ လွတ်မြောက်နိုင်ခြင်းသည် အဖေ့စကားလည်း



ပါသည်။ 'တင်ဦး' စကားလည်း ပါသည် မဟုတ်လား။ 'တင်ဦး'ကိုလည်း ကျေးဇူးတင်ရမည်။ မပြတ်သားသော သူ့စိတ်ကို 'တင်ဦး'က ပြတ်သားအောင်ပြောခဲ့သည် မဟုတ်လား။ 'မွေး' 'တင်ဦး' အကြောင်းတွေးကာ ငြိမ်နေဆဲ...

"ဘယ်လိုလည်း 'မွေး'ရဲ့... လိုက်ခဲ့မယ် မဟုတ်လား"

'ဇင်မာ'က လှမ်းပြောသည်။ တဘက်က အတန်တန်ခေါ်နေပါလျက် မလိုက်ပြန်ရင်လည်း မကောင်းသည်မို့ 'မွေး' လိုက်ရန်ပြင်သည်။ ရင်ထဲမှာတော့ တုန်နေသည်။ ဒါပေမဲ့ 'ကိုနိုင်' မရှိတော့သည်အတွက်တော့ 'မွေး' တစ်မျိုး ရင်အေးရပြန်သည်။

'တင်ဦး'ကသာ 'မွေး' အကြောင်းကြားလျှင်တော့ ဘယ်လိုဖြစ်ရတာလည်း 'မွေး'ရယ်ဟု ငြီးမှာသေချာသည်။ ငြီးချင်လည်း ငြီးပေရော့။ ခုအဖြစ်အပျက်က 'မွေး' ဘဝကိုပြောင်းလဲစေသည့် အဖြစ်မို့ 'ဇင်မာ' နောက်ကို လိုက်ခဲ့ရသည်။

'ကိုတိုး'ကတော့ ပြေလည်လာသည့် 'ဇင်မာ'နှင့် 'မွေး'ကို ကြည့်ကာ ဝမ်းသာနေသည်။ ဘာပဲပြောပြော သည် 'မွေး'ဆိုသည့် မိန်းမလှလေးပြုံးလျှင် သူ ပြုံးရသလိုပဲမဟုတ်လား။ အဲ... သည် မိန်းမလှလေး မျက်နှာညိုးလျှင်တော့ သူ ဘာလုပ်ရမှန်းမသိတော့။

တွေ့သည့်နေ့ကလည်း ပထမတော့ သူ ဘာလုပ်လို့ဘာလုပ်ရမှန်းမသိ။ တခြားပို့ပေးရအောင်ကလည်း စိတ်မချသည့်အ

www.burmeseclassic.com



ဘူတူ သူငယ်ချင်းအိမ်သာပို့ပေးခဲ့သည်။ ခုလို အဆင်ပြေလာလိမ့်မည်ဟုလည်း မထင်။ ခုတော့ သူ ထင်တာထက်ပင် ပိုအဆင်ပြေနေသည်။ ကားမောင်းလျက်မှ မှန်ထဲမှမြင်နေရသော 'မွေး'၏ မျက်နှာလေးကို 'တိုးမြင့်' လှမ်းကြည့်လိုက်သည်။

သည်မျက်နှာလေးကိုမြင်ရတိုင်း သူ့ရင်မှာ အေးချမ်းရလွန်းသည်။ ချမ်းမြေ့ရလွန်းသည်။ ထာဝစဉ်ပိုင်ဆိုင်ရလိုခြင်းဆိုသော အေးချမ်းရခြင်းနှင့် ဘယ်တော့များမှကြုံတွေ့ရမှာလဲတွေးရင်း 'တိုးမြင့်' သက်ပြင်းချလိုက်သည်။

'မွေး'ကတော့ သူ့ကိုလှမ်းကြည့်နေသော 'တိုးမြင့်' မျက်လုံးများကို ကွေ့ရှောင်လျက်မှ 'ဇင်မာ'ကို လှမ်းပြောမိသည်။

"'မွေး'က 'ဇင်မာ'တို့အိမ် တစ်ရက် နှစ်ရက်ပဲနေမှာနော် 'ဇင်မာ'"

"ဘာဖြစ်လို့လဲ"

"အဖေ မျှော်နေမယ်လေ... အခု စာမေးပွဲပြီးပြီးချင်း လာမယ်လို့ 'မွေး' စာကြိုရေးထားတာ"

"'မွေး' အဖေ လာကြိုမှာလား"

'တိုးမြင့်' ကားမောင်းလျက်မှ လှမ်းမေး၏။

"ဟင့်အင်း... အဖေ မအားဘူး... 'မွေး' ဘာသာပြန်ရမှာ"

"ဖြစ်ပါ့မလား"

"ဒီလမ်းတွေက 'မွေး' သွားနေကြပါ 'ကိုတိုး'ရယ်"



"'ကိုတင်ဦး'ကကော"

'ဇင်မာ'က လှမ်းမေးသည်။ သည်တစ်ခါမေးသည့် 'ဇင်မာ' လေသံက ပကတိရိုးစင်းနေသည်။

"သူက စာမေးပွဲမှ မပြီးသေးပဲ"

"ဘယ်တော့လောက် ဖြေရမှာလဲ"

"'မွေး'တို့ပြီး နောက်လဆို ဖြေရမှာပါ"

"ဒါဆိုလည်း သူပြီးမှပဲ ပြန်ရောပေါ့ 'မွေး'ရယ်... 'ဇင်မာ' နဲ့လည်း အဖော်ရတာပေါ့ ဟုတ်ဘူးလား"

"ဖေဖေတို့ စိတ်ပူမှာပေါ့"

"စာရေးလိုက်မယ်လေ... မရဘူးလား"

'ဇင်မာ'က လိုလိုလားလားပြောနေတော့လည်း 'မွေး' ခေါင်းညိတ်လိုက်သည်။ 'ကိုတိုး'က 'မွေး' အဖြေအတွက် ပြုံးနေသည်။

"'ကိုတိုး'ကိုကော 'မွေး'တို့ရွာကို မဖိတ်ဘူးလား"

"မဖိတ်ရဲပါဘူး 'ကိုတိုး'ရယ်"

"ဘာဖြစ်လို့"

"'မွေး'တို့ရွာက တံငါရွာလေးမို့ပါ"

"တံငါရွာ ဘာဖြစ်လဲ... ဧည့်သည်မလာရဘူးလို့ သတ်မှတ်ထားလို့လား"

"လာတော့ လာရပါတယ်... ဒါပေမဲ့ 'ကိုတိုး' စိတ်ပျက်

www.burmeseclassic.com

www.burmeseclassic.com



သွားမှာစိုးလို့ပါ"

ဟု ပြောတော့မည့်စကားကို မပြောတော့ဘဲ 'မွေး' ပြုံးလိုက်သည်။

"ဘယ်လိုလဲ လာရမှာလား"

" 'ကိုတိုး'တို့ သဘောပါ"

'မွေး'က သည်လိုပြောတော့ 'တိုးမြင့်'ကော 'ဇင်မာ'ပါ ပြုံးသွားကြသည်။ 'မွေး' 'ဇင်မာ'တို့အိမ်ရောက်တော့ အားလုံး ထွက်ကြိုနေသည်။ ခါတိုင်း 'မွေး' အပေါ်မှာ သည်လောက်အရေး မစိုက်ပေမယ့် ခုအခြေအနေက 'မွေး' အပေါ်မှာ မူနေသည် မဟုတ်လား။

'မွေး' မည်းလျှင် သူတို့မည်းရမည်။ 'မွေး' ဖြူလျှင် သူတို့ ဖြူရမည့်ဘဝမို့ 'မွေး' မျက်နှာကိုသာ ရှုးစိုက်ကြည့်နေကြသည်။ 'မွေး' အဖြေက မိသားစုနှစ်ခုလုံး၏ဘဝမို့ 'ဒေါ်ခင်အေး' စိတ်မော နေသည်။ 'မွေး'ကလည်း သိပါသည်။ ဒါကြောင့် 'ဇင်မာ့'မျက်နှာ ကိုကြည့်ကာ...

" 'ဇင်မာ' ပြောလိုက်လေ"

"ဘာပြောရမှာလဲ 'မွေး' ရဲ့"

"ဩော်... 'မွေး' ပြောပြတာကိုပါ"

အားလုံးက 'ဇင်မာ့' မျက်နှာကို လှမ်းကြည့်ကြသည်။ 'ဇင်မာ့' ဘာပြောမည်နည်း စောင့်လင့်ကြသည်။ 'ဇင်မာ'က



ချောင်းဆေးတစ်ချက်ဟန့်ရင်းမှ...

"အဟင်း... 'မွေး'က 'ကိုနိုင်'နဲ့ လက်ထပ်ဖို့ သဘောတူ ပါတယ်လို့ မဆိုလိုဘူးတဲ့"

အားလုံး 'ဇင်မာ့' စကားစိတ်မောနေရမှ 'ဇင်မာ့'အဖြေ ကြောင့် သက်မချမိကြသည်။ 'ဒေါ်ခင်အေး'ကတော့ 'ဇင်မာ့' လှမ်းတို့ကာ...

"ပြန်ပြောပါဦး... ဒါဆို 'မွေး'က သား 'ကိုနိုင်'ကို မယူ ဘူးပေါ့ ဟုတ်လား သမီး"

"အင်းလေ... 'ကိုနိုင်'နဲ့လည်း ဘာမှမဖြစ်ဘူးတဲ့"

"ဒီစကားတွေဟာ အမှန်ပဲလားကွယ်... သားကပြော တော့မှားယွင်းမိခဲ့ကြတယ်ဆို"

ရုက်လွန်း၍ 'မွေး' မျက်နှာ ဘယ်မှာထားရမှန်း မသိ။ 'ဒေါ်ခင်အေး'ကတော့ ဆက်ပြောသည်။

"သားကတော့ ကတိပေးသွားပြီ... 'မွေး' ကိုပဲ သူလက် ထပ်မယ်တဲ့... 'မွေး'ကကော..."

" 'မွေး' 'ကိုနိုင့်'ကို လက်မထပ်နိုင်ပါဘူး... 'မွေး' 'ကိုနိုင်' နဲ့လည်း ဘာမှမဖြစ်ပါဘူး"

"ဟုတ်ရဲ့လား သမီးရယ်"

'ဒေါ်ခင်အေး' 'မွေး' မျက်နှာကို ငေးကြည့်နေသည်။ တတ်နိုင်လျှင် 'မွေး' သည်နေရာမှပြေးထွက်ချင်နေသည်။ ရှင်မြ

www.burmeseclassic.com

www.burmeseclassic.com



ရသည့်အဖြစ်ကိုက သူများနှင့်မတူသည့် အဖြစ်မို့ 'မွေး' ဘယ်လို ဆက်ပြောရမည်နည်း။

တကယ်လို့သာ 'မွေး'မှာ ယုတ်မာသောအကြံအစည်ရှိခဲ့လျှင် 'မွေး' 'ကိုနိုင်'ကို ခေါင်းလေးတစ်ချက်ညိတ်လိုက်သည်နှင့် ရနိုင်ပါသည်။ ဒါပေမဲ့ ဒါမျိုးနည်းနှင့် အချစ် လုမယူချင်သည်မို့ 'မွေး' သက်ပြင်းချလိုက်သည်။ 'ဒေါ်ခင်အေး'ကတော့ 'မွေး' ခေါင်းလေးကိုပွတ်ကာ...

"ကျေးဇူးတင်လိုက်တာ သမီးရယ်... သမီးဒီလိုသာ မကယ်ရင် ကြီးကြီးတို့မိသားစုကော 'အဲလစ်'တို့ မိသားစုပါအရှက်ရကြမှာ... ခု သမီးပြောတာတွေက အမှန်ပဲနော်... ကြီးကြီးတို့ စိတ်ဆိုးမှာဆိုပြီး ညာတော့မပြောပါနဲ့ သမီးရယ်... ကြီးကြီးတို့ အရှက်တကွဲကခဏ သမီး ခံစားရမှာက တစ်ဘဝပါ... 'ဇင်မာ' မေးပါဦးကွယ်"

"ဟုတ်တယ် 'မွေး'... 'ဇင်မာ'တို့ကိုငဲ့ပြီး 'မွေး' ပြောလိုက်ရင် ခံစားရမှာက 'မွေး'ပါ... ခုမှတော့ မထူးပါဘူး... ကိုကိုပြောသလိုဟုတ်ရင်လည်း ခေါင်းညိတ်လိုက်ပါ"

'မွေး' ခေါင်းကိုခါလျှော်မှ တုန်ရင်စွာဖြင့်...

"မဟုတ်ဘူး မဟုတ်ဘူး... 'မွေး' ပြောတာ ယုံပါ... 'မွေး' 'ကိုနိုင်'နဲ့ ဘာမှမဖြစ်ပါဘူး"

"ဒါဆိုလည်း ပြီးတာပဲကွာ... 'ဇင်မာ' 'အဲလစ်' ဆီအ



ကြောင်းကြားလိုက်... သူလည်း ဝမ်းသာရတာပေါ့... အခုငါ့သမီး 'မွေး' စိတ်ချမ်းသာပါစေ"

ဘာကြောင့်မှန်းမသိ မျက်ဝန်းမှမျက်ရည်များစီးကျလာ၍ 'မွေး' လူ မမြင်အောင်ကျိတ်သုတ်လိုက်ရသည်။ 'ဒေါ်ခင်အေး'ကတော့ ခေါင်းလေးငုံ့နေသော 'မွေး'ကို ကြင်နာစွာကြည့်ရင်း...

"သမီးဟာ မွန်မြတ်တဲ့ သမီးပါကွယ်... ခုဆို 'အဲလစ်' ဝမ်းသာရတော့မယ်... ဘာပဲပြောပြော သူများတွေဝမ်းသာတဲ့အတွက် သမီးလည်း တစ်နေ့ ဝမ်းသာရမှာပါ"

"'မွေး' 'မွေး' 'ဒေါ်လုံး'ဆီ သွားဦးမယ်"

'မွေး' နေရာမှထကာ နောက်ဖေးကိုထွက်လာခဲ့သည်။ 'မွေး' နောက်ဖေးကိုအရောက်တွင်မှာတော့ 'ဇင်မာ' ရှင်ပြခဲ့သော အသံကို လှမ်းကြားရသည်။

"'မွေး'ရေ... 'အဲလစ်'ခုပဲ လာခဲ့မယ်တဲ့ဟေ့"

'မွေး' ပြုံးလိုက်သည်။ ဘာပဲပြောပြော သူတို့တွေပျော်လျှင် 'မွေး' ပျော်ပါသည်။ 'ဒေါ်လုံး'ကတော့ အားရပါးရငိုကြွေး မျက်ရည်ဝဲသည်။ ပြီးတော့မှ တီးတိုးသောလေသံနှင့်...

"'မွေး' ရယ်... ညည်းပြောတာတွေက အမှန်တွေမှဟုတ်ရဲ့လား အေရယ်... ကျုပ်ကို မညာပါနဲ့"

"'မွေး' ဘာညာလို့လဲ"

"'အနိုင်'က ညည်းနဲ့များယွင်းပါတယ်... 'မွေး'ကိုပဲ ညူ



www.burmeseclassic.com

လက်ထပ်မယ်ပါ့မယ်ဆိုပြီး ပြန်သွားတာ ကျုပ်ဖြင့် ညည်းအစား ဝမ်းကိုသာလို့… ဟုတ်တယ် မဟုတ်လား"

"မဟုတ်ပါဘူး 'ဒေါ်လုံး'ရယ်… အဲဒီညက 'မွေး' အတင်း ထွက်ပြေးလာခဲ့တာပါ"

ပြောရင်း ပြောရင်း 'မွေး' အသံတွေတုန်ကာ မျက်ရည် တွေဝဲလာသည်။ မျက်နှာကိုမော့ကာ ပြုံးရင်း…

"'မွေး' ညာပါ့မလား 'ဒေါ်လုံး'ရယ်… ဒီကိစ္စက ညာလို့ ရတာမှ မဟုတ်ဘဲ… တစ်နေ့ကျ ပေါ်မှာပဲ"

"သိနိုင်ဘူးလေ… ညည်းကြောင့် သည်အိမ်သားတွေ စိတ်ဆင်းရဲမှာစိုးပြီး ဖုံးဖိထားတော့ ဘယ့်နှယ်လုပ်မလဲ"

'မွေး' မျက်ရည်များကြားမှ ပြုံးနေမိသည်။ 'ဒေါ်လုံး' ကတော့ 'မွေး' မျက်နှာလေးကို မယုံသလို ငေးကြည့်ရင်း သက် ပြင်းချနေသည်။ ခဏနေမှ 'မွေး' နားကိုတိုးကာ…

"ဒါဆိုလည်း ညာလိုက်ပြီးရော 'မွေး'ရယ်… ညည်းဲ 'အနိုင့်'ကို ချစ်တယ်ဆို… မချစ်ဘူးလား"

"ချစ်ပါတယ်"

"ဒါနဲ့များ 'မွေး'ရယ်"

'ဒေါ်လုံး'က ငြီးငြီးငြူငြူနှင့် 'မွေး' မျက်နှာကိုငေးကြည် နေ၍ 'မွေး' ပြုံးကာခေါင်းကိုခါလိုက်သည်။

"ချစ်လို့ပဲ 'မွေး' ဒါမျိုးဆုံးဖြတ်လိုက်တာပါ… တကယ်





တော့ 'မွေး' တစ်ကိုယ်ကောင်းစိတ်နဲ့ 'ကိုနိုင့်'ကို ယူလို့ရပါတယ်… ဒါပေမဲ့ 'မွေး' မလိုချင်ပါဘူး… ဒါမျိုးအချစ်ကို 'မွေး' မကြိုက်ဘူး… တကယ်လိုချင်တာ 'ကိုနိုင့်' ရင်ထဲကအချစ်ကိုပါ"

'မွေး' အိမ်ရှေ့ကိုပြန်ထွက်လာတော့ 'မမအဲလစ်'က 'မွေး' ကိုဆီးမွေ့သည်။

"ဝမ်းသာလိုက်တာ 'မွေး'ရယ်… မမ တကယ်ပဲဝမ်းသာ လိုက်တာ"

'အဲလစ်' လှိုက်လှဲစွာပြောလိုက်မိသည်။ မာနဖြင့် တင်း ခံကာ မောင့်ကိုပြတ်လျှင် ပြတ်နိုင်ပါသော်လည်း ဒယ်ဒီတို့ မာမိ တို့ မျက်နှာကရှိသေးသည်ဆိုတော့ 'အဲလစ်' အဘက်ဘက်က ခဲ့စားရသည်။

ကိုယ့်ကြောင့် လူကြီးတွေ စိတ်မဆင်းရဲစေချင်သည်မို့ တစ်ယောက်တည်း ကျိတ်ဆွေးနေဆဲ ခုလို 'မွေး'ဆီမှ အဖြေကြား ရတော့ 'အဲလစ်' လောက်ဝမ်းသာမည့်သူ ဒီမှာမှာမရှိတော့။ပြော သာပြောရသည်။ 'အဲလစ်' ကိုယ်တိုင်လည်း မောင့်ကိုပြတ်နိုင်သူ မဟုတ်ပါ။

ငယ်စဉ်ကတည်းက မောင့်ကိုချစ်ခဲ့သလို ကြီးလာတော့ လည်း မောင့်ကိုသာ လက်ထပ်ဖို့ ရည်ရွယ်ခဲ့သည်။ စေ့ပင်စေ့စပ်နဲ့ ပြီမဟုတ်လား။ စေ့စပ်ပြီးကာမှ ခုလိုဖြစ်ရတော့ 'အဲလစ်' ကြေ ကွဲလို့မဆုံးတော့။



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကိုနာကျည်းရအောင်ပြန်ကလည်း မောင်ပြောသည်က မှန်သည်မဟုတ်လား။ မိန်းကလေးတစ်ယောက်ကို ကျူးလွန်ပြီးကာမှ လက်မထပ်လျှင် မောင်ဘာဖြစ်သွားမလဲ။ မောင်ပြောသလို အစကတည်းက 'အဲလစ်' မောင့်ကိုရှေ့ဦးစွာ လက်မထပ်ခဲ့မိတာ မှားထာပဲအတွေးနှင့် နောင်တရမိသည်။ မျက်ရည်ကျမိသည်။

ခုတော့ ဘယ်လောက်ဝမ်းသာစရာကောင်းသည့် အဖြစ်လဲ။ 'မွှေး' မှကယ်လျှင် သူတို့အဖြစ်က အများတကာတွေးခွက်မှာ ပက်လက်မျောရမည့်အဖြစ်မို့ 'အဲလစ်' ဝမ်းသာလို့မဆုံးတော့။ 'မွှေး' ကိုလည်း ကျေးဇူးတင်မိသည်။

'မွှေး' ဝမ်းသာလွန်း၍တုန်ရီစွာ ပြောနေသော 'မမအဲလစ်' မျက်နှာကိုကြည့်ကာ သူ့ရင်ထဲမှာပါ ဝမ်းသာနေသည်။ 'အဲလစ်' ကတော့ 'မွှေး' မျက်နှာကိုကြည့်ကာ...

"မမတို့ အလျင်တုန်းက ပြောခဲ့ ဆိုခဲ့တာတွေ ခွင့်လွှတ်နော် 'မွှေး' "

"ခွင့်လွှတ်ပါတယ် မမရယ်"

'မွှေး' ရင်ထဲမှ တုန်ရင်စွာပြောလိုက်မိသည်။ 'အဲလစ်' က 'မွှေး' လက်ကလေးကိုဆုပ်ကိုင်လျက်မှ...

"ဒါနဲ့ 'မွှေး'က ရွာကိုဘယ်တော့ပြန်မှာလဲ"

" 'မွှေး'က ဒီနေ့ပဲပြန်ချင်တာပါ... 'ဇင်မာ'က တားတာနဲ့ သူငယ်ချင်း 'တင်ဦး' စာမေးပွဲပြီးမှပဲ ပြန်တော့မယ်"

" 'မွှေး' သူငယ်ချင်း စာမေးပွဲက ဘယ်တော့ပြီးမှာလဲ"

"နောက်လ ထဲမှာပါ"

"မမဖြင့် 'မွှေး'ကို ပြန်တောင် မပြန်စေချင်တော့ဘူး"

"ဒါဆိုလည်း လွယ်သားပဲ... 'ကိုတိုးကြီး'နဲ့ ပေးစားလိုက်ပေါ့"

နောက်သည်လား အတည်ပြောသည်လား မသိသော 'ဇင်မာ့' စကားပါ။ 'မမအဲလစ်'က ခေါင်းကိုဆတ်ကနဲ ညိတ်ရင်း

"ဟုတ်တယ်... အရင်တုန်းက တို့ဟာစ်တွေ သဘောမတူခဲ့ပေမယ့် ခုတော့ 'ကိုတိုး' သဘောပဲ... ဘယ်လိုလဲ 'မွှေး' "

'မွှေး' ခေါင်းခါလိုက်သည်။ သူ 'ကိုတိုး'ကို စိတ်လည်း မငင်းဘူးပါ။ သူ့ကြောင့် 'ဇင်မာ'လည်း စိတ်မဆင်းရဲစေချင်သည်မို့...

" 'မွှေး' ဒါတွေကို မစဉ်းစားပါရစေနဲ့ဦး မမရယ်"

"အေးလေ... ဒါတော့ 'မွှေး' သဘောပါ... မမတို့က ခကန့်ကွက်တော့တာကို ပြောတာပါ"

ထိုနေ့က ညနေစောင်းမှပဲ 'မမအဲလစ်' ပြန်သွားသည်။ ခုတော့လည်း 'မွှေး' အခြေအနေက နတ်ရေကန်ထဲတွန်းချလိုက်သလို နေ့ချင်း ညချင်း ပြောင်းလဲသွားပြန်သည်။

တစ်အိမ်လုံး ပျူငှာစွာဆက်ဆံသလို ခါတိုင်းအဖော်မ







www.burmeseclassic.com

www.burmeseclassic.com



လှုပ်သော 'ပိုး'ကပင် အလိုက်တသိဆက်ဆံလာသည်။ သူတို့သည်လိုဆက်ဆံလေ 'မွေး' အနေခက်လေဖြင့် ရက်တွေကြာလာဆဲ 'မွေး' ပြန်ရမည့်ရက်ကိုရောက်လာသည်။





# ၁၈

ထိုနေ့က တစ်အိမ်လုံးနီးပါး 'မွေး'ကို လိုက်ပို့ကြသည့်အပြင် 'ကိုတိုး'တို့ မောင်နှမသုံးယောက်ပါ,ပါသည်။ 'မွေး' ကားဂိတ်မှာစုပြုံရှုပ်နေသော 'ဇင်မာ'တို့ မိသားစုနှင့် 'မမအဲလစ်'တို့ကြည့်ကာ သူ အရင့် အရင်အချိန်တွေတုန်းက တစ်ယောက်တည်းပြန်ခဲ့ရသည့်အဖြစ်တွေကို သတိရနေသည်။

ထိုအချိန်တုန်းက ကျောင်းပိတ်၍ အဖေလာကြိုလျှင်ကြိုမကြိုလျှင် 'မွေး' တစ်ယောက်တည်းပြန်နေကြပေမယ့် ရွာကိုရောက်မှာမို့ 'မွေး' ပျော်ပါသည်။ ခုတော့ 'မွေး' ရင်ထဲမှာ ပျော်ရွှင်ခြင်းကင်းမဲ့ကာ မျက်နှာလေးက ညှိုးမှောင်နေသည်။

ထိုညှိုးမှောင်နေသော မျက်နှာလေးကိုကြည့်ကာ 'တိုးပြင့်' တီးတိုးလှမ်းခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



" 'မွေး' "

'တင်ဦး' နားမှာရပ်နေရာမှ 'မွေး' 'ကိုတိုး'ကို မျက်လုံးလှန်ကြည့်လိုက်သည်။ 'တင်ဦး'ကော 'ဇင်မာ'တို့တစ်သိုက်ပါ အလိုက်တသိရှောင်ပေးကြသည်။ 'တိုးမြင့်' သက်ပြင်းချလိုက်သည်။

ပြောမည် ပြောမည်နှင့် အရေးရှိတော့နှုတ်ကဘာထွက်ရမှန်း မသိ။ ဒါကြောင့်များ ခုချိန်ထိ သူ လူပျိုကြီးဖြစ်နေရော့သလား။ မကြာခင်တုန်းကတော့ လျှောက်တွေးနေလိုက်သည်မှာ မြေးရသည်အထိပင်။

ခုတကယ်တမ်းပြောရမည်ဆိုတော့ ဘယ်စကားနဲ့ စပြောရမှန်းမသိ။ နောက်ဆုံးတော့ လိုရင်းကို တိုးရှင်းသာပြောချလိုက်မိသည်။

" 'မွေး'ကို 'ကိုတိုး' လက်ထပ်ချင်တယ်"

'မွေး' ခေါင်းညိတ်လိုက်သည်။ 'ကိုတိုး' သူ့ကိုချစ်နေတာ သူသိနေမှတော့ ချစ်စကားလည်း နားမထောင်လိုတော့။ ဒါကြောင့် အဖြေပေးရမည့်ရက်သာ 'မွေး' ရွေးချယ်ကာ 'ကိုတိုး' ပြန်ပြောလိုက်သည်။

" 'မွေး' အောင်စာရင်းထွက်တဲ့အချိန် အဖြေပေးပါမယ်– အဲဒီချိန်ထိတော့ 'ကိုတိုး' စောင့်ပါ... စောင့်နိုင်ပါမလား"

"အဘိုးကြီးဖြစ်တဲ့အထိ စောင့်မခိုင်းတာကိုပဲ 'ကိုတိုး' ကျေနပ်ပါပြီ"

'မွေး'တို့ စကားပြောပြီး မကြာခင် ရိုးမကားဆိုက်သည်။ 'မွေး' ကားပေါ်တက်ကာ အားလုံးနှုတ်ဆက်သည်။ 'တင်ဦး'က တော့ လိုက်လှဲပျူငှာစွာဆက်ဆံနေသော 'ဇင်မာ'တို့တစ်သိုက်နှင့် 'မွေး'ကိုကြည့်ကာ နားမလည်သလိုဖြစ်နေသည်။ သူ နားလည်အောင်လည်း 'မွေး' ဘာမှမပြောတတ်တော့ ကားစထွက်သည်နှင့် 'မွေး'ကို စမေးတော့သည်။

" 'မွေး' "

ရန်ကုန်ပတ်ဝန်းကျင်ကိုငေးမောနေသော 'မွေး'က 'တင်ဦး'ကို လှည့်ကြည့်လိုက်သည်။

"ခုနက ဒေါက်တာ 'တိုးမြင့်' နင့်ကို ဘာပြောတာလဲ"

"နင် သိမှာပေါ့"

"အေး သိတာကတခြား... နင် ဖြေတာကတခြား"

"သူ ငါ့ကိုလက်ထပ်ခွင့်တောင်းတယ်"

မဆန်းတော့သောစကားမို့ 'တင်ဦး' 'မွေး' မျက်နှာကို ငေးကြည့်နေသည်။ နင်သိပြီးသားမို့ မဆန်းတော့ပေမယ့် 'မွေး' အဖြေကိုတော့ သူ သိချင်လှသည်။

"နင် ဘာဖြေခဲ့လဲ"

"ငါ အောင်စာရင်းထွက်ပြီးရင်တော့ အဖြေပေးမယ်လို့ ပြောခဲ့တယ်"







www.burmeseclassic.com

www.burmeseclassic.com



"ပေးစရာအဖြေရော နင့်မှာရှိလို့လား"

'မွေး' ပြုံးနေမိသည်။ 'တင်ဦး'ကတော့ အစိပ္ပါယ်ပါစွာ ပြုံးနေသော 'မွေး' မျက်နှာလေးကိုကြည့်ကာ နားမလည်သလိုဖြစ်နေသည်။ တစ်လမ်းလုံးလည်း စကားမပြောဘဲ ပါလာသော 'မွေး' ပုံစံလေးက ထူးထူးခြားခြား တည်တည်ငြိမ်ငြိမ်လေးမို့...

"'မွေး'"

"ဟင်"

"နင် ဘာဖြစ်လာတာလဲ"

"ငါ ဘာဖြစ်လို့လဲ"

"နင့်ပုံစံလေးက ထူးခြားနေတယ်"

'မွေး' ပြုံးမိပြန်သည်။ ပြီးတော့ 'တင်ဦး'ကို မေးမိပြန်သဖြင့်...

"ငါ ဘာထူးခြားလို့လဲဟဲ့"

"နင်ကသာ နင့်ကိုနင် မသိပေမယ့် ငါကတော့ နင့်ကိုသိတယ်... နင် တစ်ခုခုဖြစ်လာတယ်... ပြီးတော့ 'ဖင်မာ'တို့တွေနဲ့ နင်နဲ့ ဆက်ဆံရေးပြောင်းလဲလာတယ်"

"ဒါကတော့ သူတို့အပေါ် ငါကောင်းလို့ ငါ့အပေါ်သူတို့ကောင်းတာပေါ့"

"နင် သူတို့အပေါ် ဘာကောင်းခဲ့တာလဲ"

'မွေး' ဖြစ်ခဲ့သည့်အကြောင်းတွေကိုပြောပြတော့ 'တင်ဦး'



မျက်လုံးပြူးကာ 'မွေး'ကို ငေးကြည့်နေသည်။ ပြီးတော့ 'ဒေါ်လုံး' မေးသလို 'မွေး' ကိုမေးပြန်သည်။

"နင် တကယ်ပဲ သူနဲ့ဖြစ်ခဲ့တာလား... ညာတာလား'မွေး' ရယ်"

'မွေး' ကားအပြင်ကိုငေးနေလိုက်သည်။ 'တင်ဦး'ကတော့ ဘေးတိုက်မြင်နေရသော 'မွေး'ကိုငေးနေသည်။ သူ့ရင်ထဲမှာတော့ 'မွေး' အဖြေအတွက် ဘာလောင်ဆူနေသည်။ 'မွေး' ပြောတာ တကယ်အမှန်ပဲလား၊ ညာတာလား သူ သိပ်သိချင်နေသည်။

'မွေး'ကတော့ 'တင်ဦး'ကို ဘာမှမပြော။နှုတ်ခမ်းကိုတင်းတင်းစေ့ကာ ပတ်ဝန်းကျင်ကိုငေးနေသည်။ ခဏနေလျှင် သူတို့ ဗျဉ်းမလွင်ရွာလေးကိုရောက်တော့မည်။ ထိုမှတစ်ဆင့် ပဲ့ချိတ်ဖြင့် ပကိုင်(ပန်းခိုင်)ရွာကိုဆက်သွားရမည်။

'မွေး'ရင်က အတွေးဖြင့် ဂဏ်ငြိမ်နေသလောက် မတည်ငြိမ်နိုင်သော 'တင်ဦး' ရင်မှာတော့ ပူလောင်နေသည်။

"'မွေး'"

"ရော်"

'မွေး' 'တင်ဦး'ကို စိတ်မရှည်စွာ စွေကြည့်လိုက်သည်။ 'တင်ဦး'ကသာ 'မွေး' လက်ကိုလှမ်းကိုင်ကာ ထပ်မေးပြန်သည်။

"နင် ပြောခဲ့တာ တကယ်ပဲလား"

"တကယ်ဟုတ်တော့ နင် ဘာလုပ်မလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်၊ 'တင်ဦး' ဘာလုပ်မလဲ။

'တင်ဦး' ဘာလုပ်ရမှန်းမသိဘဲ 'မွေး' မျက်နှာကိုငေးကြည့်နေသည်။ 'မွေး'ကတော့ ခိုင်မာသောမျက်နှာလေးဖြင့် 'တင်ဦး'ကို စိုက်ကြည့်ကာ...

"ပြောလေ... ငါ တကယ်ဟုတ်ခဲ့ပါပြီတဲ့ နင် ငါ့ကိုမခင်တော့ဘူးလား"

"'မွေး' ရယ်"

'တင်ဦး'ငြိမ်လိုက်မိသည်။ သူ့ရင်ထဲမှာတော့ စကားတွေထောင်လိုက် သောင်းလိုက်ပြောနေသည်။ သူ ငယ်ငယ်လေးကတည်းက 'မွေး'ကို ခင်မင်ခဲ့သည်။ အရွယ်ရောက်ပြန်တော့လည်း အရွယ်ရောက်သည့်အလျောက် 'မွေး'ကိုချစ်ခဲ့သည်။

'မွေး'ဆီက မေတ္တာကိုလိုချင်မိသည်။ ဒီလိုကောင်မျိုးကသာတော့လာ၊ နာတော့သွားဆိုသည့် စိတ်နေစိတ်ထားမျိုးများရှိမလား။ 'မွေး' သိချင်သည်။ ခုကိစ္စမှာတော့ 'မွေး' ခါတိုင်းလိုပွင့်ပွင့်လင်းလင်းဖွင့်ပြောသင့်သည်။ တိုင်ပင်သင့်သည်။

ခုတော့ 'မွေး'ပုံစံက သူ့သဘောနှင့် သူဆုံးဖြတ်ကာ သူ့သဘောနှင့်သူ စီရင်လာခဲ့သည်။ 'တင်ဦး' 'မွေး'ကိုဘာထပ်ပြောရမလဲ။ ပေါက်တပင်ဆိပ်ကိုရောက်သည်အထိ နှစ်ဦးသားစကားမပြောမိ။

'မွေး'က သူ့အတွေးနှင့်ယိုင်နေသလို 'တင်ဦး'ကလည်း





အမိပ္ပါယ်မဲ့လျှောက်ငေးသည်။ လှေဆိပ်တွင် ပေါင်းမိုးနီမှိန်မှိန်ဆေးတွေနှင့် ပဲထောင်များပြွပ်သိပ်နေအောင် ရပ်ထားသည့်ထဲမှ ပဲထောင်တစ်စီးပေါ် 'တင်ဦး' ထိုင်နေမိခြင်းဖြစ်သည်။

ပကိုင် (ပန်းခိုင်)ရွာနှင့် သည် ပျဉ်း၊မပင်ရွာရှိ ပေါက်တပင်ဆိပ်က ခုနစ်မိုင်ဝေးသည်။ ခါတိုင်း 'မွေး'ကိုလာကြိုရစဉ်က 'တင်ဦး' ပျော်သလောက် ခုလို အတူလာမှ 'တင်ဦး' ဆွေးနေရသည်။ 'တင်ဦး'နဲ့ 'မွေး' တည့်တည့်တွင် ရှမ်းစု၊ ပြီးတော့ ဖောင်တော်သီရွာမ၊ အမရ၊ မင်းဇလွန်စသည့် ရွာများကိုဖြတ်သွားရမည်။ ပြီးမှ ပကိုင်(ပန်းခိုင်)ရွာကိုရောက်မည်။

သည်ရွာကိုမရောက်ခင် 'မွေး'နှင့်သူ ဒီပုံအချိုးနှင့်ရွာကိုဘယ်လိုများ ရောက်အောင်သွားရပါ့မလဲ။ ရန်ကုန်မှထွက်လာစဉ်တုန်းကတော့ 'မွေး'နှင့်အတူ သွားရမည့်ခရီးမို့ 'တင်ဦး' ပျော်ရွှင်ခဲ့ပေမယ့် ခုတော့လည်းတစ်ယောက်တည်း ဆွေးရမည့်အဖြစ်နှင့်တိုးနေသည်။

သည်ကြားထဲ ပဲ့ထောင်ကလည်း အတော်နှင့်မထွက်နိုင်။ သူ့လူ မပြည့်မချင်း တင်သည့်ပဲ့ထောင်မို့ ပြွပ်သိပ်နေသောလူတွေကြားထဲ အောင့်အည်းကာထိုင်နေရဆဲ...

"အလို မင်းသားနဲ့ မင်းသမီးပါလား"

ခပ်ရဲရဲအသံနှင့် ခပ်ကဲကဲအသံကြောင့် 'တင်ဦး'ရော 'မွေး'ပါ အလန့်တကြားလေး လှည့်ကြည့်လိုက်တော့ လှေထဲက



www.burmeseclassic.com

www.burmeseclassic.com



ကုန်းကွဝင်လာသူက သူတို့သူငယ်ချင်း 'ညွန့်မေ'။

"ဘယ်လိုလဲ ဘယ်လိုလဲ ဒါကရွာကို စုံတွဲပြန်ကြမလို့ ပေါ့လေ ဟုတ်လား... ဒါမျိုး တိုးတိုးတိတ်တိတ်လုပ်လို့ 'ညွန့်မေ' တို့က ဘယ်ရမလဲ... 'မွေး' ဟိုဘက်တိုး... 'တင်ဦး' ဟိုဘက်တိုး"

ပါးစပ်မှပြောလည်းပြော၊ လက်ကလည်း 'တင်ဦး'နှင့် 'မွေး'တို့ကို အတင်းတွန်းကာ 'ညွန့်မေ'က 'မွေး'နှင့် 'တင်ဦး'တို့ အလယ်မှာဝင်ထိုင်သည်။ တောရွာဆိုတော့ 'ညွန့်မေ' ဟန်က မွင့်လည်း ပွင့်လင်းသည်။ ရင်းလည်း ရင်းနှီးသည်ဆိုတော့ 'မွေး' ကော 'တင်ဦး'ပါ ဘာမှမပြောသာ။

"ကဲ ဘယ်လိုကနေ ဘယ်လို နှစ်ယောက်ဆုံလာလည်း ပြောပါဦး"

"ငါတို့ပဲမေးနေတာပဲ... နင်ကကော ဘယ်လဲ"

"ရွာကို အလည်လေ"

"အလယ်လား... အသယ်လား"

"အဟီး..."

'ညွန့်မေ' တဟီးဟီးရယ်နေသည်။ သည်အချိန် သည်ရွာမှာ ငါတွေသိပ်ပေါမှန်း အားပုံးသိနေသည့်အချိန်ပဲ။ 'ညွန့်မေ' ရွာကိုလိုက်တာလည်း ငါးလာသယ်သည့်အဖြစ်ကလွဲလျှင် ဘာရှိမှာလဲ...

"သူငယ်ချင်းရာလည်း သိလျက်နဲ့ ကဲ ငါ့အကြောင်း





တော့သိပြီ... နင်တို့အကြောင်းကကော"

"ငါတို့အကြောင်းက ဘာရှိမှာလဲ... ငါ စာမေးပွဲပြီးလို့ 'မွေး'နဲ့အတူ ပြန်လာတာ"

"ဟဲ့... 'မွေး'က စာမေးပွဲပြီးတာကြာပြီပဲ"

"ငါနဲ့ပြန်ချင်လို့စောင့်နေတာ"

"ဟုတ်လား 'မွေး'"

'မွေး' ခေါင်းညိတ်ပြတော့ 'ညွန့်မေ' 'တင်ဦး'ကို မျက်စောင်းလှမ်းခဲသည်။ တစ်ရွာတည်းသားချင်းဆိုတော့လည်း ပြောမနာ ဆိုမနာဖြစ်နေပြီ။

"ဒါနဲ့ 'မွေး' ဆိုလို့ နင့်ကို ပြောရဦးမယ်"

"ဘာများလဲ"

'မွေး'' 'ညွန့်မေ'၏မျက်နှာကို ငေးကြည့်နေမိသည်။ဖြူဖြူဝဝ နှာတံလှလှနှင့် 'ညွန့်မေ'။အလှစား အချောစား စာရင်းဝင် မဝင်သော်လည်း လူပုံစံ သူ့ဟန်နှင့်တော့ ကြည့်ကောင်းနေသူပါ။

"ငါတို့အဆောင်ကို လူတစ်ယောက်လာတယ်... နင့်နာမည် လာမေးတယ်"

"ဘယ်သူများလဲ"

"လူပုံက ခပ်ချောချော ခန့်ခန့်ပဲ"

"'ကိုနိုင်'"

သည်နာမည်ကို မပြောတော့ပါဘူးပါဟု စိတ်တင်းသော



www.burmeseclassic.com

www.burmeseclassic.com



ကာမှ နှုတ်မှလွတ်ကန် ထွက်သွားသည်။ 'ညွန့်မေ' 'မွေး' လှမ်းကြည့်ရင်း…

" 'ကိုနိုင်' ဆိုတာ ဘယ်သူလဲ"

"ငါ နေတဲ့အိမ်ကပါ… ဘာဖြစ်လို့လဲ"

"သူ လာမေးတာ သူ့မျက်နှာက အတော်စိုးရိမ်သောက ရောက်နေပုံပဲ… ငါလည်း 'မွေး'ဆိုတော့ ရုတ်တရက် နင့်ကိုလည်း သတိမရမိဘူး… အဆောင်မှာလည်း 'မွေး'ဆိုတာ ရှိမှမရှိဘဲကိုး… အဲဒါနဲ့ မရှိဘူးပြောလိုက်တော့ သူ မကျေမနပ်နဲ့ပြန်သွားတယ်… သူ့ပုံစံက ငါ ညာပြောလိုက်တယ်လို့ ထင်နေပုံရတယ်… အဲဒီအချိန်တုန်းက နင် အဲဒီအိမ်မှာမရှိဘူးလား… ဘယ်သွားနေတာလဲ"

'မွေး' ဘာပြောမလဲ။ ထိုအချိန်တုန်းက 'မွေး' 'ကိုတိုး' ကောင်းမှုကြောင့် 'ကိုတိုး' သူငယ်ချင်းအိမ်ရောက်နေသည်။ ပြန်ပြောလျှင် အစမှနေပြောရမည့်ကိစ္စမို့ 'မွေး' ညာလိုက်သည်။

"ဟုတ်တယ်… အဲဒီအချိန်တုန်းက ငါ သူငယ်ချင်းတစ်ယောက်အိမ် စာသွားကျက်နေလို့… အဲဒါ နင့်ဆီလာတာမှတ်ပြီး လာမေးတာဖြစ်ရမယ်"

"လူပုံက ခပ်ချောချော ဆရာ… 'တင်ဦး'နဲ့တော့ တခြားစီပဲ"

'ညွန့်မေ' နောက်လိုက်တာဖြစ်ပေမယ့် 'တင်ဦး'မှာတော့ အကြီးအကျယ်မျက်နှာပျက်သွားသည်။





"ဟုတ်တယ်… 'မွေး' အိမ်ထောင်ဖက်များစဉ်းစားရင် တို့ရွာကအကောင်တွေ မစဉ်းစားနဲ့… မြို့ကအကောင်တွေပဲ စဉ်းစား… တို့ရွာက အကောင်တွေကိုစဉ်းစားရင် ငါးပဲစားရမှာ"

'ညွန့်မေ' စကားကြောင့် လှေဝမ်းထဲပါလာသောလူများ သဘောကျမိကြသည်။ တကယ်လည်း ဟုတ်သည်။ သူတို့ရွာမှာက ငါးကိုသာ အဓိကစီးပွားရေးအဖြစ် လုပ်ကိုင်နေကြတော့ ငါးပဲပေါသည်မဟုတ်လား။

ညနေသည်လာလျှင် အိမ်တိုင်းစေ့ညှိခံနိုင်တာက ငါးကြော်ပဲဖြစ်သည်။ ညှိသည်လာလို့ ထမင်းကျွေးလျှင် ငါးကိုပဲ ဟင်းချက်၍တစ်ဖုံ၊ ကြော်၍တစ်နည်း၊ ငါးဆုပ်လုံး၍တစ်သွယ် ဒါပဲ ညှိခံနိုင်သည်။

သည်တော့ 'ညွန့်မေ'ပြောတာ သိပ်မှန်နေတော့ လှေထဲရှိလူများ မရယ်ဘဲ မနေနိုင်၍ ရယ်ကြခြင်းဖြစ်သည်။ ညနေလေးနာရီလောက်မှ လှေထွက်ဖြစ်သည်။ ချောင်းကျဉ်းတလျှောက် ဝါးဖောင်များကိုတွေ့ရသလို တစ်ခါတစ်ခါကျတော့လည်း လှေက သောင်နှင့်ငြိနေ၍ ဆင်းတွန်းရပြန်သည်။

"အဲဒါ နင်ပါလို့ 'ညွန့်မေ'ရဲ့"

"လုပ်မနေနဲ့… နင်သာ ငါ့အလယ်က ဝင်ထိုင်တာ မဆ လို့ဖြစ်နေလို့ လှေ ခုလိုသောင်တင်နေတာ… ဟွန်း ဖယ်ဖို့ မဆေး ဘူး"



www.burmeseclassic.com

www.burmeseclassic.com



'မွေး'မှာတော့ 'ညွန့်မေ'နှင့် 'တင်ဦး'ကိုကြည့်ကာ ပြုံးရခက် ရယ်ရခက်နှင့် ပေါက်တပင်ဆိပ်နှင့်သွံ့မိုင်ခွဲကွာဝေးသော ဘုရားဖြူဖြူလေးကို လှမ်းငေးနေမိသည်။ လမ်းတစ်လျှောက် ကန်စွန်းခင်းတွေကို တွေ့ရသည်။

တစ်ခါတစ်ခါတော့လည်း ငါး ရှာသည့်လှေတွေကို ရောင်စုံပလပ်စတစ်အမိုးများ ဖုံးထားသည့်အောက်မှာ တွေ့လိုက်ရသည်။ ပန်းခိုင်ရွာနားနီးတော့ ရေထဲတွင်မြက်ပင်ရှည်ရှည်ကြီးများကို တွေ့ရသည်။ သည်မြက်ပင်ရှည်ကြီးများကြား အတန်ကြာဖြတ်လာပြီးမှ 'မွေး'တို့ ပန်းခိုင်ရွာကို စတွေ့ရသည်။

ရွာကိုတွေ့သည်နှင့် 'မွေး'ရင်ထဲမှာ လိုက်ကနဲပျော်ရွှင်သွားသည်။ ငယ်စဉ်ကလေးဘဝကတည်းက နေ ခဲ့ရသော ရွာကြီးမဟုတ်လား။ ကျူထရံကာ သက်ကယ်မိုးနှင့် 'မွေး'တို့ရွာက အိမ်ခြေပေါင်း လေးရာကျော်ရှိသည်။ ရွာက ဒယ်အိုးပုံသဏ္ဌာန်မို့ နွေဆိုရေခန်းကာ မိုးတွင်းဆိုတောင်ကျရေများစီးဝင်လာ၍ တစ်ရွာလုံးကိုရေဖုံးလွှမ်းနေသည်။

'မွေး'တို့လိုက်လာသော ပဲ့ထောင်က တစ်အိမ်ဝင် တစ်အိမ်ထွက်နှင့် ခရီးသည်များကိုလိုက်ပို့နေသည်။ အိမ်တိုင်းရှိကလေးများက ပဲ့ထောင်တစ်စီးလာတိုင်း လှမ်းမျှော်နေကြ၍ 'မွေး'သူနှင့် 'တင်ဦး' ငယ်စဉ်ကဘဝလေးကို ပြန်သတိရမိသည်။

'မွေး'တို့ ပကိုင်(ပန်းခိုင်)ရွာက အပိုင်းခြောက်ပိုင်းခွဲထား





သည်။ ရွာအရှေ့ပိုင်း၊ အလယ်ပိုင်း၊ မန္တလေးပိုင်း၊ ကျောက်ပိုင်းနှင့် ဘုရားပိုင်း၊ ပန်းခိုင်ပိုင်းဆိုပြီး ခြောက်ပိုင်းခွဲထားကာ 'မွေး'တို့ရွာက ရွာအလယ်မှာဆိုတော့ သူများတွေထက် အရင်ဆင်းရမေမယ့် ရွာကိုပတ်ကြည့်ချင်သေး၍ 'မွေး'တို့မဆင်းကြ။ နောက်ဆုံးမှဆင်းရန် စိတ်ကူးကြသည်။

'မွေး'တို့လိုပင် 'ညွန့်မေ'ကလည်း မဆင်းသေး၍ 'တင်ဦး'က 'ညွန့်မေ'ကိုလှမ်းမေးသည်။

"ဟဲ့ 'ညွန့်မေ'... နင် မဆင်းသေးဘူးလား... ဘယ်လိုလဲ"

"ဟင့်အင်း... နင့်အိမ်ကျမှ ဆင်းမှာ"

"အောင်မယ်... လူပျိုနံ့နံ့ထွတ်ထွတ်အိမ်မှာ နင့်ကိုလက်မခံနိုင်ပါဘူး"

"အောင်မယ်လေး... ငါကလည်း အပျိုနံ့နံ့ထွတ်ထွတ်ပါပဲဟဲ့... နင် လက်မခံချင်လို့ကို တမင်ဆင်းမှာ"

အမှန်မှာ သည်ရွာမှ 'ညွန့်မေ'တို့ ပြောင်းသွားသော်လည်း ရင်း ပန်းခိုင်ရွာတွင် 'ညွန့်မေ'တို့အဒေါ် ကျန်ပါသေးသည်။ သွားတည်းလျှင် ဖြစ်ပါသည်။ ဒါပေမဲ့ 'ညွန့်မေ'က တမင်ညစ်ကာ 'တင်ဦး'တို့အိမ်မှာ ဆင်းလိုက်သည်။

"နင့် အိမ်ကမြင်တော့လည်း တို့နှစ်ယောက်ခိုးပြေးလာတယ်ပေါ့ ဟုတ်ဘူးလား"

"နင့်လား ငါကြိုက်မှာ... ဒီပုံစံ ဒီအချိုးမျိုးကို ရှာလည်း



www.burmeseclassic.com

www.burmeseclassic.com

မကျေးနိုင်ဘူး… ရှာကျွေးလို့လဲ လောက်မှာမဟုတ်ဘူး”

“အေးပေါ့… ငါတော့ နင်ကဘယ်ရှာကျွေးချင်ပါမလဲ… နင် ရှာကျွေးချင်တာ ‘မွှေး’ပဲ မဟုတ်လား”

“ဒါတော့ နင်သိသားပဲ”

“ဟွန်း… ‘မွှေး’က နင့်လိုကောင်မျိုးကိုကြိုက်ပါလိမ့်မယ် အားကြီး… ယူချင်ယူရင် မြို့သားပဲယူမှာပေါ့… ဟုတ်တယ် မဟုတ်လား ‘မွှေး’ ”

“ ‘ညွန့်မေ’ ရယ်”

‘ညွန့်မေ’ စကားကြောင့် ‘မွှေး’ ‘တင်ဦး’ကို အားနာစွာ လှမ်းကြည့်ရင်း ‘ညွန့်မေ’ကို ဆိတ်လိုက်ရသည်။ ‘တင်ဦး’ ရင်ထဲမှာတော့ ထိခိုက်သွားသည်။ လောလောလပ်လပ် ‘မွှေး’ကို လက်ထပ်ခွင့်တောင်းထားသည့် ‘ဒေါက်တာ ‘တိုးမြင့်’ ကိုယ်တိုင်က မြို့သားတစ်ယောက်မဟုတ်လား။

‘မွှေး’ မေတ္တာယိုင်ခြင်းယိုင်လျှင် ‘ကိုတိုး’ ဘက်ကိုသာ ယိုင်မှာသေချာသည်မို့ ‘တင်ဦး’ ‘မွှေး’ကိုနှုတ်မဆက်ဘဲ သူ့အိမ်ဘက်လာခဲ့သည်။ ‘ညွန့်မေ’ကတော့ ‘တင်ဦး’ကို လှမ်းကြည့်ရင်း…

“တွေ့လား ‘မွှေး’… ငါ စလိုက်တာ ‘တင်ဦး’ ဆွေးသွားပြီ”

“သနားပါတယ် ‘ညွန့်မေ’ရယ်… မစပါနဲ့”

“သနားရင် နင်ကလည်း ချစ်လိုက်ပါလား… ကိုယ့်ရွာသားချင်းပဲ… ငါက သူ့မခံချင်အောင်သာပြောနေရတာ… ရချင်းရရင် ကိုယ်ရွာသားချင်းပြန်ရတာပဲ ကောင်းတာပေါ့”





“ငါ စဉ်းစားရဦးမယ် ‘ညွန့်မေ’ရယ်… ဒါနဲ့ နင် တို့အိမ်မှာဆင်းမှာလား”

“အေးလေ… မနက်မှ အဒေါ်တို့အိမ်သွားမယ်… အဟီး အဒေါ်ကတော့ မနက်ကျရင် ဆူမှာသေချာတယ်… ဆူလည်းဆူပါ… [illegible]တော့… ငါ နင်တို့နဲ့ စကားတွေပြောဦးမယ်”

‘မွှေး’ကော ‘ညွန့်မေ’ပါရှိသည့်အတွက် ‘မွှေး’တို့အိမ်ကလေးမှာ စကားသံများဝေစီနေသည်။ အဖေက ညဘက်မီးရောင် မှောင်မှောင်လေးကြားမှာ ဆိတ်ငြိမ်နေသော ‘တင်ဦး’တို့ အိမ်ဘက် လှမ်းကြည့်ရင်း…

“သမီး… ညနေတုန်းကပြန်လာတုန်းက ‘တင်ဦး’လည်း ပါ[illegible]တယ် မဟုတ်လား”

“ပါလာတယ်လေ အဖေ… ဘာဖြစ်လို့လဲ”

“ခါတိုင်း ညဘက်ဆိုကူးလာပြီး… ခု ဒီသူငယ်ဘာဖြစ်နေတာလဲ”

“အချစ်နာ ထနေတာ အဘရေ”

‘ညွန့်မေ’က ထအော်သည်။ ‘မွှေး’ အဖေက ‘ညွန့်မေ’ကို နားမလည်သလိုကြည့်ရင်း…

“ဘာအနာ… အဘကိုပြန်ပြောပါဦး ‘ညွန့်မေ’ ”

“အချစ်နာ အဘရဲ့… အဲဒီအနာက ဒိပြင်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဘူး… အသည်းမှာပဲ ပေါက်နေတာ"

"သြော်…"

အဖေက ခုမှနားလည်ဟန်ဖြင့် ခေါင်းတညိတ်ညိတ်လုပ်နေ၍ 'မွေး'မှာ 'ညွန့်မေ'ကို ခပ်နာနာလေးဆိတ်ရင်း…

"အလကား အဖေ… 'ညွန့်မေ' လျှောက်ပြီး ပေါက်ကရပြောနေတာ… 'တင်ဦး' မအားလို့ မလာတာနေမှာပါ"

"အေးပါ… မနက်ကျ သူ့မလာလည်း သွားခေါ်လိုက်ပေါ့ ဟုတ်ဖူးလား"

ငယ်စဉ်ကတည်းက တွဲလာသည့် သူငယ်ချင်းတွေမို့ အဖေက အတွဲမပျက်စေချင်။

"ဒါနဲ့ 'မအေး'တို့ကော နေကောင်းကြရဲ့လား သမီး"

"ကောင်းပါတယ် အဖေ"

"တလောက ရွာထဲက ကိုရင် သိတ့ယ်မဟုတ်လား 'အုန်းဟန်'လေ… သူကပြောတယ်… နင် နေတဲ့အိမ်ကသားလေး ဈေးစပ်တာ သတင်းစာထဲမှာတွေ့လိုက်တယ်တဲ့… ဘယ်သူလဲ သမီး"

" 'ကိုနိုင်'ပါ အဖေ"

"အင်း… ဒါဆို အငယ်မလေးတစ်ယောက်ပဲ ကျန်တော့တာပေါ့နော်"

'မွေး' ခေါင်းညိတ်လိုက်သည်။

"အင်း… လူကြီးတွေအသက်ကြီးလာသလို လူငယ်တွေ





လည်း အတောင်အလက်တွေစုံကုန်ပြီ… ငါ့သမီးလည်း ဘယ်တော့အတောင်အလက် စုံမယ်မသိဘူး"

"လိပ်ပြာတွေကတော့ ဝဲနေတာပဲ အဘ… အဘ သမီးက ချောတယ် မဟုတ်လား"

"ဟုတ်လား သမီး… ဘယ်က လိပ်ပြာတွေလဲ"

'ညွန့်မေ' ရှည်သမျှ 'မွေး' ဖြေရတော့သည်။

"ဒေါက်တာ 'တိုးမြင့်'တဲ့ အဖေ… 'ကိုနိုင်'နဲ့ယူတဲ့ 'မမအဲလစ်'ရဲ့ အကိုပါ… သူက 'မွေး'ကို လက်ထပ်ခွင့်တောင်းတယ်"

"သမီးက ဘာပြောခဲ့သလဲ"

အမေက 'မွေး' မျက်နှာကို ပြုံးကာလှမ်းကြည့်နေပေမယ့် အဖေကတော့ စိုးရိမ်စွာလှမ်းမေးသည်။

"အောင်စာရင်းထွက်ပြီးရင် အဖြေပေးမယ်လို့ပြောခဲ့တယ် အဖေ"

"အဖြေကော သမီးမှာရှိလား"

"စဉ်းစားတုန်းပဲ"

"အိမ်း… အဖေကတော့ သမီးဂုဏ်ရှိမယ့်ကိစ္စမို့ မတားချင်ပေမယ့် အသွင်မတူ အိမ်သူမဖြစ်ဆိုတာတော့ သမီးမှတ်ထားနော်… သမီး ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ သမီးယူမယ့်ယောကျာ်းလေး အသိုင်းအဝိုင်းချင်းမတူရင် ရေရှည်သမီးပဲ စိတ်ဆင်းရဲရမှာ"



www.burmeseclassic.com

www.burmeseclassic.com



" 'မွေး' စဉ်းစားတုန်းပါ အဖေ"

"အေး... စဉ်းစားသမီး... ရေရှည် သမီးအပေါ်မှာ သည်းညည်းခံမယ့်သူ... သမီးနဲ့ ဆိုးတူကောင်းဘက် နေနိုင်မယ့်သူမှ သမီးနဲ့ဖြစ်မှာ... ပြီးတော့ သမီးကလည်းကျောင်းမပြီးသေးဘူး မဟုတ်လား... အဲဒီ ဒေါက်တာနဲ့ယူပြီးရင် သမီးကျောင်းဆက်နေလို့ဖြစ်ပါ့မလား"

" 'မွေး' နားလည်ပါတယ် အဖေ"

"အေးလေ... ငါ့သမီးလည်း ပညာမဲ့သူမှ မဟုတ်ဘဲ... စဉ်းစားပေါ့"

အဖေ 'မွေး'တို့နှင့်အတူ ထိုင်နေရာမှထွက်သွားသည်။ မှောင်ထဲတွင် ဝိုးတဝါးမြင်နေရသော အဖေ့ကျောပြင်ကိုကြည့်ရင်း 'မွေး' သက်ပြင်းချလိုက်သည်။လေနှင့်ရေယက်သံ၊ ပဲ့ထောင်သံကြားမှ ညက အေးချမ်းတိတ်ဆိတ်နေသည်။ တစ်ခါတစ်ခါ 'မွေး'ဆီကိုဖြတ်လာသောလေက အေးမြသော်လည်း ညှီနံ့ကသင်းနေသည်။

ထို ညှီနံ့လေးကို ရှူရှိုက်ရှင်း 'မွေး' 'ကိုတိုး'ကို သတိရလာသည်။ သည်လေကို 'မွေး'နှင့်အတူ 'ကိုတိုး' ရှူနိုင်ပါ့မလား။ ပြီးတော့ 'မွေး'တို့လိုပဲ သည် ညစ်တစ်တစ် ဝါတာတာရေထဲမှာ ချိုးနိုင်ပါ့မလား။

'မွေး' မှောင်တစ်ဝက် လင်းတစ်ဝက်ကြားမှ မြင်နေသော သူတို့အိမ်လေးကိုပဲကြည့်လိုက်သည်။ အိမ်ရှေ့ဘက်က ပျဉ်ခင်းထား၍ မဆိုးလှပေမယ့် 'မွေး'တို့နောက်ဖေးမှဝါးတွေက ကျဲလှသည်။ 'မွေး'တို့ လမ်းလျှောက်တိုင်း တကျွိကျွိမြည်နေသည်။





သည်လိုဖြစ်နေကာ ကျဲနေသောဝါးတွေကို 'ကိုတိုး'ရေရှည်နင်းနိုင်ပါ့မလား။ အဖေပြောသော အသွင်တူမှ အိမ်သူဖြစ်မည်ဆိုသည့်စကားလေးကို 'မွေး' ကြားယောင်လာသည်။

ဘာပဲပြောပြော 'မွေး' 'ကိုတိုး'ကို အဖြေတော့ပေးရမည်။ ပေးကိုပေးရမည်။ ချစ်သည့်အဖြေလား၊ မုန်းသည့်အဖြေလား၊ 'မွေး' ကိုယ် 'မွေး'လည်း မဝေခွဲရသေး၊ 'မွေး'လည်း မဖြေတတ်သေး။



www.burmeseclassic.com

www.burmeseclassic.com

## ၁၉

“ ‘တင်ဦး’ရေ… ‘တင်ဦး’ ”

နေရောင် စူးရှရှကြားမှ ‘ညွန့်မေ’ အသံကြောင်း အိပ်ရာထဲတွင် မထချင်ပဲလဲလျောင်းနေသော ‘တင်ဦး’ အိပ်ရာမှဆတ်ကနဲထကာ အိမ်ရှေ့ကိုထွက်လာခဲ့သည်။

အိမ်ရှေ့မှာတော့ ‘ညွန့်မေ’ကို သနပ်ခါးအဖွေးသားနှင့်တွေ့လိုက်ရသည့်အပြင် ‘မွေး’ကိုပါ ‘ညွန့်မေ’ဘေးမှာ တွေ့လိုက်ရတော့ ‘တင်ဦး’ အံ့သြသွားသည်။

“ဘာလဲ”

“ဘာလဲ မနေနဲ့… အကျီလဲ”

“လဲပြီးတော့…”

“တို့နဲ့လိုက်ခဲ့”





“နင်တို့က ဘယ်သွားမှာလဲ”

“အလည်လေ… မြစ်ကျိုးဘက် ပွဲထောင်နဲ့လျှောက်လည်မလို့… အဲဒါ နင့်ကိုလာခေါ်တာ”

“ဘယ်သူတွေ ပါသေးလဲ”

“ကိုရင်တော့ ပါမလားမသိဘူး”

‘မွေး’ အဖေက ‘မွေး’တို့အိမ်ဘက်မှ လှမ်းအော်သည်။ ‘တင်ဦး’ ခေါင်းငုံ့ကာ အဖေ့ကိုလှမ်းကြည့်ရင်း…

“ ‘ဦးအုန်းဟန်ကြီး’ လား”

“အေးလေကွာ… လူကြီးတစ်ယောက်တော့ အဖော်ရအောင်ပေါ့… နို့မို့ဆို မင်းနဲ့ မိန်းကလေးတွေချည်းပဲ”

“ဒါ ဘယ်သူစီစဉ်လိုက်တာလဲ”

“ငါပေါ့ ‘တင်ဦး’ရဲ့… အဒေါ်တို့အိမ်မှာ ပွဲထောင်ပြီးအားနေတာနဲ့ လိုက်ပို့ခိုင်းတာ… မြန်မြန်လုပ်ပါ ‘တင်ဦး’ ရဲ့”

“အေးပါ”

မိန်းကလေးတွေက သနပ်ခါးလူး၊ မိတ်ကပ်လိမ်း ခေါင်းဖြီးကြပေမယ့် ယောကျ်ားလေးတွေကတော့ အဝတ်လဲပြီး ခေါင်းဖြီးရင်ပဲ အပြင်ထွက်လို့ရပြီ။ ရှပ်အကျီလက်တို အပြာနုရောင်ကချင်ပုဆိုးကွက်အနက်နှင့် အပြာရောထားသောလုံချည်နှင့် ‘တင်ဦး’ကိုကြည့်ရင်း ‘ညွန့်မေ’က ‘မွေး’ကို လှည့်မေးသည်။

“နင် ဒေါက်တာနဲ့ ‘တင်ဦး’ ဘယ်သူချောလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဒေါက်တာ မဟုတ်ပါဘူး 'ညွန့်မေ' ရယ်"

"ဘာမဟုတ်ရမှာလဲ… နင် ခေါင်းညိတ်ရင် သူက လက်ထပ်မယ့်လူဆိုတော့ နင့် ဒေါက်တာပဲပေါ့… ကဲ မေးတာပဲဖြေ"

"ဟိုက ချောတာပေါ့"

"'တင်ဦး'ကကော"

"သူက ငယ်ငယ်ကတည်းက ချောတာမှမဟုတ်ဘဲ"

အမှန်မှာ သူ့အရုပ်၊ သူ့ ကိုယ်လုံးကိုယ်ထည်နှင့် 'တင်ဦး' သည်လည်း ယောကျ်ားပီပီသသ ကြည့်ကောင်းသူပါ။ တမင် 'တင်ဦး' စိတ်ကိုသိချင်၍ 'မွေး' ပြောလိုက်ခြင်းပါ။ 'တင်ဦး'ကတော့ 'မွေး'စကားကြောင့် နှုတ်ခမ်းကိုတွန့်ကာပြုံးရင်း…

"ဒါကတော့ မချစ်ရင် မလှ… ချစ်ရင် လှတဲ့… နင့်ကိုက ဒေါက်တာ 'တိုးမြင့်' ဘက်ယိုင်နေတာ မသိဘူးမှတ်လို့လား"

"သိရင်လည်း ပြီးရောပေါ့… နော် 'ညွန့်မေ' ရယ်"

ခနဲ့တဲ့တဲ့ပြုံးနေသော 'မွေး' မျက်နှာကိုကြည့်ကာ 'တင်ဦး' လက်သီးနှင့် ထွတ်ပြီးသာ ထိုးပစ်လိုက်ချင်တော့သည်။ နဂိုကမှ မခံနိုင်၍ အတင်းမေ့နေသည့်ကြားထဲ သူမကပဲအစလာဖော်ကာ သူမကပဲ သူ့စိတ်ကိုလာဆွနေသည်။

မတော်ရန်ဖြစ်လျှင်လည်း သူပဲအလွန်ဖြစ်မည်မို့ 'တင်ဦး' 'မွေး' မျက်နှာကိုမကြည့်မိအောင်ရှောင်ကာ အိမ်ရှေ့ဝရံတာကို ထွက်လာခဲ့သည်။ စိတ်ထဲမှာတော့ 'မွေး' ပြောသည့်စကားသာ





အယပ်ထပ်ကြားယောင်နေသည်။ ဘာတဲ့…

"သိရင် ပြီးရောတဲ့…"

သိတာနှင့်ပြီးရင်တော့ သူသိတာကြာလှပြီ။ သူခံစားရတာလည်း ကြာလှပြီ။ မမြင်ရခင်က ခံစားရတာခံနိုင်ရည်ရှိပေမယ့် သည်လိုကိုယ့်ရှေ့မှာထိုင်ကာ မြင်နေရလျက်ခံစားနေရတော့ 'တင်ဦး' ရင်က လှိုက်မောနေသည်။

ခံစားရလွန်းတော့လည်း ပွဲထောင်အိမ်ရှေ့ဆိုက်လာတာကိုပင် 'တင်ဦး' မမြင်ချင်တော့၊ 'ညွန့်မေ'က မျက်မှောင်ကုတ်နေသော 'တင်ဦး'ကိုကြည့်ကာလှောင်သည်။

"'တင်ဦး'ရယ်… နင် ဒီလောက်ဖြစ်နေမှန်း ငါ မသိပါဘူး… တကယ်ပါ ငါကြိုက်ရင်လည်း ငါ ကြိုက်ပါတယ်"

"လုပ်မနေနဲ့… ငါတို့ကတစ်ယောက်ဆိုတစ်ယောက်ပဲ… တစ်ချစ်ဆို တစ်ချစ်ပဲ… ဒသဂီရိလို မျက်နှာများတဲ့မိန်းကလေး မှန်းတယ်"

ပါးစပ်ကသာမှန်းတယ်ပြောနေပေမယ့် 'တင်ဦး' ရင်ထဲမှာအမုန်းမရှိဘဲ အချစ်သာရှိနေမှန်းသိသည့် 'ညွန့်မေ'ကတော့ ဒေါသထောင်းထောင်းထကာ ပြောနေသော 'တင်ဦး'ကိုကြည့်ကာ ပြုံးမိသည်။ နှုတ်မှလည်း ညည်းမိသည်။

"'တင်ဦး' 'တင်ဦး'… သိပ်ရယ်ရတဲ့ 'တင်ဦး'"

ပွဲထောင်ကတော့ 'တင်ဦး'တို့အိမ်ရှေ့မှ ထွက်လာခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'မွေး' 'ညွန့်မေ' 'ညွန့်မေ' ညီမဝမ်းကွဲများအပြင် အခြားသူများပါသည်ဆိုတော့ ပွဲထောင်ထဲမှာ ဆယ်ယောက် ဆယ့်ငါးယောက်ခန့်ပါလာသည်။

'မွေး' ရေတွေကြား၌ တည်ရှိနေသော ပန်းခိုင်ရွာကို မျက်လေးစေ့ကြည့်ရင်း သူ ငယ်ငယ်တုန်းကသိခဲ့ရသည့် ရာဇဝင်လေးများကို အမှတ်ရနေသည်။ မြို့တိုင်း၊ နယ်တိုင်း ရာဇဝင်လေးတွေနှင့်မဟုတ်လား။

ဒိုက်ဦးဆိုလျှင် မဏိစည်သူမင်းလက်ထက် ဖောင်နှင့်တိုင်းခန်းလှည့်လည်စဉ် ဖောင်ဦးမှာ ဒိုက်ခံနေ၍ ဒိုက်ဦးဟုခေါ်ခြင်းခံရသလို၊ ဖောင်ဝဲကျတော့လည်း ဖောင်တော်ကွဲသည်။ သည်မြို့ကို ဖောင်ဝဲ။

ဖောင်တော်သီနေရာကျတော့လည်း ဖောင်တော်သီ၊ 'မွေး'တို့ ပကိုင်းရွာကျတော့ ရွှေပန်းခိုင်ဆက်သတဲ့နေရာမို့ ပန်းခိုင်၊ ပါးစပ်ကအခေါ်တော့ ပကိုင်ဟုခေါ်တွင်ကြောင်း 'မွေး' သိခဲ့ရသည်။

ပကိုင်းတာကျိုး ပဲခူးရေလျှံဆိုသည့် စကားအတိုင်း 'မွေး'တို့ ပန်းခိုင်ရွာအလွန်တွင် ပကိုင်တာကြီးက ကြီးထွားလှသည်မဟုတ်လား။

"ပကိုင်တာလည်း ဝင်ရအောင်နော် 'ညွန့်မေ' "

"အေး... ဝင်မယ်လေ... ခုတော့ ရွာဦးက ဘုန်းကြီးကျောင်းပဲ အရင်ဝင်ကြရအောင်"





ကိုရင်ခေါ် 'ကိုအုန်းဟန်'က လှမ်းပြောသည်။ ဗန်းခိုင်တစ်ရွာလုံးမှရှားရှားပါးပါး မြေပြင်ရှိသောဘုန်းကြီးကျောင်းကိုရောက်မှ 'မွေး' ခြေနှင့်မြေနှင့်ထိခွင့်ရသည်။ ရွာကိုရောက်သည့်တစ်လျှောက်လုံးမှာတော့ 'မွေး' ခြေတို့ မြေနှင့်လုံးဝထိတွေ့ခွင့်မရှိ။

'ပန်းခိုင်ကျောင်းရှေ့တွင် ရေစိမ်းဏန်ရှိပြီး နောက်မှာကျုံးရှိသည်။ ၁၂၃၅ ခုတွင် တည်ခဲ့သော ပန်းခိုင်ကျောင်းကြီးကို ပထမဆရာတော် ဦးပညာနှင့်တပည့်ဦးပုညတို့က စတည်ကာ နောက်ပိုင်းတွင် ဦးကောသလ၊ ဦးဝဏ၊ ဦးနဟိန္ဒ၊ ဦးဝိသုဒ္ဓတို့က ဆက်ပြီးကျောင်းထိုင်ခဲ့ကြသည်။

**ချမ်းမြသာစည် ကုန်းမြေညီလျှတ်**

**ထန်း အုန်း သရက်**

**ချားလားဖျက်၍**

**ကျိုးသိုးဘတ်ရိ**

**ကျောင်းရှေ့ကတန့်...။**

ဆိုသည့် စာအတိုင်း ကျောင်းရှေ့ကကန့်ကြီးက ကျောင်း၏ကျက်သရေကို ဆောင်နေသည်။ ပန်းခိုင်ကျောင်းမှာထွက်လာတော့ နဂါးပေါက်ချောင်းအတိုင်း ပကိုင်တာကြီးဆီကိုထွက်လာခဲ့သည်။

'မွေး'တို့ ပွဲထောင်လေးသွားရာ ချောင်းကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်တွင် ရေကကြည်စိမ်းကာ မြက်ပင်ရှည်ကြီးများက တောက်လျှောက်ပေါက်သလို လေကလည်းတဖြူးဖြူးမို့ သွားလို့ ကောင်းလှသည်။

ပကိုင် တာရိုးပေါ်ရောက်တော့ 'မွေး'တို့ တာရိုးတ လျှောက်သွားကြသေးသည်။ တာရိုးပေါ်ကကြည့်လျှင် စိမ်းစိုသော လယ်ကွင်းတွေက တမျှော်တခေါ်မြင်နေရသည်။ ပကိုင်တာရိုး နောက်မှာတော့ ကရင်စုရွာ။

"ရေသောက်ဦးမလား 'မွေး'"

မုန်းတယ်၊ မခေါ်ပါဘူး တော့ထားသည့်ကြားမှ ဘယ်လို ကဘယ်လိုထွက်သွားမှန်းမသိသည့် ကိုယ့်ကိုယ်ကို အံ့ဩရင်း 'တင်ဦး' ပြုံးလိုက်မိသည်။ 'ညွန့်မေ' 'တင်ဦး'ကို မျက်စောင်းလေး ခဲကာ လှမ်းကြည့်ရင်း...

"အောင်မယ်လေး ထားလိုက်ပါတဲ့စေတနာတွေ... ငါ့ကျ တော့ ယောင်လို့တောင်မေးဖော်မရဘူး... ငါ့အပေါ်စေတနာမရှိ လို့ နင် အခုလိုခံစားနေရတာ... ငါ့အပေါ် နင် စေတနာလေး ထားကြည့်... 'မွေး'ကလည်း နင့်အပေါ်စေတနာလေး ပြန်ထား လာလိမ့်မယ်"

"မထားချင့်လည်း နေပါစေဟာ... သူ စိတ်ချမ်းသာရင် ငါလည်း စိတ်ချမ်းသာမှာပါ"

"စွန့်လွှတ်ရဲတယ်ပေါ့"





"ကိုယ်က မစွန့်လွှတ်လဲ... သူက စွန့်လွှတ်သွားမယ့်အ တူတူ မထူးပါဘူး"

'မွေး'ကတော့ သူတို့ပြောနေသည့်ကြားမှ ရုန်းထွက်လာ ခဲ့သည်။ ခုချိန်မှာတော့ သူ့ရင်ထဲမှာ စဉ်းစားနေရတုန်းအချိန်၊ သည်အချိန်မှာ သူ 'တင်ဦး' ဘက်လည်း မယိုင်ချင်၊ 'ကိုတိုး'ဘက် လည်း မယိုင်ချင်။ ချိန်ခွင်လျှာကို အလယ်မှာသာတည့်မတ်စွာနေ ကာ စဉ်းစားရမည့်အချိန်မို့ 'မွေး' ပဲ့ထောင်ပေါ်ပြန်တက်လာခဲ့ သည်။

သည်တစ်ခါ ပကိုင်တာမှထွက်လာတော့ အရှေ့ရိုးမက 'မွေး'တို့ရှေ့မှာ ဆီးကြိုနေသည်။ ကရင်စုရွာပြီးနောက် အဘားရွာ သဗွေးကုန်းရွာဆော့ကိုဖြတ်ပြီး 'မွေး'တို့မြစ်ကျိုးမြို့ကိုပြန်ရောက် လာသည်။ မြို့အဝင်မှာ လှေကလေးတွေနှင့် စည်ကားလှပသလို သံဘောင်ဖြူဖြူကြီးများနှင့် ကြီးမားလှသော ရေတံခါးကြီးနှစ်ခု ကိုတန်းတွေ့လိုက်ရသည်။

မြစ်ကျိုးမြို့ဈေးထဲမှဖြတ်ကာ အတုလရတနာဘုရားကြီး ကို ဝင်ဖူးကြသည်။ အပြန် မြစ်ကျိုးဈေးထဲမှ ကောင်းညှင်းမုန့်၊ သာကူပြင်တို့ကို 'ညွန့်မေ'က ဝယ်လာကာ 'မွေး'တို့လှေပေါ်မှာ ထိုင်စားကြသည်။

ထွက်လာစက ထမင်းတစ်ထပ် စားသေးသော်လည်း သွားရလာရ လှုပ်ရှားရနှင့် ဗိုက်ဆာဆာနှင့် 'မွေး' ကောင်းညှင်းရွှေ



www.burmeseclassic.com

www.burmeseclassic.com



ချည်တွေ အရမ်းစားပစ်လိုက်သည်။ မြစ်ကျိုးမှပွဲထောင်ထွက်တော့ အခြားအသိပွဲထောင်တစ်စင်းနှင့် သွားတိုးနေသည်။ ထိုလှေပေါ်တွင်ပါလာသောသူများက 'တင်ဦး'၊ 'ညွန့်မေ'နှင့် 'မွှေး' တို့၏ သူငယ်ချင်းတွေ။

တချို့လည်း အိမ်ထောင်ကျလို့ကျ၊ တချို့လည်း ရွာမှပြောင်းလို့ပြောင်းနှင့် ပကိုင်အရှေ့ မင်းဂလွန်၊ သုံးခွနှင့် ခမွန်စသည့်ရွာများမှ သူငယ်ချင်းတွေပင်။ သူတို့က 'မွှေး' တို့ကိုတွေ့တော့ အံ့သြဝမ်းသာစွာနှင့်လှမ်းအော်ကြသလို 'ညွန့်မေ'နှင့် 'မွှေး' တို့ကလည်း လှမ်းခေါ်ကြသည်။

"နင်တို့ ဘယ်လာတာလဲ"

သူတို့ပွဲထောင်ပေါ်မှာလည်း လူအပြည့်၊ ပစ္စည်းအပြည့်နှင့်...

"ဘုရားဖူးလာရင်း ဈေးလည်းလာဝယ်ကြတာ... နင်တို့ကကော..."

"ငါတို့ကလည်း ပျင်းတာနဲ့ လျှောက်လည်တာ"

"ဟဲ့... ဟိုဟာ 'တင်ဦး' မဟုတ်လား... ဘယ်လိုလဲ ဆလိမ်ဆရာကြီး ခေါင်းလောင်းတီး"

'တင်ဦး' ကျောင်းဆရာလုပ်မှန်းသိ၍ ဝိုင်းစနေခြင်းပင်။ သည်ကြားထဲ ပွဲထောင်ချင်းကပူးကပ်လာတော့ သူတို့က 'မွှေး' တို့ကိုရေနှင့်လှမ်းပက်သည်။ သည်ဘက် 'မွှေး' တို့လှေကလည်း





မခံ။ ပြန်ပက်တော့ ရေလယ်မှာ လှေကလူးလာသည်။

စ,ပက်ခါစက 'မွှေး'ပါ ပါသော်လည်း တဖြည်းဖြည်းပွဲကကြမ်းလာတော့ 'မွှေး' မျက်လုံးပြူးလာသည်။ မတော် ရေလယ်မှာလှေမှောက်ပါက ကျော်မကောင်း ကြားမကောင်းလိုက်မည့်အဖြစ်မို့...

"'တင်ဦး' တော်တော့... ပွဲထောင်ကို အမြန်မောင်းခိုင်း"

'ညွန့်မေ'ကတော့ 'မွှေး' တို့ဘက်ကိုလှည့်ကြည့်ရင်း...

"အို... 'မွှေး'ကလည်း ဒီကောင်မလေးတွေက လူအပြည့်ကုန်အပြည့်... တို့လှေက ဘာမှပါတာမဟုတ်ဘူး... နစ်ရင်နစ်သူတို့ပဲနစ်မှာ"

"လုပ်မနေပါနဲ့ 'ညွန့်မေ'ရယ်... 'မွှေး' ကြောက်တယ်"

ရေထဲမှာကြီးပြင်းလာသူမို့ ရေကူးတတ်သော်လည်း ပွဲထောင်မှောက်လျှင် ကစဉ့်ကလျားဖြစ်မည့်အဖြစ်မို့ 'မွှေး' အသံတုန်လေးနှင့် 'တင်ဦး'ကို လှမ်းအော်လိုက်သည်။

"ပြောလိုက်လေ 'တင်ဦး'... အမြန်မောင်းပါလို့"

'မွှေး' အော်နေသည့်ကြားမှ တစ်ဘက်ကပွဲထောင်က 'မွှေး'တို့ပွဲထောင်ကို အတင်းဝင်ပူးကာ ပေါင်းမိုးကိုဖြုတ်နေကြသည်။ သူတို့သည်လိုသောင်းကျန်းလေ 'မွှေး' ပိုကြောက်လေနှင့်မျက်နှာပျက်သည်ထက်ပျက်လာကာ 'တင်ဦး'ကို ကုန်းအော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"'တင်ဦး' ပြောနေတယ် မဟုတ်လား… အမြန်မောင်းဖို့"

'တင်ဦး' တစ်ဘက် ,ပွဲထောင်ကိုမကြောက်သော်လည်း 'မွေး' ကြောက်နေမှန်းသိ၍ ပွဲထောင်သမားကိုအမြန်မောင်းခိုင်းမှ သူတို့ ပွဲထောင်လေး နောက်မှာကျန်ရစ်ခဲ့သည်။ ဒါတောင် ရိုးရိုးတန်းတန်းမကျန်၊ ဝေလေလေအော်ဟစ်ဂျာ ကျန်ခဲ့ခြင်းဖြစ်သည်။

'မွေး'တို့ သူတို့နှင့်ဝေးမှ အသက်ကို ပြင်းပြင်းရှူရဲသည်။ စောစောတုန်းက ကြောက်လွန်း၍ အသက်တောင်မရှူဝံ့။ 'ညွန့်မေ'ကတော့ 'မွေး'ကိုကြည့်ကာပြုံးရင်း…

"'မွေး' ကလည်းဟယ်… ရေမကူးတတ်တာကြနေတာပဲ ကြောက်နေလိုက်တာ"

"ကြောက်တာပေါ့ဟဲ့… သူတို့ပုံစံက သူရဲမကြီးပုံစံကြီး… ငါတို့သာအခုလို ထွက်မလာရင် ပွဲထောင်နစ်မှာသေချာတယ်"

"နစ်လည်း နစ်စီးလုံးနစ်မယ့်ဟာ ဘာဖြစ်လဲ"

"အို… ငါရှက်ပါတယ်"

ဘာပဲပြောပြော တောနှင့်ဝေးကာ မြို့မှာအနေကြာလာတော့ ငယ်စဉ်တုန်းကလို ခပ်ရဲရဲ ခပ်ကဲကဲ မလုပ်ရဲတော့။ သည်တစ်ခါ မြစ်ကျုံးမြို့မှထွက်လာတော့ ဆာကတန်မြို့မှ တည်လက်စ ဆာကတန်ဘုရားကို ဝင်ဖူးကြသည်။

ဆာကတန်ဘုရားကိုမရောက်ခင် စစ်တောင်းစက္ကူစက်





ကြီးကိုလှပစွာလှမ်းတွေ့ရသည်။ ပကိုင်ကိုရောက်တော့ ညနေစောင်းနေပြီ။ 'ညွန့်မေ'က 'မွေး'တို့အိမ်ကိုမလိုက်တော့ဘဲ သူ့အဒေါ်အိမ်မှာပဲနေခဲ့တော့ အပြန်မှာ 'မွေး'နှင့် 'တင်ဦး' နှစ်ယောက်တည်းရယ်။ 'တင်ဦး' လှေကိုလှော်လျက်မှ 'မွေး'ကို တိုးညင်းစွာလှမ်းခေါ်လိုက်သည်။

"'မွေး'"

'မွေး' 'တင်ဦး'ကို ကျောပေးကာထိုင်လျက်မှ နောက်ဘက်ကိုလှည့်ကြည့်လိုက်သည်။ 'တင်ဦး'က 'မွေး'ကို ဘာမှမပြောဘဲ ငေးကြည့်နေ၍…

"ဘာလဲဟဲ့"

"နက်ဖြန် ငါကျောင်းသွားရတော့မယ်"

"အဲဒါ ဘာဖြစ်လဲ"

"ငါ တစ်ယောက်တည်းသွားရတာထက် နင်ပါလိုက်ရင် ဘယ်လောက်ကောင်းမလဲ 'မွေး'ရယ်"

ဟုပြောမည်ပြုပြီးမှ 'တင်ဦး' မပြောဖြစ်တော့။ 'မွေး'ကတော့ 'တင်ဦး'ကို အူကြောင်ကြောင်လေးကြည့်ရင်း…

"ပြောလေဟယ်… ဘာဖြစ်လဲ"

"သြော်… နင်များလိုက်မလားလို့ပါ"

"ငါ့အားရင် လိုက်ခဲ့မယ်လေဟယ်"

ငယ်စဉ်ကလေးဘဝကတည်းက တက်ခဲ့သောကလေး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလေးကိုတော့ 'မွေး' မမေ့နိုင်ပါ။ 'မွေး'တို့အိမ်ရောက်တော့ အမှောင်က လွှမ်းချင်နေပြီ။

" 'တင်ဦး'... ဒီမှာပဲ ထမင်းလာစားလေ"

"နေပါစေတော့ အဘ... အိမ်မှာပဲ စားတော့မယ်"

"ဟင်... 'တင်ဦး'ကလည်း မရဘူး..၊ အိမ်မှာပဲလာစား"

'မွေး' အဖေကော အမေကော ထပ်ကာထပ်ကာခေါ်တော့ 'တင်ဦး' မငြင်းရဲတော့။ 'မွေး'ကတော့ ရေချိုးခန်းနောက်ဖေးကို ထွက်လာခဲ့သည်။ အမေက ရန်ကုန်မှရောက်လာသည့် သမီးမို့ ချောင်းရေမချိုးစေပဲ မိုးရေခံထားကာချိုးစေသည်။

ထမင်းစားတော့လည်း သည်အတိုင်း 'မွေး' ငါးရိုးရှုးမှာ စိုး၍ ထွင်ပေးသည်။ ပကိုင်ရွာသူရွာသားတွေကတော့ ကလေးတွေပါ ငါးဆိုတာမဆန်းတော့၊ အရိုးဆိုတာမဆန်းတော့။ 'မွေး' လည်း ပကိုင်ရွာသူပဲမဟုတ်လား၊ ဒါကို အမေကအဆန်းလုပ်ကာ ထွင်ကျွေးနေတော့ 'မွေး' အမေ့စေတနာကို အသိအမှတ်မပြု၍ မဖြစ်တော့။

"နေပါစေ အမေရယ်... 'မွေး' စားတတ်ပါတယ်... အမေပဲ စားစမ်းပါ"

"အမေက အမြဲစားရတယ်... သမီးသာ မြို့မှာနေပြီး... မြို့သားနဲ့ရရင် ဒီငါးမျိုးစားရတော့မှာမဟုတ်ဘူး"

"အမေရယ်..."





'မွေး' 'တင်ဦး'ကို အားနာစွာကြည့်ရင်း သက်ပြင်းချလိုက်သည်။ 'တင်ဦး'ကတော့ ဟန်မပျက်ရယ်မောလျက်...

"ဒါတော့ ဟုတ်တယ်အကြီးရေ... 'မွေး'သာ မြို့သားယူရင် ဒီငါးတင်မကဘူး ပကိုင်တစ်ရွာကိုလုံးကိုပါ မေ့သွားမှာသေချာတယ်... ဟုတ်တယ်မဟုတ်လား 'မွေး' "

"အရင်ဆုံးမေ့မှာ နင့်ကိုပဲ"

"သိပါတယ်ဟာ"

ပြောရင်း 'တင်ဦး' အသံ အဖျားတွင်ငယ်သွားသည်။ သူငယ်ချင်းလိုတခ်ဖုံ ချစ်သူလိုတစ်သွယ် 'တင်ဦး' 'မွေး'ကို အသည်းနင့်အောင်ချစ်သော်လည်း 'မွေး'မှာ ဦးသူရှိပြီးသားမို့ သူချစ်ပါသော်လည်း ဖွင့်မပြောတော့။

ပြီးတော့ အချစ်ကိုအောက်ကျစွာ အခါခါတောင်းခံရခြင်းကို 'တင်ဦး'ရှုမ္မန်းသည်။ သူ ယောကျ်ားမဟုတ်လား။ ဘာလို့ မိန်းကလေးဘာခ်ဆောက်ကို အောက်ကျခံနေမလဲ။ ထိုနေ့ညက 'မွေး' နေမကောင်းချင်ဘူးဟု အကြောင်းပြကာ အိပ်ရာစောစောဝင်သလို 'တင်ဦး'လည်း စောစောပြန်လာခဲ့သည်။

မနက်ကျတော့လည်း စောစီးစွာကျောင်းကိုထွက်လာခဲ့၍ 'မွေး'ကိုမတွေ့ခဲ့။ ရက်ပျက်တွေအစား ကျောင်းစာတွေကို အစားထိုးကာဖိသင်နေဆဲ...

" 'တင်ဦး' "

ၵၼ.နှ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… 'မွေး' "

ကျောင်းဝတွင် 'မွေး'ကို ဆွယ်တာအဖြူလေးဝတ်လျက် တွေ့လိုက်ရသည်။

"နင် ဘယ်သူနဲ့လာတာလဲ"

"ငါဘာသာတစ်ယောက်တည်း လျှောက်ပြီးလာတာ"

ရုတ်တရက်ဆိုတော့ ဝမ်းသာလွန်း၍ 'တင်ဦး' ဘာမျှသိပ် မပြောနိုင်။ 'မွေး' မျက်နှာလေးကိုသာ ငေးကြည့်နေမိသည်။ ရွှင် လန်းမှုမရှိသော 'မွေး' ပုံစံလေးကြောင့်…

"နင် နေကောင်းရဲ့လား 'မွေး' "

"အင်း… ညကတည်းကတစ်မျိုးကြီးပဲ နေရတာ… ဒါနဲ့ အိပ်ရာစောစောဝင်ခဲ့တာ"

"ဒါဖြင့် လာလေ… အဲဒီနေရာက လေတိုက်တယ်"

'တင်ဦး' 'မွေး'ကို ကြင်နာယုယစွာခေါ်လာဆဲ လမ်းတစ်ဝက်အရောက်…

" 'တင်ဦး' "

"ဟင် 'မွေး'… ဘာဖြစ်လို့လဲ"

'တင်ဦး' ထွက်ခွာသွားတော့ 'မွေး' အန်ချလိုက်သည်။ 'တင်ဦး' ပြန်လာတော့ အန်ပြီးပြီ။ ဒါပေမဲ့ 'တင်ဦး'က 'မွေး'ကို ကြည့်ကာ…

"အန်မိသလား 'မွေး' "





"အန်ပြီးပြီ"

"ဘာတွေ အန်လဲ"

"လေတွေ…"

"ဟင်…"

'တင်ဦး' 'မွေး' မျက်နှာကို စိုးရိမ်စွာလှမ်းကြည့်ရင်း…

"နင် ညက ဘာတွေစားသေးလဲ"

"ဒါ အစာကြောင့် အန်တာမဟုတ်ဘူး"

"ဟင်… ဒါ ဘာဖြစ်လို့အန်တာလဲ"

'တင်ဦး' 'မွေး'ကို နားမလည်စွာ ငေးကြည့်နေ၍ 'မွေး' သက်ပြင်းကိုချလိုက်သည်။ 'တင်ဦး'မှာတော့ 'မွေး' စကားအတွက် မဆန့်တငံ့ဖြစ်လျက်မှ…

"ပြောလေဟယ်… ဒါ ဘာဖြစ်လို့ အန်တာလဲ"

"ဟို… ဟို… … …"

"ဘာလဲ… ပြောလေဟယ်… ဘာဖြစ်လို့လဲ"

'မွေး' မပြောဘဲငိုလေ၊ 'တင်ဦး' မရှုနိုင် မကယ်နိုင်ဖြစ် လေနှင့် အချိန်လေးတွေကြာနေဆဲ…

"ပြောလေ 'မွေး'… နင် ငါ့ကိုမပြောရင် ဘယ်သူ့ကိုပြော မလဲ"

"နင် ဘယ်သူ့မှပြန်မပြောရဘူးနော်… အဖေတို့ အမေတို့ လည်း မသိစေရဘူး… သိရင်တော့ ငါ ပကိုင်ချောင်းထဲခုန်ချပြီး



www.burmeseclassic.com

www.burmeseclassic.com



သေပစ်လိုက်မှာပဲ"

"'မွေး'ရယ်..."

'မွေး''တင်ဦး'မျက်နှာကိုကြေကွဲစွာလှမ်းကြည့်နေပြီးမှ...

"နင် ငါ့ကို ကတိပေးနိုင်မလား"

"ပေးပါမယ်ဟာ... ငါ ကိုယ်ကလွဲရင် ဘယ်သူမှမသိစေရဘူး"

'တင်ဦး' လှိုက်လှဲစွာကတိပေးပြီးမှ 'မွေး' တုန်ရင်စွာပြောလိုက်သည်။

"ဒါ ဒါ 'ကိုနိုင်'နဲ့ရတဲ့ ကိုယ်ဝန်ကြောင့်အန်တာ"

"ဘာ... ဘာ... ပြန်ပြောပါဦး 'မွေး'ရဲ့"

'တင်ဦး' အလန့်တကြား ကုန်းအော်လိုက်ပေမယ့် 'မွေး'က ထပ်မပြောတော့ဘဲ အံကြိတ်ကာ မျက်ရည် တွေတွေ ကျနေ၍...

"နင် မိုက်လှချည်လား 'မွေး'ရယ်... ခု ဒါ ဘယ်လိုလုပ်ကြမလဲ"

"ငါ... ငါလည်း မသိတော့ဘူး 'တင်ဦး'ရယ်... သေသာ သေလိုက်ချင်တာပဲ"

"နင်က သေချင်နေ... ငါကတော့ ရူးချင်နေတယ် 'မွေး' ရယ်... ဒါနဲ့ နင်ပြောတုန်းက ဘာမှမဖြစ်ခဲ့ဘူးဆို... ခု ဘယ်လို ဖြစ်တာလဲ"





"ငါ ရှက်လို့ ညာပြောခဲ့တာ... တကယ်တော့ တကယ် တော့..."

'မွေး' ဆက်မပြောတော့ပါဘဲ ငိုရှိုက်နေ၍ 'တင်ဦး' သက်ပြင်းကိုချကာ...

"ကဲ ဒါဖြင့် ခု ဘယ်လိုစီစဉ်ကြမလဲ"

"ငါလည်း မစီစဉ်တတ်တော့ ငါ နင့်ဆီကို လာခဲ့တာ"

"နင် 'ကိုနိုင့်'ဆီ အကြောင်းကြားရင်လေ ငါ..."

"အို... ဘယ်ဖြစ်မှာလည်း ဟဲ့... သူက 'မမအဲလစ်'နဲ့ လက်ထပ်တော့မယ့်ဟာ... ငါ 'ကိုနိုင့်'ကို အသိမပေးချင်တော့ပါဘူး... ပြီးတော့ ဒုက္ခလည်း မပေးချင်တော့ဘူး"

"ဒါဖြင့် နင် ဒါကြီးနဲ့ ဘယ်လိုလုပ်မလဲ... ဘယ်နှစ်လရှိပြီလဲ"

"တစ်လကျော်ပြီနဲ့ တူတယ်...အဖေတို့သာသိရင် အရှက်ကွဲပြီး သေတော့မှာပဲ... 'တင်ဦး' ရယ် နင် ငါ့ကိုကယ်နိုင်ရင် ကယ်ပါဦး"

'တင်ဦး' အံကိုကြိတ်ကာ 'မွေး'ကို စိုက်ကြည့်နေသည်။ 'မွေး'ဆိုသော နာမည်လေးနှင့်လိုက်အောင် 'မွေး' အဖေက 'မွေး' ပညာတော်အောင် သင်ပေးခဲ့သည်။ နာမည် သတင်းမွှေးမှိုင်သည်။

ခုတော့ 'မွေး' ဘဝက မွေးမလာဘဲ နံဘော်ဘဝရောင်



www.burmeseclassic.com

www.burmeseclassic.com



တော့မည်။ သည်အကြောင်းတွေသာ တစ်ရွာလုံးသိလျှင် 'မွှေး' သာမက 'မွှေး' မိဘတွေပါ အရှက်ရတော့မည်။

"နှင် မိုက်တယ် 'မွှေး'ရယ်... နှင် သိပ်မိုက်တယ်... ဒီလို ဖြစ်တာ သေချာရင်လည်း သူ့ကိုပဲ ယူခိုင်းပါလား"

"'ကိုနိုင်'က ယူမလို့ပါ... ဒါပေမဲ့ ငါ မယူချင်ဘူး...ငါ့ကြောင့် သူတို့ချစ်သူနှစ်ဦးကို မခွဲနိုင်ဘူး... ငါ 'ကိုနိုင်'ကိုချစ်တယ် သိပ်ချစ်တယ်... အဒီအချစ်က ပိုင်ဆိုင်ရမှချစ်မယ့် အချစ်မဟုတ်ဘူး... အမြဲတမ်း ချစ်နေမယ့်အချစ်... ဒါကြောင့် ငါ ညာပြီးရွာကို ပြန်လာတာ . နှင် ငါ့ကို အကူအညီမပေးနိုင်လည်း နေပါစေတော့ 'တင်ဦး'ရယ်... ငါ သွားပါရစေတော့"

'မွှေး''တင်ဦး'ကို ကျောခိုင်းကာ သူမ ယှရှိရာကိုဆင်းသွားသည်။ မျက်ရည်များနှင့် စိုစွတ်သော 'မွှေး' မျက်နှာလေးကို ကြည့်ကာ 'တင်ဦး' အောင့်မနေနိုင်တော့...

"'မွှေး'"

နှုတ်မှအော်က သူ 'မွှေး' နားကို ခပ်သွက်သွက်လျှောက်လာခဲ့သည်။ ပြီးတော့ 'မွှေး' ပခုံးလေးကိုကြင်နာစွာ ဆုပ်ကိုင်လျက်တီးတိုးပြောလိုက်မိသည်။

"နှင့်ကို ငါလက်ထပ်မယ်"

"ဖြစ်ပါ့မလား 'တင်ဦး'ရယ်... ငါက နွမ်းနေတဲ့ပန်းပါ... ဒီ ပန်းနွမ်းနွမ်းကြီးကို နှင် ရေရှည်ကြည်ဖြူနိုင်ပါ့မလွှား... ချစ်နိုင်ပ့ါမလား"





"အထင်သေးလိုက်တာ 'မွှေး'ရယ်... ငါက နှင့်ကိုအငယ်အကောင်းလေးဘဝကတည်းက ချစ်ခဲ့တာပါ... ကြင်နာခဲ့တာပါ... ဒီအချစ်တွေ ဒီအကြင်နာတွေက နွမ်းနေတော့ ပိုပြီးတော့သနားမိဦးမှာပါ... ယုယမိဦးမှာပါ... နှင် ယုံရဲ့လား"

"ယုံပါတယ် 'တင်ဦး'ရယ်... ဒါပေမယ့် ငါ 'ကိုတိုး'ကို အောင်စာရင်းထွက်ပြီးရင် အဖြေပေးမယ်လို့ ကတိပေးထားတယ် အဲဒီတော့ အောင်စာရင်းထွက်ပြီးမှ နှင့်ကိုပဲ ငါအဖြေပေးပါရစေနော် 'တင်ဦး'"

"ဒါတော့ နှင့်သဘောပါ... ငါဟာအရေးဆိုရင် နှင့်ဘက်ကအမြဲရပ်တည်နေမယ့် ကောင်ဆိုတာ နှင်သိရင် ငါကျေနပ်ပါပြီ"

'မွှေး' ပြန်သွားတော့ 'တင်ဦး' တစ်ယောက်တည်း ကျောင်းရှေ့မှာရပ်ကျန်ခဲ့သည်။

နောက်တစ်နေ့မနက်မှာတော့ 'မွှေး'တို့အောင်စာရင်းတွေထွက်ကာ 'မွှေး' အောင်ကြောင်း 'ဇင်မာ့'ထံမှ သံကြိုးလာသည်။ ပြီးတော့ 'ကိုတိုး'ကလည်း 'မွှေး'ထံအဖြေကို လိုချင်နေကြောင်းနှင့် ရန်ကုန်ကိုအမြန်လာဖို့မှာလိုက်သည်။

ဘာပဲပြောပြော ပြဿနာရှိလျှင် အဖြေရှိရမည်မဟုတ်လား။ 'မွှေး''ကိုတိုး'ကို အဖြေပေးရမည်။ 'မွှေး' ရန်ကုန်ကိုရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ 'ကိုတိုး'က ကားဂိတ်မှာ အသင့်စောင့်နေသည်။

"'မွေး'"

'မွေး'ကိုမြင်တော့ အံ့သြစွာဆီးကြိုသည်။

"ပိန်သွားလိုက်တာ... နေမကောင်းဘူးလား"

"ဟုတ်တယ် 'ကိုတိုး'"

"ဘာဖြစ်တာလဲ... ဖျားတာလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလို့ပိန်သွားတာလဲ... 'ကိုတိုး'ကို လွမ်းလို့လား"

'မွေး' ပြုံးကာ 'ကိုတိုး' ကိုမော့ကြည့်လိုက်သည်။

"ပြောလေ 'မွေး'"

'မွေး' အဖြစ်မှန်ကို အစမှအဆုံးတိုင် ပြောပြတော့'ကိုတိုး' အံ့အားသင့်နေသည်။ ပြီးတော့ 'မွေး'ကို အလန့်တကြားမေးသည်။

"ဒါဖြင့် 'မွေး' 'ဇင်မောင်'နဲ့ မှားယွင်းမိတာ အမှန်ပဲပေါ့"

"အမှန်ပါပဲ 'ကိုတိုး'... ဒါပေမဲ့ 'ကိုနိုင်'နဲ့ 'မမအဲလစ်'ကို ညာပြီး 'မွေး' ညာခဲ့တယ်... 'ကိုတိုး'ကတော့ 'မွေး'ကို ဘဝကြင်ဖော်အဖြစ်ရွေးချယ်ထားတဲ့သူဆိုတော့ 'မွေး' မညာချင်ဘူး... 'ကိုတိုး' 'မွေး'ကို ကြည့်ဖြူနိုင်ပါ့မလား"

'ကိုတိုး' မျက်နှာ ညိုမှောင်သွားသည်။ 'မွေး'ကိုစိုက်ကြည့်သည့်မျက်လုံးများကလည်း အထင်သေးသည့်မျက်ဝန်းများ



သာ၏ 'မွေး' သဏ္ဌာန်ပြင်းကိုချကာ...

"ဘာသဲ 'ကိုတိုး'... 'မွေး'ကို ရွံသွားပြီမဟုတ်လား... 'မွေး' သိပါတယ် 'ကိုတိုး'ရယ်... ဒါကြောင့် 'မွေး' 'ကိုတိုး'ကို နဂိုကတည်းက ပြင်းခဲ့တာပါ"

"ဒါဖြင့် ခုကိစ္စ 'မွေး' ဘယ်လိုရှင်းမလဲ"

"'ကိုတိုး' ကြည်ဖြူမယ်ဆိုရင် 'ကိုတိုး'နဲ့ လပ်ထပ်ဖို့ပါ... 'ကိုတိုး'က မကြည်ဖြူရင်တော့ 'မွေး'ကိုကြည်ဖြူမယ့်သူနဲ့ 'မွေး' လက်ထပ်မှာပါ"

"အဲဒီလူက..."

"'တင်ဦး' ပါ"

ဇင်မာတို့အိမ်နားရောက်သည်အထိ 'ကိုတိုး' 'မွေး'ကို စကားမပြောတော့ပါ။ 'မွေး' နားလည်ပါပြီ။ နဂိုကတည်းက 'ကိုတိုး'က သူ့အသိုင်းအဝိုင်းကို မလွန်ဆန်ရဲသူပါ။ ခု အသိုင်းအဝန်းက ကြည်ဖြူပြန်တော့လည်း 'မွေး' ဘဂက မသန့်ရှင်းပြန်တော့ လက်မတွဲရဲသူပါ။ ဒါကြောင့်လဲ...

"ဒါဆို 'ကိုတိုး'နဲ့ 'မွေး'တို့ကိစ္စ ပြီးပါပြီနော် 'ကိုတိုး'"

'ကိုတိုး' ဘာမှမပြော၊ 'မွေး'ကသာ 'ကိုတိုး' နားကိုတိုးရင်း...

"'ကိုတိုး'"

'ကိုတိုး' 'မွေး'ကိုမော့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



" 'မွေး' ပြန်မယ်"

"ဟင်... မြန်လှချည်လား"

" 'မွေး' ရွာမှာ ဖြေရှင်းရမယ့်သူတစ်ယောက် ရှိနေသေးတယ်"

"ဘယ်သူလဲ"

" 'တင်ဦး'ကိုပေါ့ 'ကိုတိုး'ရဲ့... 'တင်ဦး'ကိုလည်း 'ကိုတိုး' ပြောသလို ပြောခဲ့တယ်... ဒါပေမယ့် အဲဒါတွေ တစ်ခုမှမဟုတ်ဘူး"

"ဘာ... ပြန်ပြောပါဦး 'မွေး' "

"အစစ်ပဲ 'ကိုတိုး'ရဲ့... 'မွေး' မြစ်ကျိုးဘက်ကိုလျှောက်လည်ပြီး ကောင်းညွှင်းတွေအစားများလို့ အစာမကြေဖြစ်ပြီး ဖျားခဲ့တာ... အန်ခဲ့တာ... 'ကိုနိုင်'နဲ့ ဘာမှမဆိုင်ဘူး"

"ဒါဖြင့်... ဒါဖြင့်..."

" 'မွေး' 'ကိုတိုး'ဆီက အဖြေသိချင်လို့ပါ... ခုတော့ 'ကိုတိုး' အဖြေ 'ကိုတိုး' ပေးပြီးပါပြီ... 'မွေး'ကို ကားဂိတ်ကိုပဲ ပြန်ပို့ပေးပါ"

"ဒါဖြင့် 'မွေး' ရန်ကုန်ကိုကျောင်းတက်ဖို့ကော"

" 'မွေး' မတက်တော့ပါဘူး... ရွာမှာပဲ ဆရာမဝင်လုပ်ပြီး စာပေးစာယူပဲ ဆက်တက်တော့မယ်"

" 'ဇင်မာ'တို့နဲ့ကော 'မတွေ့တော့ဘူးလား"



" 'ဇင်မာ'ကို 'ကိုတိုး'ပဲ တွေ့လိုက်ပါ... 'မွေး'ကိုတွေ့ရတာထက် 'ကိုတိုး'ကိုတွေ့ရတာက ပိုပျော်မှာပါ... 'မွေး'ကတော့ ရွာမှာ တွေ့ရမယ့်လူ ရှိသေးတယ်"

ကံကောင်းလေစွ။ 'မွေး' ကားဂိတ်ကိုအရောက် ရိုးမကားကထွက်ပြီ။ အဖေတို့ အမေတို့ကော 'တင်ဦး'ကော 'မွေး'တွေ့လျှင် အံ့ဩမှာသေချာသည်။ အအံ့ဩဆုံးကတော့ 'တင်ဦး'ဖြစ်မှာသေချာသည်။

ပြီးတော့ 'မွေး'ဆီက စကားတွေကြားလျှင် သူ ဘယ်လောက်ဝမ်းသာရှာမည်နည်း။ သည့်တစ်ခေါက် ရိုးမကားစီးရတာ အကြာဆုံးဟု 'မွေး' စိတ်မှာထင်နေသည်။ ပြီးတော့ 'တင်ဦး' တွေ့လျှင် 'မွေး' ထပ်ပြောရဦးမည်။

သူ 'တင်ဦး'နှင့်အတူ ဆရာမလုပ်ကာ စာပေးစာယူပဲ ဆက်တက်တော့မည်အကြောင်း သူတို့နှစ်ယောက်ပေါင်းကာ ရွာမှူလတန်းကျောင်းကို အလယ်တန်း၊ ပြီးတော့ အထက်တန်းဖြစ်အောင် တိုးမြှင့်ပြီး သင်ကြားမယ့်အကြောင်း...

'တင်ဦး'သာကြားလျှင် ဝမ်းသာတော့မည်။ ရိုးမကားသည် ပျဉ်းမလွင်ဆိုသည့်ရွာလေးကို အမြန်ဆုံးရောက်အောင် 'မွေး'ကိုပို့လှည့်ပါဟု 'မွေး' အော်လိုက်ချင်သည်။ မအော်နိုင်သည့်အချိန်မှာတော့ 'မွေး' လမ်းဘေးရှုခင်းတွေကြည့်ကာ ငိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိုသော စပါးခင်းတွေက 'မွေး' နောက်မှာကော၊ 'မွေး' ရှေ့မှာကော။ ဟိုး အဝေးမှာကော...။

ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် စိမ်းစိုနေသည်။ သည်စပါးခင်းတွေက မကြာခင်ရွှေဝါရောင်သမ်းကာ မှည့်တော့မည်။ မကြာခင် ရိတ်သိမ်းရတော့မည်။

'မွေး'လည်း မကြာခင် 'တင်ဦး'နဲ့ တွေ့ကြရတော့မည်။ တွေ့ပြီးနောက် မကြာခင် ကြည်နူးရတော့မည်။ သည်နောက်မှာတော့ တွေးရင်းတွေးရင်း 'မွေး' မလုံမလဲပြုံးလိုက်မိသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ...
ဆက်လက်ကြိုးစားနေဦးမည်

မေမေအောင်

www.burmeseclassic.com